
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၂၀၆၀၂၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၂၈၀၀၃၁၀

အကြိမ် – ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
အစိမ်းရောင်အသည်းတစ်ခြမ်းပေးကမ်းရန်ရှိသည်/
သျှင်မ၊ – ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၀။
၃၀၃ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အစိမ်းရောင်အသည်းတစ်ခြမ်းပေးကမ်းရန်ရှိသည်




## အခန်း (၁)

"ငါတို့ ဘယ်သွားကြမလဲ"

"တိရစ္ဆာန်ရုံ"

လူတွေအများကြီးရှိနေကြသည့်ထဲမှာ ဖြေသံက တစ်သံတည်း ရှုးခနဲ…၊ အားလုံး၏အကြည့်တွေက 'တာ' ဆီ ရောက်ကုန်ကြ၏။

"ဟား ဟား ဟား ဟား"

ဝါးလုံးကွဲရယ်ချလိုက်သူက 'တာ' အလွန်အမင်းချစ်ခင်တွယ်တာနေခဲ့သည့် 'ပညာသျှန်'…။

အုတ်ခုံပေါ်မှာ ကိုးရိုးကားရားထိုင်နေရာကနေ လွယ်အိတ်တစ်ဖက်ဆွဲလျက် ဒယိမ်းဒယိုင်ထရပ်လိုက်ရင်း ရယ်နေတာ မပြီးနိုင်။

"မို့လိုက်ကြပါ။ သွေးသားဆိုတာ ခုတ်ဖြတ်လို့ပြတ်တာမျိုးမဟုတ်ဘူး .. ဟားဟား"

"အစုတ်ပလုတ်ကောင် .. ခွေးဝဲစား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ – ဟာ –"

"ဟဲ့ – ဟဲ့ – အို – တာ ကလဲ မလုပ်ပါနဲ့"

ဘာ က လွယ်အိတ်ထဲက ဘောလ်ပင်နီထည့်သည့် ဖိုင်ဘာဘူး ဒေသနှင့် ဝစ်ပေါက်မလို့ရွယ်လိုက်သဖြင့် အသစ်တို့ အမိအရ လိုက်ခွဲကြ ရသည်။ တာ က နှုတ်ခမ်းတစ်ဖက်ကို ပေါက်ထွက်မတတ်ဖိကိုက်ထား လျက် အသက်ရှူတွေပြင်းနေ၏။

"နင်တို့ကလဲ မျက်နှာချင်းဆိုင်တာနဲ့ ရန်ဖြစ်ဖို့အကြောင်းက ပါပြီး သားပဲ၊ စိတ်ညစ်လိုက်တာ"

"အေးလေ"

အသစ် ပြောတာကို အချစ် က ခေါင်းကုတ်ခြင်းဖြင့် ထောက်ခံ ရှုံ့မဲ့နေသည်။ ဒီမှာ အသက်ပါတော့မလောက်ဖြစ်အောင် စိတ်တိုနေတာ ကို မြင်လျက်နှင့် ပညာသျှန် က ရယ်နေသည့်အရှိန်ကို နည်းနည်းလေး မချ။

ဒယိမ်းဒယိုင်ကနေ မတ်မတ်ပြင်ရပ်၍ လွယ်အိတ်ကို ပခုံးမှာ ကျကျ နနချိတ်နေရင်း ရယ်သည်။ တာ့ မျက်နှာ နီရဲနေတာကို သေချာကြည့်ပြီး ရယ်၏။ ဒါ ဒီလောက်ရယ်စရာကောင်းတဲ့စကားလား ...၊

"သေနာ ..."

"ဟ ..."

"ဒေါက်"

ဘယ်သူမှဆွဲချိန်မရလိုက်မီ ဖိုင်ဘာဘူးက လွင့်ပျံထွက်သွား၏။ အား လုံး မျက်လုံးတွေပြူးသွားကြပေမယ့် ဘူးကို ပညာသျှန် က ရှောင်လိုက် သဖြင့် တစ်ဖက်နံရံမှာထိမှန်ပြီး ပွင့်ထွက်ပြုတ်ကျသွားသည်။

"မှန်လိုက်လို့ကတော့ နဖူးကွဲပြီးသားပဲ"





"ပစ်ချင်စရာပဲ၊ နင်တို့ကလဲ ကိုယ့်လူကိုယ်လဲ ထိန်းကြတာမဟုတ် ဘူး"

"အံမာ .. ထိန်းရအောင် 'သျှန်'က အရူးမှမဟုတ်တာ"

"ဪ ... နင်တို့က နင်တို့လူကိုထိတော့ ဒီလိုလား ..."

"ဟော့ .. ဟော့ .. တော်ပြီ"

အချစ်နဲ့ကျော်စွာ မတ်တတ်ရပ်လိုက်ကြတော့ တစ်ယောက် တစ် ယောက်ချင်းကနေ နှစ်ယောက်ချင်းစီဖြစ်ဖို့အရေးရှိလာသည်မို့ အောင်ချို တို့ ပျာပျာသလဲဝင်တားကြ၏။

"တိရစ္ဆာန်ရုံသွားမယ်လို့ 'တာ' ပြောတဲ့အစီအစဉ်ကို ငါတို့ချင်း နား လည်တယ်"

"ဟုတ်လား .. ဟီးဟီး"

"ဘာဟီးဟီးလဲ၊ မျက်နှာကိုက ..."

အချစ် က နဂိုကတည်းက အောင်ချို့ကိုဆို မျက်လုံးစိန်းနဲ့ပဲကြည့် တတ်တဲ့သူ ...၊

အောင်ချို ကလည်း အချစ် ဘယ်လောက်မုန်းမုန်း တတိယနှစ်ကို ရောက်လာတဲ့အထိ မလျှော့သောဇွဲနှင့် ချစ်နေတုန်း၊ စလို့ကောင်းတုန်း...။

အချစ် နာမည်က အချစ်ဆုံး ဖြစ်ပြီး အသစ် နာမည်ကတော့ အသစ် သန်း ဖြစ်၏။

နာမည်တွေက ဘယ်လိုအလကားနဲ့မှ မညီညွတ်ပေမယ့် အချစ် တွေ၊ အသစ် တွေ အဖျားဆွတ်ခေါ်ကြရင်း 'တစ်သက်တာ'ဆို သည့် 'တာ'နဲ့ သုံးယောက်ပေါင်းတော့ အလွန်အလွန် ချစ်ခင်တွယ်တာကြသည့် သူငယ် ချင်းတွေဖြစ်ခဲ့လေသည်။

အလွန်ချစ်ခင်ကြတာမဟုတ်ဘဲ အတင်းရော အတင်းခေါ်နှင့် အစ



www.burmeseclassic.com

www.burmeseclassic.com



အနောက်လည်းသန်ကြသော 'သျှန်'တို့သုံးယောက်နှင့် ပူးပေါင်းမိတာကတော့ မကွန်ဆန်နိုင်ခြင်းမကင်းဘူးထင်သည်။

"ဒီကောင်တွေ မလွယ်ဘူးဟ၊ သူ့ခိုးကို ဘဏ္ဍာတိုက်အပ်ရတယ်တဲ့ ကြားဖူးဘူးလား။ တက္ကသိုလ်မှာ တကယ့်နာမည်ကြီးလီဗာတွေ၊ နင်းလေပြေးလေဆိုတော့ အသက်အန္တရာယ်လဲ နီးတယ်၊ ငါတို့ သူတို့ ဖောတဲ့အတိုင်း နည်းနည်းတော့ရောမှဖြစ်မယ်၊ ဒီတိုင်းကြီးတင်းနေရင် ရှော့ခ်ရှိတယ်"

ဒီအကြံကိုပေးခဲ့တုန်းက ကိုယ်တိုင်ဖြစ်ကာ အောင်ချိုတို့သုံးယောက်မှာ သျှန် မပါခဲ့သေးပေ။

နောက်တော့မှ သူနဲ့ လေးယောက်ဖြစ်လာကာ တစ်ယောက်က ပထမနှစ်ပြီးကတည်းက ကျောင်းပြောင်းသွားတာမို့ သုံးယောက်ချင်း ပြန်ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

သျှန် ပင်လာပြီးသည့်နောက်မှာ ဘယ်သောအခါမှ မတည့်ကြတာက 'သျှန်နဲ့'တာ' ဖြစ်လာခဲ့၏။

"အလကားကောင်...၊ သက်သက် အရှက်မရှိ ဝင်ရောတာ"

ဟုပြောပြီး သျှန် ပါတဲ့လမ်းဆို ဘယ်တော့မှမလိုက်ပါဘူးလုပ်လို့ တစ်နေရာသွားခါနီးကိုင်း ချော့လိုက်ကြရတာ အမြုပ်ထွက်မတတ်။

"နင်တို့ကလဲ တစ်မြို့တည်းသားတွေဖြစ်ပြီးတော့များဟယ်...၊ တစ်ရပ်တည်းမှာလာဆုံကြတာ ပိုပြီးတော့တောင် တွယ်တာကြဦးမှာ"

ဘယ်လိုမှ ဖျန်ဖြေမရအောင် အမုန်းပွားနေကြတော့ အသစ် ကဤသို့ညည်း၏။

ထိုအခါကျမှ လုံလုံခြုံခြုံ မှိုသိပ်ထားခဲ့သည့်အဖြစ်တွေကို 'တာ' က ပြောပြတော့သည်။





"တစ်မြို့တည်းသားချင်း ဘယ်ကမလဲ၊ မြခြင်းကပ်လျက်၊ မိဘချင်းတွေလဲ ကျောင်းနေဘက်ချင်းတွေ"

"ဟင် .. ဒါနဲ့တောင်မှ ..."

"အဲဒါက ဟိုတုန်းကလေ၊ အခု မုန်းလိုက်ကြတာမှ သူ့အဖေနဲ့ ငါ့အဖေဆို အလယ်မှာ မြခြားပြီးရန်ဖြစ်ကြတာ ခဏခဏ"

"ဟယ်တော့ .. ယောက်ျားချင်း ဟုတ်လား ..."

"ယောက်ျားချင်း ရန်ဖြစ်တော့ ဘာဖြစ်လဲ၊ သူ့အဖေကိုက အကျင့်မကောင်းတာ"

ကိုယ့်အဖေကိုတော့ ကောင်းတယ်လို့ပဲ လူတိုင်း မြင်မှာပေါ့လို့ မပြောရဲဘဲ အချစ် တို့ ပါးစပ်ပိတ်ထားရင်း တဲတွေးမျိုမိကြရသည်။

ဘယ်လိုတွေ မသင့်မြတ်ကြရသည့်အကြောင်းကိုတော့ သေချာမသိရပေမယ့် 'တာ'ပြောသမျှမှာ သျှန့်အဖေ အကျင့်မကောင်းတာတွေချည်း အပြည့် ...။

"သူ့ရုပ်အတိုင်းပဲ ဖအေက၊ နင် စဉ်းစားကြည့်ပါလား၊ ဆယ်တန်းအောင်စာရင်းမထွက်သေးဘဲ လိုက်ပြေးကြတဲ့မျိုးရိုးလေ၊ အမိဝမ်းကကျွတ်ကတည်းက အူဝဲ အူဝဲလို့မအော်ဘဲ မိန်းမယူမယ် .. မိန်းမယူမယ် လို့ အော်ပြီး ဒိုင်ဗင်ထိုးထွက်လာတာ"

"ဟုတ်လား .. အံ့သြစရာပဲနော်၊ ခုကျတော့ သူ့အစ်မ ဆရာမ ဒေါ်ရတနာသျှန် ကလဲ တည်တည်ခံ့ခံ့လှလှလေးနဲ့ အပျိုကြီးလုပ်နေတုန်း"

"အေးနော်... တီချယ်က အရမ်းလှတာ"

"ယူမယ့်သူမရှိလို့ အပျိုကြီးလုပ်နေရတာလေ၊ ချောတိုင်းလှတိုင်း ဝိုင်းဝိုင်းလည်နေတာမှမဟုတ်တာ"

'တာ'က 'သျှန်'တို့မိသားစုကိုဆို နည်းမျိုးစုံနှင့် ဖွဲ့ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာပဲ သျှန်လဲမဆိုပါဘူး၊ ပုံစံက ဖြူဖြူဖြောင့်ဖြောင့်၊ ရုပ်လဲချော ဘယ်၊ ခုထိ လုံးဝရည်းစားမထားဘူး"

"အဲဒါတော့ ဟုတ်တယ်၊ အောင်ချို့ ညီမ ဆေးကျောင်းသူဆိုတဲ့ တစ်ယောက်က သျှန့်ကိုကြိုက်နေတာ အားလုံးသိတယ်၊ ဖြူဖြူနဲ့နဲ့ လေးရယ်နော်၊ ဒါတောင် ပြန်မကြိုက်ဘူး၊ မိဘက ဘယ်အရွယ်မှာပဲ အိမ်ထောင်ပြုခဲ့ပြုခဲ့ သားသမီးနဲ့တော့ မဆိုင်လောက်ပါဘူး"

"ဘာလို့မဆိုင်ရမှာလဲ၊ အဲဒီ သျှန် ဆိုတဲ့ကောင်ကို နည်းနည်းလေးမှ အသင်မကြီးနဲ့ သိလား၊ သူ့မှာ ရည်းစားထားဖို့မလိုအောင်ပြည့်ဝနေတာ"

"ဘာတွေလဲ"

"စုဆောင်းရရှိထားတာတွေလေ၊ ဘယ်မိန်းကလေးမဆို အာသာငမ်းငမ်းနဲ့လိုက်ကြည့်၊ သူ့နှမ ကိုယ့်နှမ မရှောင် လိုက်စ၊ အဲဒါတွေနဲ့ သူ့မှာ အလိုလိုနေရင်း ပြီးပြည့်စုံနေတာ" တဲ့။

ဒါတွေဟာ အမြဲတမ်းပြောနေကျစကားတွေပေမယ့် 'တာ'နဲ့'သျှန်' ရန်ဖြစ်ကြတိုင်းလည်း သူတို့ ဒီစကားလုံးတွေကိုပဲ ပြန်ပြန်တွေးမိတတ်ကြသည်။

ခုလည်း ကျောင်းဖွင့်တာ မကြာသေးမီ သျှန်နဲ့တာ ရန်ဖြစ်ကြတာ ငါးခါရှိပြီဖြစ်၏။

ဒီတစ်ခါကတော့ အုပ်စုနှစ်စုစလုံး မကင်းရာမကင်းကြောင်းတွေပါကာ အတန်းလစ်ပြီး အပြင်ထွက်ကြဖို့ အစီအစဉ်လည်းပျက်လေသည်။

"လာ ဟိတ်ကောင်တွေ .. တိရစ္ဆာန်ရုံတော့ နီးပဲ၊ ဒဂုံစင်တာမှာ သွားထိုင်မယ်"

သျှန် က အသံကျယ်ကျယ်နှင့်နှိုးဆော်ပြီး ဦးဆောင်လိုက်တာနှင့် နှစ်ယောက်စလုံး တညီတညွတ်တည်း လိုက်ပါကြပြီးဖြစ်ကာ ...





"ဟုတ်တယ် သွားမယ်"

"အချစ်"

ထရပ်လိုက်ပြီးမှ အောင်ချို က မချိုမချဉ် ညောင်နာနာလေသံနှင့် အချစ် ရှေ့ကိုတိုးသွားပြီး ...

"တို့ သွားရမလားဟင်"

"ကြွ .. ရေဝေးကို တစ်ခါတည်းကြွ"

"ဟွန်း ... တစ်ခံနေ့တစ်နေ့ ဘယ်နေရာသွားပြီး ဖွန်ကြောင်ရမလဲ တွေးနေတာ"

အချစ် တို့ မျက်စောင်းတွေထိုး၊ ပါးစပ်တွေက တလှုပ်လှုပ်ရေရွတ်လို့ မပြီးခင် သုံးယောက်သား အုပ်စုခွဲ၍ ချီတက်သွားကြ၏။

ထိုအခါကျမှ...

"နင်ကသာ စေတနာ့ဝန်ထမ်းလုပ်ဖို့စဉ်းစားနေ၊ သဲသဲကဖြင့် ခုထိ အရိပ်အယောင်တောင်မမြင်ရသေးဘူး"

"အေးလေ.. သူ့ကြောင့် နင့်ကို အခု သျှန် က ဟားသွားတာ၊ မိသဲ စုတ် ရည်းစားနဲ့ချိန်းတာများ တိရစ္ဆာန်ရုံကိုချိန်းရတယ်လို့ ..."

'တာ'က မှုန်ကုပ်ကုပ်မျက်နှာလေးဖြစ်နေလျက် ဘာမှမပြောပေ။ ဒီနေ့ 'တာ'တို့အုပ်စု တိရစ္ဆာန်ရုံကိုသွားကြမှ ချစ်သူနဲ့တွေ့ခွင့်ရမည့် သဲသဲ အဖြစ်ကြောင့် အတန်းလစ်ဖို့ဖြစ်ရခြင်းအကြောင်းက ခိုင်လုံနေခဲ့ပြီး တိရစ္ဆာန်ရုံကိုသွားဖြစ်ဖို့အတွက် 'တာ'က လမ်းဖွင့်လိုက်ရခြင်းဖြစ်သည်။ သဲသဲကလည်း အတင်းတောင်းပန်ထားလို့ပါ။

"ငါတို့အုပ်စုကို ကိုကြီးက သိနေတော့ နင်တို့နဲ့သွားမယ်ဆိုမှ စိတ်ချမှာပါ၊ ငါ့အုပ်စုကို အိမ်ကိုတောင် လုံးဝပေးမလာခိုင်းဘူး၊ အဲဒါကြောင့် သိတာနော်၊ တိရစ္ဆာန်ရုံကို လျှောက်လည်ဖို့ နင်တို့က စပြီး ပြောတဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘာ လက်ခံမယ်လေ၊ ကျောင်းပြန်ရင် အိမ်ကို တစ်ခါ [illegible] တော်ပီလေးဘာလေး လိုက်သောက်ပေ့ါဟာ၊ ကိုကြီးရှေ့ [illegible] ဘယ်လိုသွားကြမယ်၊ မနက်ကျရင် ဘယ်အချိန် အတန်းအားမှာ [illegible]ဝေါ့”

သူမက သဘောလောက်ပဲပြောပြတာပေမယ့် ဒီထက်သဘာဝကျ ဖို့ကိုတော့ ‘တဝ’ တို့ဘာသာတိုင်ပင်ပြီး ဖြည့်စွက်သရုပ်ဆောင်ကြရတာဖြစ် သည်။

ပြီးတော့ တိရစ္ဆာန်ရုံကို သွားမယ်ဆိုမှ ခွင့်ပြုတယ်ဆိုတာကလည်း တိရစ္ဆာန်ရုံထဲမှာ ဝန်ထမ်းတွေ တော်တော်များများက သဲသဲအစ်ကိုကြီးနှင့် ရင်းနှီးတဲ့သူတွေဖြစ်နေကြသည်။

ဒီနေ့ သဲသဲ တိရစ္ဆာန်ရုံထဲရောက်လာတယ်ဆိုသည့်အဖြစ်ကိုပဲ သဲသဲ က လိုချင်တာဖြစ်၏။

ခုတော့ ဟာ့မှာသာ လူစင်စစ်ကနေ ဘဝပြောင်းသွားရသလိုဖြစ်ကာ သဲသဲ က ပေါ်မလာသေးပါ။ အချစ် တို့ကလည်း အောင်ချိုတို့ကို ဒီ အကြောင်းပြောပြပြီးမှ တိရစ္ဆာန်ရုံ ခဏဝင်ပေးဖို့ စည်းရုံးမှာပါ၊ သဲသဲကို ဝင်ထားခဲ့ပြီး ပြန်ထွက်ကြဖို့ ...

ခုတော့ ဘာမှမပြောရသေးဘဲ ပွဲက ပျက်ပြီ။

ဒါပေမယ့် သဲသဲမှာတော့ အကြောင်းတစ်ခုခုပေါ် တာပဲဖြစ်မှာပါ။ သူများအကြောင်းကိုမသိဘဲ ဖိနှိပ်ပြောချသွားသည့် သျှန် ကိုပဲ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေမိသည်။

ထိုအခါ ဘယ်နေရာမှာပဲထိုင်ထိုင် ထရပ်လိုက်တာနှင့် ရှေ့နောက် ဖုန်ခါလို့မပြီးနိုင်ဘဲဖြစ်နေတတ်သည့် သျှန် ပုံစံကို မုန်းတီးစွာမြင်ယောင် ရင်း ...





“တောက်”

တာ တက်ခေါက်လိုက်တော့ အတူတူ ထရပ်လိုက်ကြရင်း အချစ်တို့ က ပြုံးပြကြည့်၏။

“ထိုင်နေရင်း မတော်တရော်နေရာကို ခေါင်းလုံးကြီးကြီးနဲ့ ပုရွက် ဆိတ် အကောင်နှစ်ဆယ်လောက် ဝိုင်းကိုက်ပါစေ”

“အမလေး လေး ...”

အသစ် ရင်ဘတ်လေးဖိလိုက်မိကာ အချစ် ကတော့ ဖင်ကိုင်မိလိုက်၊ တင်ကိုင်မိလိုက် ...၊

“ဘယ်သူ့ကိုလဲ တာ ရယ်၊ ကြက်သီးထလိုက်တာ”

“ဟိုသတ္တဝါလေး .. ဟွန်း ... ကားတိုးစီးမိရင်လဲ ဖင်ဆိတ်ပါတယ် ဆိုပြီး လူကြားထဲမှာ ပါးရိုက်ခံရပါစေ”

“တာ ရယ် သူ့ခများ အစသန်တာလေးပဲရှိတာပါ၊ သနားပါတယ်”

“ဘာ ...”

“အဲ ...”

တာ့ မျက်လုံးတွေ ဝင်းဝင်းလက်လက်ရောက်လာတော့ အသစ် ဘိုယ့်ပါးစပ်ကိုပြန်ပိတ်ပြီး မျက်နှာလေး ဟိုလှဲ့ ဒီလှဲ့ ...။

တကယ်ပါ၊ အကဲခတ်မိသလောက်ဆိုရင် သျှန် ကတော့ တာ မုန်းနေ သလောက် မမုန်းဘူးထင်သည်။

ဒါပေမယ့် မသိမသာလေး ကပ်ကပ်ပြီး အနိုင်ယူသွားတတ်တာ လည်း သျှန် ပဲဖြစ်နေတော့ .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

အဆောင်ကိုပြန်ရောက်တာနှင့် သတင်းကောင်းတစ်ခုက ဆီးကြို နေသည်။

"တော့ အိမ်က စာနဲ့ပါဆယ်ထုပ် ရောက်လာတယ်"

"ဘယ်မှာလဲ"

"ညီမ မရှိတော့ ပေးမသွားဘူးလေ၊ ဒီမှာ လိပ်စာ၊ အဲဒီမှာ လာယူပါတဲ့"

"ဟား ..."

ဖေဖေတို့ လူကြုံပါးလိုက်သည်ဆိုကတည်းက ဒေါ်မြိုင်ပဲဖြစ်မည်မှန်း သိလိုက်၏။ ဒေါ်မြိုင်က ပန်းတနော်ဇာတိဖြစ်ပြီး ရန်ကုန်မှာ ပွဲစားလုပ်ငန်း နှင့် အဆင်ပြေနေတာဖြစ်သည်။

ပွဲစားလုပ်လို့ရတာမှန်သမျှမှာ ကားမှလွဲလျှင် ရတနာပစ္စည်းက အစ အိမ်၊ ခြံ၊ မြေ အဆုံး အိမ်ဖော်ပွဲစားလုပ်တာတွေလည်း တွင်ကျယ်နေသေး သည်။





"ပွဲစားပါးစပ်ဆိုတာ လိမ်ကောက်ပြောတတ်လို့ မရဘူးအေ့၊ ပွဲစား ခမှ အင်မတန် ကတိကစ္စာထားရတာ၊ ရန်ကုန်မြို့မှာ ငွေမရှိပေမယ့် ကတိတည်တယ်ဆိုတဲ့ နာမည်တစ်လုံး ရထားရင် တစ်ဝမ်းတစ်ခါးကို ပူရာမလိုဘူး၊ ကျုပ်တို့က ပြောတဲ့အတိုင်း တည်အောင်လုပ်ပေးတဲ့ပွဲစားမျိုး"

ဟု ပြောတတ်သေးသည်။ ဒါက ဖေဖေကလည်း အကျိုးစားသန်လို့ပါ။

"မမြိုင် ပွဲစားဆိုတာ မရှင်တစ်ည ရှင်ခဏဆို၊ ရှိရင်စားရ၊ မရှိရင် တော်ရ တဲ့ .. ဟုတ်လား"

လို့ စလိုက်လျှင် ဒေါ်မြိုင်က မတ်တတ်ကနေ ပြန်တော့မလို့ပြင်နေ ရာကတောင်မှ ထဘီတစ်ဖက်စမ,ပြီး ဘုတ်ခနဲထိုင်ချလိုက်ကာ ပြောပြပါ ဆိုမည် ပွဲစားတွေ ဘယ်လိုဂုဏ်သိက္ခာရှိရတဲ့အကြောင်း ...၊

ဤသို့ သက်သေသာဓကတွေနဲ့ပြောပြပြီး ဒေါ်မြိုင် လက်နှစ်ဖက်မှာ ကွမ်းကောက်တွေ တချွမ်ချွမ်မြည်နေတာတောင် ဖေဖေက မဲ့ပြုံးမပျက်..

"ပြောလို့သာကြားရတယ်၊ အင်း ..."

ဆိုတာကြီးကို သူများခံရခက်အောင်လည်း ပြောတတ်ပါ၏။

"နင်တို့ကလေ ငါ့မြင်လိုက်တာနဲ့ ရန်ကုန်ကို ဘာပြောခိုင်းမယ်၊ ဘာပို့ ခိုင်းမယ်နဲ့ ခိုင်းစရာတွေတန်းစီထားပြီးသား၊ ပြောလိုက်တိုင်းလဲ လုပ်ကိုင် ပေးချင်အောင်မပြောဘူး"

ဒေါ်မြိုင်က ဖေဖေနဲ့ အမြဲ့ဆို မတည့်သလောက် ခင်လည်းခင် သည်။ ပါးစပ်က ဘာပြောနေနေ ပြောသလိုနေနိုင်တာလည်းမဟုတ်ဘဲ ပန်းတနော်ကိုရောက်လာတာနှင့် အိမ်ကိုမဝင်ဘဲ ဘယ်တော့မှမပြန်။

ထို့အတူ တာ တို့နှင့် ကပ်လျက်ရှိနေသည့် သျှန်တို့အိမ်ကိုလည်း ဝင်မနေရောက်၏။ အိမ်မှာ တာ ရှိနေတုန်းဆိုလျှင် ...

"ဒေါ်ကြီးမြိုင် .. ဟိုဘက်အိမ်ကိုဝင်ပြီးမှ မလာနဲ့၊ အနံ့အသက်တွေ



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအေး၊ ဒီကပြန်မဝင်မှာပါ။ ညည်းတို့လေးတွေကလဲ မိဘ ဆွေမျိုး ဒီလောက်သံယောဇဉ်ကြီးခဲ့ကြတာကို ပြန်ပြီးသင့်မြတ်အောင် ရအောင်ပြေးစေပေးမယ်မရှိဘူး၊ ဆွေစဉ်မျိုးဆက် ရန်ဖြစ်ဖို့ တာစူနေကြတာ အံ့ရော ..."

ဒီအိမ်နှစ်အိမ် ဘယ်လိုရန်စတွေရှိခဲ့ကြတယ်ဆိုတာကို သေချာမသိ ပေမယ့် အစက ဘယ်လောက်ချစ်ခင်တွယ်တာခဲ့ကြမှန်းတော့ ဒေါ်မြိုင် သိနေခဲ့၏။ ထို့ကြောင့် ဒီအကြောင်းတွေပါလာတိုင်း ဒေါ်မြိုင် ပါးစပ်ထဲမှာ 'အံ့ရော'ဆိုတာ မပါမပြီး ...။

"ဟဲ့.. ရောက်ပြီ၊ ဘာကြည့်နေ ဘာလဲ"

"ဟင် ..."

အသစ် က ပခုံးတို့မှပဲ တစ်လမ်းလုံးတွေးလာတာတွေ တစ်ခန်းရပ် သွားသည်။ ဒေါ်မြိုင့်အိမ်ရှေ့ကိုရောက်ဖို့ ဆိုက်ကားနဲ့ လမ်းထဲထိဝင်လာရ၏။ အိမ်ရှေ့မှာဆို ဆိုက်ကားရပ်လိုက်ပြီမို့ နောက်မှာထိုင်လာသည့် အသစ် က အရင်ဆင်းပြီး ဆိုက်ကားခပေးနေဆဲ တာ့ မျက်လုံးတွေက အိမ်ရှေ့ဖိနပ်ချွတ်မှာ တန်းစီနေသည့်ဖိနပ်တွေဆီမှာ စူးစိုက်သွားသည်။

"ဆင်းလေဟာ"

"အပေါ်မှာ ဟိုသတ္တဝါတွေရောက်နေပြီထင်တယ်"

"ဟင် .. ဘာဖြစ်လို့လဲ"

အသစ် ကလည်း ခုမှ သတိထားမိသွားပုံပေါ် ကာ တာ့ မျက်လုံးတွေ စူးစိုက်နေရာကို လိုက်ကြည့်၏။

"ယောကျ်ားစီးဖိနပ်တွေက ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ မဟုတ် လောက်ပါဘူးဟယ်၊ ခုနကပဲ ငါတို့နဲ့ စတိုင်းဆိုင်ရှေ့မှာ တွေ့ခဲ့သေး





တယ်၊ သူတို့ အခဆောင်ကိုပြန်မရောက်သေးတာ လုံးဝသေချာတယ်၊ ပြီး တော့ သူတို့အတွက် ပါလာမှာလဲမဟုတ်ပါဘူး၊ လာစမ်းပါ"

အသစ် က သူ့ဘာသာဆုံးဖြတ်ပြီး တာ့ လက်ကိုဆွဲ၍ ချိတက်သည်။ တာ ကတော့ မျက်မှောင်ကြုတ်မပြေပါ။ သူ့အတွက် ဒေါ်မြိုင့်ဆီမှာ ဘာ မှပါမလာဘူးဆိုတာလည်း မဖြေနိုင်။ အိမ်နှစ်အိမ်က ကပ်လျက်ဖြစ်သလို နှစ်အိမ်စလုံးက လူနှစ်ယောက်က ရန်ကုန်မှာ နီးကပ်စွာရှိနေကြပြန်သည်။

ထို့ပြင် ဒေါ်မြိုင်က အိမ်ကိုတော့ဝင်ပြီး သူတို့အိမ်ကိုတော့ မဝင်ဘဲ နေမည့်သူ မဟုတ်ပေ။ ဖေဖေတို့က တာ့ အတွက် ပိုက်ဆံနဲ့ စားစရာ တစ်ခုခုပေးလိုက်မှာ ဖြစ်သလို သူ့အိမ်က သူ့အတွက် မပေးဘဲနေမလား။

အတွေးမဆုံးသေးမီ ခြေလှမ်းတွေက သုံးထစ်သောလှေကားကို နင်း ဖြတ်ခြင်းအောင်မြင်စွာပြီးဆုံးသွား၏။

"ဟယ်.."

ဖိနပ်ချွတ်မှာ ကျကျနနရပ်လိုက်မိတာနှင့် အိမ်ထဲကိုရှင်းလင်းစွာ လှမ်း မြင်နိုင်သည့်အနေအထားဖြစ်သွားပြီမို့ အသစ် မျက်လုံးပြူးရလေးနှင့် 'ဟယ်'ခနဲဖြစ်၏။

ဘုရားစင်နှင့် တွဲလျက်ရှိနေသည့်ဧည့်ခန်းငယ်လေးက ကြွန်းကုလား ထိုင်တွေမှာ အကျအနထိုင်နေကြသည့် သျှန်တို့အုပ်စုသည် တာတို့အိမ် ရှေ့ရောက်လာကတည်းက လှမ်းမြင်ထားပြီးဖြစ်ပုံနှင့် မျက်နှာက မထီ တထီ မတည်မပြုံး ...၊

ထို့ပြင် သူတို့က အရင်ရောက်နေကြသည်မို့ တာ တို့ရောက်လာမှာ ကို ကြိုသိထားပြီးသားရှိနေတာလည်းဖြစ်နိုင်သည်။

"ဟော .. လာကြလေ၊ ဖိနပ်ချွတ်မှာ ဘာရပ်လုပ်နေတာလဲ"

နောက်ဖေးမီးဖိုခန်းဘက်မှာ ဒေါ်မြိုင့်ကို လှစ်ခနဲမြင်လိုက်ရ၏။ အသံ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းသို့ ဘုတလည်း ပြန်၍ပျောက်ကွယ်သွားသည်။ သျှန် ဘေးမှာ ထိုင်တွဲထိုင်နေသည့် ကျော်စွာ က သျှန် နဲ့ တာ့ကို ဝေ့ခနဲကြည့်လိုက်ပြီး အသံခတ်ဖြေ ပြီးမှ ...

"တာ .. လာလေဟာ၊ ဒေါ်ကြီးမြိုင် ကလဲ နင်တို့ကိုစောင့်နေတာ"

"လာပါဟာ"

အသစ် က တာ့ လက်ကိုဆွဲ၍ သူမပဲ အိမ်ထဲကို ဦးဆောင်ဝင်လိုက်၏။ အိမ်က တစ်ထပ်ပျဉ်ထောင်အိမ်လေးဖြစ်ကာ ဧည့်ခန်းနှင့် ဘုရားစင်ကို သေသေသပ်သပ်လေးခင်းကျင်းထားတာမို့ မကျဉ်းမကျယ်အနေတော်လေးပါ။

တာ့ အတွက်ကတော့ မမြင်ချင်သည့်မျက်နှာကို မျက်နှာချင်းဆိုင်ကြီး ထိုင်ကြည့်နေရသည့်အဖြစ်မို့ မကျဉ်းသောဧည့်ခန်းလေးကို နို့ဆီခွက်လေးလောက်ပဲထင်နေ၏။

"နင်တို့က မြန်လှချေလား၊ ပန်းတံနော်က လူကြုံပါလာတာ ဘယ်လို လုပ်သိတာလဲ"

အသစ် က လူးဆန်းလို့မေးတာမဟုတ်ဘဲ ခပ်ချဉ်ချဉ်လေသံဖြစ်နေတာကို သျှန် က သိသည်။ ဒါပေမယ့် သူ့မျက်လုံးတွေက အသစ် ဆီမှာ မျို

"ဘယ်လိုသိသိပေါ့၊ ဘာဖြစ်ဖြစ် ယောက်ျားလေးက ခြေတစ်လှမ်း သာပြီးသား"

"ဘာသာတာလဲ၊ အပိုတွေ"

တာ့ မျက်နှာလေး သူ့ဘက်ကိုလှည့်လိုက်တာ လှုပ်ခါနေသည့် နားဆွဲလေးနှစ်ဖက် စကြာမွှေ့သလိုဖြစ်သွား၏။

"လူကြုံပါလာတာကိုပြောတဲ့သူက အရင်ပြောလိုက်လို့ အရင်သိတာ ဘယ်ခြေတစ်လှမ်းက သာသွားတာလဲ"

"သာတာ မသာတာ အခုလက်တွေ့လေ၊ ဝန်မခံချင်ဘူးလား"





"ဘာလဲ .. အမြဲတမ်းအားယားနေတဲ့ခြေထောက်တွေ ဒီအိမ်ထဲကို ရောက်နေတဲ့ခြေလှမ်းလား"

"ဖြစ်ကြပြီ တွေ့လား"

ဒေါ်မြိုင်က လက်ဆွဲအိတ်အကြီးတစ်လုံးနှင့် အစိမ်းရောင် ချည်အိတ် လေးတစ်လုံးကို ဆွဲရင်း အထဲကထွက်လာကာ ...

"နင်တို့နှစ်ယောက်ကိုတော့ နဖူးချင်းတိုက်ပေးရမလား၊ လက်ချင်း ချည်ထားရမလားပဲ၊ တစ်မှုခုတော့လုပ်ရတော့မယ်"

အိတ်တွေကို စားပွဲပေါ်မှာ ချထားလိုက်ပြီးမှ ကုလားထိုင်မှာ ထိုင် လိုက်၏။

"ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ တဲ့၊ ညည်းတို့တွေကျမှ မုန်းပင်တွေ မုန်းမိုးတွေရွာ၊ အမုန်းတွေ တည်တံ့ခိုင်မြဲရေး တို့အရေး လို့များ နှလုံး သွင်းထားကြသလား ..."

"ဒေါ်ကြီးမြိုင် သိရဲ့သားနဲ့ ဒါကိုတွေ့တိုင်းပြောနေတာရော မမောနိုင် ဘူးလား၊ ကိုယ့်စိတ်နဲ့ကိုယ် မုန်းချင်တဲ့သူကို မုန်းမှာပဲ"

ရင်းနှီးနေကြတာမို့ မလေးစားရာကျကျ ရိုင်းတယ်ဆိုဆို တာ က ခနဲ့ပြန်ပြော၏။ သျှန် ကတော့ တာ့ ကိုစိုက်ကြည့်နေပြီး မချိုမချဉ်...၊ တာ့ မျက်နှာလေးက လေးထောင့်ဆန်ချင်သလိုရှိပေမယ့် မို့ပြည့် ပြည့် နုနုငယ်ငယ်လေးဖြစ်သည်။ ဒေါသဖြစ်တတ်လွန်းလို့ ကလေးဆန် တာလား၊ ဒါမှမဟုတ် ဖူးပြည့်စုလုံးနေသည့် နှုတ်ခမ်းလေးတွေက ရန် တတ်လွန်းလို့ ဒီပုံစံဖြစ်နေသည်လားမသိ။

ချိန်သီးပုံစံ နားဆွဲရှည်လေး တလှုပ်လှုပ်တရမ်းရမ်းနှင့် တာ စကား ပြောတိုင်း ရန်တွေ့နေတိုင်း ခေါင်းညိတ် ခေါင်းခါလုပ်လုပ် သူမတစ်ကိုယ် လုံးမှာ တည်ငြိမ်အေးချမ်းတာ ဘာမှမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် တာ ကြားအောင် သူ တမင်ပြောခဲ့ဖူးသည်။

"မြင်လိုက်ရရင် ပူလောင်နေတာပဲ၊ ဆပ်ပြာသည် ဟိုဟာပျောက်တဲ့ အတိုင်း ..."

လို့ ပြောပေးလိုက်တော့ တာ ဖျတ်ခနဲပြန်လှည့်ကြည့်သည်။ မှိုင်းမောင်းကောင်းသည့် သူ့မျက်နှာကို အံကြိတ်ကြည့်ရင်း ကျန်ရစ်တော့ ကွယ်ရာရောက်မှ ရယ်မိသည်။

"မဟုတ်လို့လား"ဟု ထပ်၍ရေရွတ်ရင်း အနိုင်ရလိုက်တာကို တွေ နှပ်သွား၏။ တာ နဲ့ သူ မသင့်မြတ်တဲ့အတိုင်း တစ်အုပ်စုတည်းပဲနေဖြစ်ကြ စကားထများကြ ရန်ဖြစ်ကြ ဒီနေ့ထိလည်း ဝေးကွာသွားခြင်း မဖြစ်ခဲ့

ဘုဘောက်ကျတိုင်းလည်း ဘယ်သူမှ အပြတ်အသတ် အနိုင်ရသွား တာမရှိ၊ သေချာနေတာတစ်ခုက အမုန်းကြီးမုန်းနေကြတာမဟုတ်ပေမယ့် ဘယ်တော့မှ သင့်မြတ်ပြေလည်ဖို့ရှိလာမှာမဟုတ်ခြင်းပင်။

တာ က သူ့ စိုက်ကြည့်နေတာကို ပုရွက်ဆိတ်တစ်ထောင်လောက် တစ်ပြိုင်တည်း ဝိုင်းကိုက်ခံလိုက်ရသလို တောင့်တောင့်မတ်မတ် ရှုံ့ရှုံ့ဖြစ်သွားပြီး ပစ်စလက်ခတ်မျက်စောင်းထိုး၏။

"ဟွန်း .. ဖေဖေ့ကို ဖုန်းလှမ်းဆက်မယ်၊ နောက်ကို ကြီးကြီးမြိုင် ဘာမှမပေးလိုက်တော့နဲ့လို့ ..."

"အဲလိုတော် .. ကျုပ်က တရားခံဖြစ်ပြန်ပြီလား"

"ဟုတ်တယ်၊ ဒေါ်ကြီးမြိုင်နဲ့ ဒါတွေပါလာတိုင်း ဒီလိုဖြစ်ရတာ"

"ဒါပေမယ့် နင် နောက်ကျသွားပြီ၊ ငါက ခုနကပဲ ဖုန်းဆက်ပြောပြီးပြီ"

"ဘာ ..."

သျှန် က ဟန်းဖုန်းကိုထောင်ပြပြီး ပခုံးတွန့်လိုက်သေးသည်။ 'သနား တယ်'ဆိုတာမျိုး ပီပြင်အောင် ပြပြီးမှ ဖုန်းကို အိတ်ထဲပြန်ထည့်၏။





"ကြည့်စမ်းပါဦး"

ဒေါ်မြိုင် ဟိုဘက်ကိုကြည့်လိုက်၊ ဒီဘက်ကိုကြည့်လိုက်နှင့် ခေါင်းသာ ခါနေမိတော့သည်။

"တောက်"

တာ့ မျက်နှာလေး ရဲတွတ်လာရင်း တက်ခေါက်သည်။

"နေကြပါဦးကွယ်၊ ငါနှယ် ယူလာပေးရတဲ့လူကို ကျေးဇူးမတင်တဲ့ အပြင် ပြန်တောင်းပန်ခိုင်းဦးမလားမသိဘူး။ ငါတို့က ရုပ်ဆွေရုပ်မျိုးတွေ ညှိစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် ငါ့ထက်စိတ်ချရတဲ့ပူကြီး ဘယ်မှာသွားရှာမလဲ"

"ဒီလိုပါ ဒေါ်ကြီးမြိုင်ရယ်၊ သူတို့နှစ်ယောက် ဟိုတစ်နေ့ကမှ စကား များကြတာ၊ အဲဒါကြောင့်ပါ၊ သျှန် က သိပ်အစသန်တာ သိလား"

အသစ် က ဒေါ်မြိုင့်ကို အားနာစိတ်လေးနှင့် ဖုံးဖိပြောရှာသော်လည်း တာ က မဲ့ရွဲ့ကာ ...

"ဟိုနေ့ ဒီနေ့တွေ ပြောမနေနဲ့ ဘယ်တော့မှလဲ တည့်ဖို့မရှိဘူး၊ အဲဒီ ငနာတစ်ခုလုံးက တို့နဲ့ အမြဲတမ်းရန်သူတွေ..."

"ဘယ်သူကရော ခင်ဗျားတို့နဲ့ ငြိမ်းချမ်းရေးဖြစ်ချင်ပါတယ်လို့ပြောနေ လို့လဲ၊ စကားတွေခေါ်မနေနဲ့ လုံးဝကို စိတ်မဝင်စားတာ'

"ဝင်စားကြည့်လိုက်လေ၊ ဘာဖြစ်သွားလဲ သိရအောင်"

"ဟား ... သိချင်လိုက်တာကွာ၊ တကယ်သိချင်တာ အဟုတ်"

"သေလိုက်"

တာ ဒေါသတွေတိုးဆောင့်လျက် ဝုန်းခနဲထရပ်လိုက်၏။ အသစ် ဒန်းကတန်းလှမ်းဆွဲရင်း လိုက်ရပ်ကာ ...

"သျှန် .. နင်ကလဲ လွန်တယ် သိလား၊ တားလေ ဆိုးလေ ..."

"ဘာလဲ သူပြောတာမဟုတ်လို့လား။ ဟား ဟား ဟား .. မင်းရော



www.burmeseclassic.com

ချိန်ရှာသလားကောင်ရှာ"

"ရှိခဲ့ရပြီ"

ဆောင့်စွာ တီးတိုးညည်းရင်း မျက်နှာတစ်ခုကို ထားစရာမရှိ ဖြစ်သွား

"ခုက္ခပါပဲအေ .. ပြောမှ ပိုဆိုးတော့တယ်၊ ကဲ .. ပြန်ထိုင်စမ်း ကျုပ်ကို နည်းနည်းပါးပါး လေးစားသမှုလေးနဲ့ ..."

"မထိုင်ချင်ဘူး၊ တာ ခုချက်ချင်းပြန်မယ်၊ ဒါ တာ့ အိတ် မဟုတ်လား"

တာ က မေးလိုက်ပြီး တစ်ခါတည်း ကောက်ယူလိုက်သဖြင့် ဒေါ်မြိုင် ဖြေချိန်မရလိုက်ပေ။

"အေး .. အဲဒါ .. ဟင် .. မဟုတ်ဘူး .. အဲဒါ မဟုတ်ဘူး"

ဒေါ်မြိုင် ပျာပျာသလဲတားလိုက်သည့်နောက်မှာ သျှန့်ထံမှ ရယ်သံ သဲ့သဲ့နှင့်အတူ ...

"မှားတဲ့အခါလဲ မှားပေမပေါ့၊ ပိုကြီးတဲ့အိတ်ကိုပဲ မျက်လုံးက မြင်တာ ကိုး၊ အင်း .. လောဘ .. လောဘ ..."

"နင် ဘာပြောတယ်"

တာ အသားဆတ်ဆတ်တုန်၏။ မှားတာကလည်း ကိုယ်ပဲဖြစ်နေ သဖြင့် ဆွဲကိုင်လိုက်မိသည့်အိတ်ကြီးကို ဆိုင်နေသည့် သျှန့် ရင်ခွင်ထဲ ပစ်ပေါက်ထည့်လိုက်ကာ ...

"မိန်းမလို လျှာစောင်းထက်တဲ့ကောင် ရော့ ..."

ရင်ခွင်ထဲကို အင့်ခနဲပစ်ကျလာပေမယ့် သျှန့် က အရယ်မပျက်ဘဲ ပွေ့ယူထားလိုက်ပြီး ...

"ကိုယ့်ထက်တော်ရင် အဲဒီလို အသိအမှတ်ပြုပေးရမယ်၊ ဘယ်လို တော်တာဖြစ်ဖြစ်ပေါ့"

"တော်ပြီကွာ၊ မင်းတို့ကလဲ အသစ် ... နင် တာ့ ကိုခေါ်သွား"





အသစ် က ဆွဲပေမယ့် တာ က ပုတ်ချပစ်ကာ ...

"နင့်လိုကောင် ဒီလိုစကားတွေတတ်ပြီးကော်နေတာ မဆန်းပါဘူး၊ သွားကြီးဖြဲပြီး အရှက်မရှိ ရယ်မနေနဲ့"

"ဟား ဟား ဟား"

ကျောခိုင်းထွက်ခဲ့ရပေမယ့် နောက်ကနေ ခုန်ပေါက်လိုက်လာသည့် သျှန့်ရယ်သံက ပြင်းထန်စွာ နှိပ်စက်နေခဲ့၏။

အသစ် မှာလည်း တာ့ ရဲ့ အိတ်ကိုဆွဲရင်း အိမ်ပေါ် ကဆင်းလိုက်ခဲ့ရ တာ ခလုတ်တွေတိုက်၊ အခေါင်တွေခြောက် ...၊

စိတ်ထဲမှာ ဒေါသဖြစ်နေမိတာ သျှန့်ကိုပဲဖြစ်သည်။ တာ မိတ်ဆိုးရင် သည်းဆိုးစရာ...၊ နှစ်ယောက် စကားများရန်ဖြစ်တိုင်း ယောက်ျားလေးမို့ ဒီးစပ်အပေါင်းသားဖြစ်ကျန်ခဲ့ရတယ်ဆိုတာ တစ်ခါမှမရှိ။

တာ က အနိုင်နဲ့ပိုင်းပြီးပြောပစ်ခဲ့တာရှိရင်တောင် ဂရုမစိုက်သည့် ရယ်သံနှင့် မျက်နှာပြောင်နေသေးသည်။ သျှန့် မျက်နှာပေါ် မှာ ရှုံ့ရှုံ့ ရှားရှား ဒေါသဖြစ်သွားတယ်ဆိုတာ မမြင်ဖူးပေ။

မရှုံ့နိုင်မကယ်နိုင်ကျန်ရစ်ခဲ့သည့် အံကြိတ်မှုမျိုးလည်းမမြင်။ တစ်ခါ တလေ တာ့ ကို တမင်တကာ ပျော်စရာ စ,စရာအရုပ်လိုများ သဘော ထားနေသလားဟုထင်ရသည်အထိ...၊

ဒီလိုဆုံစည်းလာကြတာကျတော့ ဘယ်လိုပြောရမလဲ ...။

ဆုံစည်းဖို့လား ...၊ ကမ္ဘာမကျေမုန်းကြဖို့လား...၊ တစ်ခုခုတော့ တစ်ခုခု...။

www.burmeseclassic.com



## အခန်း (၃)

ဖုန်းကို ခွပ်ခနဲမြည်အောင်ချပစ်လိုက်ပြီး မွန်မွန် က ဒီဘက်လှည့်လာကာ ...

"အဲဒါကြောင့်ပြောတာ၊ ဦးတို့က ဒေါ်ကြီးမြိုင်ကိုမြင်တာနဲ့ အထုပ်အပိုးကပြင်ပြီးသား၊ ခု ဖြစ်ကုန်ကြပြီ၊ ဟိုမှာ နှစ်ယောက်ဆုံပြီးတော့..."

"ဟင် ... ဘာတွေဖြစ်လို့လဲ"

"တာ ဖုန်းဆက်တာလေ"

"ဟုတ်တယ်လေ၊ ဘာတဲ့လဲ"

"ဒေါ်ကြီးမြိုင်နဲ့ ဘာမှ လူကြုံမပေးလိုက်ပါနဲ့တဲ့"

အိမ်ရှေ့က တူဝရီးနှစ်ယောက်၏စကားသံတွေကြောင့် ရေသန့်ဘူးခွံတွေ ဆေးနေရင်း ဒေါ်မိမိတာ နားစွင့်ထားလိုက်မိသည်။

"ဒေါ်ကြီးမြိုင်က ဟိုဘက်အိမ်၊ ဒီဘက်အိမ် ကူးပြီး အထုပ်အပိုးတွေသယ်ယူပို့ဆောင်ရေးတွေ လုပ်နေမှတော့ ဒီပြဿနာတက်ပြီပေါ့၊ ကျွန်မပြောသားပဲ ..."





"ဘာလဲ၊ ဟိုဘက်က အနုပ်စုတ်ဂုတ်စုတ်ကောင်ရဲ့ မိမဆုံးမ၊ ဖခဆုံးမ ဝဲစားလေးနဲ့လား"

"ဟုတ်တယ်၊ ဘယ်လောက်ဖြစ်ကုန်သလဲမသိဘူး၊ ဖုန်းထဲမှာတောင်တော့ အသံလေးက တုန်လို့ ..."

"တောက်"

"နေကြပါဦး၊ ဘာတွေဖြစ်နေလို့လဲ"

ဒေါ်မိမိတာ က ရေစိုနေသည့် လက်နှစ်ဖက်ကို တင်ပါးနဲ့ပွတ်တိုက်ရင်း အနားရောက်လာ၏။ ဦးသက်တင်ဇော် က မှုန်ကုပ်ကုပ်လှည့်ကြည့်ကာ ...

"နေကြပါဦးတားရအောင် ဘယ်သူက ဘယ်ကိုထွက်သွားတော့မှာမို့လို့လဲ၊ ကိုယ့်အလုပ်ကို အေးအေးဆေးဆေးသွားလုပ်နေလိုက်"

"အံမယ် .. ဘယ်လို ..."

"မင်း အဲဒီလိုပြဿနာသံကြားတိုင်း အပူတပြင်း ထထပြေးလာရတာ အခန့်မသင့်ရင် ဟတ်ထိထိနိုင်တယ်၊ စိုးရိမ်လို့ပြောတာ"

ဘာမှမဟုတ်သလိုပြောလိုက်ပြီး ဦးသက်တင်ဇော် က ဒေါ်မိမိတာကို ခပ်စွေစွေပြန်ကြည့်၏။ ပြီးတော့ ...

"ဟိုကောင်နဲ့ ငါ ဘာတွေဖြစ်နေနေ မင်းတို့က အနေသာကြီး၊ ဘာဖြစ်ဖြစ် နားစွင့်မနေနဲ့"

"မစွင့်လို့ရမလား၊ ရှင်က မိမိတာရဲ့ယောကျ်ားဖြစ်ဟာတာလေ"

"ငါ့ကို ခိုက်ရန်မများစေချင်တာတော့ မဟုတ်ဘူးမဟုတ်လား၊ ဟိုကောင်နဲ့ ရန်ဖြစ်နေတဲ့အခြေအနေကို မင်း မလိုချင်တာ ဝန်ခံလိုက်"

"ရှင် .. ရှင် စကားပြောတာ ကြည့်ပြောနော်"

"သွားစမ်းပါကွာ၊ ကိုယ့်ဘာသာ သွားနေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိတာ၏ ဒေါသဖြစ်သွားသည့် မျက်ဝန်းတွေမှာ မျက်တောင်ရှည်ရှည်တွေက ပို၍ကော့တက်သွားသလိုပင်။ ဒေါနိုးဖြစ်သူကို စိုက်ကြည့်ရင်း ဦးသက်တင်ဖော်၏စိတ်တို့က ငယ်ငယ်က အတိတ်အကြောင်းတို့ဆီ ရောက်နေခဲ့ရွေ့သွားသေးသည်။

ဒီမိန်းမ အဲသလောက်လှနေလို့ အဲဒါတွေဖြစ်ကုန်တာ ...။

"ကိုက မိမိကို အလှပ်သမားနှင်သလို နှင်ထုတ်လိုက်တာပေါ့"

ဒေါ်မိမိတာ ပြန်အော်တော့မှ သူ သတိဝင်သည်။ ဒါပေမယ့်...

"ပြဿနာဆိုတာ ရှိလာရင် ဘယ်လို ဘယ်က စတာလဲဆိုတာ အရင်အဖြေရှာရမှာ၊ သူများကိုချည်းပဲ ဖြူးဖြဲထလုပ်လို့ရမလား"

"လုပ်ရမှာပဲ၊ မိန်းကလေးတစ်ယောက်နဲ့ ဖက်ပြီးရန်ဖြစ်နေတဲ့ကောင်မျိုးကို ဘာတွေနဲ့သွားပြီး ချူတနေရမှာလဲ"

"ယောက်ျားလေးလဲ မာနနဲ့ပဲ၊ သူတို့လူငယ်ချင်း ..."

"ဟော့ .. မိကောင်းဖခင်သားသမီးက ဒီလိုမလုပ်ဘူးကွ၊ ပြိုင်ချင်နိုင်ချင်တာကိုက ဟိုတေလေဂျပိုးရဲ့စိတ်၊ မင်းကိုလဲ ထပ်ပြောမယ်၊ အဲဒီဘက်ကကောင်တွေကို ဖေးဖေးမမ ကူကွယ်ပြောပေးတာတွေ ဆင်ခြင်၊ အဲဒါတွေနဲ့ပတ်သက်ရင် လုံးဝ ခွင့်မလွှတ်ဘူး"

"မလွှတ်နဲ့ပေါ့၊ ကိုကို ဘယ်သူက ကြောက်နေလို့လဲ၊ ဟွန်း .. ကိုယ့်ကိုယ်ကိုလဲ ပြန်ငုံ့ကြည့်ဦး"

"ဘာကွ"

"စိတ်ကထောင်းခနဲ၊ လက်က ဖောင်းခနဲမြည်အောင် အသက်က ဖင်ဝဆိုက်နေပြီ"

"ရင်ဆိုက်နေပြီပြော၊ အသက်က ပါးစပ်ကထွက်တာ"

"ကိုကတော့ ပါးစပ်ကထွက်ချိန်ရမယ့်သူမှမဟုတ်ဘဲ၊ ဒေါသနဲ့လေ





ပိပြားပြီး အသက် ဖင်ကထွက်တဲ့မသာ ထုံးဆန်းစွာပေါ်ဦးမယ်"

"ဟာ.. ဟော့ ..."

"ဟွန်း"

ဒေါ်မိမိတာက ဦးသက်တင်ဖော် မျက်နှာကို ယေချာကြည့်၍ မျက်စောင်းထိုးလိုက်သေး၏။ ပြီးမှ ဖျတ်ခနဲလှည့်ဝင်သွားသည်။ အသက်ရှူမြင်း အံကြိတ်ရင်း ကျန်ခဲ့တဲ့သူက ဦးသက်တင်ဖော်ပဲဖြစ်၏။

ဒေါသဖြစ်ဖြစ်နှင့် လှမ်းဆွဲရိုက်ထည့်လိုက်ဖို့ဟာ စိတ်ကူးထဲမှာပဲဖောင်းခနဲမြည်သွားသည်။ တကယ်ကျတော့ လက်သီးဆုပ်လေးတောင်ပိပိပြင်ပြင်မဖြစ်။

ဒီမိန်းမကို ဘယ်လောက်ချစ်သလဲမေးလျှင် သေလောက်အောင်ချစ်သည်။ ဘယ်လောက်ထိ မြတ်နိုးခဲ့သလဲဆိုလျှင် ထားစရာမရှိအောင်ပါပဲ။

ဘယ်တုန်းကလဲဆိုရင်တော့ အစတည်းက ခုချိန်ထိ၊ နောင်အခါ အမြဲ ဘယ်တော့မှ မမုန်း မမေ့ မစွန့်လွှတ်နိုင်ပါဟု ဖြေရပါမည်။

သင်းကတော့ ပြောရက်ပါပေ့...၊

"နှစ်ယောက်စလုံးကိုချစ်တယ်ဆိုတာ အပြစ်ဖြစ်သွားလို့လား၊ အချစ်ကို နှလုံးသားက ခံစားတာဥစ္စာ၊ နှလုံးက နှစ်ခြမ်းဆိုတော့ နှစ်ယောက်ချစ်ခွင့်ရှိတယ်" တဲ့။

"အဲဒီနှစ်ယောက် မတည့်မှန်းသိသားနဲ့ ဒေါ်ကြီးမြိုင် ဒီလိုချည်းပဲလုပ်တယ်၊ မသက်ာစရာတော့ ကောင်းနေပြီ"

တူမဖြစ်သည့် မွန်မွတ်လတ် က စတင်၍ ဖေဖန်လာသည်၊ ဦးသက်တင်ဖော်၏အာရုံတွေ မွန်မွန်လတ်ဆီ ပြန်ရောက်သွား၏။

"ဦးလေး စဉ်းစားကြည့်၊ ဒီနှစ်အိမ် မတည့်ပါဘူးဆိုမှ နှစ်အိမ်စလုံးနဲ့ ဆက်ဆံနေပြီး ဒီလိုလုပ်ပစ်တာ ဘယ်နှစ်ခါရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"[illegible]ဆောက်ခံပေမယ့် ဦးသက်တင်ဇော် လှည့်ကြည့်လိုက်[illegible] အကြည့်တစ်ချက်မှာ မွှန်မွှန်လတ် ပြောအားရှိသွား၏။

"ဟောတ်မှလွဲရော တမင်မတည့်အောင် အကွက်ချစီစဉ်နေတာလား။ တည့်တာကို သင့်မြတ်သွားအောင် ကြိုးစားနေတာလား၊ တစ်ခုခုတော့ သေချာတယ်"

"မတည့်အောင်လုပ်မလားအော့၊ ဒေါ်မြိုင်က သင့်မြတ်ဖို့ပဲ မုန်းလောက်အောင်ပြောနေတာကို ..."

"အဲဒါကိုပဲ စကျေနပ်ထိုက်နေဟာ ဦးလေးရဲ၊ သူ့ အနေသာကြီးဥစ္စာ ပေးရင် ယူသွားလိုက်၊ ကူညီပါဆိုတာကိုပဲ ကူညီလိုက်ပေါ့"

"ခုလဲ ဒီတိုင်းပဲလုပ်တာဖြစ်မှာပါ၊ သူ့အတွက် နှစ်ဖက်စလုံးက ရပ်ဆွေရပ်မျိုးတွေပဲ၊ အမိကပြဿနာက ဒီနှစ်အိမ် ပူးနေတာကြောင့်၊ ပြီးတော့ ကလေးနှစ်ယောက်က ရန်ကုန်မှာသွားပြီး အတူတူဖြစ်နေသေးတယ်၊ တောက်..."

ဦးသက်တင်ဇော် တက်ခေါက်ပြီး ကြိမ်ကုလားထိုင်မှာ ဖျတ်ခနဲထိုင်ချလိုက်သည်။ တကယ်တော့ သျှန်ဖေဖေ ဦးပညာချွန်က သူ့ရဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းရင်းကြီးပါ။

ပညာချွန်ဆိုတဲ့ မူလတန်းကျောင်းသား ကလေးအရွယ်လောက်မှာပဲ သူတို့က ချောင်းလေးရွာကနေ ပန်းတနော်မြို့ကို ပြောင်းသွားခဲ့ကြသည်။

ဦးသက်တင်ဇော်သည် မိုးသက် ဆိုသော ကောင်လေးဘဝမှာတည်းက ချောင်းလေးရွာမှာပဲဖြစ်ကာ မိမိကို ခိုးပြေးခဲ့တဲ့အထိ ချောင်းလေးမှာပဲရှိခဲ့၏။ ဒီတုန်းက အဖေ စကာစကာညည်းညူပြောဖူးတာကို သတိရမိသေးသည်။

"ကိုလူကောင်းတို့ကတော့ သူ့သားနေသိရေးအတွက် မြို့ကိုတက်





သွားပြီ၊ ငါကတော့ ငါ့သားကိုငှဲချင်ပေမယ့် ဘာမှမတတ်နိုင်ခဲ့ပါလား" တဲ့။

ပညာချွန်နဲ့ မိုးသက်တို့ကတော့ နေရပ်ချင်းကွဲပြားသွားပေမယ့် လူချင်းမကွဲခဲ့ပေ။ မူလတန်းကျောင်းကနေ ဆယ်တန်းအထိ အတူတူပဲ ဖြစ်ကာ တက္ကသိုလ်တက်ဖို့ကျတော့ ပညာချွန်အတွက် မခက်ခဲသလောက် မိုးသက်အတွက် အခက်အခဲတွေ အများကြီးဖြစ်ခဲ့၏။

ဒါဟာ မိဘတို့၏ စီးပွားရေးပြောင်းလဲမှုများဖြစ်သည်။ ယခုအချိန်ထိ ဦးပညာချွန်တို့က လယ်ယာစက်များစွာနှင့် သင်ဖြူးဖျာအရောင်းဆိုင်ကြီးတွေ၊ ပွဲရုံတွေ ပိုင်ဆိုင်ထားခဲ့ပြီး ဦးသက်တင်ဇော်တို့က ဤသို့ဤနှယ် အောင်မြင်အောင်ကြိုးစားနေရဆဲဖြစ်၏။

အဘယ်ကြောင့်ဆိုလျှင် နဂိုက ငါး၊ ပုစွန်ဒိုင်ကြီးများနှင့် စီးပွားရေး အုတ်မြစ်ချခဲ့တာမို့ ရေလုပ်ငန်းနှင့်ပတ်သက်ပြီး ရင်းနှီးနေခဲ့ရာမှ ဦးပညာချွန်တို့လို ဖြစ်မြောက်ဖို့ကြိုးစားလိုက်တော့ လုပ်ငန်းက အသွင်နှစ်မျိုးကွဲသွား၏။

ဟိုဘက် ဒီဘက်မျှကာ ဘယ်လုပ်ငန်းမှ အထူးတလည်အောင်မြင်လာတာမျိုးမဖြစ်သေးဘဲ အီလည်လည်လှုပ်ရှားရင်းနဲ့ပဲ ဒီတိုင်း စခန်းသွားနေခဲ့ရ၏။

"အဲဒါကြောင့် ကိုကိုပြောတာ ငါးဒိုင်တွေကို ဖြုတ်မှာဆိုလဲ ဖြုတ်ပစ်လိုက်ပေါ့၊ ဒီလို အကုသိုလ်အလုပ်တွေနဲ့ ဘဝမဆုံးချင်ဘူးလို့လဲ ပြောသေးတယ်၊ ဖြုတ်လဲမဖြုတ်နိုင်ဘူး"

ဇနီးဖြစ်သည့် ဒေါ်မိမိတာ က ဒါကို ခဏခဏပြောခဲ့ပေမယ့်လည်း မအောင်မြင်။

"မိဘ လက်ငုတ်လက်ရင်းဆိုတာလည်း မပစ်ပယ်ကောင်းဘူးလေ၊ သမီးလေးကို အညှီအဟောက်တွေနဲ့ မမွေးမြူချင်လို့သာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆိုတာ ရဲရင့်ပြတ်သားရတယ် ကိုရဲ၊ ဘုရင့်နောင် ဖောင်ဖျက်သလိုမျိုး ..."

"ဘာဆိုင်လဲ၊ ငါက ဘုရင့်နောင်မှ မဟုတ်တာ"

"ကပ်သတ်မပြောနဲ့လေ၊ အတုယူသင့်တာကျတော့ ယူတတ်ရတယ်။ ကို အဲဒီလိုမပြတ်သားလို့ ဘယ်လုပ်ငန်းမှမအောင်မြင်ဘဲဖြစ်နေတာ။ ကိုချွန်တို့နဲ့ မိမိတို့စီးပွားရေးက ခုထိ မယှဉ်သာသေးဘူး။ လောဘ မောဟတွေ ရင်ထဲမှာဖြစ်နေလို့မဟုတ်ပါဘူး။ ဒါပေမယ့် တစ်အိမ်နဲ့တစ်အိမ်က သင့်မြတ်ကြတာမဟုတ်တော့ ဘယ်သူသာတယ်၊ ဘယ်သူနာတယ် ဆိုတာတွေကလဲ အမြဲတမ်းရှိနေမှာပဲ၊ မွေးထားကြတာလဲကြည့်ဦးလေ၊ သူ့မှာလဲ သားလေးတစ်ယောက်တည်း။ ကိုယ့်မှာလဲ သမီးလေးတစ်ယောက်နဲ့ ..."

"သားလေးလို့မပြောစမ်းပါနဲ့ကွာ၊ အဂ္ဂုလိမာလ ဖြစ်မလား။ အဓာကသတ်လိုဖြစ်လာမလား။ အလကား အလားအလာကောင်းမရှိတဲ့ ကောင်စားမျိုးလေးပါ။ ငွေရှိတာ ကြွားချင်တိုင်း ကလေးကို ကမ်းကုန်အောင်အလိုလိုက်ထားတာ၊ ဘာဖြစ်လာမှာလဲ၊ ဒါနဲ့များ နာမည်ပေးထားလိုက်တာ 'ပညာသျှန်' တဲ့"

မိသားစုနှစ်စု မသင့်မြတ်ကြသလို အိမ်ထဲမှာ လင်မယားချင်း မကြာခဏ ဘုဘောက်ကျနေခဲ့တာလည်း ဒီပြဿနာတွေကြောင့်ပဲဖြစ်သည်။ တကယ်ဆို အကြီးအကျယ်ပြဿနာဖြစ်မယ်ဖွဲ့ ရလောက်အောင် သတ်ပုတ်ရန်ဖြစ်ခဲ့ဖူးတာကောင်မရှိ။

ဒါပေမယ့် ရင်ထဲမှာ ဒါပေမယ့် ... ဆိုတာတွေ များပြားစွာ .....





အခန်း (၄)

"ပြောပါဦး၊ ကျောင်းပြီးသွားရင် ဘာတွေလုပ်ဖို့စိတ်ကူးရှိသလဲ"

"အင်း ... ပွဲရုံတွေမှာ ဟိုယောင်ယောင်ထိုင်ပေးမယ်၊ မိန်းမလေး ဘာလေးပေးစားရင်လဲ သားသမီးဝတ္တရားနဲ့အညီ နာခံရမှာပဲ၊ သားသမီးတွေ ကွိစိကွစဖြစ်လာရင်တော့ ဘယ်ကောင်နဲ့ရင်ဆိုင်ယှဉ်ပြိုင်နိုင်းရမလဲဆိုတာ ရွေးချယ်ထားရမယ်"

"ကြည့်စမ်း ..."

"ပြိုင်ဘက်ဆိုတာ ရှိနေမှ ..."

"အဲဒါတော့ မှန်တယ်၊ ပြိုင်ဘက်ရှိမှ ကလေးက ကြိုးစားချင်တာ"

"မဟုတ်ပါဘူး။ အပျင်းပြေအောင်လို့ပါ"

"ဟင် ..."

"တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်အနိုင်လုဖို့ဈေး ရင်ဘတ်ထဲမှာ ရှိနေတော့ မနက်ဖြန်တိုင်းက လှတယ်"

"သျှန် ..."



www.burmeseclassic.com

www.burmeseclassic.com



ကထိက ဒေါ်ချစ်နှင်းဆီ ခေါ် နှင်းဆီ၏မျက်နှာလေး တည်တင်းသွားလျက် လက်ထဲမှာ ပွတ်သပ်တိုက်ချွတ်နေသည့် မြားနတ်မောင်ရုပ်လေးကို ဒေါက်ခနဲဆောင့်ချလိုက်သည်။

“ဟာ ... ဒေါသကို သူ့ဆီမပို့ပါနဲ့၊ ဒီလောက်ချစ်စရာကောင်းတဲ့ ကျေးဇူးရှင်လေးကို ...”

သျှန် က တကယ့်ပျာပျာသလဲမျက်နှာနှင့် မြားနတ်မောင်ရုပ်လေးကို ပြန်ကောက်ယူပြီး တယုတယလုပ်နေ၏။

“မင်းဟာ လူပုံစံကြီးနဲ့ စိတ်ဓာတ်က လုံးဝကို တခြားစီပါလား သျှန်”

“ဘာဖြစ်နေလို့လဲ”

“ဟဲ့ ... လူပုံစံက တောင့်ကောင့်တင်းတင်း၊ ဖြူဖြူသန့်သန့်နဲ့ ယောက်ျားကောင်းပီသတဲ့ပုံမျိုး”

“ကျွန်တော့်ကို ယောက်ျားမပီသဘူးလို့ မမနှင်း ပြောချင်တာလား”

“ပြောချင်တာမဟုတ်ဘူး၊ အခု ပြောကိုပြောနေတာ”

“ဘယ်အချက်ကြောင့်လဲ ပြော၊ အခိုင်အမာပြောနော်၊ မဟုတ်ရင် ကျွန်တော့်မှာ ပြောစရာတွေရှိတယ်”

ဆံပင်တွေကို နောက်တွဲဆံထုံးပုံပုံလေးထုံးဖွဲ့လျက် ကထိကတစ်ယောက်၏ဂုဏ်သိက္ခာနှင့် အလွန်လိုက်ဖက်စွာ ကျက်သရေရှိနေသည့် နှင်းဆီသည် မလိုက်ဖက်သောစကားတွေနှင့် လူဆိုးလေးလုပ်နေသော မောင်ဖြစ်သူကို စိတ်ပျက်စွာကြည့်သည်။

မောင်ဝမ်းကွဲဆိုပေမယ့် အဒေါ်အပျိုကြီးတွေနှင့် မိုင်းကောင်းကျောက်ဖိ ကြီးပြင်းခဲ့ရသည့် သူမကတော့ ရှားပါးစွာရှိလာသည့် မောင်လေး တစ်ယောက်လို သျှန် ကို ချစ်ခဲ့ရတာပါ။

ဒေါသဖြစ်လိုက်၊ စိတ်တိုလိုက်နဲ့ပဲ အလိုလိုက်နေခဲ့မိတာမို့ သျှန် က





ည်း အစိမ်းကြီးဆိုပြီး အလူးသဖြင့် လေးစားခဲ့တာမျိုးမရှိခြင်းဖြစ်လိမ့်မည်။

“မမနှင်း ဆက်ပြောလေ”

နှင်းရဲ့တိုက်ခန်းလေးထဲကိုရောက်လာပြီဆို ဟိုကိုင် ဒီကိုင် ဒီလိုပဲ လျှောက်ဖွနေကျအတိုင်း ဘောင်းဘီအိတ်ထဲ လက်တွေထည့်လျက် ဟိုဒီ လျှောက်နေရင်း မေးသည်။ မပြောတော့မှ ပြန်လှည့်လာပြီး ...

“ဘာလဲ .. ပြောစရာမရှိတော့ဘူးလား”

“ဘာလို့မရှိရမှာလဲ၊ ယောက်ျားလေးဖြစ်ပြီး ရည်ရွယ်ချက် ဘာမှမရှိဘဲ မိဘအရိပ်နဲ့ မျှောခိုနေချင်တာ ခေါင်းထဲမှာ လေးနက်မှုမရှိတဲ့ ပေါ့ပါးပျော်ရွှင်ချင်တာတွေ၊ အဆိုးဆုံးက မိန်းကလေးတွေနဲ့ တုပြိုင်ရန်ဖြစ်နေရတာကို ကျေနပ်နေတဲ့ကိစ္စ ...”

“သိသားပဲ၊ တကယ့်မေဂျာဘာသာရပ်က အဲဒါပဲဆိုတာ ...”

“ပြန်လှည့်မသွားနဲ့၊ ဒီမှာလာထိုင်”

နှင်းဆီ က စိတ်မရှည်သံလေးနှင့်လှမ်းပြောပြီး ဆက်တီခုံမှာထိုင်သည်။ သျှန် က မနာခံချင်သည့်မျက်နှာနှင့် ပြန်လှည့်လာပြီး နှာခေါင်းတွန့်တွန့်နှင့် ဆောင့်ခနဲဝင်ထိုင်၏။

“သျှန်”

“ပြော”

“မင်းနဲ့ တာ တို့ သူငယ်ချင်းတွေလဲ ခင်ကြတာပဲမဟုတ်လား၊ တစ်အုပ်စုတည်း သွားလာစားသောက်နေကြတာဆို ...”

“အဲဒီတော့ ဘာဖြစ်လို့လဲ”

“ရန်ဖြစ်နေမယ့်အစား ခင်ခင်မင်မင်ဖြစ်နေကြရင် မကောင်းဘူးလား။ ပြီးတော့ မိဘချင်းကလဲ ပြေလည်ကြတာမဟုတ်ဘူး၊ မင်းတို့က ဒီရန်စကို ဆက်လက်ထိန်းသိမ်းနေကြမယ်ဆိုရင် ...”



www.burmeseclassic.com

"ခိုင်းတော့ ရန်စတွေ ဘာမှမဟုတ်ဘူး။ ရန်စမရှိလို့ ကျောင်းမှာ အေး ... ဝင်ငွေ နေကြတာပေါ့"

"ဟင် ... ဒါဆိုရင် မင်းနဲ့တာ ရန်ဖြစ်နေကြတာက ..."

"ရန်ဖြစ်တာမှမဟုတ်တာ၊ စကားစဖြစ်လာရင် စကားနိုင်လုပြ တယ်၊ လုပြီဆိုတာနဲ့ ကိုယ့်ဘက်ကိုပါအောင်ပြောကြတာပဲ၊ နိုင်အော မပြောနိုင်တဲ့သူ ရှုံးပေါ့၊ အဲဒါ ဘာဆန်းသလဲ"

"ဆန်းလို့ပဲ အခု အခြေအနေတွေ ပိုဆိုးလာကြတာမဟုတ်ဘူးလာ မမစကားကို နားထောင်စမ်းပါ မောင်လေးရယ်၊ မိန်းကလေးတစ်ယော နဲ့ အနိုင်လုပြောနိုင်တာလဲ ဂုဏ်ယူစရာမှမဟုတ်တာ၊ ဒီလိုတွေဖြစ်နေတာ မင်းနာမည် ဘယ်လောက်ပျက်သလဲ သိလား"

"ဘာမှမဆိုင်ဘူး"

သျှန် က လက်မခံဘဲ ခေါင်းရောလက်ရောခါသည်။ ပြီးတော့ ထိုင်ရာ မှထရပ်ရင်း ...

"ကျွန်တော့်အတွက် ဘာမှမထူးဆန်းတာကို တစ်လောကလုံးက ထူးဆန်းအံ့ဖွယ်ဖြစ်နေတာ စိတ်မကောင်းစရာပဲ၊ မမနှင်းကတော့ ထူးဆန်း တာမဟုတ်ဘူးထင်တယ်"

"ဘာ ..."

"အပျွန်း .. မမနှင်းနဲ့ နေခွဲ ဆိုတဲ့ ပုဂ္ဂိုလ် ဒီနေ့တွေ့ကြတာ ကျွန်တော် မသိဘူးမှတ်လို့လား"

"အို.. အဲဒါနဲ့မဆိုင်ပါဘူး၊ မမတို့က ရိုးရိုးသားသားပါ"

"ဟား ဟား ဟား"

ရယ်စရာရှိပြီဆို သျှန် က မုန်းစရာကောင်းအောင်ရယ်လည်းရယ် တတ်၏။ ပို၍ခံရခက်စေတာက သူများ မနေတတ်မထိုင်တတ်ဖြစ်လာတဲ့





ထိ မပြီးနိုင်မစီးနိုင် ရယ်နေခြင်းပင်။

"ဘာတွေ ဒီလောက်ရယ်စရာကောင်းနေလို့လဲ"

"ချစ်သူချင်းတွေ့ကြတာများ ရိုးသားတယ်ပြောသေးတယ်"

"မဟုတ်ဘူးလေ၊ လမ်းပေါ်မှာ စကားပြောဖြစ်ကြတာကိုပြောတာ၊ နဲ့တို့က ..."

"ရှင်းမနေပါနဲ့ မမနှင်း ရာ၊ ဘာလုပ်ဖို့လဲ သူများကိစ္စ ..."

"သူများကိစ္စဆိုပြီး မင်း ခုပဲ ထည့်ပြောနေတာမဟုတ်ဘူးလား"

"အဲဒါက မမနှင်း စပြောတာလေ၊ ဒီမိသားစုနှစ်စု သင့်မြတ်သွားမှ နှင်းတို့ ..."

"အံမယ် .. ငါ ခေါင်းခေါက်မိတော့မယ်၊ ဘာမှမဆိုင်ဘူး သိလား၊ မနဲ့တို့က ..."

"ဟား ဟား ..."

သျှန် ထရယ်လိုက်တော့ စကားလက်စပြတ်သွားကာ နှင်းဆီ မျက်နှာ ဆနီမြန်းသွား၏။ ဒီတစ်ခါ သျှန် က ရယ်မောခြင်းကို လိုရင်းတိုရှင်းနှင့် အဆုံးသတ်လိုက်ကာ ...

"လုပ်ပါ၊ ကိုယ့်ဘာသာနေကြပေါ့၊ မကောင်းဘူးလား၊ ကိုနေခွဲ က သက်တင်ဇော်ရဲ့ တူအရင်းကြီးဖြစ်နေတာရယ်၊ သူတို့မောင်နှမကို ငယ် ဆ်ကတည်းက မွေးစားထားခဲ့တာတွေရယ်၊ အဲဒါတွေလဲ ထားလိုက်၊ ခုသူက သဘောသားဖြစ်သွားပြီဆိုတော့ လွတ်လပ်ခွင့်ရှိသွားပြီ မမနှင်း ဒီလူ ..."

"သျှန်"

"ပြော"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ ငါနဲ့သူက ဘယ်မိသားစုကပဲ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတာချင်းလဲတူတယ်၊ အခု ကိုယ့်ခြေထောက်ပေါ် တည်နိုင်ဖို့ကြိုးစားနေကြတဲ့ရည်ရွယ်ချက်ချင်းလည်းတူပြီးသား၊ သူနဲ့
"ညားကြဖို့ ဘယ်သူ့မှဂရုစိုက်ဖို့မလိုတော့ဘူးလို့ ပြောချင်တာလား
"အို .. မဟုတ်တာ သျှန်ရယ်၊ မမ အဲဒီလိုပြောချင်တာမဟုတ်ပါ ကြိုးစားနေကြတာကိုပဲ မောင်လေး သိစေချင်တာ၊ နောက်ဆုံးကျွာ မ စားရင်တောင်မှ ပေါ့ပြက်ပြက်မနေပါနဲ့၊ မောင်လေးက ဥစ္စာပေါရှုပ် ဘဲ့တစ်ခုကို တာဝန်အရယူထားလိုက်ရတယ်ဆိုရင်တောင် ဘဝအတွ တခြားတစ်ခုခုနဲ့ရပ်တည်ဖို့က ခိုင်မာရမှာပဲမဟုတ်လား"

"မမနှင်းက တကယ် ဆရာမပီသတယ်ဗျာ၊ တော်ပြီ .. နောက် မ တော့ဘူး"

"နေဦးလေ"

"လုံး၀မနေနိုင်တော့ဘူး၊ အတိအကျရန်ဖြစ်ဖို့ရှိသေးလို့ စောစီး ရောက်အောင်သွားရဦးမယ်"

"ဘယ်လို ..."

သျှန် က ရယ်ကျဲကျဲနှင့်လှည့်ထွက်သွားသည်။ နှင်းဆီ နောက်ထ မတားနိုင်တော့ဘဲကျန်ရစ်ခဲ့၏။ လက်ထဲမှာ ဒီတိုင်းကိုင်ထားဆဲ ဖုန်းသု ၀တ်စကို ထပ်၍စုကျစ်လုံးကိုင်ရင်း နေရာမှထရပ်မိသည်။

ထိုအခါ မျက်လွှာချလိုက်ခြင်းမှာ ဘယ်လက်သူကြွယ်မှာ နေရာတ ရှိနေသည့် လက်ထပ်လက်စွပ်လေးက ကိုယ်ထင်ပြလာသည်။ သူ ရောက်မလာခင် မိနစ်ပိုင်းလေးကမှ ခွဲကိုယ်တိုင် ၀တ်ပေးသွားတာပါ

"ကိုယ်တို့ မပေါင်းရသေးပေမယ့် လက်ထပ်ပြီးပြီလို့မှတ်ထားရမ အဲဒီတော့ မြန်မြန်စဉ်းစား၊ မြန်မြန်ဆုံးဖြတ်၊ ဘယ်လူကြီးကြောင့်လို့မှ ခေ စဉ်မတာပ်ရဘူးနော်၊ ကိုယ်တို့နှစ်ယောက် ပေါင်းစည်းခြင်းက ဒီမိသ





ဖွံ့ဖြိုးနှလည်သင့်မြတ်ရေးအတွက် အရေးပါတဲ့အကြောင်းတစ်ခုလဲဖြစ် တယ်၊ အဲဒါကြောင့် ကိုယ် ခုတစ်ခေါက် သဘော်ပြန်မတက်ခင် လက်ထပ်ကြဖို့ ..."

"ဟင်း ..."

ဖင့်သက်မှူင်းမှူင်းချရင်း လက်စွပ်လေးကို တယုတယပွတ်သပ်နေမိ သည်။ လေးလေးဦးပညာချွန် တို့ဘက်မှာ သူမက တူမဖြစ်သလို ဦးသက် ထင်ဖော်တို့ဘက်မှာလည်း နေခွဲနဲ့ မွန်မွန်လတ်တို့က တူမတွေပဲဖြစ်သည်။

ကွာခြားခဲ့တာတစ်ခုက သူမမှာ မိဘမဲ့ပေမယ့် လေးလေးတို့လက်ထဲ မှာ မွေးစားသမီးအဖြစ်နဲ့ကြီးပြင်းခဲ့ရတာတော့မဟုတ်ပေ၊ အဒေါ် အပျို ကြီးနှစ်ယောက် ဆုံးပါးသွားကုန်ကြမှ ဆယ်တန်းအောင်မည့်နှစ်မှာ လေးလေးတို့ဆီရောက်လာခဲ့ခြင်းဖြစ်၏။

နေခွဲတို့မောင်နှမကျတော့ အရွယ်မရောက်ခင်ကတည်းက ဦးသက် ထင်ဖော်တို့လက်ထဲ ရောက်ခဲ့တာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဘ၀အကြောင်း တွေက အတူတူပဲဖြစ်ကြတာမို့ အနေနီးလာကြတော့ တစ်ယောက်ကို တစ်ယောက် နားလည်မှုတွေပိုခဲ့သည်။ ချစ်ကြင်နာမိကြတာလည်း မြန် သည်ထင်၏။ ဒါပေမယ့် ခိုင်မာစွာချစ်ခဲ့ကြသည်။ မခိုင်မာသေးတာက လက်ထပ်ဖို့အရေးပဲဖြစ်သည်။

"ညည်းက ကလေးလေးလဲမဟုတ်တော့ဘူး၊ ကိုယ့်ဘဝကိုလဲ ရပ် တည်နိုင်တဲ့အရည်အချင်းတွေရှိနေပြီ၊ လေးလေးတို့က နေရာတကာ ပြောသင့်တော့မှန်းသိပါတယ်၊ ပြောဖို့လဲ စိတ်မကူးပါဘူး။ ညည်းက သိမှာတဲ့မိန်းကလေးပါ၊ ဒါပေမယ့် နေခွဲ ဆိုတဲ့ကောင်လေးနဲ့ တော်တော် ဆင်ပြေနေတဲ့ကိစ္စကတော့ မကောင်းဘူးကွ၊ အဲဒါတော့ လေးလေး ဘားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြောခဲ့တုန်းက သူမ ကျောင်းမပြီးသေးပါ။ နေ့ရွဲလည်း မသတ်သေးပေ။ ရင်ခုန်တတ်စ ရည်းစားဦးဆိုတဲ့အဖြစ်မှာ ပျော်ဆွဲ နေ့ရှိနေတုန်းဖြစ်၏။

နောက်နောင်အချိန်တွေမှာလည်း လေးလေးက ဂရုတစိုက် စောင့် ကြည့်လာတာတွေရှိခဲ့သည်။ ခဏခဏ သတိပေးသလိုလိုနှင့် တားမြစ် တာတွေလည်း အကြိမ်ပေါင်းများစွာပင်။

ဖွဲ့ သဘောတက်သွားသည့်နောက်မှာတောင်မှ အဆက်အသွယ် ဘာညာ တစ်ခါတည်းဖြတ်လိုက်ဖို့ ပြောခဲ့သေး၏။ လက်ထပ်ဖို့က လွယ်ရဲ့ မလား။

ငယ်စဉ်တောင်ကျေးကစ၍ ကျွေးမွေးခဲ့တာမဟုတ်သည့်ကိုင် ဒီလို ပညာတတ်တစ်ယောက်အဖြစ် လုံခြုံစွာရပ်တည်နိုင်ခဲ့တဲ့ကျေးဇူးတွေ ရှိသည်။ ပညာတတ်ဖြစ်သွားလို့ စုံကန်တယ်ဆိုတာမျိုးတော့ အဖြစ်မခံ နိုင်ပါ။

ထို့အတူ ဟိုဘက်မှာလည်း ဖွဲ့ ဒီလိုပဲ ငဲ့ကွက်ရမှာတွေရှိမှာ သေချာပ သည်။ နောက်ဆုံး ယောကျ်ားလေးမို့ သူက ဖွတ်တိုးဆုံးဖြတ်ရသည်ဆိုရင် တောင် ကိုယ်က မိန်းကလေး၊ အစစအရာရာ မစဉ်းစားလို့မဖြစ်။

မလွယ်ပါလား…၊ နှင်းဆီ ဆိုသည့်နာမည်ကြောင့်များ ဆူးတွေနှင့် ပြည့်နှက်ကာ အဆင်မပြေ မချောမွေ့နိုင်ဘဲ ဖြစ်နေခဲ့တာလားမသိ။

အချစ်ဖြင့် နောင်နှစ်ပေါင်းများစွာ အသက်ရှည်ချင်စမ်းပါဘိ …..။





## အခန်း (၅)

"သူတို့က ဘာကိစ္စပါလာကြတာလဲ၊ တော်ပြီ ..ငါ မလိုက်တော့ဘူး"

တာ က ချက်ချင်းကြီး ခြေတစ်လှမ်းဆုတ်ပစ်လိုက်ပြီး ရပ်သည်။ သစ်နဲ့အချစ်တို့၏ မျက်လုံးတွေက သျှန်တို့သုံးယောက်ဆီဝေ့သွား၏။ အောင်ချိုက တောင်းပန်သလိုကြည့်နေကာ ကျော်စွာက စိတ်ရှုပ်နေသည့် ကျက်နှာနှင့်ဖြစ်၏။

သျှန် ကတော့ အိတ်သေးသေးလေးကို ပခုံးတစ်ဖက်မှာချိတ်၍ ဘက်တစ်ဖက်က အိတ်မှာချိတ်ထားကာ တစ်ဖက်က ခါးထောက် ထားတယ်…

ပြီးတော့ ပီကေဝါးနေသည့်မျက်နှာက တစ်ခုခုပြောတော့မလိုလို၊ ပြီးတော့မလိုလိုနှင့် ဖျတ်ခနဲလှည့်သွားတော့ ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် …

ဒီလောက် မမြင်မတွေ့ချင်အောင်ဖြစ်နေကြတာတောင် ဝတ်လာ ခဲ့ကြတာ အဝါရောင်စပို့ရှပ်တွေက ဆင်တူ၊ ထို့ပြင် သျှန် က ကြွေမြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရှင့်ရင့်ဘောင်းဘီရှည်နှင့်ဖြစ်ကာ တာ က ဗာဂိုဘောင်းဘီရှည် ရွှေညိုရောင်ဖျော့ဖျော့ ...၊

အသားဖြူတာချင်းလည်းတူနေသည့်အပြင် သျှန် ကလည်း လိုင်တွန့်ရေးရေးထင်သည့်ဆံပင်နှင့်၊ တာကလည်း ဆံပင်ကောက်ကောက် အုပ်အုပ်လေးနဲ့ဖြစ်သည်။

တစ်ခုပဲကွဲပြားဓါ်။ သျှန် က သွယ်သွယ်မြင့်မြင့်၊ တာ ကတော့ ခပ်ဖိုင့်ဖိုင့် ကိုယ်လုံးတောင့်တောင့်မို့ တချို့က ဖက်တီးတာလို့ ခေါ်ကြ သေးသည်။

တကယ်က မော်ဒယ်ဆိုသည့် ပြားကပ်ကပ်ခေတ်မှာ ဝတဲ့သူ သမုတ်ခံရပေမယ့် တာ က ဖက်တီးခေါ် ရလောက်အောင် ဝတာမဟုတ်

ထို့ပြင် အရပ်မြင့်သူမို့ ခါး တင် ရင် အားလုံးက အချိုးကျ တော တင်းနေတော့ ပိုလို့တောင်ကြည့်ကောင်းသည်ထင်ဓါ်။

အရောင်တူအဆင်ကွဲနှစ်ယောက်ကို အားလုံးက တိတ်ဆိတ်စွာ အကဲခတ်ရင်း ပထမဆုံး ချောင်းဟန့်လိုက်သူက အောင်ချို ဖြစ်ဓါ် ဒီတော့မှ တာ့ ကိုငေးနေမိသည့် အချစ်မျက်ဝန်းတွေ အောင်ချို့ဆီ ရော သွားခဲ့သည်။

"ဒီလိုဟာ ...၊ ဒီခရီးမှာတော့ နင်တို့နှစ်ယောက် မသင့်မြတ်တာတွေ မပြေလည်တာတွေ ခဏထားခဲ့လိုက်ပါ"

"ဟုတ်ပါတယ်ဟာ၊ သွားကြမှာကလဲ ကိုယ့်သူငယ်ချင်းရဲ့နာရေး တိုးချောင်ကလေးထိသွားရမှာ နည်းတဲ့ခရီးလား၊ ဟိုထိပို့ပေးမယ့်ကား ဒီတစ်စီးပဲရှိတာ၊ မလိုက်ဘဲနေခဲ့ရင် နာရေးကိစ္စကို မပါဝင်မကူညီခဲ့တာ အဖတ်တင်မှာ"

"အသစ် .. အဲဒါကို နင် နားလည်အောင်ပြောပြပေးပါဟာ"





ကျော်စွာ နောက်ထပ်ပြောတာကို ဂရုမစိုက်သလို ကိုယ်ကစောင်း ကျောပေးလိုက်ပြီး တာ က အသစ် ကို ပြန်လှည့်စည်းရုံးဓါ်။ အသစ် က ရှုံ့မဲ့မဲ့လေးဖြစ်သွားကာ ...

"ပြောပြဖို့က ခု ဘယ်လိုလုပ်ကောင်းမှာလဲ တာရယ်၊ ငါတို့တွေထဲမှာ နင် မပါတာကိုဘဲ အားလုံးက သိမှာ၊ သေသွားတဲ့ သန္တာအောင်ရော သူ့မိဘတွေရော နင့်ကို ဘယ်သူမှမှ မသိကြတာ"

"ဟုတ်တယ်လေ တာရဲ့၊ ငါတို့က ဘယ်သူ့ကိုရှင်းပြရမှာလဲ၊ အသုဘ လိုက်ပို့တဲ့လူတွေအားလုံးကို ပြောပြရမလား"

"တော်ပါတော့ဟာ၊ စိတ်ညစ်လိုက်တာ"

တာ ခေါင်းကုတ်ပစ်လိုက်ပြီး ခြေဆောင့်သည်။ လိုစဉ် သျှန် က ပါးစပ် ထဲကပီကေကို ထွီခနဲအသံမြည်အောင်ထွေးထုတ်ပစ်လိုက်လျှင် ...

"တောက် ..."

ခပ်ကြိတ်ကြိတ်တာက်ခေါက်၍ တာ့ မျက်လုံးတွေ မီးတောက်သွားဓါ်။

"ဟော .. ဟိုမှာ ကားလာပြီ၊ တီချယ့်ယောက်ျားကိုယ်တိုင် မောင်း လာတာဟ၊ ဘေးမှာ တီချယ်လဲပါတယ်၊ လာပါဟာ လာ သွားရအောင်"

တာ မကျေမနပ်နှင့် ကားပေါ် တက်လိုက်ရသည်။ တကယ်ဆို သျှန် တို့က သူမတို့နှင့် မေဂျာတူတာမဟုတ်ပေ။ သေဆုံးသည့်ကျောင်းသူနှင့် မေးထူးခေါ် ပြော သိကျွမ်းမှုတာလောက်ပဲရှိတာကို ဒီလမ်းကြောင်းမှာ ခေါ်ဘဲ နေလို့မရဘူးလား ...။

အသုဘပို့ဖို့လိုက်မယ်ဆိုရင်လည်း ဆရာတွေ စီစဉ်ပေးတာ ကား နှစ်စီး၊ ဒီကားကိုပဲ ဘာဖြစ်လို့ စုပြုံတိုးချင်ရတာလဲ ...။

ဒေါသတွေဖြစ်လိုက်ရတာ၊ သေသွားရှာတဲ့သူအတွက် ကရုဏာ ခေတ္တာတွေနဲ့ သံဝေဂရမှတ်ဖို့တောင် သိပ်လွယ်တော့မည်မထင်။

www.burmeseclassic.com



"အား ..."

"ဟာ.. သေပါပြီ"

တွေးလို့ကောင်းနေတုန်းလေးက ချိုင့်ကျကာ အားလုံး ညည်းသံတွေ ထွက်ကုန်ကြ၏။ ထိုစဉ် ကားက အရှိန်ကျသွားရာမှ တဖြည်းဖြည်း ရပ်သွားပြီ။

"နောက်က မတ်တတ်တွေ အထဲ ခဏဝင်လိုက်ဦး၊ ရှေ့မှာ လှည့်ကင်းကားရှိနေရင် အဖမ်းခံရလိမ့်မယ်"

တီချယ့်အသံကိုကြားလိုက်ရပြီး မကြာမီ တီချယ် ကားနောက်ကို ရောက်လာ၏။

"ကားထဲမှာ လူကျပ်နေပါလား"

ဟု ပြော၍ မတ်တတ်ရပ်နေကြသည့် ယောကျ်ားလေးသုံးယောက်ကို ဘယ်လိုနေရာယူခိုင်းရမလဲ စဉ်းစားသည့်ပုံနှင့် မော့ကြည့်၏။ ကားက ဟိုင်းလပ်အသေးစားလေးဖြစ်သည်။

အလယ်မှာ ပလတ်စတစ်ခုံလေးနှစ်လုံးပဲ အပိုပါတော့ ယောကျ်ားလေးတချို့က ကားဝမ်းထဲမှာ ဒီတိုင်း ဖင်ချထိုင်နေကြသဖြင့် နောက်ထပ်သုံးယောက်စလုံး နေရာတကျဝင်နိုင်ဖို့က သိပ်တော့မလွယ်။

"သန့်ဇင်လင်းနဲ့ ဘိုဘိုထွဏ်က ဒီဘက်ကြားထဲမှာ နည်းနည်း ကပ်သပ်ပြီးဝင်လိုက်ကွာ"

တီချယ်က လက်ညှိုးထိုးခိုင်းတော့ ခိုင်းတဲ့အတိုင်း ဝင်ထိုင်လိုက်ကြရ၏။ ဒီထဲမှာ မတ်တတ်ကြီးကျန်ရစ်သူက သျှန် ဖြစ်လေသည်။

အဟွန်း .. ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ တာ့ မျက်နှာလေး သိသာစွာ ပြုံးချိုသွား၏။

ချွေးနေရာမရခိုတာ အဲဒါလို့ အော်ပြောပြီးရယ်ချလိုက်ချင်၏။





ကားထဲကိုဝင်ကြတုန်းက ပခုံးချင်းတိုက်မိမလိုဖြစ်သွားတော့ ခြေတစ်ဖက်တင်ထားပြီးမှ နောက်ပြန်ဆုတ်ပြီး ချန်နေခဲ့လိုက်တာ ဘယ်သူလဲ...။

သူကပဲ မတူသလို မတန်သလိုလုပ်နေသေးတယ်ဟု တွေးမိပြီး အဲဒီအချိန်မှာ မခံချင်စိတ်လေးတောင်ဖြစ်ခဲ့မိသေးသည်။

ကျောင်းကနေ တစ်နေရာရာ ဘယ်သွားသွား ဟိုနားဒီနား ဘယ်ဖြစ်ဖြစ် ဘယ်တော့မှ ကားထဲရောက်အောင်မဝင်တတ်ဘဲ အပေါက်ဝမှာပဲ မတ်တတ်ရပ်တွယ်ရပ်တဲ့သူ...။

မာနတွေ ထမ်းပိုးပြီး အော်ငိုလိုက်တော့ ...၊ တာ နှုတ်ခမ်းတွန့်ခနဲ ပြုံးကျသွားစဉ် သျှန်နှင့် မျက်လုံးချင်းဆုံသွား၏။ တာ က မေးဖျားလေး ငုံ့နေအောင်မော့၍ ဝမ်းသာနေတာကို မြင်အောင်ပြလိုက်သေးသည်။

"ဒါဆို မိန်းကလေးတစ်ယောက် ရှေ့မှာ တီချယ်နဲ့လာထိုင်၊ လာ.. ဒီဘက်အဖျားမှာထိုင်တဲ့ သမီးက ထွက်လိုက်"

ဒီတစ်ခါ အလှည့်ကျဖယ်လိုက်ရသူက သရဖီမွေး ဖြစ်၏။ ဒီဘက်မှာ ဆုယခင်ပဲရှိတော့ကာ ဒီဘက်မှာ တာ ရှိနေသည်။ ကိုယ်နဲ့ တစ်ယောက်ခြားမှာထိုင်တော့မှာကိုသိလိုက်ပြီး ပြုံးနေသည့် တာ့ မျက်နှာ အနည်းငယ် ညှက်ယွင်း၏။

"ငါ သူနဲ့တော့တွဲမထိုင်ချင်ဘူး၊ တို့ကို ကူညီပါနော်"

"ဟင် .. ဘာ ..."

တာ နားမလည်လိုက်မီ သရဖီမွေး က အပြောင်းအလဲတွေလုပ်နေကြသည့် အထိုင်အထတွေကြားထဲမှာ နေရာပြောင်းထိုင်ပစ်လိုက်သည်။

"ဟဲ့ .. ဘာလုပ်တာလဲ၊ အို.. ဒုက္ခပါပဲ"

တာ့ ကို သူမဘာသာ ဒီဘက်တွန်းပြီး ဟိုဘက်ကလူကို တစ်ချက်လှည့်ပြုံးပြကာ ကြားထဲမှာ ဖွတ်ထိုင်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမနဲ့ တာ အော်တိုမစ်တစ် နေရာလဲပြီးဖြစ်သွားခဲ့၏။

"ဘယ်လိုလုပ်လိုက်တာလဲ၊ ငါလဲ ..."

"တစ်သက်တာ က ဟိုဘက်နည်းနည်းကပ်ပေးလိုက်၊ သျှန် အဲဒီမှာ ထိုင်လိုက်တော့နော်၊ မြို့ထဲကမလွန်မချင်း မတ်ကတ်ထွက်မရပ်နဲ့"

သံရဖိမ္မွေး နေရာလဲလိုက်တာကိုတော့ သတိမထားမိလိုက်ဘဲ တာ လှုပ်ရှားဖို့ပြင်လိုက်ကာမှ တီချယ်က ညွှန်ကြားချက်ပေးသွား၏။ ကား တစ်စီးလုံး ကပ်သပ်ညပ်နေပြီမို့ နောက်ထပ် ကိုယ့်ဘာသာ တိုးဝှေ့ပြောင်းလဲဖို့က မဖြစ်နိုင်တော့ပါ။

သျှန် ထိုင်ချလိုက်တော့ ရေမွှေးနံ့တစ်ချက်ဝေ့သွား၏။

ပြီးတော့ ဖိကပ်ထိုင်လိုက်သည်မို့ ကြားထဲမှာညပ်သွားသည့်သူက မစားသာ။

"ဘာဖြစ်လို့ လက်ပေါ်ကိုဖိထိုင်ချလိုက်တာလဲ၊ ဖယ်ပေး"

"ဖယ်ပေးရင် ပြုတ်ကျသွားမှာပေါ့၊ နောက်မှာ လှမ်းကိုင်စရာ ဘာမှ ရှိတာမဟုတ်ဘူး၊ ဖိတာမကြိုက်ရင် ဟိုဘက်တိုးလိုက်"

"ဒီမှာ ညပ်သပ်နေတာ မမြင်ဘူးလား၊ ဘယ်ကိုတိုးပေးရမှာလဲ"

"မရှိရင် ငြိမ်ငြိမ်နေ"

"အံမာ ..."

နှစ်ယောက် ကျိတ်ဖြစ်နေကြစဉ် သတိပေးသံတစ်ချက်နှင့်အတူ ကားက လှုပ်ခါသွား၏။ သျှန် ယိုင်ခနဲဖြစ်သွားကာ နောက်ကသံတန်းကို တာ့နောက်ကျောကနေ လှမ်းကိုင်လိုက်ရသည်။

ထို့ကြောင့် တာ က သူ့ရဲ့ရင်ခွင်တစ်ခြမ်းထဲကို အလိုလိုရောက်သွား၏။

မီးပွိုင့်မှာရပ်လိုက်၊ ထွက်လိုက်နှင့် ကွေ့တာပတ်တာတွေကြားမှာ





သူ့လည်ပင်းနဲ့ တာ့နဖူး၊ သူ့မေးဖျားနှင့် တာ့ရဲ့ခေါင်း ထိခြင်းအမျိုးမျိုးနှင့် ခိတ်ဆက်နေတော့သည်။

ရှေ့တန်းမှာထိုင်နေကြသည့် အောင်ချိုတို့မျက်နှာတွေက ရယ်ချင်နေတာကို မျိုသိပ်ထိန်းချုပ်နေရသဖြင့် သံပရာတစ်ခြမ်းလုံး သွားနဲ့ဖိကိုက်ထားရသလိုမျိုး မချိုမခဲ့ရှုံ့တွလျက် ...၊ ရုပ်တွေကိုက သေနာကောင်တွေ...။

"ဟာ ... ရှေ့ကကား ..."

"အား ..."

"အမလေး"

ကားက ရုတ်တရက် ဘရိတ်အုပ်လိုက်သဖြင့် ကားပေါ်ကလူတွေ အကုန်လုံး ယိမ်းကသလို ရှေ့တိုးနောက်ငင်တွေဖြစ်ကုန်ကြ၏။ သူက သံတန်းကို အကျအနကိုင်ထားသူမို့ ကိုယ့်လောက်အဖြစ်မဆိုးဘဲ သူမှာသာ .....။

"လက်ကို နည်းနည်းပါးပါးလွှတ်ဦး၊ ဒီမှာ အကျီတွေ ကြေကုန်ပြီ"

သူ့ခါးစပ်က ဘောင်းဘီခါးပတ်နှင့် အကျီစကို အသေအကြေဆုပ်ဆွဲထားမိမှန်း တာ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိသေး၊သူပြောလိုက်တော့မှ ...

လက်ကိုပြန်ငုံ့ကြည့်မိပြီး ဖျတ်ခနဲလွှတ်လိုက်ကာ မလုံမလဲစိတ်နှင့် မျက်စောင်းထိုးပစ်လိုက်မိသည်။

"လာသေးတယ်၊ ဟွန်း ..."

သျှန် က အကျီကို ရွှံရှာသလိုခါထုတ်နေရင်း မျက်စောင်းထိုးခံလိုက်ရတာကို မကျေနပ်သလို မျက်နှာကို တည်တင်းပစ်၏။ ကားတစ်စီးလုံး ပုံပန်းပျက်ကုန်သဖြင့် ညည်းညူကြ၊ စုံစမ်းကြတွေဖြစ်ကာ တာနဲ့သူ ဖြစ်နေကြတာကို ဘယ်သူမှ သတိမထားမိကြ။



www.burmeseclassic.com

www.burmeseclassic.com



"အမြဲသွားတာလဲ"

"ကားမှတ်တိုင်ဘက် စက်ဘီးလေ .. ကန့်လန့်ဖြတ်ကြီးဝင်ချလာတာ ... ကံကောင်းလို့ ..."

"ဟုတ်ပဟယ်၊ တိုက်မိလို့ကတော့ မတွေးရဲစရာပဲ"

အသုဘအိမ်ကိုရောက်သွားတဲ့အထိ ကားက ဟိုဟာဖြစ်လိုက်၊ ဒီလိုဖြစ်လိုက် ...၊

"တီချယ့်ယောကျ်ားက လမ်းသိပ်မကျွမ်းဘူးထင်တယ်"

"မဟုတ်ဘူးဟ၊ ကားမမောင်းရဲတာဖြစ်မယ်"

ဝေဖန်သံတွေ ကျွက်စီကျွက်စီထွက်လာကြ၏။ ဘယ်သူတွေ ဘာဖြစ်ဖြစ် သျှန် ကတော့ အပန်းဖြေခရီးထွက်လာသလို ပါးစပ်ထဲကို ဘယ်အချိန်ကထည့်ထားလိုက်မှန်းမသိသည့် ပီကေကိုဝါးလျက် အေးချမ်းနေ၏။

နောက်ထပ်တစ်ခါ ဒီလို ကားထပ်ဖြစ်ရင် ... လို့တွေးကာ တစ်ယောက်တည်း ဒေါသထွက် စိတ်ညစ်နေသူက တာ ပဲဖြစ်သည်။

လူချင်း ဒီလောက် နှစ်ကိုယ့်တစ်ကိုယ်ဖြစ်အောင် ပူးကပ်ထိုင်နေရတော့လည်း မထိမကိုင်မိအောင် ဘယ်လိုနေရမလဲ ...၊

စိတ်ဒုက္ခများစွာနှင့် အသုဘအိမ်ကိုရောက်လာခဲ့ကြပြီး သန္တာအောင်ကိုမြင်လိုက်ရတော့လည်း ကိုယ်နဲ့ သိပ်မရင်းနှီးဖူးမယ့် သိကျွမ်းခင်မင်ခဲ့ဖူးတော့ ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်။ အားလုံးက မျက်ရည်ဝဲ့နေကြရုံပဲဖြစ်ကာ တာ ကတော့ မျက်ရည်သုတ်လိုက်ရ၊ နှပ်ညှစ်လိုက်ရ ...၊

"ဒီတစ်ခါ ဖေဖေ ကိုးကွယ်နေတဲ့ ဆရာတော်တစ်ပါးပါး ပျံလွန်တော်မူသွားရင် အတော်ပဲကွ၊ ဖေဖေ့ကို ပြောထားရမယ်"

"ဘာလဲ"

"ဖယောင်းကျူးမယ့် မင်းသမီး နီးနီးနားနားမှာရှိတယ်လို့ ..."





တာ့ မျက်ရည်တွေ တိခနဲရပ်သွားသည်ထင်၏။

နောက်ကို ဆတ် ခနဲလှည့်ကြည့်လိုက်တော့ အောင်ချိုတို့ သူနိုးလူမိသလိုပြုံးတော့မလို မဲ့တော့မလိုတွေဖြစ်ကုန်ပေမယ့် သူက ဘာမှမသိသလိုမျိုး ...။

"နင် ဘာပြောလိုက်တာလဲ"

"ဘာလဲ .. မကြားလိုက်ဘူးလား"

"ကြားတယ်၊ နင်ပြောတာ မပြည့်စုံမှာစိုးလို့ ထပ်ပြောမလို့၊ နင့်အဖေ ကိုပြောလိုက်ဦး၊ မင်းသမီးက အငိုကောင်းလွန်းလို့ အဖေ့အတွက်ပါ ကြိုပြီး ဒိတ်လုပ်ခဲ့တယ်လို့ ...."

သျှန် မျက်နှာမည်းခနဲဖြစ်သွားသည်။ မွှာ က အားရကျေနပ်စွာ ပြုံး၍ ခါးထောက်လိုက်သေးသည်။

"တကယ်ပြောလိုက်၊ လုံးဝပိုက်ဆံမယူဘဲ မေတ္တာလက်ဆောင်နဲ့ ငိုပေးမှာ"

"ကျေးဇူးတော့တင်ချင်ပါတယ် ..."

ညိုညစ်သွားခဲ့သည့် သျှန့် မျက်နှာမှာ လှောင်ရိပ်များနှင့် မချိုမချဉ်ဖြစ်လာခဲ့ပြီး တာ့ ကို နှာခေါင်းတွန့်တွန့်နှင့် စုန်ချီဆန်ချီ ကြည့်သည်။

"ဒါပေမယ့် ဖယောင်းကျူးတယ်ဆိုတာလဲ မျက်ရည်ပိုးပိုးပေါက်ပေါက် အုတတ်ရုံနဲ့မဖြစ်ဘူး၊ ဆံပင်ရှည်ရှည်၊ လှတပတလေးမှ ကြည့်ရှုသနားဖွယ်ဖြစ်မှာပေါ့၊ လိပ်ခါး ဖားဖင်ပုံစံမျိုးနဲ့ သိုးမွေးလောက် လက်တစ်ဆစ်သာသာ ဆံပင်ကောက်ကောက်ကြီးဆို ကလေးတွေ ခဲနဲ့ပေါက်မယ်၊ ခွေးတွေဟောင်မယ်၊ ဖေဖေ့အတွက် ငိုခိုင်းဖို့တော့ အဲဒီ ပုံဆိုးပန်းဆိုးကြီးမျိုးနဲ့ မဖြစ်ပါဘူး"

ဟွန့်ခနဲရယ်လိုက်ပြီး ပခုံးတွန့်လိုက်သေးသည်။ တာ့ ပါးပြင်တွေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွတ်သွား၏။ အနီးအနားကပ်လျက်မှာရှိနေတဲ့သူငယ်ချင်းတွေ ကြားကြမှာပါ။ ရှက်လိုက်သည့်ဖြစ်ခြင်း ...။

"လာ .. လာ ဟိတ်ကောင်၊ ဟိုမှာ တီချယ်တို့ လှမ်းခေါ်နေတယ်"

ညိုမှောင်မည်းညစ်သည့် မိုးရိပ်တွေဆင်လာတာကိုမြင်လိုက်သဖြင့် ဝုန်းဒိုင်းကြဲရွာမချမီ ကျောင်းသားတို့က သျှန့် လက်ကိုဆွဲ၍ ကတိုက်ကရိုက် ရှောင်ထွက်သွားကြ၏။

သျှန့်ကိုယ်ပေါ် ကို မိုးကြိုးလျှပ်စီးတို့ဖြင့် အားပြင်းစွာ သီးခြားသွန်းချဖို့ လိုပ်တက်လာသော တာ့ ရင်ထဲက ဒေါသမိုးတိမ်များက ရွာခွင့်မသာခဲ့ သော်လည်း .....





အခန်း (၆)

...အစားလေးတော့လျှော့ပါ အချစ်ဆုံးလေးရာ ...

မင်း သိပ်ဝမှာစိုးတာ ...

အဆောင်ရှေ့ကိုရောက်လာတော့ အုတ်ခုံပေါ်မှာထိုင်နေကြသည့် [illegible]ကျောင်းသားတွေထဲက အသံတစ်သံထွက်လာသည်။ ဒီလိုသီချင်းတွေ [illegible]ဆိုခံရတာ သိပ်တော့မဆန်းပါ။

ဒါပေမယ့် ဒီနေ့တော့ တာ့ မျက်နှာလေး သိသိသာသာတင်းသွား၏။

"လိပ်ခါးဖားဖင်ပုံစံမျိုးနဲ့ သိုးမွေးလောက် လက်တစ်ဆစ်သာသာ [illegible]ဝင်ကောက်ကောက်ကြီး ..."

လို့ ပြောသည့်မျက်နှာကို ကွက်ခနဲမြင်သည်။ ပြီးတော့ ...

"အဲဒီလို ပုံဆိုးပန်းဆိုးကြီးနဲ့မဖြစ်ပါဘူး" တဲ့ ...။

ပခုံးတွန့်၍ပြုံးလိုက်တာကို ပြန်မြင်ယောင်ကာ ရင်ထဲမှာ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချောင်းသပ်ဝင်သွားသလို လတ်လတ်ဆတ်ဆတ်ကြီးနာသွား၏

"ခုကွဲပါပဲဟယ်"

ကျောင်းသားတွေအများကြီးထဲမှာရပ်နေရင်း အသစ် က လက်ထ
နာရီလေးကို ငုံ့ကြည့်၍ညည်းသည်။ အချစ် ကပါ လိုက်ငုံ့ကြည့်ကာ—

"ခုမှ ရှစ်နာရီဆယ်မိနစ်ပဲရှိသေးတာ၊ နင့်ကိစ္စ ဘယ်လိုလုပ်မလဲ"

"မသိတော့ဘူး၊ အား .."

"အသစ် မျက်နှာလေး ခိုးချောင်ခိုးဝှက်ရှုံ့မဲ့လျက် ... အချစ် လထ
ခေါင်းလေးမှာ ကပ်ငြိသွား၏။ တာ ကိုယ့်သောကတွေကို ခဏမေ့သွာ
လျက် အသစ် ဖြစ်နေတာကိုမြင်ပြီး ကိုယ်ပါမိုက်နှိပ်ရမလို၊ ခါးနှိပ်ရမယ်
မအိမလည်ကြီးဖြစ်သွားမိ၏။

"ဟဲ့ .. ငါကို့ ဇိဝခေတုဘက်ကိုသွားကြည့်ရအောင်၊ အဲဒီအဆော
က ဖွင့်တာ နည်းနည်းစောတယ်"

တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ပြီး ပြန်လှည့်ခေါက်ကြသည်
အသစ် ကတော့ လူမမြင်အောင်ရှုံ့မဲ့ပေမယ့် အချစ် လက်ကို အတင်
ဖျစ်ညှစ်ကိုင်ထားဖြင့် အသစ် အစား ရှုံ့မဲ့နေတဲ့သူက အချစ် ဖြစ်နေ
သည်။

"အသစ်ရယ် အိမ်က ထွက်ကတည်းက ကိစ္စဗာဟီရတွေ အပြီးလုပ်
တာမဟုတ်ဘူး၊ နင့်အစား ငါ ကြားထဲကနေ ဗိုက်နာချင်လာပြီ"

အချစ် ခေါင်းလေးကုတ်၍ သုတ်သုတ်လျှောက်သည်။ ထိုစဉ် အနာ
ကဖြတ်သွားသည့်ကျောင်းသားအုပ်စုက တာ ကို ငုံ့ကြည့်သွားကာ —

"ဗလအားကိုးနဲ့ အနိုင်မကျင့်နဲ့နော်"

"... အစားလေးတော့လျှော့ပါ အချစ်ဆုံးလေးရာ ... မင်း သိပ်ဝ
စိုးကာ... ၏"





အားလုံး စိတ်မသက်မသာဖြစ်နေကြတုန်းမို့ အချစ် ဒေါသဖြစ်သွား
ဖျတ်ခနဲပြန်လှည့်ကြည့်ကာ ...

"ခုပဲ သွားလျှော့ကြမလို့၊ အိမ်မှာ မစားခဲ့ရသေးရင် ခဏစောင့်..."

"ဟာ ..."

"နှိပ်တယ် ကြည့်စမ်း'

ဟိုဘက်အုပ်စုက အများကြီး၊ နှစ်ယောက် ချာခနဲလှည့်ကြည့်ပြီး ပြုး
ပြုံပြီ...

အချစ် ကို တာ က ပခုံးဖက်လိုက်ပြီး ဘာမှမသိသလို ဆက်လျှောက်
ကိုဖို့ အသာလေး လက်ရောက်၏။

"ဟွန့် .. ရပ်တွေကိုက ..."

အချစ် က မကျေမနပ် မျက်စောင်းထိုးနေဆဲ တာ က စိတ်မရှည်
လို ကျွတ်ခနဲလုပ်ကာ ...

"နင်ကလဲ ခိုက်မိုက်ရိုင်းရိုင်းကြီးသွားပြောတာကိုး၊ ငါတောင် နားထဲ
ည်ဘူး"

"သူတို့ကလဲ နင့်ကိုမြင်တိုင်း အဲဒီလိုဆို၊ အဲဒီလိုပြောဖို့ မပျက်မကွက်
ကြတာ ဘယ်လောက်ရှုံ့ဖို့ကောင်းလဲ၊ သူတို့ကြောင့်ပဲ နင် နာမည်
နေတာ၊ ဒီမှာ ဘယ်လောက်တောင်ဝ,နေလို့လဲ"

အချစ် က တာ ကိုမှမဟုတ်ပါ။ ဘယ်သူငယ်ချင်းကိုဖြစ်ဖြစ် သူများ
နကဲ့ရဲ့တာဆို နည်းနည်းမှမခံတတ်ပေ။ အောင်ချိုတို့နဲ့ ပထမဆုံး
ခဲ့ကလည်း ဤသို့သောစကားများ အချင်းပွားရင်းဖြင့် စတင်ခဲ့တာ
သည်။

နောက်ထပ် နှစ်ခါသုံးခါလောက် ဒိုပုံစံ ဆုံမိခဲ့ရင်း အောင်ချိုက အချစ်
နဲပေးသွားခဲ့သည်။ နောက်မကြာမီမှာ ပရိုပို့စ်ယပ်ခဲ့၏။ ခုချိန်ထိတော့

www.burmeseclassic.com



အချစ် က မီးစိမ်းမပြခဲ့သေးပါ။

ပိုပြီးနီးစပ်ဖို့ သိပ်မရှိတာက သူတို့အုပ်စုထဲမှာ သျှန် ရောက်လာခဲ့ခြင်း ဖြစ်သည်။

သျှန် က တာ့ ကိုပဲ အနိုင်တိုက်ဖို့ကြိုးစားတဲ့သူ၊ ပြီးတော့မှ သိရတာက တာနဲ့သျှန် တို့က ကျောင်းတော်ကရန်စနှင့် မိဘတွေက စပြီး မပြေလည်မှုတွေ အုံဖွဲ့ခဲ့ကြတဲ့အထိ ...၊

ဘာဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် တာ့ ကိုစ,နောက်ပြီဆို ဝ,တာက အကြောင်းခံလာကြသည်။ အချစ် က ဒါကို လုံးဝမခံချင်ဖြစ်နေခဲ့၏။ ခုလည်း ဒါပဲ ...

“ဟွန်း .. ဝ,လို့ဝ,တယ်ပြောတာ မခံနိုင်စရာမရှိပါဘူး။ နင်လှလို့ မနာလိုနေတဲ့မိန်းမတွေက ဒီလိုကောင်တွေ ဒီလိုပြောနေသမျှ ကျေနပ်နေကြတာ သိလား၊ ဘစ်တန်းလုံးလိုက်ကြည့် .. နင့်လောက်လှတဲ့ကျောင်းသူ ရှိကိုမရှိဘူး”

နှစ်ယောက်သား အသစ် ကို စောင့်နေကြရင်း ကျန်ရစ်ခဲ့သည့် ပြဿနာကို အချစ် က မပြီးနိုင်မစီးနိုင် ...၊ ထိုစဉ် ဘေးမှာ အောင်ချို၊ ကျော်စွာ တို့ ရောက်လာကြပြီး ...

“တို့ဆီကို လာတာလား”

“အံမာ ...”

“မဟုတ်ပါဘူး၊ ကိစ္စတစ်ခုခုနဲ့ပေါ့ ...”

“ဘာတစ်ခုမှမရှိဘူး”

ပြောနေတုန်းမှာ အသစ် နဲ့ ကျောင်းသူတစ်ယောက် ပြန်ရောက်လာကြပြီး ...

“အချစ်နဲ့တာ ငါ ပြန်မှဖြစ်မယ်”





မာင် .. ဘာဖြစ်လို့လဲ”

ဝမ်းသွားတုန်းကအတိုင်း အသစ် က ရှုံ့မဲ့လျှက်ရှိကာ အောင်ချိုတို့ကို ကြည့်၏။ ဘေးကတစ်ယောက်က တာ့ နားကိုကပ်၍ ...

“သူက ဝမ်းသွားချင်လို့မဟုတ်ဘူး၊ ဗိုက်ချည်းပဲအောင့်နေတာ”

“ဟင် ... ဟုတ်တယ်”

“အင်း ...၊ အိမ်ပြန်ပြီး ဆေးခန်းလေး ဘာလေး ပြမှဖြစ်မယ်”

တိုးတိုးလေးကပ်ပြောတာမဟုတ်တော့ အောင်ချို တို့လည်း ကြားသည်။ ရှုံ့မဲ့နေရှာသည့် အသစ် မျက်နှာလေးကို အားလုံး လှမ်းကြည့်မိကြတာ ...

“ပြန်မလား .. ငါ သျှန့် ကို သွားခေါ် လိုက်မယ်”

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြစဉ် တာ့ မျက်နှာ ...သုံးသတ်စူးစိုက်သွားကြ၏။ သျှန်နဲ့တာ မုလွဲလျှင် အားလုံးက ရန်ကုန် ...ဖြစ်လျက် အိမ်မှာ စီးပွားရေးလုပ်ငန်းတွေအတွက် ကားတွေရှိကြ ...လည်း ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းတက်တဲ့သူ သျှန် တစ်ယောက်ပဲရှိသည်။

ထို့ကြောင့်လည်း သျှန်တို့ကို အသိမပေးဘဲ တာ တို့တွေ ဘယ်ကို ...သွား ဟိုရောက်သွားတာနဲ့ သူတို့က ရောက်နှင့်ပြီးသားဖြစ်နေတတ်၏။

“အား .. ငါ တော်တော်နာလာပြီ”

“အေး .. ခဏစောင့်”

နောက်တစ်ခါ အသစ် ရဲ့ညည်းသံလေးထွက်လာတော့ ဘယ်သူ့ကို ...ဝ်မမေးတော့ဘဲ ကျော်စွာ လှစ်ခနဲပျောက်သွား၏။

“သျှန် က ဘယ်ရောက်နေလို့လဲ”

အချစ် က မေးတော့ အောင်ချို မျက်နှာ တစ်မျိုးတစ်မည် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီးရော ...

"ကျော်စွာလေ ... သူ့ကိစ္စ ..."

လို့ပြောပြီး ပြန်တိတ်သွားပြန်သည်။

"ဘာကိစ္စလဲ၊ ကျော်စွာနဲ့ သော်တာသင်း ဟိုနေ့ကပြဿနာလား"

"ဟင် .. အဲဒါ နင်သိလား"

အချစ် က အသစ် လက်ဖဝါးလေးကို အားပေးသလိုထွေးဆုပ်ထား ရင်းခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သော်တာသင်းရဲ့အစ်ကိုဝမ်းကွဲ ဆိုတဲ့ကောင်က ... ညီမနဲ့ကျော်စွာကို သဘောမတူတာမဟုတ်ဘူး။ အစတည်းက သျှန် ... ပဲကျေနပ်နေတော့ အခု သူ့ဘက်က အားရှိသွားတာပေါ့"

"အဲဒါ သျှန်နဲ့ ဘာဆိုင်လို့လဲ"

"မသိဘူး၊ မနက်က ဒီရောက်တာနဲ့ ဖုန်းဆက်ချိန်းတာ၊ အလ... ကင်န်တင်းမှာ"

"ကျော်စွာ မပါဘူးလား"

"ပါတယ်၊ သျှန် က မခေါ်ဘဲ သူ့ဟာသူသွားတာ၊ မပူပါနဲ့ ကျော်... သူ့ဘာသာရှင်းမှာပါ၊ ဒီကောင်က ကျော်စွာကို ပြဿနာရှာချင်တာမဟုတ်... ဘူး"

"ဒီလောက်ရှုပ်ယှက်ခတ်နေတာကို ဘာဖြစ်လို့ ဆွဲထုတ်နေရတာ... အချစ်ရယ်၊ ဒီမှာ အသစ် က လိမ့်ခံနေရတာ၊-လာ .. ဝင်းထဲကထွက်... ကားငှားသွားလို့ရတယ်"

တာ က အစတည်းက သျှန် ကိုခေါ်တာမကြိုက်တဲ့သူ ...၊ ထို့... သျှန့် ကိုမြင်လိုက်ရသဖြင့် တာ မကျေမနပ်နှင့် ပါးစပ်ပိတ်သွားသည်။

"ခဏလေး" ၄





သျှန် က အနားကိုရောက်လာပြီး အသစ် ကိုမြင်မှ ကားသွားထုတ် သည်။

"အချစ် ပါတာပဲ၊ ငါ မလိုက်တော့ဘူး"

အသစ် ကို ကားပေါ်တင်လိုက်ပြီး တာ က အချစ် ကိုတွန်းပို့၏။ ထိုခဏလေးမှာပဲ အောင်ချို က အချစ် ရှေ့ကနေ ဝင်ရပ်လိုက်ကာ ...

"ခဏလေး စကားပြောရအောင်ပါ၊ တို့ပြောထားတာ သုံးရက်ရှိပြီ ...လေးပါ .. နေခဲ့ပါ"

"ဟာ .. ဒီမှာ နေမကောင်းနေတဲ့ဟာ ..."

အချစ် က ငြင်းတော့ အောင်ချို က တာ့ ကို တောင်းပန်သလိုကြည့် ... ...

"တာ လိုက်သွားပေးစမ်းပါ၊ ငါနဲ့ အချစ် ဆွေးနွေးစရာရှိလို့ပါဟာ၊ ...တစ်ခါတည်းပါ၊ ကူညီပါ"

"အား .. နင်တို့ ဆွေးနွေးလို့မပြီးသေးဘူးလား၊ ငါ .. ငါ သေတော့မယ်"

အသစ် အသံလေးထွက်လာတော့ တာ ဆတ်ခနဲဖြစ်သွား၏။

"အချစ် ဘာလဲ .. နင်တို့ ချိန်းထားကြတာလား"

"ဟို .. ချိန်းတော့မချိန်းပါဘူး၊ ဒါပေမယ့် ..."

"ပြီးရော ..."

အသစ် ငဲ့ညှာစိတ်နှင့် တာ ကားထဲဝင်လိုက်သည်။ အချစ် ကို အောင်ချို ခုတစ်လော အသည်းအသန်ကြိုးစားနေတာကို မသိလို့မဟုတ် ... ဒါပေမယ့် အချစ် ဘယ်တုန်းက မီးစိမ်းပြထားမှန်းမသိလိုက်တာတော့ ...ခနှံပင်။

သျှန့် ကားပေါ်မှာ တစ်ခါမှ လိုက်မစီးခဲ့ဖူးသဖြင့် မောင်းနေသည့် ...ဘိုလည်း မကြည့်ချင်၊ တစ်ကိုယ်လုံးကလည်း သူ့ကားပေါ်မှာရောက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကိုယ့်ကိုယ်ကို ထိုင်နေရသည်လို့ပင် မမြင်မိတော့ပေ။

ငုတ်တုတ်ကနေ မနိုင်မနင်းဝန်တွေကို ထမ်းရွက်သယ်ပိုးနေသ

တဝင်တပန်းကြီးခံစားနေရ၏။ ဒီကြားထဲ အသစ် အခြေအနေဆိုးလာ

ကြောင့် အိမ်ကိုမရောက်တော့ဘဲ အနီးဆုံးဆေးခန်းတစ်ခုကို ဝင်လိုက်

သဖြင့် မထင်မှတ်သည့် ရှုပ်ထွေးမှုတွေဖြစ်ကုန်တော့သည်။

အသစ် ကို ဆရာဝန်စမ်းသပ်နေတုန်းမှာ တာ ထိတ်ခနဲဖြစ်သွား

အပြင်ကိုထွက်လာခဲ့မိ၏။ သျှန် က လူနာစောင့်တွေထိုင်နေသည့်နေရာ

မလှမ်းမကမ်းမှာ ပီကေဝါးရင်း လက်ပိုက်ရပ်နေ၏။

"ဒီမှာ ..."

"ဟင် ..."

နောက်က ဆောင့်ခေါ်လိုက်တော့ လန့်သွားသလို ဖျတ်ခနဲ လှည့်

ကြည့်၏။

"ဘာလဲ"

"ဒီမှာ ပိုက်ဆံလေးနှစ်ထောင်တည်းပါတယ်၊ အသစ် ရဲ့ပိုက်ဆံအိတ်

ကလဲ ဟိုတစ်ယောက်ဆီမှာကျန်ခဲ့တာ ..."

"ပိုက်ဆံ ..."

သျှန် က ပြုံးတော့မလိုမျက်နှာနှင့်ပြောလိုက်ပြီးမှ ချက်ချင်း တည်

သွား၏။ ပြီးတော့ အကျီအိတ်ကိုစမ်းလိုက်၊ ဘောင်းဘီအိတ်ထဲနှိုက်လို

ဖြစ်သွားကာ ...

"ကျိုင်ပဲ"

"ငါ့ကိုမနောက်နဲ့နော်၊ ဒါ ရန်ဖြစ်ရမယ့်နေရာမဟုတ်ဘူး"

"မဟုတ်ဘူး။ တကယ်"

ဟု မျက်နှာပျက်ပျက်နှင့်ပြောပြီး နဖူးတစ်ချက်ကုတ်၏။





"ဒီထွက်လာခါနီးမှ ကျော်စွာလက်ထဲ အိတ်လိုက်ထည့်ပေးခဲ့တာ"

သူ ဟိုနှိုက်ဒီစမ်းလုပ်နေဆဲမှာ ငါးရာတန်သုံးရွက် ထပ်ထွက်လာ၏။

"နေဦး .. အထဲမှာပြီးပြီလား၊ ဘယ်လောက်ကျသတဲ့လဲ"

"မပြီးသေးဘူး၊ ဒီလို ကိုယ်ပိုင်ဆေးခန်းတွေမှာ နှစ်ထောင်၊ သုံးထောင်

နဲ့ ဘယ်လိုလုပ်ရမှာလဲ၊ ဆေးခန်းဝင်ပါဆိုတာကို ဟိုဘက်က ရှိရှိဆေးခန်း

ဝင်လိုက်ရင်ပြီးတာပဲ၊ အဲဒါ နင့်ကြောင့် ..."

တာ က ပါးစပ်တစ်လုံးကြီး အပြစ်တင်၏။

"ဟိုမှာ ဒီလောက်ဖြစ်နေတော့ အရေးကြီးတယ်ထင်လို့ပေါ့၊ ပြီးတော့

ဒီရှေ့မှာ ကားပါကင်ရှိတယ်၊ ဟိုဘက်မှာဆိုရင် ကား ဘယ်မှာသွားရပ်မလဲ"

"တော်ပါတော့၊ အရေးထဲမှာ လူကို ဝဲတစ်ခွန်းမကျန် ရန်တွေ့နေသေး

တယ်"

"အံမာ .. နင်ပြောတိုင်းငြိမ်နေရအောင် ငါက ဆွဲ့အနားမကြားတဲ့လူ

လား၊ သွား .. အထဲပြန်ဝင်၊ ငါရှာခဲ့မယ်"

ပြောပြီး သျှန် က နာရီ ငုံ့ကြည့်၍ လှည့်ထွက်သွား၏။ သူ ဘာပြော

သွားမှန်း ရုတ်တရက် တွေးမရဘဲ တာ ဒီတိုင်းကျန်နေခဲ့ပြီးမှ ...

"သျှန် ခဏနေဦး"

"ဘာလဲ"

"နင် ဘာလုပ်မလို့လဲ"

"ဟိုဘက်က ကွမ်းယာဆိုင်မှာ နာရီ သွားရောင်းမလို့"

"သိသားပဲ၊ အဲဒါမရောင်းနဲ့ .. ရော့ .. ငါ့လက်စွပ်ရောင်းခဲ့၊ ဟိုဘက်

လမ်းထောင့်မှာ ရွှေဆိုင်ရှိတယ် တွေ့လား"

"ရောင်းမပေးနိုင်ပါဘူး၊ ငါ့ပစ္စည်း ငါရောင်းတာ စိတ်သန့်တယ်"

သျှန် က နာရီကိုချွတ်လိုက်ပြီး ပြန်ထွက်သွားသဖြင့် တာ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို မထိကိုင်ချင်သော်လည်း ဆောင့်အောင့်ဆွဲပစ်လိုက်ရကာ ...

"ပညာသျှန်"

"ဟ .. ဘာဖြစ်တာလဲ"

"အခုကိစ္စက နှင်နဲ့ရော ငါနဲ့ရော မဆိုင်ဘူး၊ မာနတွေ လာပြမနေနဲ့ ပြီးတော့ အသစ် က ငါ့သူငယ်ချင်း၊ ငါပဲဖြေရှင်းသင့်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် မသိတဲ့နေရာမှာ နာရီရောင်းရင် ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ တစ်သိန်းတန်ကို တစ်သောင်းလောက်ပဲရမယ့်ကိစ္စမှာ သူတောင်းစားလိုပြောရဦးမယ်"

"အင်း .. အတွေ့အကြုံ တော်တော်ရှိတာပဲ"

"သျှန် ... နှင် ..."

"ရိုးမွမ်းတာပါ၊ အဟွန်း ..."

ဒေါသကတော့ မချိမဆံ့ထွက်သွားတာပါ။ ဒါပေမယ့် နောက်မှာ ဖြေရှင်းစရာကရှိသေးသည်မို့ သူ့မျက်နှာကို မုန်းတီးလွန်းသည့် မျက်စောင်းတစ်စင်းနဲ့ပဲ ကျောခိုင်းပစ်လိုက်ရသည်။

"တာ နေဦးလေ"

"ဘာလဲ .. ဖယ်ပေး ရှေ့က"

"ဘာလုပ်မလို့လဲ၊ လက်စွပ်ရောင်းမလို့လား"

"ဟုတ်တယ်၊ ငါ အဲဒီလိုတွေ လုပ်နေကျ"

တောင်းပန်သလိုလိုနှင့် သျှန့် မျက်နှာ စပ်ဖြဲဖြဲဖြစ်သွား၏။ ပြီးတော့ ဘယ်လိုမှ ပြုပြင်တည်တင်းလို့မရသည့်မျက်နှာကို ဆံပင်သပ်ရင်း နဖူးကုတ်ရင်းနှင့် ဟိုလှဲဒီလှဲ လုပ်နေသေးသည်။

"ဟွန်း ..."

"ဟာ .. နေဦး"





တာ ရှောင်ထွက်သွားမှ ကမန်းကတန်းလိုက်ဖြစ်ကာ ...

"ဆောရီး .. ငါ အကျင့်ပါနေလို့ပါ၊ ပေး ... ငါပဲသွားရောင်းလိုက်မယ်"

တာ က လက်စွပ်ကိုဆုပ်ကိုင်ထားဆဲနှင့် ဂျစ်ကန်ကန်ကြည့်၏။ သျှန်က လက်ဝါးဖြန့်ထားရင်း ...

"အသစ်ဆီ ပြန်သွားနေလိုက်လေ၊ ပေးပါ"

ထပ်ပြောမှ လက်ထဲထည့်ပေးသည်။ သူ ငုံ့ကြည့်လိုက်တော့ ရော်တာအွန်းပုံစံ မောင်းကွင်းလက်စွပ်လေးက တစ်ခဲနေ၏။ ဒီတစ်ခါတော့ လွှတ်သပ်စွာပြုံးခွင့်ရသွားသည်။ ပြောတော့လည်း မကြိုက်...။

လက်စွပ်ကိုက ကြည့်ပါလား ...၊ လုံးလုံးဝိုင်းဝိုင်းလေး ...၊

သွားအဖြီးသားနှင့် မျက်နှာကြီးတစ်ခု တာ့ ကျောပြင်မှာ ပြေးကပ်သွားသည်။ ဒါကို သူမ မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဖေဖေ ရောက်နေသည်ဆို၍ အဆောင်ကနေ မမနှင်း နေသည့် တိုက်ခန်းလေးပေါ် တက်လာခဲ့မိသည်။ တံခါးနားအရောက်မှာ အထဲက စကားသံများကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားခဲ့၏။

"ဒါကတော့ နှင်း မမှားဘူး ချွန်၊ သူပြောတာက နည်းလမ်းလဲကျပါတယ်၊ တကယ်ဆို အရွယ်ရောက်နေပြီဖြစ်တဲ့ လူငယ်တွေ ..."

"အရွယ်မရောက်သေးလို့ ကိုယ်က တားနေတာမှမဟုတ်တာ၊ ဒီကောင်နဲ့ပတ်သက်နေတဲ့ ဘယ်သူဖြစ်ဖြစ် တို့ဘက်က ဘယ်သူနဲ့မှ လက်မထပ်ရဘူး။ မပတ်သက်ရဘူး၊ တစ်ဆွေတစ်မျိုးလုံး ငါးရှာ ဖားရှာနဲ့ ဘဝကို စခဲ့ကြတာ၊ ဟွန်း .. ပြီးတော့မှ တို့ကြီးပွားတာကိုအားကျလို့ ပန်းတနော်ကိုတက်လာပြီး ဖင်မနိုင် ခေါင်းမနိုင်တွေ လိုက်လုပ်တယ်၊ ဘယ်အလုပ်က ဖြစ်မြောက်အောင်မြင်ခဲ့လို့လဲ၊ အကျင့်ကိုက သူများနောက်လိုက်၊ သူများအတုခိုး၊ အားကျတတ်လိုက်တာလဲ လွန်ရော"





ချွန်ရယ် .. လူငယ်တွေရှေ့မှာ သူများအကြောင်း ဒီလောက်တောင် ပြောနေရသလား"

"ဘာဖြစ်လဲ ကိုယ့်တူမပဲဟာ ..."

"နှင်း နားလည်ပါတယ် အန်တီ၊ လေးလေး ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူးဆိုတာလဲ တွေးမိပါတယ်၊ ဒါပေမယ့် ..."

"ညည်းက ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းတွေရှိနေပြီလို့ ပြောဆိုတာလား"

"အဲဒီလိုတော့မဟုတ်ပါဘူး လေးလေးရယ်၊ လေးလေးနဲ့ အန်တီ့ကို မိဘရင်းလိုပဲ သဘောထားခဲ့တာပါ။ နှင်း ဘဝမှာ အန်တီချစ်ချစ်တို့ရယ်၊ လေးလေးတို့အားလုံးရယ်ကြောင့် ခုလို ပညာအရည်အချင်းနဲ့ သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့တာပါ၊ ဒါပေမယ့် အိမ်ထောင်ရေးမှာတော့ ..."

နှင်းဆီ မျက်လွှာလေးချသွားကာ မရဲတရဲ ဆက်ပြော၏။

"တစ်သက်တာအတွက်မို့လို့ စိတ်ချမ်းသာချင်ပါတယ်၊ ဖွဲ့နဲ့နှင်းတို့က မြင်ခုချစ်ပြီး လူကြီးတွေရဲ့ အကြောင်းကြောင်းတွေကို ရှုဖို့ ချိတ်ဖို့ ရည်ရွယ်ချက်တွေနဲ့ ပြင်ဆင်ထားခဲ့တာလဲမဟုတ်ပါဘူး။ နှင်းရော သူရော ချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်တဲ့ဆန္ဒသက်သက်ပါ၊ ခုလို ပညာစုံမှပြောရတာ ဘာလဲ ပညာစုံလို့ စုံကန်တာမဟုတ်ဘူးဆိုတာ နှင်း ကျိန်ပြောရဲပါတယ်။ ဘစ်ခုရှိတာက ကိုယ့်ဘဝကို ရပ်တည်နိုင်ပြီမို့လို့ နှစ်ဖက်မိဘတွေ စိတ်ညစ်ရှုပ်ထွေးအောင် ဘာမှမဖြစ်စေဘဲ သီးသီးသန့်သန့်ခွဲထွက်နေနိုင်မယ် ဆိုတော့ တွက်ခဲ့ပါတယ်၊ ဒါကလဲ လူကြီးတွေ မသင့်မြတ်တဲ့အကြောင်းနဲ့ ဘာမှမပတ်သက်ဘဲ ချစ်ခဲ့ကြတာကို ပိုပြီးပေါ်လွင်စေချင်တာမျိုးပါ"

"တော်ပြီ .. တော်ပြီ၊ ညည်း စကားတတ်တိုင်းပြောနေတာ နားဆောင်ရင် ဖွဲ့ ဆိုတဲ့ကောင်ကို ခုချက်ချင်း ပြေးခေါ်ရတော့မယ့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်တော့မယ်၊ ဒါဆို အခု ညည်းက လက်ထပ်တော့မယ့်အကြောင်း အသိပေးတယ်၊ ဒီလိုလား ...”

“ဆွန်ရယ် .. နားလည်ပေးလိုက်တဲ့လေသံနဲ့ပြောပါ နှင်း စိတ်မကောင်း ဖြစ်သွားပါ့မယ်”

“ဖြစ်ဖြစ်ကွာ၊ ကိုယ့်မှာလဲ ရင်ခံနေတာ ဘယ်လိုဖြေရမလဲ၊ ဒီလို အပေအတေကောင်ထဲကနေ သဘော်သားဖြစ်သွားတာနဲ့ ငါ့တူမကို သာ သာလေးကောက်ယူသွားတာ ...”

“ကဲ .. ကဲ .. တော်ပြီ”

မေမေ့အသံကိုကြားနေရသည်က မမနှင်းနဲ့ ခွဲကို ပေးစားတော့မှာ ပါ။ ဒါဆို ခွဲ ဆိုတဲ့လူကရော သူ့ဘက်ကို ပိုင်လို့လား၊ တံခါးရှေ့မှာ ငြိမ် သက်နေမိရင်း သျှန့် မျက်လုံးထဲမှာ ပိန်ရှည်ရှည် မျက်မှန်တဝင်းဝင်းနှင့် ဦးသက်တင်ဇော်၏ ပုံစံက ပေါ်လာသည်။

ဖေဖေက ဖြူဖြူပိန်ပိန်၊ ဒီလူကြီးက အသားလတ်လတ်ပိန်ပိန်၊ အရပ် ရှည်တာချင်းက အတူတူလောက်ပဲရှိကာ ဖေဖေက ပိုချော့သလိုရှိမည် ဒါပေမယ့် ဦးသက်တင်ဇော်၏ဇနီး ဒေါ်မိမိတာ ကျတော့ မေမေ့ထက် အများကြီးလှနေ၏။

မေမေက အရပ်မနိမ့်မမြင့်လေးပဲရှိကာ ကိုယ်လုံးသွယ်ပုံက လှပုံကို သေးသွားသလိုထင်ရသည်။ ဒေါ်မိမိတာက ခုချိန်ထိ ပြည့်ပြည့်စိုစို လှလှ ပပရှိနေဆဲ ...။

ထိုပြင် စိမ်းညို့သွယ်တန်းနေသည့်မျက်ခုံး၊ မည်းနက်ကော့ညွတ်သည့် မျက်တောင်ရှည်များနှင့် နှာတံပေါ်ပုံ၊ နှုတ်ခမ်းပါးတို့၏ အနေအထားတွေ က တာ နဲ့ ချွတ်စွတ် ...။

**ကိုယ်လုံးလေး ခပ်ဖိုင့်ဖိုင့်ဖြစ်နေခြင်းမှလွဲလျှင် အလွန်လှ၍ ချစ်စရာ**





ကောင်းပါသည်ဆိုသော ‘တစ်သက်တာ’တောင်မှ အမေဖြစ်သည့် ဒေါ်မိမိ သ၏ငယ်ရုပ်ကို မမီပါဟု ဖေဖေ ပြောဖူးတုန်းက မေမေနဲ့ စကားများပြီး နှစ်ရက်လောက်ထိ မခေါ်ဘဲဖြစ်သွားကြတာ သူ မှတ်မိသေးသည်။

“လှလို့ လှတယ်ပြောတာ ဘာဖြစ်လဲကွ၊ မင်းတို့လဲ သူငယ်ချင်းတွေ ပဲ မိမိက မင်းတို့ထဲမှာ အလှဆုံးမဟုတ်ဘူးလား၊ ဟိုကောင်မလေး လှ တယ်ဆိုတာ ဘာဟုတ်ဦးမှာလဲ၊ မိမိက ဆံပင်ကြီးတဝဲဝဲနဲ့ ကိုယ်လုံးကလဲ နှံ့ပုဆစ်ထားသလိုလှတာ၊ ဟိုခွေးသူခိုးက မတန်မရာ ...”

ဆိုသည့် နားမှာ စကားက ရှေ့မဆက်ခဲ့ပေမယ့် မေမေ ဆတ်ခနဲ ထွက်သွား၏။

“ပူမနေနဲ့ ငါ့သား၊ မင်းအမေ တကယ်စိတ်ဆိုးတာမဟုတ်ဘူး၊ ဖေဖေ ဘာချော့အောင် တမင်လုပ်သွားတာ” တဲ့။

ဖေဖေ ညာမပြောဘူးဆိုတာလည်း တကယ်ပါ။ ဦးသက်တင်ဇော် ဘို့မိသားစုကို မုန်းကြောင်း မေမေ့ပါးစပ်က တစ်ခါမှ မပြောခဲ့ဖူးပေ။ အကျက်ပါစကားမျိုးတွေ ဖေဖေ တစ်ခါတလေပြောမိတိုင်းလည်း မေမေ သည်သူပုန်ထသွားတယ်ဆိုတာ သိပ်မရှိ။

စကားတွေ ထများ။ ဖေဖေနဲ့ မေမေ မခေါ်ကြဘူး စသည်အဖြစ်တွေ ဖြစ်တတ်ပေမယ့် ဘာဖြစ်လို့မခေါ်ကြမှန်း မသိရလောက်အောင် မေမေ့ ပါးစပ်ထဲမှာ နာနာကြည်းကြည်းထည့်ပြောလာတာ ဘာမှမရှိခဲ့တော့ ထူး ဆန်းနေသည်။

ထို့ကြောင့် မေမေက ဖေဖေ ဂရုစိုက်တာတစ်ခုကိုပဲ လိုလားတာဖြစ် မည်ဟု နားလည်လာခဲ့ခြင်းဖြစ်သည်။

“အဲဒါကြောင့်ပြောတာကွ၊ မင်းအမေက မိမိကိုသိပ်ချစ်တာ၊ မိမိနဲ့ပေါင်း သင်းတတ်ပြီး သူ ဘယ်တော့မှ သဝန်မတိုဘူးဆိုတာ ဖေဖေက သိပြီသား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ်ဆေခယ့် မိမိထက် ဖေဖေ့ကိုပိုချစ်တော့ ဖေဖေက ဂရုစိုက်တာကို လိုချ တာပေါ့"

မေမေ့ရှေ့မှာ မပြောပေမယ့် မေမေကွယ်တာနှင့် ဟိုတုန်းက အတိတ် အကြောင်း တစ်စွန်းတစ်စကို ထည့်ထည့်ပြောပြတတ်သည်။

"ဖေဖေတို့လင်မယားနှစ်တွဲက သူငယ်ချင်းတွေလားဟင် ..."

"အစစ်ပေါ့၊ ဟိုခွေးဝဲစားနဲ့ ဖေဖေက ငယ်သူငယ်ချင်းဖြစ်သလို မင်း အမေနဲ့ မိမိကလဲ ဒီလိုပဲ ..."

"ဖေဖေက ဦးသက်တင်ဇော် ကို တအားမုန်းနေပြီး ဒေါ်မိမိတာက် ဘာလို့မမုန်းတာလဲ၊ ဖေဖေ့ ငယ်ရည်းစားလား"

"ဟုတ်မလားကွ၊ ဖေဖေ့ ငယ်ရည်းစားဆိုရင် ဒီလို လွယ်လွယ်လေး ဘယ်အပါခံမလဲ၊ ဒါပေမယ့် တော်ပြီကွာ .. ဒါတွေပြောရင် ဒေါ်ပါမိမယ် နည်းနည်းမှ တစ်စက်မှ လုံးဝကို သိစ္စာတရားမရှိတဲ့ကောင်၊ ဒီကောင်မျိုးနဲ့ သူငယ်ချင်းဖြစ်ခဲ့တာတွေ တွေးမိတိုင်း ဒေါသဖြစ်တယ်"

မပြောတော့ဘူးဆိုပေမယ့် သျှန် တို့ အရွယ်တွေရောက်လာကာ သိလာမြင်လာသည့်အတိုင်း ဝေဖန်ကြည့်ရမည်ဆိုလျှင် ဖေဖေက ရည်းစားလုလုခံရသလို တက်ခေါက်မကျေမချမ်းဖြစ်နေသည့်ပုံပေါ် က ဦးသက် တင်ဇော်ကတော့ အမုန်းခံနေရတာကို ဂရုမစိုက်စွာ တုံ့ပြန်နေ တာမျိုးပင်။

ဒါက အကဲခတ်လွယ်သည့်အဖြစ်ပါ။ မလွယ်တာက ဇနီးဖြစ်ကြသည့် အမျိုးသမီးနှစ်ယောက်ဓါ်ရင်ထဲက သိအိုရီတွေအကြောင်း ...၊

ဘယ်ဘက်ကိုကြည့်ကြည့် ကိုယ့်လင်သားအပေါ်မှာ ကြည့်ဖြ မြတ်နိုးနေကြသည့် ဇနီးသည်တွေပဲဖြစ်နေသည်။ မနှစ်သက် မကြည့်ဖြ ဘဲညားခဲ့ကြတာမဟုတ်ဘူးဆိုလျှင် ဒီဇာတ်လမ်းတွဲကြီးဖြစ်လာပုံဟာ -





"မင်းက ဒီမှာ ဘာရပ်လုပ်နေတာလဲ"

"ဟင်..."

အတွေးလွန်နေသဖြင့် အထဲက စကားဝိုင်းသိမ်းကာ ဖေဖေ ဒီနား ရောက်လာတာကို မသိလိုက်ဘဲဖြစ်သွားသည်။ ဒါပေမယ့် သျှန် က ခပ် တည်တည်...။

"လူယဉ်ကျေးပီသစွာ ရပ်စောင့်နေတာလေ၊ လူကြီးတွေ စကားပြော နေတာ ပျက်သွားမှာစိုးလို့..."

"လူယဉ်ကျေးပီသစွာ ဣန္ဒြေရရ ခပ်တည်တည် သမာဓိချောင်း ချောင်းနေတယ်လုပ်ပါကွာ၊ နားထောင်နေရင် နေတယ်ပေါ့၊ မင်းအစ်မက မိမိထောင်ပြုတော့မယ်ဆိုလို့ မပြောချင်တာတွေ ပြောနေရတာ"

ဖေဖေ့စကားဆုံးတော့ မေမေနှင့် မမနှင်းတို့ ထွက်လာကြသည်။

"မနက်ဖြန် သား ကျောင်းပိတ်တယ်မဟုတ်လား၊ မေမေတို့နဲ့ ပြန် လိုက်ခဲ့လေ"

"မလိုက်တော့ဘူး မေမေ၊ သူငယ်ချင်းတွေနဲ့ ဒလဘက်သွားကြမလို့ ချိန်းထားတယ်"

"အေး.. အဲဒါ မေးဖို့မေ့နေတာ"

သားအမိ စကားပြောနေတာကို ဦးပညာချွန် က ကြားဖြတ်ဝင်လျက်..

"မင်းနဲ့ ဟို မျိုးမစစ်ကောင်ရဲ့သမီးက အဆောင်ချင်းနီးနီးလေးနော်၊ ဘယ်တော့မှ မတည့်တဲ့အသံပဲ ကြားပါရစေ"

ဒေါ်သက်သက်တင် ပင့်သက်ရှိုက်လျက်...

"မှတ်သားထိုက်တဲ့ ဆုံးမစကားပဲ"

"မင်း အသာနေစမ်းပါ၊ ကောင်မလေးက ချောတောမောတောလေး၊ ဒီတို့ ဘယ်လိုလိုက်လို့မှမမီတဲ့ ဝဲစားက ဘာတွေကြံစည်ပြီး သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင် လွှတ်ထားသလဲမသိဘူး"

"ဟာ... ဘယ်ကလာ ချောတောမောတောရမှာလဲ ဖေဖေရာ လာဥကို ပြောင်းဖူးမွှေးတပ်ထားတဲ့ပုံကြီးပါ၊ စိတ်ကူးစရာလား"

"သြော် ... ဖြစ်ရလေ"

ငြိမ်းချမ်းမှုကို လိုလားသော ဒေါ်သက်သက်တင် မျက်နှာမှာ စိ ခက်ကျခြင်းတွေဖြစ်ကာ သားဖြစ်သူကို ခေါင်းတညိတ်ညိတ်ဖြစ်နေ

"ဘာလဲ .. ဖေဖေ အခု မမနှင်းတို့ကို သဘောတူလိုက်ရပြီလား"

ဦးပညာချွန် က နှင်းဆီထံလှည့်ကြည့်ပြီး အကြည့်မရောက်ခင် ဘက်ပြန်လှည့်လာကာ ...

"သဘောတူတာမဟုတ်ဘူး .. မတားတာ၊ တူမဆိုတော့ သားသ စာရင် သွေးတစ်စက်ခြားတယ်ကွ၊ စိတ်မကောင်းပေမယ့် မဆိုင်သလို မှာပဲ၊ ဒါပေမယ့် ယောကျ်ားလေးရှင်ပဲဆိုပြီး ဟို ခွေးဝဲစား တစ်ခုခု အ ထွက်ကြည့် ..."

"စကားပြောရင် အဆဲမပါဘဲများပြောပါဦး ချွန်ရယ်၊ ခက်တော့ ပဲ .. နေရာတကာမှာ သိပ်တော်သိပ်ထက်ပြီး မိမိတို့နဲ့ပတ်သက်ရင် သိပ်ကလေးဆန်တာပဲ"

"ဒါသဖြစ်တာ ကလေးဆန်တာလား။ အသက်ကြီးကြီးငယ် ဒါသကင်းတဲ့လူ ဘယ်သူရှိလို့လဲ၊ ညည်းကိုလဲပြောထားမယ်နော်၊ တို ဘယ်လိုအခြေအနေရှိနေကြတာ ညည်းအသိ၊ နောက်တော့မှ လေး တို့ ရက်စက်လိုက်တာမပြောနဲ့။ ရက်စက်ဖို့ တောက်ခါးဖို့ လုံးဝ ဥပေ ထားဖို့ အားလုံး ငါတို့က ဟိုကောင့်ထက် ပိုကိုပိုရမယ်၊ အဲဒါ ရည်ရွယ်ချ

"သက်ထ် ရိုက်ထ်"

သူ့စကားဆုံးသည်နှင့် လက်မထောင်ထားသည့် သျှန့် လက် အ





သူ့မျက်နှာရှေ့ကို ဆန့်ထွက်လာသည်။

ဦးပညာချွန် က သျှန့် လက်ကို နှာခေါင်းရှုံ့တွတွနှင့်ကြည့်၍ မျက်နှာ ချက်လုံးပြန်ရောက်ကာ ...

"အဲဒီလောက်မလိုဘူးထင်တယ်"

ထိုလက်မနှင့် နှာခေါင်းတစ်ချက်ပွတ်၍ သျှန် က ရယ်ကြဲကြဲနှင့်...

"တကယ် အဟုတ်"

ဘာတွေဟုတ်နေပါသနည်း ...။



www.burmeseclassic.com

## အခန်း (၈)

"ဖြစ်ရလေ တာရယ်၊ လက်စွပ်ကိုများ အပြတ်ရောင်းပစ်လို
တယ်လို့၊ အရေးတကြီးငွေလိုရင် လိုသလောက်ပဲယူပြီး ခဏပေါင်ထာ
လား"

မွန်မွန်လတ် က လက်စွပ်ရောင်းပစ်လိုက်တာကို နှမြောမဆုံးရှေ
နေ၏။

ဘာပြဿနာ ဘာကြောင့်ဆိုတာကို တာ က အမှန်အတိုင်းမ
ဘဲ ငွေလိုလို့ဟု အလွယ်တကူပြောခဲ့တာမို့ အသစ် နဲ့ အချစ် တို့
ယောက်နဲ့တစ်ယောက် မျက်လုံးချင်းအချက်ပြကာ ဟိုဟာထည့်သလို
ဒီဟာထည့်သလိုလိုနှင့် မွန်မွန်လတ်နဲ့ မျက်နှာချင်းမဆိုင်မိအောင်ကြိုး
နေကြ၏။

ပန်းတနော်နဲ့ရန်ကုန်က နီးနီးလေးမို့ တာ့ဆီကို ဒီလိုပဲ ဖြန်းခနဲရော
ရောက်လာတတ်ကြသည့်ထဲမှာလည်း မွန်မွန်လတ်ပဲ အများဆုံးဖြ





သူမက နေဖွဲ့ရဲ့ညီမဖြစ်ကာ တာ့ ထက် သုံးနှစ်ကျော်ကြီးသည်။ ဒါပေ
နေဖွဲ့လိုစိတ်မဟုတ်ဘဲ ဦးလေးဖြစ်သည့် ဦးသက်တင်ဖော်နှင့် တစ်
တည်း တစ်သဘောတည်း ...။

"နေဦး .. လက်စွပ်ရောင်းလိုက်တဲ့ငွေတွေရော ..."

"ရှိတယ်၊ အဲဒါကြောင့် ဒီလ ငွေမပို့နဲ့တော့လို့ပြောတာ၊ မေမေ့ကို
တိစ္စ မမွန် ပြောပေးနော်၊ မေမေ စိတ်ဆိုးနေသမျှ ဒီကိုမလာပါစေနဲ့
ဆောင်မှာ လိုက်ဆူမှာစိုးလို့"

"အဲဒီလိုတော့ ဆူမှာမဟုတ်ပါဘူးဟယ်၊ ဒေါ်လေးက နားလည်တတ်
ယ်၊ သူ စိတ်ပူတာက ဟိုကောင်လေးနဲ့ နင် ရန်တွေဖြစ်ဖြစ်နေမှာကိုပဲ၊
တော့ သင့်သင့်မြတ်မြတ်ဖြစ်သွားမှာလဲပူတယ်"

"ဘယ်လို ..."

စကားက အဆန်းမို့ ဟိုဒီအလုပ်ရှာရင်း နားစွင့်နေကြသည့် အသစ်
သည်း စိတ်ဝင်စားသွားကြသည်။

"ဟုတ်တယ်လေ၊ ဒေါ်လေးက ပြဿနာမရှိပေမယ့် ဦးလေးက
ကို့ သင့်မြတ်သွားရင် ဒေါ်သူပုန်ထမှာ၊ ရန်ပဲဖြစ်နေကြရင်ရော မအေ
တဲ့သူက စိတ်ဖြောင့်ပါ့မလား၊ အခု ကိုကြီးနဲ့မနှင်းဆီ အဆင်ပြေသွား
ဖြစ်ကြောင့် နင့်ကို ဦးလေးက တကြိမ်းကြိမ်းလုပ်နေတာ"

"အို .. ကြိမ်းဖို့မလိုပါဘူး၊ ဖေဖေ့ကိုပြောလိုက် .. အဲဒီထဲက တစ်
ာက်ယောက်ကိုများ မျက်စိကျဖို့မပြောနဲ့ အသံကြားလိုက်တာနဲ့
နှာင့်နဲ့ပေါက်ချင်နေတာ"

"အေး .. ကောင်းတယ်၊ လုံးဝဂရုမစိုက်နဲ့ ခက်လည်းခက်ပါတယ်
မတည့်ကြတဲ့လူတွေကျမှပဲ ဟိုမှာလဲ အိမ်ချင်းကပ်လျက်၊ ဒီမှာ
ဆိုတဲ့သူချင်းလဲ အဆောင်ချင်းက ကပ်ကပ်လေး"

www.burmeseclassic.com



"အဟွန်း"

အချစ်၏ရယ်သံ မဖုံးနိုင်မဖိနိုင် ထွက်လာသဖြင့် အသစ် မျက်လုံး
သွားသည်။

မွန်မွန်လတ်၏မျက်နှာ ဒီဘက်လှည့်ကြည့်လာသည်နှင့်...

"အဟွန့် .. အဟွန့် .. အဟွတ် အဟွတ် .. အဟန်း .. ချောင်းက
ဆိုးလိုက်တာ.. အဟွန်း..."

အသစ် ချောင်းဆိုးပြလိုက်ရတာ ခါးလေးပါကုန်းကျသွား၏။ အ
က ကျောကုန်းကို ဖွဖွလေးထုပေးရင်း ...

"နည်းနည်းထိန်းလေဟယ်၊ ချောင်းခြောက်ကြီးဆိုးတာ သိပ်ခံရ
တာ၊ တော်ပါတော့"

မွန်မွန်လတ်က သူတို့နှစ်ယောက်ကိုကြည့်ပြီး ခဏကြာမှ ရှေ့
လှည့်သွားကာ ...

"သူတို့တွေက ရန်ကုန်ကမဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အဆောင်မှာပဲနေကြတယ်၊ တစ်ယော
က မိထွေးနဲ့မတည့်ဘူး။ ကျောကုန်းထုပေးနေတဲ့တစ်ယောက်ကျ
အမေက နောက်အိမ်ထောင်ပြုလိုက်တာနဲ့ ပထွေးနဲ့မနေစေချင်လို့
အဘွားတွေက အဆောင်မှာပို့ထားကြတာ"

"သြော် ..."

"ခု ကျောင်းပြီးတာနဲ့ လက်ထပ်ပေးဖို့တောင် စီစဉ်နေကြပြီ"

"အေး .. နင့်ကိုလဲ ဦးလေးက ဒီလိုလုပ်မှာပဲ"

"ဟင် ... တော့ မှာ ဖေဖေရော မေမေရောရှိနေတဲ့ဟာ .. ကျောင်း
တာနဲ့ ဘာလို့ ယောကျ်ားယူရမှာလဲ"

မွန်မွန်လတ် က 'ဒါလေးတောင်မသိဘူးလား' ဆိုသည့် စိတ်မ





အကြည့်နှင့် ...

"နင့်ကို ပညာချွန် ဆိုပြီး ဘာပညာမှမချွန်တဲ့ ဟိုတစ်ယောက်နဲ့
ကြီးလို ပြသွားမှာစိုးလို့ ..."

မဲ့ရွဲ့ ကဲ့ရဲ့ပြီးမှ အသစ် တို့ကို သတိရသွားသလို အနည်းငယ်ပြန်ထိန်း
ရသည့်မျက်နှာဖြစ်သွားကာ ...

"နင့်ကြောင့် အဲဒါ သိလား။ ဂျိုတီစီဝင်ရဲ့သားနဲ့ မယူဘူး၊ တစ်ယောက်
ယောက် မတည့်ကြလို့သာ ထင်စရာမရှိတယ်၊ ပုံစံတွေက တမင်
တာ ဒီမှာ ဒီလိုဆုံအောင်လုပ်နေသလိုပဲ၊ ပြောပါဦး နင်နဲ့ပညာချွန်
ယ်မတည့်ကြတာ ဟုတ်ရဲ့လား"

"မမွန်ကလဲတစ်မျိုး။ ဒီမှာ လက်စွပ်ပြသနာနဲ့ ညစ်နေရတဲ့အထဲ ..."

"လက်စွပ်ပြသနာထက် အဲဒါက ပိုအရေးကြီးနေလို့ ပြောနေရတာ၊
မပြောမရှိနဲ့ မိန်းမ၊ အဲဒီမိသားစုနဲ့ပတ်သက်ရင် ဦးလေးက လုံးဝ
တ်မှာမဟုတ်ဘူး"

"မမွန် ချောင်းလေးကကိစ္စတွေရော ဖေဖေ အဆင်ပြေရဲ့လား"

"မပြေပါဘူး။ ပညာချွန် ဆိုတဲ့လူကြီးက လူကသာ ဘာမှမဟုတ်တာ
ခင်းနေတဲ့ ကုန်သည်တွေဝိတ်နဲ့ ချောင်းကိုပိတ်ပစ်လိုက်ပြီ"

"သြော် .. တကယ်ဖြစ်သွားပြီပေါ့"

"ဟုတ်တယ်၊ ဒေါ်လေးကတော့ အဲဒီကိစ္စတွေက ဦးပညာချွန်နဲ့မဆိုင်
လို့ ပြောနေတုန်းပဲ၊ ဦးလေးက လုံးဝလက်မခံဘူး။ ဒါကြောင့်ပဲ ဦးလေး
အခဏ စကားများနေကြတာ .. စိတ်ညစ်တယ်၊ ဟုတ်လဲဟုတ်တာ
သ ချောင်းလေးရွာကို စံပြရွာထားတော့မှာက ချောင်းရေနဲ့ ဘာဆိုင်လို့
ဒီချောင်းနဲ့မှီပြီး လုပ်ကိုင်စားသောက်နေတဲ့သူတွေ ချောင်းကို ပိတ်ပစ်
ရင် သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကိစ္စအတွက် ခံပြင်းနေတာရော အစတည်းက အတိုက်အ
ခိုက်နေခဲ့တဲ့သူတွေဖြစ်တာတွေကြောင့် ပြောပြောနေတဲ့သူရော နားထော
နေသည့် တာ့မျက်နှာလေးရော တင်းမာနီမြန်းနေခဲ့သည်။

"ပသွယ်ချောင်းရေနဲ့ တစ်သက်လုံးရပ်တည်လာခဲ့တဲ့ ဒီရွာဟာ နော
ဆို ဘယ်လိုတွေဖြစ်ကုန်မလဲ၊ အဲဒါ ဒီလူကြီးကြောင့်လေ ..."

"ဟုတ်တယ်၊ လက်ထဲမှာ တစ်သောင်းလောတ်ကိုင်ပြီး တစ်သိန်း
လောက်ရှိတယ်ထင်အောင်ကြွားတတ်တယ်၊ အရမ်းကို လေလုံးကြီးတဲ့
လူကြီး၊ ဖေဖေက သူ့လို ဖြတ်လမ်းတက်လမ်းတွေနဲ့မလုပ်တတ်တော့
သူ့လောက်မကြီးပွားဘူးကိုး ..."

"အမလေး .. ဒီထက်မကတာတွေရှိသေးတယ် တစ်သက်တာ
နင်က ဒီရောက်နေတော့ ဘာမှမသိဘူး။ သူ့သားနဲ့နင့်ကို အငြိမ်ခံနိုင်တာ
တွေ၊ အခု မနှင်းဆီနဲ့ကိုကြီးကိစ္စမှာ ကိုကြီးက ပစ္စည်းမက်ပြီး သူ့တူမ
ဖွဲ့နုပဲနဲ့ ရအောင်ကြိုးစားတာ ဘာညာ ပြောလိုက်တာမှစုံနေတာပဲ၊ တည
တည့်ပြောလိုက် .. စောင်းပြောလိုက်၊ ဦးလေးက မကြားလိုက်တာလဲ
တယ်၊ ကြားတာကျတော့လဲ တော်ရုံစကားဆို သည်းခံတယ်၊ မဟုတ်ရင်
မလွယ်ဘူး သိလား။ အရမ်းကို မောက်မာတာ"

"မောက်မာရအောင် သူက ဘယ်လောက်ချမ်းသာနေလို့လဲ"

"ဘယ်လောက်ဖြစ်ဖြစ်လေ တို့ထက်တော့ ပိုတာ အမှန်ပဲဟာ၊ ဆင်
လဲ ဆင့်အတောင်နဲ့ဆင်၊ ကြွက်လဲ ကြွက်အတောင်နဲ့ကြွက်ပဲ၊ ရန်ကုန်မြို့
လယ်ခေါင်က ဟိုက်ဘော့စ်တွေနဲ့ သွားမယှဉ်နဲ့၊ တို့တွေက တောသူတော
သားတွေ၊ သူကလဲ တို့ကိုပဲရွေးပြီးရန်လုပ်နေတာ"

"ရန်လုပ်တဲ့နေရာမှာ သူတို့က ပိုတယ် မမွန်၊ ဖေဖေက တော်ရုံနဲ့
တုံ့ပြန်တာမဟုတ်ဘူး"





"အဲ့ဒါကျတော့ ဘာသံထွက်လာလဲ သိလား၊ ခိုးစားတဲ့သူက ဟင်း
ဆောင်းကြောင်း ဘယ်တော့မှမချီးမွမ်းဘူးတဲ့၊ နောက်ပြီး ဟင်းထဲမှာ
အဆိပ်ပါတာသိရင်တောင်မှ အဆိပ်မိပါပြီလို့ ဘယ်သူ့ကိုမှမပြောဘဲ
အသေခံပြီး ပါးစပ်ပိတ်သွားမှာတဲ့၊ သူ့အသံချည်းပဲထွက်နေတာ၊ သူ့ဘက်
က ထွက်ရဲလို့ထွက်တာတဲ့၊ ငြိမ်နေတဲ့ကောင်ကို သူတော်ကောင်းမမှတ်
နဲ့ ဘာညာတွေပြောတာ အများကြီးပဲဟာ"

ညီအစ်မနှစ်ယောက်၏စကားတွေကို ကြားနေရရင်း အသဲစ် တို့
သက်ပြင်းချမိကြ၏။ ဒီရန်မီး ငြိမ်းဖို့မလွယ်ပါလား ...။

သူတို့ ဘာတွေဖြစ်ခဲ့ကြပါလိမ့် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟင် .. ဟိုကောင်တွေ ပါလာတယ်၊ တာ ဟိုမှာ သျှန့်ကား တွေ့လား"

"အင်း"

အိမ်မဲကားကြီးပေါ်ကနေ လှမ်းမြင်ရသည်က တိုရိုတာနစ်ဆန်းအဖြူရောင်လေး ...။

ဒီကျောင်းပိတ်ရက်မှာ ချောင်းလေးရွာကို လိုက်လည်ကြဖို့ အသစ်တို့ ပြောလာသဖြင့် သူတို့အားလုံး သုံးယောက် ဖေဖေတို့ကိုပြောပြီး ပန်းတနော်ကိုတောင်မဝင်ခဲ့ပေ။

ကားအဖြူလေးက တာ တို့ကားကိုဖြတ်ကျော်သွားပြီဖြစ်၏။

"သူက ချောင်းလေးကို ဘာသွားလုပ်မှာလဲ၊ သူတို့ ပန်းတနော်ကို အားလုံးပြောင်းသွားပြီးပြီဆို"





"လယ်ယာတွေအများကြီးကျန်သေးတာကိုး၊ ဒါပေမယ့် သူတို့ဆွေမျိုးတွေကို လွှဲထားခဲ့ပြီးသားပါ။ သူ သွားစရာ ဘာအကြောင်းမှမရှိဘူး၊ ဒါ သက်ဆိုင် ငါတို့နောက်လိုက်တာ"

ဟုပြောပြီး တာ က အချစ် ကို တရားခံကြည့် ကြည့်သည်။

"နင် အောင်ချို့ကို အဖြေပေးလိုက်ပြီလား"

"ဟင့်အင်း .. ဒါပေမယ့် ..."

"ဟင် ... ဘာ ဒါပေမယ့်လဲ ..."

"နင်တို့ ရည်းစားထားတဲ့အခါကျမှ ငါလဲ ရည်းစားထားမှာလို့ ပြောဆိုက်တယ်"

"အံမာ .. မဆီမဆိုင်"

လမ်းဘေးရှုခင်းတွေကိုငေးနေရင်း အသစ် က ဖျတ်ခနဲလှည့်လာ၏။

"ကြိုက်နေသားနဲ့များ မာယာတွေသုံးနေသေးတယ်၊ ကိုယ့်ဟာကိုယ်ချစ်ရင်ချစ်တယ်ပေါ့၊ ငါတို့ကို ဘာလို့ဆွဲထည့်တာလဲ"

အချစ် ကလည်း အသစ် ပြောတာကို နှုတ်ခမ်းလေးမဲ့ကာ ...

"ဒီလောက် သူငယ်ချင်းအရင်းကြီးကို လျှိုမနေစမ်းပါနဲ့ ဒေါ်အသစ်ဆန်းရယ်"

"ဘာ ..."

အချစ် စကားကြောင့် တာ ကလည်း အံ့သြသလိုကြည့်၏။ အသစ်မျက်နှာကတော့ သိသာစွာ အရောင်ပြောင်းသွားခဲ့သည်။ နှစ်ယောက်၏အကြည့်များကို မျက်နှာခပ်လွှဲလွှဲနှင့် ...

"ဘာပြောတာလဲ ငါ့ကို"

"ဘာပြောရမှာလဲ၊ နင့်ကို ကျော်စွာ ဘာတွေပေးသလဲ၊ ဗိုက်နာပြီးကျောင်းမတက်နိုင်တဲ့ ဒုတိယနေ့ကလေ .. မညာနဲ့နော်"

www.burmeseclassic.com



အချစ် က သိနေပြီး တာ ကတော့ ဘာမှမသိပါ။ ဒါကို တာ မခံချင်၊

"နင်တို့က တော်တော်ဟုတ်ပါလား"

"မဟုတ်ပါဘူး တာရယ်၊ ကျောင်းစွာက ပန်းစည်းလေးလာပို့တယ်။ သူ ငါ့ကို ကဗျာတွေဖတ်ခိုင်းပြီး ဘာလိုလိုတွေ ပြောနေ မေးနေတာ ကြာပြီ၊ ငါ မသိချင်ယောင်ဆောင်နေခဲ့တာ၊ အဲဒါ နင်တို့လဲသိသားပဲ"

"ပြောပါ .. ဆက်ပြောစမ်းပါ"

"အဲဒါပဲလေ၊ သူ ငါ့ကို မရိုးသားမှန်းသိပေမယ့် ဘာမှ ပေါ်ပေါ်တင်တင်မဟုတ်လို့ ငါ ဘာမှမပြောခဲ့တာ၊ ပန်းစည်းပေးတဲ့နေ့ကမှ ..."

စကားက ကားဆောင့်ခုန်သွားသဖြင့် ပြတ်တောက်သွား၏။ အချစ်နှဲ့ တာကတော့ သူမ ဆက်ပြောလာမှာကိုပဲ တိတ်ဆိတ်စွာစောင့်နေကြသည်။

အသစ်သည် မသက်မသာဖြစ်နေသည့်မျက်နှာလေးနှင့် ...

"ပန်းစည်းမှာ ကတ်လေးထည့်ပြီး အဖြေတောင်းတာ"

"အဖြေတောင်းတယ်"

"ဟုတ်တယ်၊ ငါတောင်အံ့ဩလွန်းလို့ ဒေါသဖြစ်သွားမိတယ်၊ တစ်ခါမှလဲ ချစ်တယ်လို့မပြောဘဲနဲ့လေ ..."

သုံးယောက်သား အချိုးတူနားလည်ခြင်းတွေနှင့် မျက်လုံးချင်းဆုံသွားကြ၏။ တာက အချစ်ကိုကြည့်ကာ ...

"ဒါတွေ နင့်ကို ဘယ်သူပြောတာလဲ"

ကိုယ့်အလှည့်ကျတော့ အချစ် မျက်နှာ ကွက်ခနဲပျက်သွားသည်။ ပြီးတော့မှ ...

"အောင်ချို"

"နင်တို့က အဆင်ပြေနေကြတာကိုး"





"မဟုတ်ပါဘူး"

"အဲဒီလိုမဟုတ်ပါဘူး တာ ရယ်၊ တိုက်တိုက်ဆိုင်ဆိုင်တွေ ချက်ချင်းအဖြစ်ပြီး ပြန်မပြောဖြစ်ကြတာချင်းလဲတူနေတာပါ၊ ငါတို့စိတ်ထဲမှာ အဲဒီလောက် ဘာမှမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ သူတို့ဘာသာ မရိုးမသားတွေဖြစ်နေပြီး ချက်ချင်းဘာစိတ်ကူးတွေ ထပေါက်နေကြတာလဲမသိဘူး၊ ငါတို့က မကြိုက်သေးပါဘူး"

မကြိုက်သေးဘူးဆိုတော့ ကြိုက်တော့မယ်ပေါ့ ...၊ တာ့ နှုတ်ခမ်းလေးမဲ့သွား၏။

"အဲဒါကြောင့် နင်ဟာ အသစ်တို့ အတွဲဖြစ်သွားမှ ပြန်ချစ်မယ်လို့ အောင်ချို့ကို ပြောလိုက်တာပေါ့"

"ဟင့်အင်း"

အချစ် က ခေါင်းခါပြန်သည်။ ပြီးတော့ မျက်ဝန်းလေးတွေက တာ့ကို မရဲတရဲပင့်ကြည့်ပြီး ...

"ငါက မဖြစ်နိုင်တာကို ပြောလိုက်တာ"

"ဘာလဲ"

"ငါ့ကို စိတ်မဆိုးရဘူး"

"ပြောစမ်းပါ၊ ဘာလဲ"

စိတ်မလုံသလို အချစ် က အသစ် ဘက်ကို တိုးကပ်ထိုင်လိုက်ပြီး တံတွေးတစ်ချက်မျိုချ၏။ စိတ်ဝင်စားတာမဟုတ်ဘဲ ကားပေါ်က ခရီးသည်တွေကို ဟိုဒီလိုက်ဝေ့ကြည့်လိုက်ပြီးမှ ...

"ဒီလိုဟာ ...၊ ဟို .. ငါတို့က သုံးယောက်ချင်းဖြစ်နေတယ်မဟုတ်လား၊ အခု အသစ်နဲ့ငါ့ကို အောင်ချိုနဲ့ကျောင်းစွာက ကြိုးစားနေတော့ နင်နဲ့



www.burmeseclassic.com

သျှန် အဆောင်ပြေသွားရင် ငါတို့ ခေါင်းညိတ်မယ်လို့ ..."

"ကျွမ်း လေး၊ ငါးပတ်လောက်လိုမှ ထိုးပြီး တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့် လိုက်ပါလား"

ဒေါ်သက အတိုင်းအဆမရှိ ဒေါသခုန်ထွက်၏။ ကားပေါ်မှာ လူတွေ အများကြီးရှိနေတာကိုတောင် သတိမရချင်။

"နင်ကလဲ စိတ်မဆိုးပါနဲ့လို့ ကြိုပြောထားတာကို ..."

"စိတ်ဆိုးရုံမဟုတ်ဘူး၊ လူသတ်ပွဲဖြစ်သွားနိုင်တယ် သိလား၊ နင်တို့က ဒီလိုပြောစရာလား"

အသစ် က ဘာမှမပြောတဲ့သူဖြစ်ပေမယ့် အချစ် မှာရော သူမမှာပါ အပြစ်ရှိနေပြီမို့ အချစ် နဲ့အတူ ဖြေရှင်းဖို့ဆုံးဖြတ်ကာ ...

"ပြောတာပဲရှိတာပါ တာရယ်၊ မဖြစ်နိုင်တာကို အချစ် က တမင်ပြော တာလို့ ခုနကပြောခဲ့သားပဲ၊ သျှန်နဲ့ နင် ဘယ်တော့မှမဖြစ်နိုင်တဲ့အတွက် ငါတို့လဲ ရည်းစားထားဖို့မလိုတော့ဘူးပေါ့"

"ဟဲ့... မကြိုက်ရင် မကြိုက်ဘူးပြောပြီး ငြင်းလိုက်ရုံပဲ၊ နင်တို့က တမင် ဝေ့နေတာ အသိသာကြီး"

"အဲဒီလိုတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ဟုတ်ပါတယ်၊ ငါ .. ငါတို့ သူတို့ကို စိတ်တော့ဝင်စားကြတာပေါ့၊ တကယ်ဖြစ်လာမယ်ဆိုရင် ငါတို့က အတွဲတွေဖြစ်ပြီး နင်က ကျန်ခဲ့မှာလေ၊ အဲဒီလိုတော့ လုံးဝအဖြစ်မခံနိုင်ဘူး ငြင်းလိုက်တာက အဲဒါကြောင့်ပါ၊ အပြတ်အသတ်ကြီးပြောမပစ်လိုက်နိုင် တာကတော့ ငါတို့အပြစ်ပါဟာ"

တာ့ မျက်နှာလေး တင်းနေဆဲပေမယ့် ဘာမှထပ်မပြောတော့ပါ။ ခုလောက်ဆို ဟိုနှစ်ကောင် ဘာတွေပြောပြီးပြီလဲ၊ သျှန် ဆိုတဲ့ သတ္တဝါ ဘယ်လောက်ဟားတိုက်ရယ်နေပြီလဲ ...။





"တံတား .. တံတား ဘယ်သူဆင်းမှာလဲ"

"ဆင်းမယ်"

စပယ်ယာ မေးသံနှင့် အသစ် ခေါင်းထောင်ကြည့်ပြီး အသံပေးလိုက် ပြောလက်စတွေ ရပ်တန့်သွား၏။

ပသွယ်တံတားမှာ တာတို့ဆင်းလိုက်တော့ အနိမ့်ပိုင်းထဲမှာရှိသည့် ဆင်တံတားလေးရဲ့ ဟိုဘက်ထိပ်မှာ သျှန်တို့ကားကိုမြင်လိုက်ရသည်။

အောင်ချို့နဲ့ ကျော်စွာတို့က ကားဘေးမှာ ဆင်းရပ်နေကြကာ အသစ် တို့ ကားပေါ်ကဆင်းလာတာကို မော့ကြည့်နေကြ၏။ သျှန် ကတော့ ကားထဲမှာဖြစ်လျက် စီးကရက်မီးခိုးဖြူတွေ ကားထဲကနေ တလွှန့်လွှန့် ထွက်နေတာကို လှမ်းမြင်နေရသည်။

အသစ် တို့ စိတ်ညစ်သွားကာ တာ့ ကိုလှည့်ကြည့်လိုက်တော့ တာ ကျောပိုးအိတ်လေးကို ပခုံးတစ်ဖက်မှာချိတ်ထားလျက်နှင့် ရှေ့ကို တိုးသဖြင့် ...

"တာရယ် ငါတို့က နင့်နောက်ကို အလည်လိုက်လာတဲ့ဟာ.. အဲဒီလို မျက်နှာပုပ်ကြီးချမနေပါနဲ့"

"နင်တို့ကို ငါပြောထားမယ်နော်၊ အဲဒီသတ္တဝါတွေနဲ့ တွဲချင်ကြိုက်ချင် ငါ မပါတဲ့နေရာတွေမှာ ကြိုက်၊ ထင်သလိုတွဲ၊ ငါ့ဘေးမှာ ဘာမှမလုပ် ဘူး"

"အင်းပါ၊ မကြိုက်ချင်လို့ပဲ မဖြစ်နိုင်တာကို ပြောလိုက်ပါတယ်ဆိုမှ..."

"တော်စမ်းပါ၊ နင်တို့ ငါ့ကို အဲဒါ သက်သက်ချောက်တွန်းလိုက်တာ"

"ဟယ် ..."

"မဟုတ်တာ နင်ကလဲ ..."

"ဟုတ်တယ်၊ အဲဒီကောင်နဲ့ ငါ ခုထက်ပိုဆိုးတော့မှာ မယုံကြည့်



www.burmeseclassic.com

www.burmeseclassic.com



သေး သူများ လှုပ်ဝလို့ရအောင် နင်တို့ လုပ်လိုက်သလိုပဲဆိုတာ မကြာ ခင် သိလိမ့်မယ်"

အသစ် နဲ့ အချစ်တို့ မျက်နှာလေးတွေ ငယ်သွားကြသည်။ ဒီကြား ကွေ့ရှောင်သွားဖို့မရှိသည့် တံတားထိပ်ရွာလမ်းကလေးကိုအဝင် ...

"တာ ..."

အောင်ချို က အလွန်အမင်းရိုကျိုးသည့်မျက်နှာနှင့် တာ့ဘေး သွားကာ ...

"ဒီတိုင်း လမ်းလျှောက်ဝင်ကြမလို့လား၊ ငါတို့နဲ့လိုက်ခဲ့ပါဟာ၊ သူငယ် ချင်းတွေပဲ၊ ပြီးတော့ တစ်နေရာတည်းသွားကြရမှာကို ..."

"မလိုက်ဘူး"

"တာ .. နေဦး"

အောင်ချို ပြီးတော့ ကျော်စွာ ရောက်လာပြန်သည်။ အသစ် တို့ တော့ သူမတို့နားကိုကပ်မည်စိုးကာ ခည့်သည်ဖြစ်ပေမယ့် အိမ်ရှင်ရဲ့ ကနေ အလုအယက်တက်လျှောက်ကြ၏။

သျှန် ကတော့ ကားထဲမှာ ကုလုင်ကိုမှီလျက် စီးကရက်သောက်မပျ ပီကေဝါးမပျက်၊ တာနဲ့အောင်ချိုတို့ စကားတွေပြောရင်း တရွေ့ရွေ့ သွားတာကို စူးစိုက်ကြည့်၍ ကားစမ့်နှိုးလိုက်၏။ ပြီးတော့ ဘီးလှိမ့်ရုံ လိုက်မောင်းလာရင်း သူတို့ဘေးကို ရောက်တော့ ...

"ဟိတ်ကောင်တွေ တက်"

"ခဏ ... တာ လာပါဟာ၊ နင်ကလဲ မခွဲခြားပါနဲ့"

တာ့ မျက်နှာ တင်းပြတ်နေတာကို အောင်ချိုနဲ့ကျော်စွာတို့က မလျှော့ဘဲ အတင်းခေါ်သည်။ အသစ်တို့ကိုလည်း အကူအညီတော သလို လှမ်းခေါ်၍ ...





"အသစ် ..."

"အချစ် ခဏစောင့်ဦးလေ၊ နင်တို့ကလဲ ..."

ကျော်စွာ တို့အသံကြားလေ အချစ် တို့က လှည့်မကြည့်လေ။ တာ ယောက်တည်း ကျော်စွာတို့နှစ်ယောက်အလယ်မှာ ရှိနေ၏။

"မင်းတို့ လမ်းလျှောက်မှာဆို ငါသွားမယ်"

"ဟာ .. နေဦးလေ၊ ငါတို့ အတူတူသွားရအောင်"

"မလိုက်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ နင်တို့လုပ်တာ နှောင့်ယှက် နဲ့တူနေပြီနော်"

ကားပေါ်ကနေ သျှန် က နှုတ်ခမ်းတွန့်လျက် မျက်နှာမဲ့မဲ့နှင့် မှန် စ်ဝက်ချလိုက်ပြီး ...

**"လိုက်ခေါ်နေတာကို မာန်တက်နေတာကင်တယ်၊ ဒီမှာ ဒီကောင်** တွေက အချစ်တို့ကို ခေါ်ချင်တယ်ဆိုလို့ ငါကလဲ စောင့်ခေါ်နေတာ၊ ခ်ချင်တာ အိုးပါမှဖြစ်မှာမို့လို့နော်၊ တကယ့်စာရင်းထဲမှာ မပါဘူး"

"တောက် ..."

တာ့ မျက်နှာ ရဲခနဲဖြစ်သွားသည်။

"သျှန်ကွာ .. မင်းကလဲ သူငယ်ချင်းတွေ အတူတူပဲကို ..."

ကျော်စွာ ပျာပျာသလဲမျက်နှာကြီးနှင့် သျှန့်ကိုလှည့်ပြောလိုက်တာ ကြီးတစ်ခုကျူးလွန်လိုက်သလိုပင် ...။

"နင့်ကားကိုရော ဘယ်သူက စီးချင်လို့လဲ။ ယောကျ်ားဖြစ်ပြီး စကား နိုင်ရင်ပြီးရော မပြောနဲ့ ဟောဒီလမ်းကို ဒီနေ့ နင်တို့လာမယ်မှန်းသိရင် ကိုလာမိမှာမဟုတ်ဘူး နားလည်လား၊ အကျင့်ယုတ်မျိုးတွေ"

စီးပွားရေးအရ အနိုင်ကျင့်သလိုလုပ်ထားတာတွေကို သတိတရမှာ ည်းစိတ်နှင့် တာ က ပစ်ပစ်နှစ်နှစ်ပြော၏။ သျှန် ကတော့ တာ့ဘာကို

www.burmeseclassic.com



...တာ၊ နှာကြည်းတာ လုံးဝ သတိထားမိပုံမရှိ။

"လာတာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ သေချာတာကတော့ နိ... လုံးဝမဆိုင်ဘူး။ အဟွန်း .. အလိုက်တသိ ကားလိုက်မစီးတဲ့အတွ... ပျော့ဖူးအသချော်ပဲ၊ တော်ကြာ ငါ့ကား ကုန်းခြောက်ခြောက်မှာ နွံနစ်သ... ဖြစ်ပြီး ရှေ့မတိုးနိုင်ဘဲ ယက်ကန်ယက်ကန်ဖြစ်နေရှာမှာ ..."

ကြည့်စမ်း ...၊ တာ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ မခံချင်စ... ရယ်သံသဲ့သဲ့နှင့် ကားက လျှောခနဲပြေးထွက်သွားသည်။

"သျှန် .. နေဦးလေ"

အောင်ချိုတို့ နောက်ပြန်ကြည့်လိုက် ပြေးလိုက်လိုက်နှင့် ကား... တော်တော်ဝေးဝေးကျမှ စီးခွင့်ရကြသည်။ နှုတ်ခမ်းပြတ်လှမတတ်ကို... လျက် တာ မျက်နှာရဲရဲနှင့် ခြေစုံရပ်ကျန်ခဲ့၏။

အသစ် တို့ မျက်လုံးအဝိုင်းသားနှင့် ဘာလုပ်ရမှန်းမသိ။

ပြောရမည်ဆိုလျှင် သျှန် ကိုက လွန်တာ .....။





## အခန်း (၁၀)

...ရွာသစ်ကုန်းမှာ ကြွေးတောင်းစရာရှိတာနှင့် ရွာဘက်ကို ကူးလာပြီး ...ဦးမြမောင်အိမ်က နွားလှည်းကို တပ်ခိုင်းလိုက်သည်။

"နှင့်မောင်ကို ခေါ်သွားလေ၊ ဘာလဲ .. ကိုယ်တိုင်မောင်းမလို့လား"

"ဟုတ်ကဲ့ ဦးမောင်၊ ဖိုးညိုတို့ညီနောင်က တာ့ ကိုသိပါတယ်၊ တာ ...မှာမို့လို့ သူတို့ ပျော်နေကြတယ် တွေ့လား"

"အေးပါ .. အေးပါ၊ ဒီကောင်တွေက ယဉ်ပါတယ်၊ လမ်းက ကျဉ်း ...နော်၊ ဖြည်းဖြည်းသွား"

"ဟုတ်"

...နုန်းခွံရောင်ရင့်ရင့် အညိုကွက်ကြီးတွေနှင့် ဖွံ့ဖြိုးထွားကျိုင်းသော ...နှစ်ကောင်ကို ဖိုးညိုညီနောင်ဟုခေါ်လေသည်။ နွားနှစ်ကောင်က ...တင်လိုက်တာနှင့် သွက်လက်သောခြေလှမ်းများနှင့်ချီတက်ကြ၏။

www.burmeseclassic.com



ရွာကို စဝင်လာကတည်းက ဒေါသတွေနှင့် ရှုပုပ်ပုပ်ဖြစ်နေခဲ့သော မျက်နှာလေးက ကြိမ်တံကိုကိုင်၍ ပြုံးချိုနေ၏။ ထိုအခါကျမှ အ တို့လည်း စိတ်ချမ်းသာရတော့သည်။

အသစ် ပိုက်နှာပြီး ဖုပ္ပိုင်စင်ဖြစ်တုန်းက သျှန်နဲ့နှစ်ယောက်တည ပြဿနာတစ်ရပ်ကိုဖြေရှင်းပေးသွားခဲ့သဖြင့် အခြေအနေ တိုးတက်လာ ဟုတွေးကာ သူတို့ ကျိတ်၍ဝမ်းသာခဲ့ကြတာ မဆုံးသေး …၊

ဒီလိုအခြေအနေတွေပြန်ဖြစ်ကုန်တာ မနှင်းဆီနဲ့ ကိုနေဇွဲတို့ ပြဿ ကြောင့် အမိက …။

“ညနေခင်းလေးဆိုတော့ နွားလှည်းစီးရတာ တော်တော်အရသာ တယ်နော်”

အသစ် ကတော့ အချစ် ကို တွေးနေတာမသိဘဲ လှည်းစီးရင်း နပ်နေ၏။

“လှည်းကသေးသေး၊ နွားကြီးတွေက ထွားထွားနဲ့ လေထဲမှာ လွ သလိုပဲ”

“ဟုတ်တယ်၊ ဒီကောင်ကြီးတွေက ခုလိုအချိန်ဆိုရင် တစ်ဆောင်း လုံး နားနေခဲ့ရတော့ အရမ်းကိုတက်ကြွတာဟ၊ အပြန်ကျရင်ကြည့် ပိုတောင်မှပြေးသေးတယ်၊ အိမ်ပြန်ချိန်ဆိုတာကို သူတို့ သိပ်မျှော်လင့်

“သြော် …”

တာ က ညနေခင်းမှာ ရွှေဝါရောင်ဝတ်စုံလေးနှင့် နွားလှည်းမော နေတော့ နားဆွဲလေးက လွှဲယမ်းခုန်ပျံနေကာ ချစ်စရာလေးဖြစ်နေသ

နွားတွေက ကြိမ်တံတို့စရာမလိုဘဲ ကြိမ်တံတမြှောက်မြှောက် တကယ့်နွားလှည်းမောင်းသမားကြီးစတိုင်လ်ဖမ်းနေတာကလဲ ရယ်စ တာ့ ကို ဘေးကကြည့်ရင်း အသစ် က တခစ်ခစ်ရယ်၏။





“ငါ မောင်းကြည့်ရအောင် တာ”

“မမောင်းပါနဲ့၊ ဒီတိုင်းထိုင်နေရတယ်လို့ ထင်စရာရှိပေမယ့် တကယ် င်းတော့ လွယ်တယ်မှတ်လို့လား၊ ပြီးတော့ ဖိုးညိုက သခင် သိပ်မှတ် တာ”

“သူတို့က နင့်ကိုကျတော့ ဘာလို့ခင်နေတာလဲ”

“ဟဲ့ ဒါ ငါတို့နွားတွေပဲဟာ”

“ဟင် .. ဟုတ်လား”

“ဒီဘက်မှာ နောက်ထပ် အကောင်နှစ်ဆယ်လောက်ရှိသေးတယ်၊ မယ့် ဒီနှစ်ကောင်ကတော့ ငါတို့မိသားစုဝင်တွေလိုပဲ၊ ဖေဖေကလဲ တယ်၊ အဲဒါကြောင့် ဦးမောင်ကိုပေးထားခဲ့တာပေ့ါ၊ ဦးမောင်ကလဲ သား းလိုမွေးတာ”

“သြော် …”

ဦးမြမောင်က ဦးသက်တင်ဇော်ရဲ့ညီဝမ်းကွဲဖြစ်သလို ငယ်စဉ်ကတည်း အတူတူတစ်အိမ်တည်းနေခဲ့ကြတာမို့ အရင်းအချာလိုချစ်ကြ၏။

ချောင်းလေးရွာမှာထားခဲ့သမျှ လယ်ယာသားငါးမွေးမြူရေးကိစ္စ င်န်းအားလုံးကို ဦးမြမောင်နဲ့ ယုံကြည်စိတ်ချစွာ လွှဲအပ်ခဲ့ပြီး ကိုယ်တိုင် တော့ တစ်နှစ်လောက်မှ တစ်ခေါက်လောက်ပဲသွားတတ်၏။

တာ တက္ကသိုလ်တက်ပြီဆိုမှ သူငယ်ချင်းတွေနဲ့ ရောက်တာ ဒါနဲ့ပါဆို နှစ်နှစ်ခေါက်ဆိုတော့ ငါးခါ …၊

“ဒီတစ်ခါ ကဆုန်ပွဲကျရင်တော့ ငါ လိုက်ဖြစ်အောင်လိုက်မှာ၊ မနှစ် မေမေ့ကြောင့် …”

ဘာကိုသတိရသွားမှန်းမသိဘဲ အသစ် က ကောက်ကာငင်ကာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါရောပဲ ...၊ နင်တို့ ကဆုန်ပွဲက ပျော်စရာကြီးနော်၊ သင်္ကြန် ပြန်ရ
တော့ အတူးအဆန်းပဲ၊ ဓာတ်ပွဲတွေကပေမယ့် ကောပွဲဆိုပြီး တုတ်ပွဲ
တွေဖြစ်တာလဲမရှိဘူး၊ အေးချမ်းတယ်"

"ငါတော့ ဒီနှစ် သိပ်တောင့်ခလာချင်ဘူး"

"ဟင် .. ငါတို့ကို မခေါ်ချင်တော့လို့လား"

"မဟုတ်ပါဘူး၊ နင်တို့ကသာ ပျော်တာ၊ ဟိုသတ္တဝါတွေကြောင့် နှစ်တိုင်း
အကုသိုလ်များရတယ်၊ အခုပဲကြည့်..."

"ဟင် ..."

"ဟိုမှာ ..."

စကားမဆုံးသေးခင် ဆိုင်ကယ်သံကြားလိုက်ရပြီး မြင်ကွင်းရှေ့
ဘွားခနဲပေါ်လာ၏။ ခုပဲကြည့်လို့ပြောမိတုန်းမှာ မျက်စိရှေ့မှာ တကယ်
ပေါ်လာသဖြင့် တာ ဒေါသထွက်သွားသည်။ လမ်းက နွားလှည်းတစ်စီး
အပြင် ဘေးမှာ သွားစရာမရှိပေ။

ဆိုင်ကယ်က အရှိန်လျှော့ကျသွားကာ နွားလှည်းရှေ့နားမှာ ရပ်
သွား၏။ သျှန် က အနက်နဲ့အဖြူကွက်ပါသည့် ရှပ်အင်္ကျီလက်တို
ဘောင်းဘီရှည်အနက်ကိုဝတ်ထားသည်။ နောက်မှာပါလာတာက အောင်
ဖြစ်လျက် ဖပို့ရှပ်အဝါရောင် စပ်ကျားနှင့် ...

"ခဏလေးရပ်ထားပေးပါ၊ ငါတို့ ဒီဘက်ကကပ်သွားလိုက်မယ်"

အောင်ချိုက နောက်ကနေလှမ်းအော်ပြီး သူ့ဘာသာအဆင်ပြေ
၏။ တာ ကတော့ နွားလှည်းကို ခဏပဲတဲ့လိုက်ကာ သူတို့အတွက် လ
ဖွင့်ပေးဖို့ စိတ်ကူးမရှိတဲ့သူ ...။ ဒီဘက်မှာ ရွာအိမ်တန်းနှင့် ဟိုဘက်
ချောင်းကမ်းပါးစပ်က သစ်ပင်ကြီးငယ် ချုံနွယ်များ၊ ဝါးပင်ကြီးတွေ
လည်း တချို့နေရာတွေမှာ အစုလိုက်အပြုံလိုက်။





တာ့ မျက်ဝန်းတွေ အေးစက်စက်မှာ လွှန့်ခနဲ အပြုံးတစ်ချက်ဖြစ်၏။

"ဟင် .. တာ ခဏနေလိုက်ဦးလေ"

"တောက် ..."

နွားလှည်းက ဦးမော့ထွက်လာ၏။ အောင်ချို့အသံကြီး ပျာပျာသလဲနှင့်
သျှန် က စက်မသတ်ရသေးသည့်ဆိုင်ကယ်နှင့် ကတ်သီးကတ်သတ်ရှောင်
အောင်ကြိုးစားသည်။ တကယ်ကို အဖြစ်က မထင်မှတ်စွာပါ။ သျှန်
တ်ခေါက်မိသော်လည်း ဘာမှမတတ်နိုင်တော့သည့်အခြေအနေမို့
ရာယ်ကို လွတ်အောင်ရှောင်ဖို့ပဲ ကြိုးစားရတော့သည်။ ဒါပေမယ့်...

"ဟယ် ..."

"တာ .. ဟိုမှာ .. အမလေး ..."

"ဝုန်း"

နေရာမှိုမရှိသည့်မြေပြင်မှာ ဆိုင်ကယ်ဘီးတစ်ပြားစာရပ်တည်နိုင်
အောင်ကြိုးစားရင်း နွားလှည်းကိုရှောင်ဖို့ဖြစ်သော်လည်း တာ က နွား၏
တို ကြိမ်တံထိပ်ဖျား [ တချို့အညာဒေသများတွင် နွားကန်(နဂန်)ဟု
၍ ထိပ်ဖျားမှာ သေးငယ်သောသံချွန်ငုတ်လေးပါသည် ဝါးသံချောင်း
] နှင့် တို့ပေးလိုက်ရာ နွားက ဖင်ယမ်းသွား၏။ လိုပြင် အမြီးဖျား
ယမ်းပစ်လိုက်သဖြင့် ဆိုင်ကယ်ကို သတိကြီးစွာ မောင်းနေသည့် သျှန့်
က်နှာကို ဖျန်းခနဲရိုက်မိသွားသည်။ အောင်ချို က လန့်ဖျပ်ကျကျန်
တာ သျှန်နှင့်ဆိုင်ကယ်က ချောက်ထဲကို ဝုန်းခနဲပစ်ကျသွားခဲ့၏။

"သျှန်"

"သျှန် ကျသွားပြီ၊ လုပ်ပါဦး"

တာ ကိုယ်တိုင် မျက်လုံးပြူးသွား၏။ ဒီနေရာမှာ သျှန် ကျော်နိုင်
ည်လို့ပဲ သူမ ထင်ထားခဲ့သည်။ ကတ်သီးကတ်သတ် သေလုမြောပါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးအားကုတ်ဖဲ့ရင်း ဒေါသများနှင့် မခံမရပ်နိုင်ကျန်ရစ်ခဲ့ရတာမျိုးလော
ပဲ လိုချင်ခဲ့တာက စိတ်ရင်းအမှန်။

"သျှန်"

သူမ လှည်းရပ်လိုက်တာနှင့် အသစ်တို့ လှည်းပေါ်က ခုန်ဆင်းသွာ
ကြ၏။ တာ ကမန်းကတန်းလိုက်ဆင်းပြီးမှ တုံ့ခနဲပြန်ရပ်သည်။ အောင်ချို
ကတော့ ကုန်းမြင့်မှာ ပြုတ်ကျကျန်ရစ်ခဲ့ပေမယ့် ဘာမှမဖြစ်ပေ။

လူးလဲထ,လိုက်ပြီး ဆိုင်ကယ်အောက်မှာပိနေသည့် သျှန့်ဆီကို ရ
တရက် ဘယ်လိုသွားရမှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ

"တာ ဒီမှာလုပ်ပါဦးဟယ်၊ သျှန် .. နင် .. ရရဲ့လား။ သျှန် ဘာဖြစ်သွာ
သလဲ .. အသံပေး"

နှစ်ယောက်သား ပျာယာခတ်လျက် ဆိုင်တာမဆိုင်တာထား၊ မျ
ရည်တွေ ဘာတွေလည်း ကျကုန်ပြီဖြစ်သည်။

အောင်ချိုကတော့ မတ်တတ်ရပ်နေရာမှ ညွှတ်ခနဲခွေကျသွားကာ

"ငါ့ခြေထောက်လဲ ဘာဖြစ်သွားပြီလဲမသိဘူး၊ သျှန့်ကို ဘယ်လိုလုပ်မလဲ"

ငိုကြတဲ့သူတွေနဲ့ ခြေထောက်ဒဏ်ရာရသွားသူ သုံးယောက်ကြာ
တာ ဒီတိုင်းရပ်နေလို့မရတော့ပေ။ သျှန် က အနည်းငယ်လှုပ်ရှားလာ
ဆိုင်ကယ်အောက်ကနေ ရုန်းထွက်ဖို့ကြိုးစား၏။

"နေဦး၊ ကမ်းစပ်ထိ လှိမ့်ဆင်းသွားမယ်၊ ငြိမ်ငြိမ်နေ"

တာ က လှမ်းပြောပြီး ကုန်းမြင့်လမ်းပေါ်ကနေ ဟိုပြေးဒီပြေး
နေရာရှာသည်။

"မြန်မြန်လုပ်ပါဟယ်၊ ငါတို့က ဘယ်နေရာက မြေ၊ ဘယ်နား ချုံ
ဘာ ဘာမှသိတာမဟုတ်ဘူး။ သျှန် မလှုပ်နဲ့ဆိုတာကိုမလှုပ်ဘဲနေလိုက်လေ"

အသစ် က အသက်ထွက်မတတ်ထိတ်လန့်နေသည့်မျက်နှာနှင့် တ





ပြီး ပြောလိုက်၊ သျှန့်ဘက်ကိုငုံ့အော်လိုက်နှင့် ...၊ ထိုစဉ် ...

"ဖြီ .. ဖြီ .. ဖျော .."

ကြိုးပြတ်သံ၊ ချုံပြိုသံတွေ ထွက်ပေါ်လာရာ ...

"ဟယ် .. ဟိုမှာ ချုံပြုတ်ကျတော့မယ်"

"သျှန် မလှုပ်နဲ့လေ"

အသစ်နဲ့အချစ် သံပြိုင်အော်ကြ၏။

"မလှုပ်ဘဲ ငါက ဒီတိုင်း ချုံပေါ်မှာနေရတော့မှာလား၊ ပြုတ်ကျကျ
အင်စိပဲရောက်ရောက်"

သျှန့် ဒေါသက တာ့ထံမှာဖြစ်ကာ နာကျင်သံတွေ သိသာနေပေမယ့်
အနေကလည်း မချ။

"နင့်ဟာနင် အဝီစိမကလို့ အဝီစိအောက် ပေတစ်ရာမကဘဲ ထပ်ရောက်
ရောက် ဝါသနာပါရင် အိမ်ပြန်ရောက်မှ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်ပြီး
ခေါင်တိုင်ကနေ ခုန်ချ၊ အခု ငါ့ကြောင့်ဖြစ်ရတယ်လို့ အပြော မခံချင်လို့...၊
ဘက်ကိုမော့ကြည့် .. ဒီဘက်ထောင့်က ငုတ်တိုလေးကို လှမ်းကိုင်"

သျှန် မော့ကြည့်လိုက်တော့ နားဆွဲလေးတလှုပ်လှုပ်နှင့် မျက်နှာလေး
ာ သူ့ကိုငုံ့ကြည့်နေ၏။ စေတနာ အနစ်နာများစွာနှင့်တော့မဟုတ်ပါ။
ကျက်ခုံးနှစ်ဖက်ကို ထိဆက်လုမတတ် တွန့်ချိုးထားလျက် နှုတ်ခမ်းအစုံက
နှုတ်ခမ်းသားတွေပျောက်အောင် ဖိကပ်စုပုပ်ထား၏။ ရှိစေတော့ ...၊ သျှန်
သလည်း မကျေမနပ်နဲ့ဘဲ ခြေထောက်တစ်ဖက် ပိနေသည့်ဆိုင်ကယ်ကို
ခါကြိတ်တွန်းဖယ်၍ သာသာလေးရုန်းထသည်။ ငုတ်တိုကိုင်မိသည်နှင့်
အားပြုလိုက်တော့ ငုတ်က ဘယ်လိုငုတ်မှန်းမသိဘဲဝပ်လှုပ်လှုပ်နဲ့သွား၏။

"ဟေးက နည်းနည်းတုတ်တဲ့နွယ်ကိုလဲ ကိုင်လေ၊ ကိုယ် သွားလာနေ
ကျနေရာတွေပဲ မသိဘူးလား၊ ဟွန်း .. တောသားကတောသားပဲ၊ မြို့



www.burmeseclassic.com

www.burmeseclassic.com



သားတွေလို ကြွကြွရွရွပုံနဲ့ အိသီယိုပီးရားကို လွမ်းနေတာကိုး ချုံပေါ်ကိုမကျဘဲ ကျောက်ပုံပေါ်ကို ခေါင်းစိုက်ကျရမှာ”

“အဲဒီလောက် မေတ္တာတွေထားနေရင်လဲ ဒီပေါ်မှာ လာဖေအော်မနေ ခင်ဗျားဘိုးတော်တွေနဲ့ ပြန်ကြွတော့”

“ဘာ .. နှင် .. နှင် မိုက်ရိုင်းလှချည်လား”

“ဒုက္ခပဲဟာ၊ ဒျုန် က ဒုက္ခရောက်နေတဲ့သူပါ၊ အပေါ်နဲ့အောက် ရေ ဖြစ်နေတော့ ဘာများအကျိုးရှိမှာလဲ၊ မြန်မြန်ဆွဲတင်လိုက်ပါ၊ ငါ့မှာ ချေ ထောက်မကောင်းလို့ ...”

“ဟုတ်ပါတယ် တာရယ် .. လုပ်ပါဟာ၊ ဒါ ငါတို့ချင်း မပြေလည်ရင် ဖြစ်တဲ့ကိစ္စ၊ သူများတွေကို ပြေးခေါ် လို့လဲမကောင်းဘူး”

အသစ် ကလဲ အောင်ချို ပြောတာကို ထောက်ခံနေသေးသည်။ ဒါပေ မယ့် ဒါ မှားလည်းမမှားပါ။ သွားမခေါ်ဘဲ သူတို့ဖြစ်နေတဲ့ဆီကို ဘယ်သူ ရောက်လာမှာမဟုတ်ပေ။ ဘာဖြစ်လို့လဲဆိုလျှင် အိမ်ခြေကျဲသလောက် ခြံဝန်းကြီးတွေမှာ အိမ်ကသေးသေး၊ ခြံက ကျယ်ကျယ်။

ခြံဝပြေးသွားပြီး လှမ်းခေါ်ရင်တောင်မှ အသံမြှင့်၍ခေါ် ရမယ့်အဖြစ် မျိုး။ ကိုယ့်ကြောင့်ဖြစ်သွားရတာကို တာ သိပါသည်။ သိလို့လည်း ကိုယ် တိုင် ဝင်ပါခဲ့ရတာဖြစ်သည်။ ဒါပေမယ့် ဒီလောက်ထိဖြစ်ဖို့မရှိနိုင်ဘူးလို့ စိတ်ကထင်နေသဖြင့် ကိုယ့်အပေါ် အပြစ်ပုံချကောင်းအောင် ဒါ တမင် တကာလားဆိုသည့် သံသယပိစိကွေးကလည်းဖြစ်နေသေးသည်။

“နှင့်ပါးစပ်ကိုပိတ်ပြီး အဲဒီငုတ်မှာကိုင်တဲ့လက် ဒီကိုကိုင်”

တာက မတူသလို မတန်သလိုနှင့် တစ်ထွာသာသာလောက်ရှိသည့် ဝါးဆစ်ပိုင်းလေးနှင့် လက်လှမ်း၏။ ဒျုန် မျက်နှာက မဝေနာကြောင့် မဲ့တာ လား၊ တာ့ ကို ဒေါသဖြစ်နေတာလား ဘာမှန်းမသိ။ ထို့ပြင် လှမ်းဆွဲလိုက်





ဘာက တုတ်ကိုမဟုတ်ဘဲ တာ့ လက်ကောက် ဝတ်လေးကိုဖြစ်ရာ ...

“အား ...”

“ဟယ် ...”

အားလုံး ဟာယ်ခနဲဖြစ်ကုန်ကြ၏။ တာ့ ကိုယ်လေး ယိုင်ကျိုက်ဆင်း သွားလျက် ကုန်းမြင့်အောက် အနိမ့်ကလေးထဲမှာ ဒျုန်နဲ့ ဖက်လျက်သား..

“နှင် .. နှင် ဘယ်လိုလုပ်လိုက်တာလဲ၊ သေပါပြီ”

“ကိုင်ဆိုလို့ ကိုင်လိုက်တာပဲ၊ လူတစ်ယောက်လုံး ဆွဲခိုမှာကိုသိရက်နဲ့ ဆောင့်ထားပါလား”

“အံမာ သူ့ကိုပဲ ပြန်တောင်းပန်ရမလိုလို၊ သေနာကောင်”

“မဆဲနဲ့နော်၊ နှင် ငါ့ရင်ခွင်ထဲမှာ”

“ဆဲရုံတင်မကဘူး ပါးကိုရိုက်ချင်သေးတာ”

“ဟဲ့ .. ဟဲ့ နှင်တို့ကလဲ အပေါ်ကိုရောက်တော့မယ်ဟာ၊ တာ ငါ့လက် ကိုဆွဲ”

“ဒျုန် .. ဒျုန် ဒီဘက်မှာ ဝါးရုံအစပ်ကအမြစ်တွေရှိတယ်၊ နည်းနည်း လှမ်းဆွဲကြည့်”

“နေဦး၊ မီအောင် ငါလုပ်ပေးမယ်”

“ကုန်းမြင့်ထက်ကနေ သုံးယောက် တကျည်ကျည်ကြိုးစားရတော့ သည်။ ဒျုန် ကတော့ ရှုံ့မဲ့ပျက် ကိုယ့်အပြစ်နဲ့ကိုယ်။ ဒေါသဖြစ်လို့ တမင် တကာဆွဲချလိုက်တာက သူ ဖြစ်ပေမယ့် ပက်ပက်စက်စက်ပြုတ်ကျသွား တာကိုတော့ စိုးရိမ်လိုက်သေးသည်။ ထို့ကြောင့် သူပဲ ပြန်ဆွဲဖက်ထား လိုက်ရတာ ဒဏ်ရာပေါ် ဒဏ်ရာဆင့်လျက် ...

“ကဲ .. ဟိုမှာ လှည့်ကိုင်လေ၊ ခင်ဗျားကိုယ်လုံးကြီးကို ဘယ်လောက် အိဖက်ထားရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"နင်နော် ..."

"လူပေါ်ကို ဆင်တစ်ကောင်လုံး ပြုတ်ကျတဲ့အတိုင်း ..."

"ငါ ပါးရိုက်မိတော့မယ်"

"ရိုက်ကြည့်ပါလား၊ လက်သီးနဲ့လက်ဝါး ဘယ်ဟာပိုပြင်းသလဲ သိရအောင်"

"တောက်"

တာ့ ဒေါသတွေ အသစ်စက်စက်ပြန်ဖြစ်၏။ လမ်းပေါ်ပြန်ရောက်လာကြတာတောင် တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းခဲနေကြတုန်း

သျှန် က ဖုန်တွေထဲမှာ ဒီတိုင်း ပစ်စလက်ခတ်ထိုင်လျက်သားနှင့် ဘောင်းဘီစကို လိပ်တင်လိုက်တော့ ဒူးတစ်ဖက်မှာ ဒဏ်ရာကြီးက နည်းတာမဟုတ်၊ ပြီးတော့ ညာဘက်လက်ပြင်မှာ အကျီလည်း စုတ်ပြဲနေသည်၊ ဆူးခြစ်ထားသလို သွေးစိုစိုနှင့် ဒဏ်ရာတစ်ခု ...။ ထို့ပြင် လက်ဖျံတွေ တံတောင်တွေမှာ ...

"အား ... မိန်းမတွေ တော်တော်ကြောက်စရာကောင်းတယ်၊ တောက်"

"ဘာကြောက်စရာကောင်းတာလဲ၊ နင့်ကြောင့် ငါ့မှာလဲ ဒူးပြဲသွားတာ မြင်လား"

တာ က ဒူးဖုံးရုံလေးရှိနေသည့် အဝါရောင်ကွာတားဘောင်းဘီလေး၏ အနားစပ်ကို လှန်ပြတော့မလိုပြင်ပြီးမှ လက်ပြန်ရုပ်၏။

"ဘာလဲ ...၊ ပြတာချင်း ပြိုင်ချင်လို့လား၊ လုပ်ပါ လှန်လိုက်စမ်းပါ"

"အံမာ ..."

"တာရယ် တော်ပါတော့"

တာနဲ့သျှန် ဖုန်တွေထဲမှာ ဒီတိုင်းထိုင်ကြည့်နေကြရင်း ရန်ဖြစ်လို့ကောင်းနေကြ၏။ ဘေးမှာ ရွာထဲက ကလေးတွေ တစ်စတစ်စ ဝိုင်းလာ





ကြသဖြင့် နှစ်ယောက်စလုံးကို လှည်းပေါ် ပဲတွဲတင်လိုက်ရကာ ...

"ဆိုင်ကယ်ကို ဘယ်လိုလုပ်မလဲ"

"ဒီတိုင်းဆွဲတင်လိုက်လို့ရပါတယ်၊ ဒါပေမယ့် နင်တို့က မိန်းကလေးတွေ၊ ငါကလဲ ခြေထောက်မှာ ဒဏ်ရာနဲ့၊ သျှန် က လှုပ်တောင်လှုပ်နိုင်မှာမဟုတ်ဘူး၊ ထားခဲ့လိုက်တော့"

"ရတယ်၊ ကိုကြီးတိုးတို့ လာယူလိမ့်မယ်၊ ငါတို့ကို ဘုရားနားထိ လိုက်ပို့ပေး"

သျှန် က လှည်းရုံတိုင်တွေဘေးတိုက်မှီနေရင်း ပြောသည်။ တာ က ဘာမှမပြောတော့၊ အချစ်က မနေနိုင်ဘဲ ...

"မဟုတ်တာဟယ်၊ ဒီလောက်ဖြစ်နေတဲ့ဟာ နင်တို့ရွာရောက်အောင်တော့ ပို့ရမှာပေါ့၊ ပို့မယ်မဟုတ်လား တာ"

"ဦးမောင်တို့ သိလို့တော့မဖြစ်ဘူး။ ဟိုဘက်ကမ်းကူးလို့ရအောင် လှေဆိပ်ဘက်ကိုပို့ပေးမယ်"

"မလိုပါဘူး၊ ဆိုင်ကယ်နဲ့လာတာ လှေဆိပ်ကဆင်းဖို့အကြောင်းမရှိဘဲ လာတာ၊ ပြောတဲ့နေရာကိုပဲ ပို့ပေး၊ ကျန်တာ ထားလိုက်"

သျှန့်မာနတွေကို မုန်းတီးစွာ မျက်စောင်းထိုးဖို့လှည့်လိုက်စဉ် သွေးတွေ တစိမ့်စိမ့်ထွက်ကျစီးနေသောဒဏ်ရာတွေကိုမြင်လိုက်သဖြင့် တာ့ မျက်နှာလေး ပြောင်းလဲသွား၏။

သျှန့် ကို ဖျတ်ခနဲအကြည့်မှာ 'သူ တော်တော်နာမှာပဲ' ဆိုသည့် စာနာစိတ်လေးတော့ပါသွားခဲ့သည်။ ပြီးတော့ အနီးကပ်ကြီး ပထမဆုံး စိတ်ဝင်တစားကြည့်လိုက်မိသည့်ခဏတွင် တန်းစင်းသောနှာတံချွန်ချွန်နှင့် မျက်လွှာချထားသဖြင့် တိုစိပ်စိပ်ထူနက်သော မျက်တောင်တွေကြောင့် ဒေါမနဲ ဘာစ်ချက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမကြည့်သင့်တာကို သတိရကာ မျက်ဝန်းတွေကို သိမ်းဖယ်ဖို့ ပြင်လိုက်စဉ်မှာပဲ ဖျတ်ခနဲပင့်ကြည့်လာသော သျှန့် မျက်ဝန်းများနှင့်ဆုံ လျှင် ...

လိုအပ်အပ်,မအပ်အပ် ဖြေရှင်းချက်တစ်ရပ်က ချက်ချင်းထွက်၏ ချောလွန်းလို့ကြည့်တယ်မထင်နဲ့ ......၊

ဟွန်း .. မုန်းစရာကောင်းလွန်းလို့ .....။





အခန်း (၁၁)

"လှည်းနဲ့တိုက်သတ်တယ်၊ ဟား ဟား ဟား"

ဟားတိုက်ရယ်ချလိုက်သည့် ဦးသက်တင်ဇော်၏မျက်နှာမော့မော့ ကြီးကိုကြည့်ကာ ဒေါ်မိမိတာ ဘာမှလည်းပြောလို့မရတော့မှန်း သိကာ ဆိုင်းပဲနေလိုက်မိတော့သည်။

"ဖြစ်ရလေကွာ၊ ရန်ကုန်မြို့ပေါ်မှာ သတ်ခြင်းအမျိုးမျိုးနဲ့သတ်လို့ရ နေတဲ့ဟာ တောမှာသွားပြီး လှည်းနဲ့တိုက်ရဦးမယ်လို့ .. ဟားဟားဟား"

"ဟိတ်ကောင် .. မင်းပါးစပ်ကြီးကိုပိတ်ပြီး လူလိုပြောနေတာကို နားထောင်၊ တော်ကြာ လူလိမ္မာစကား မကြားလိုက်ရဘဲ ပါးစပ်ထဲ ယင် ကြီးဝင်ဥလို့ စာလုံးကြီးလေးလုံးနဲ့တောင် သေခွင့်မရလိုက်ဘဲနေဦးမယ်"

ခြံတစ်ဖက်ကနေ ဦးပညာချွန်ကလည်း ပုဆိုးတမမနှင့် ဒီဘက်ကိုပဲ ခုန်ပျံကျော်ခွလာတော့မလို ...၊

"သမီးမွေးထားပြီးတော့ ကိုယ့်သမီး ဘယ်သွားပြီး ဘာလုပ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



နေရှုန်းမသိ။ ဒီမှာ ဟော့ .. ငါက ငါ့သားကိုယ်မှာ အပေါ်ယံဆူးခြစ်ရာတောင် အထင်ခံခဲ့တာမဟုတ်ဘူး၊ ခုကိစ္စမှာ ဒီတိုင်းနဲ့မပြီးဘဲ ငါ့သား တစ်ခုခု ဆို ဆိုးရွားရွားဖြစ်လို့ကတော့ ...”

“ဘာလဲ .. လျော်ကြေးလိုချင်လို့လား၊ မရဘူး ဟိတ်ကောင်၊ လိုချ ရင် ငါ ယုံကြည်အောင် နောက်ထပ်တစ်ခါ မင်းသားကို နွားအောက် ဘယ် လိုဝင်သလဲ ထပ်ဝင်ပြ၊ ပေးသင့်ရင်တော့ ပေးမှာပေ့ါ”

“အံမာ.. အညီအဟောက်တွေနဲ့ သူများအသက်အစုလိုက်အပြုံ လိုက် သတ်ပြီးမှ ထမင်းဝတဲ့ကောင်က လူပါးဝလို့ မင်းလိုကောင်ဆီက တကယ် ရှိရင်တောင် ညီစော်နံလွန်းလို့ အဲဒီငွေ အဆုံးခံလိုက်မယ်၊ လုံးဝမယူဘူး”

“ဒါပေါ့ကွ၊ မင်းတို့က နံလို့ဝသွားပြီကိုး၊ ဟားဟား ဟား ...။ ဦးလု ကောင်းနဲ့တကွသော ဘိုးဘေးဘီဘင်တွေက အညီအဟောက်တွေ တ တပြုံမျိုချစုဆောင်းသွားတော့ မင်းလက်ထက်မှာ ဒူးနံ့စားရုံပဲလေ၊ အချ ချင်းတွေကို ထပ်ကြွားမနေစမ်းပါနဲ့ကွာ၊ မိဘလက်ငုတ်လက်ရင်းဆိုတာ မမှေ့ကောင်းဘူး။ ငါကတော့ သားသမီးတို့ဝတ္တရားနဲ့အညီ မွေးခံထိုက်ေ လျှမ်းမှုဝေ၍ ဆိုတဲ့ ဝတ္တရားကို ကျေပွန်တဲ့ သက်တင်ဖော် သားလိမ္မာလေး...”

“သွားစမ်းပါ၊ နွားရေးယပ်တောင်ပေါ်က စာသားတွေ အလွတ်ကျက် ပြီးတော့ ... ဟွန်း .. မင်းကို အခုပြောနေတာက မင်းသမီးကို သွားလာ နေထိုင်စာတတ်အောင် ဆုံးမထားဖို့ ...”

“ဘယ်လိုဖြစ်နေတာလဲ ချွန်၊ လူကြားလို့လဲမကောင်းဘူး၊ တော်တော့”

ဦးပညာချွန်ဘေးမှာ ဒေါ်သက်သက်တင် ရောက်လာတော့ ဟိုဘက် နဲ့ ဒီဘက် မိန်းမသားချင်း မျက်လုံးချင်းဆုံသွားကြသည်။ ခွန်းကြီးခွန်းငယ် တွေ အော်ဟစ်ပြောဆိုနေကြပေမယ့် သူမတို့၏မျက်ဝန်းတွေမှာ ရန်လို ဒေါသ ဘာမှမပါ။





ဘယ်သူ့ဘက်ကမှ ပြောဆိုမရကြသဖြင့် စိတ်ပျက်ဆင်းရဲနေကြ ညှိုးငယ်ခြင်းများသာ ...။

“မင်း အထဲဝင်နေစမ်းပါ၊ ဒီကောင် သူ့သမီးကို မဆုံးမရင် နိုးနိုးလေး နေကြတဲ့ ငါ့သားမှာ ထိခိုက်ဖို့ရှိတယ်၊ ခုဖြစ်ခဲ့တာကို ကြည့်စမ်း ...”

“ဘာဖြစ်လဲ၊ မင်းသား မသေသေးဘူးမဟုတ်လား”

ဒီဘက်မှာ လင်မယားချင်းပြောနေလို့မပြီးသေး။ ဦးသက်တင်ဖော် ဆိုးနှစ်ဖက်မ၍ ခြံနဲ့ရင်ဘတ် ထိကပ်မတတ် ရှေ့တိုးကာ အားမလို အားမရ ခြေဖျားထောက်လိုက်သေးသည်။

“မင်းသား သူ့ဖာသူ နွားအောက်ပြေးဝင်ပြီး နွားဖင် ဘယ်လောက် ယ်လဲစုံစမ်းတာ လှည်းပေါ်ကလူနဲ့ ဘာဆိုင်သလဲ၊ လုံးဝ မဆီမဆိုင် သတ်လွတ်အနေသာကြီး။ ငါ့နွားသာ နွားမဆိုရင် အမျိုးသမီးရေးရာ နေ ကာလကြွေပျက်မှုနဲ့ တရားစွဲလို့ရသေးတယ်”

ဒုက္ခပါပဲ၊ ဒေါ်မိမိတာ ရယ်ချင်သည့်မျက်နှာလေးဖြစ်ကာ ဒေါ်သက် က်တင်နှင့် မျက်လုံးချင်းဆုံလျက် မျက်နှာငံ့သွားကြသည်။

ဒီယောက်ျားနှစ်ယောက်ဟာ ဟိုတုန်းက အတိုင်းထက်အလွန် ချစ်ခဲ့ သလောက် ခုချိန်မှာ တစ်ယောက်အသံ တစ်ယောက်ကြားတာနှင့် ပြေးဆွဲတော့မလိုလို၊ တုတ်ပြေးကိုင်တော့မလိုလို ...။

ထိုပြင် တခြားသူတွေဆို လူသတ်ပွဲတွေ ထဖြစ်သွားနိုင်လောက် အောင် ရင့်သီးရိုင်းစိုင်းသည့်အပြောမျိုးတွေ သူတို့ ဘယ်လောက်ပြိုင်ဆိုင် ကြနေနေ ပန်းနဲ့ပေါက်နေသည်ထင်သလားမသိ။

တစ်နေကုန် ရေသောက် ပြောနေကြပါစေ ဘယ်တော့မှ လက်ပါခဲ့ ဘာမရှိ။ မုန်းကြတာလည်းမဟုတ်ဘဲ မုန်းသူတွေလို နေနေကြရတာ မိ မိတာနဲ့ ဒေါ်သက်သက်တင် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ပြောပြီးသားနော်၊ ဆေးဖိုးဝါးခ လိုချင်ရင် ငါ ယုံကြည်အောင် နွားအောက် နောက်တစ်ခေါက်ဝင်ပြ"

"ဟိတ်ကောင် ဖိုးဇော် ..."

"သက်တင်ဇော်ကွ၊ ဖိုးဇော် ဆိုတာ ငါ့အဖေ ငါ့ကိုခေါ်တာ"

"အေး .. ငါ့ကိုလဲ မင်းဘိုးအေလို သဘောထားလိုက်"

"စိတ်ကူးတွေ ရင့်သန်မနေနဲ့၊ ငါ့ဘွားအေက အရိုးဆွေးနေပြီ"

"အံမာ .. ငါ ပြောထည့်လိုက်ရရင် ... တောက် ..."

တက်ခေါက်လိုက်သည့် ဦးပညာချွန်၏မျက်လုံးတွေက ဦးသက်တင်ဇော် နံဘေးမှ ဒေါ်မိမိတာထံပါးသို့ စူးခနဲဝေ့သွားသဖြင့် ...

"ဟား ဟား ဟား ... ပြောထည့်လိုက်စမ်းပါကွ၊ အလဲအလှယ် အလျော်အစားတွေ ငါ ဝါသနာပါပါတယ်၊ မျှမျှတတပေါ့"

ဟုဆိုပြီး ဦးသက်တင်ဇော် က ဒေါ်သက်သက်တင်ကိုကြည့်လိုက်ရင်း ဟားတိုက်ရယ်၏။

"ကို ဘာဖြစ်နေတာလဲ၊ လူကြားမကောင်းတော့ဘူးနော်"

ဒေါ်မိမိတာ ဘယ်လိုမှကြည့်နေလို့မရတော့ဘဲ ယောက်ျားဖြစ်သူကို ဆွဲလဲခေါ်၊ အပြစ်တင်ပြောရင်း ဒေါသတွေလည်းပါလာ၏။ ဦးသက်တင်ဇော်က ဂရုမစိုက်ပေ။

"ရန်ဖြစ်နေကြပါတယ်ဆိုမှ လူကြားကောင်းတာတွေ၊ ကြားမကောင်းတာတွေ ရွေးချယ်ထုတ်နုတ်နေရမှာလား၊ ဒီမှာ ကလိမ်ကကျစ်နေရာတိုင်းမှာ ချွန်တဲ့ကောင် ..."

"အံမာ ..."

"မင်း ငါ့ကို ဘာမှတိုက်ခိုက်ဖို့မကြိုးစားနဲ့ နားလည်လား၊ ချောင်းလေးမှာ ငါ့လုပ်ငန်းတွေ အများကြီးရှိတယ်၊ ငါ့ညီကို စိတ်ချလက်ချလွှဲထားခေ





ဒါ သို့မဟုတ် ငါ့ရဲ့ မိသားစုတစ်ယောက်ယောက် အမြဲသွားကြည့်နေတဲ့ အဲဒါကြောင့် ငါ့သမီးက သွားတယ်၊ ဒါက တည့်မတ်မှန်ကန်တဲ့အကြောင်း ..."

"ဘာစီးပွားရေးမှ ထည့်မပြောနဲ့ မင်းသမီး အထိန်းအကွပ်မရှိ မြန်မာတစ်လွှား ပြပွဲစဥ်အောင်သွားနေတာ လူတိုင်းသိတယ်၊ ငါ့သားက..."

"လူတိုင်းသိပြီး မင်းသားကတော့ မသိသေးဘူးထင်တယ်၊ ပြောပြီး ကလိမ်ကကျစ် ချွန်ကြီး၊ ခုတည်းက လှည်းအောက်ပြေးဝင်ပြလဲ တားပဲလို့၊ ငါ့ဘက်က လှည်းကျိုးမပြောနဲ့ အပိုင်းအပိုင်းအပြတ်ပြတ် စီကျိုးနေတဲ့ သစ်တိုသစ်စတောင်ထမ်းခိုင်းမှာမဟုတ်ဘူးလို့ ..."

"ကို နော် .. ကလေးကို ရှင် ဘယ်လိုပြောလိုက်တာလဲ၊ အဲဒါ ကို့သမီး"

ဦးပညာချွန်၏ အကျအနပြင်ဆင်ဖွင့်ဟလိုက်သောပါးစပ်က ဒေါ်မိမိ၏ ချောက်ချားစွာတားမြစ်အော်ဟစ်လိုက်သည့်စကားသံကြောင့် တင်ပဲ ပြန်လည်စေ့ပိတ်သွားခဲ့ရပြီး ...

"ဟား ဟား ဟား ဟား"

ခပြောဖြစ်တော့ပေမယ့် ဝါးလုံးကွဲရယ်ချလိုက်၏။ ဦးသက်တင်ဇော် နှာကြီးနီသွားသည်။

သူ ရယ်မောနေခဲ့သည့် ရယ်သံများစွာအနက် တစ်ခါတစ်ရံသာ ခွင့်ကြုံသွားသည့် ဦးပညာချွန်၏ ဒီတစ်ခါရယ်သံကို ခံရခက်သွားသည်။

"ချွန် .. တော်တော့"

သားသမီးချင်းစာနာစိတ်နှင့် အစကတည်းက ရန်လိုခြင်းမရှိခဲ့သော သက်သက်တင် က ဦးပညာချွန်၏ရယ်သံကြီး ပြတ်သွားတဲ့အထိ ကိုဆွဲလှုပ်ခါပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ ဒီတစ်ခါ ငါရယ်အလှည့်၊ ဟားဟား .. ငါ့သား နု
လက်ပြဖြစ်တာဖြစ်ပါစေ... တန်တယ်ကွာ"

"အို... ပြောလေကဲလေ .. လာစမ်းပါ"

"ဟား ဟား ဟား"

ရန်ပွဲကတော့ စဲသွားပါ၏။

ဒါပေမယ့် ဒီဘက်မှာ ဦးသက်တင်ဇော် ငူငူကြီးထိုင်လျက် ဒေါ်မိမိ
မျက်ရည်ပေါက်ပေါက်ကျလေသည်။

"ကို သိပ်ရက်စက်တယ် သိလား၊ လုံးဝကိုမထင်ဘူး၊ သူများ
နိုင်ချင်တဲ့မောဟစိတ်တွေများပြီး ကိုယ့်သမီးကို ဘယ်ဘဝရောက်အော
ပြောလိုက်တာလဲ၊ ရှင်ပြောတဲ့စကား ဘယ်အဓိပ္ပာယ်သက်ရောက်သွ
တယ်ဆိုတာရော သိရဲ့လား"

"သိတယ်လေ၊ သိလို့ပြောလိုက်တာပေါ့၊ သမီးကို ငါတို့က အလိုလို
ထားသမျှ မင်းသမီးက လွတ်လွတ်လပ်လပ်သွားတယ်၊ လာတယ် -

"အဲဒါဘာဖြစ်လဲ၊ သမီးလေးက ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ဘဲနဲ့ ပြောပြောနေလို့ မခံနိုင်တာ၊ သူက ဒီအဓိပ္ပာယ်
အောင်ပဲ ဆွဲဆွဲပြောနေတာ အဲဒါကြောင့် ရှဲ့လိုက်တာ"

"ရှဲ့တော့ ကိုယ့်သမီးလေးက ဖူးဖူးစင်စင် နုနုရွရွလေးရယ်၊ ဘယ
သိက္ခာပဲထိပါးမလဲ၊ အခု ဗျွန် က ဘာမှထပ်မပြောဘဲနေလို့ပေါ့၊ မဟုတ်
အရှက်ဗျွန်းဗျွန်းကွဲပြီး"

"ဘာလဲ .. ဘာ ဗျွန် လဲ၊ မင်း အဲဒီကောင်ကို အဲဒီလိုခေါ်တာ ပြင်
ခုနကလို ရန်ပွဲတစ်ရာလောက်မှာ လက်နက်မဲ့ရယ်ရင်း ပွဲသိမ်းသွာ
ရတယ်၊ ဒါမျိုး နောက်ထပ်ခေါ်ကြည့် ..."

"ခေါ်မှာပဲ၊ ပြောရင်ဆိုရင် ပါမှာပဲ၊ ကျွန်မတို့က သူငယ်ချင်းတွေ





"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး"

"ဟုတ်တယ်၊ ရှင်တို့ချင်း တစ်ယောက်ရင်ဝ တစ်ယောက် ဓားနဲ့ပြေး
ကြတဲ့အထိဖြစ်လဲ ကျွန်မတို့ချင်းက အခင်မင်ပျက်မှာမဟုတ်ဘူး၊ ခုလဲ
ဘ ကျွန်မကိုငဲ့ပြီး နောက်ဆုတ်သွားတာ"

"ဘာ.. ဘာပြောတယ်"

"သူငယ်ချင်းသံယောဇဉ်ကိုပြောတာ"

"မပြောနဲ့"

"ပြောမယ်"

"ငါ .. တယ် ..."

ဦးသက်တင်ဇော် လက်ကြီးမြှောက်ပြီး အနားကို လှမ်းခနဲကပ်၏။

"လုပ်လေ .. ရိုက်စမ်းပါ၊ ရိုက်လိုက်စမ်း"

"မင်း ..."

"ဝုန်း ..."

"အမလေး .. ဒေါ်လေးကို မလုပ်ပါနဲ့ .. ဟင် ..."

အိမ်မှာ တစ်ဦးတည်းရှိသော တူမဖြစ်သူ မွန်မွန်လှဲ့ က ငါးခြောက်
ခါလေးပိုက်လျက် နောက်ဖေးကနေ အူယားဖားယား ပြေးလာ
၏။

သို့သော် ခါးထောက်ရင်ကော့ရပ်နေသည့် ဒေါ်မိမိတာနှင့် ကြမ်းပေါ်
ကော်လက်ကြီးလဲကျနေသည့် ဦးသက်တင်ဇော်ကို တစ်လှည့်စီကြည့်
-

ပြေးကြည့်ပြီးမှ တားလိုက်ရရင် အကောင်းသား .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

လူရောက်မလာဘဲ စာလူကြုံပါးလိုက်သဖြင့် ထူးဆန်းနေကာ ချက်ချင်းဖွင့်ဖတ်လိုက်မိသည်။ စာထဲတွင် ပြီးခဲ့သောရန်ပွဲတို့နှင့် ပတ်သက်

"ဟယ် .. နှင့်အဖေနဲ့အမေ အကြီးအကျယ် ဆိုပါလား"

ခေါင်းသုံးလုံးဆိုင်မိသည်နှင့် အချစ်၏ တအံ့တသြအသံလေး ထွက်လာသည်။ တာ ကတော့ မွန်မွန်လဲ့၏ ခပ်သော့သော့လက်ရေး ကိုသာ စိတ်စင်တစားဆက်ဖတ်၏။

*..... တစ်ခါတည်း ခေါင်းရင်းက ပန်းအလှစင်တစ်ခုလုံးပါ ပြို သွားတာဟာ ...၊ ဒေါ်လေးက လက်ကောက်ဝတ် ရောင်သွားတယ် ဦးလေးက ခါးနာသွားပြီး မထနိုင်ဘူး ...*

စာကို ထိုနေရာအရောက်မှာ သုံးယောက်စလုံး စိုးရိမ်မှုတ်တွေ တက်သွားလျက် ...

"တော်တော်ကို သတ်ပုတ်ကြတာပဲ၊ ဦးတို့ကလဲ ဒီလောက်ချ ရက်နဲ့ ..."





"အန်တီမိမိကို သနားပါတယ်"

"နှင်တို့ ခဏ ပါးစပ်တွေပိတ်စမ်းပါ"

စာဖတ်ရတာ အနှောင့်အယှက်ဖြစ်ကာ အချစ်တို့ကို တံတောင်နဲ့ နှံ့ပစ်လိုက်ပြီး တာ က နေရာရွှေ့တော့ နှစ်ယောက်စလုံး မရမက ကပ်လာ၏။

"ငါတို့လဲ ဖတ်မှာပေါ့၊ ယောကျ်ားတွေအကြောင်း လေ့လာရာလဲ ရောက် ..."

အသစ် က ပြောပြီးမှ တာ့ ကို အားနာသွားသလို ခက်လေးပုဇ္ဈ ဆီ မျက်လုံးပြန်ပို့၏။

*..... ဦးလေး သနားပါတယ် တာ ရယ်၊ မဒေါ်လေးက ရက်စက်တယ် လား၊ သူ တစ်ချက်လွတ်လုပ်ပစ်လိုက်လို့ ဦးလေး ဒီလောက်နာသွား တာ နင် စဉ်းစားကြည့် .....

စာဖတ်ရင်း အသစ်နဲ့အချစ် မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ် သွားကြသည်။ ဘယ်သူလုပ်ထည့်လိုက်လို့ ဘယ်သူ ခံရတာလဲဟု တူ တွေးမိသွားကြလျက် .. ဆက်ဖတ်ရအောင်လို့ မတိုက်တွန်းရဘဲ တူတူ ခေါင်းချင်းဆိုင်ဖတ်မိကြပြန်သည်။

... သက်တမ်းတစ်လျှောက်လုံး ဦးလေးကချည်းပဲ အလိုလိုက်လာခဲ့ တာ ...

... အဲဒါဟယ် လက်လေး ဘာလေးရွယ်ရတဲ့အထိဖြစ်ရတာ ဒီတစ်ခါ ရှိသေးတယ် ...

... ဦးလေးခမျာ လက်ပဲရွယ်ရသေးတယ် ... ဒေါ်လေး ကိုင်ပေါက် လိုက်တာ .. ကားခနဲပဲ ...

ဖြစ်ရလေ .. ဆိုသည့် မျက်လုံးနှင့် စုံပင့်တက်လာကြကာ အသစ်



www.burmeseclassic.com

www.burmeseclassic.com



က လည်ချောင်းလေးစင်း၍ တံတွေးမျို၏။

... အဲဒါ ဟိုဘက်က ဦးပညာချွန်ကြောင့်လေ၊ သူက ဒေါ်လေး… ချန်လုပ်ပြီးမှ ဦးလေးနဲ့ရန်ဖြစ်တာပေါ့၊ ဒေါ်လေးက အဲဒါကိုပြောတော့ ဦးလေးက ဘယ်ခံနိုင်မလဲ၊ ဒီလူကြီး သိပ်လူပါးဝတာ သိလား။ နင်တို့က… ချောင်းလေးထိများသွားပြီး ပြဿနာတက်ရတယ်နော် .. အံ့ရော ...၊ အ… သတ္တဝါလေး နွားနင်းလို့မသေဘူးလား ... ဟွန်း ...

... ကိုယ့်ကြောင့်ဆိုပြီး လုံးဝ မျက်နှာသာမပေးလိုက်နဲ့နော်၊ ကိုကြ… ကိုလဲ ငါ လုံးဝခေါ်တော့ဘူး၊ ငါ့အစ်ကိုပေမယ့် ခွင့်မလွှတ်နိုင်ဘူး၊ ဒီ… ဒီလောက်မတည့်ကြတာကို ဇွတ်လက်ထပ်ဖို့လုပ်တယ်၊ အဆောင်… လာတွေ့ရင် နင်လဲမခေါ်နဲ့ ကြားလား ...

စာကာင်စောင်လုံး ရင်မောဖွယ်အမုန်းတရားများနှင့်ဖြစ်ကာ အခြေအ… တွေက ပြည်တည်နာတစ်ခုလို ခန့်မှန်းခက်နေခဲ့၏။ ဒီထက်ပို၍ အတွင်း… လှိုက်ခဲ့ကားသွားတော့မည်လား။ အပ်ဖျားလေးနဲ့ဖိထောက်လိုက်တာနှ… နာကျင်နေသမျှအားလုံး ဒဏ်ရာနဲ့တကွ ပျောက်ကင်းသွားနိုင်သည်လား…

အချစ်တို့ ဘယ်လိုထင်ရမှန်းမသိလောက်အောင်ဖြစ်လာခဲ့သည်… သူမတို့အနေဖြင့် ပွဲကြည့်ပရိသတ်အနေနဲ့ ကြည့်နေရတာမှန်သော်လည်… ဒါတွေဟာ မပြေတဲ့အငြိုးအမုန်းတွေလား ...၊ ဒါမှမဟုတ် ဟာသပြက္ခ… တွေပဲလား ...၊ ရယ်နေရင်း မဲ့ထားမိ၏။ ငိုရတော့မလိုနှင့်ပြုံးမိရပြန်သည်… ဘာပဲဖြစ်ဖြစ် အားလုံး ငြိမ်းချမ်းစေချင်ပါသည်။





## အခန်း (၁၃)

"နေကောင်းလား လူကလေး"

"ဟုတ်ကဲ့ .. ကျွန်တော် ကျန်းမာပါတယ်"

"အေး ... အေး"

နောက်ကစကားသံတွေကြားလိုက်ရပြီး လူရိပ်တွေရောက်လာသည်။ ထုံးစံအတိုင်း သျှန် က ခုံကို ဘေးတစောင်းဖြစ်အောင်ဆွဲလိုက်ပြီး …းပွဲကို ဘေးတိုက်ထိုင်သည်။

အောင်ချို့မျက်နှာ ရယ်နေရာမှ ချက်ချင်း တည်ပစ်လိုက်ရသည်။ …က်စမသိမ်းသောပြိတ္တာအပြုံးနှင့် ကျော်စွာ ကတော့ သွားတွေပေါ်… …အောင်ရယ်လျှက် ...

"နင်တို့ ပရယ်တီကယ်ပြီးသွားပြီလား"

www.burmeseclassic.com



သုံးယောက်လုံးကို ဝေ့ကြည့်ပြီးမေး၏။ အချစ် က မျက်မှောင်ကြ
ထားကာ ...

"နင်တို့က ဘာရန်စတာလဲ"

"ဟင် .. ဘာလဲ ..."

"ခုနက နေကောင်းလား ဘာညာနဲ့ နင်နဲ့အောင်ချို ..."

"ဟာ .. ဘာဆိုင်လို့လဲ"

မျက်နှာကလည်း ပြောင်ပါဘိလို့ ပြောလိုက်ချင်သည်။ အချစ်
လူမသိ သူမသိ အဖြေပေးထားပြီးသော အသစ်စက်စက် ချစ်သူ အောင်ချို
ကို မကျေမနပ်ကြည့်၍ ...

"ငါတို့က သျှန်ကို လူမမာမေးဖော်မရဘူးဆိုပြီး အတိုင်အဖော
ညီညီနဲ့လေ ... ဟွန်း ..."

**"မဟုတ်ပါဘူးဟာ .. တကယ် ..."**

အောင်ချို က ရယ်ကျဲကျဲနှင့်တော့ မျက်နှာတည်တည်လေးကိုကြ
လိုက်၏။ တာ က တစ်ဝက်ကျနေသည့် ပန်းသီးဖျော်မစ်ရှိတ်ကို ရှေ့နည်း
နည်းတွန်းလိုက်ပြီး လွယ်အိတ်ကိုဖွင့်သည်။

"ဟာ .. ပိုက်ဆံရှင်းတော့မလို့လား၊ ငါတို့လာကာမှ နင်တို့ကလဲ
ခင်လို့စ,တာပါ၊ နေပါဦး .. အေးဆေးပေါ့"

တာ့ မျက်နှာလေး ဆတ်ခနဲမော့လာ၏။

"ခင်လို့လဲမစနဲ့၊ ခင်စရာအကြောင်းကိုမရှိဘူး"

"ဒီလိုတော့မပြောပါနဲ့ဟာ၊ ငါတို့က သူများအဖွဲ့တွေလို တစ်ပြေး
တည်းမဟုတ်ကြတဲ့အတွက် ပိုပြီးခင်ကြတယ်လို့ ပြောလို့ရပါတယ်၊ အ
သဖြင့် ခဏခဏ စကားများရန်ဖြစ်နေကြတော့ ခဏခဏ ပြန်တည့်
ကြိုးစားရင်း တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားမှုပိုကြတာ"





"စကားအပိုတွေမပြောပါနဲ့၊ နင်တို့ပဲ မတည့်အောင်စစလာတာ"

အသစ် က တကယ်စိတ်ဆိုးနေတာဖြစ်သည်။ ကျော်စွာ ကို သူမက
အစကတည်းက စိတ်ဝင်စားမှုရှိနေခဲ့သည်။ ကျော်စွာ ကတော့ တကယ်
ည်းစားထားနေတာလား၊ ပါးစပ်သရမ်းတာလားမသိပေမယ့် မိန်းကလေး
တွေနဲ့ ဇယားရှိတဲ့သူဖြစ်၏။

ခုကျမှ အောင်ချိုနဲ့အချစ်တို့ အဆင်ပြေသွားသလို ကျော်စွာနဲ့ သူမရဲ့
ာတ်လမ်းကို စရမှာဖြစ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ
ဒီလူတစ်ရလုံးကို မကွဲပြားစေချင်တော့ပါ။

တာ နဲ့ သျှန် တို့ မပြေလည်ကြသည့်အရင်းအမြစ်ကို ခုတ်လှဲပြုပြင်
ရ မလွယ်ကူသည့်တိုင် ဒီထက်ပိုဆိုးပြီး စိမ်းပြတ်မသွားရအောင် သူမတို့
က အစွမ်းကုန်ကြိုးစားနေကြတုန်း ...၊

မတည့်ဖို့အကြောင်းတွေ ဘာဖြစ်လို့ဖန်တီးနေကြတာလဲ ...၊

'ခင်လို့စတာပါ'ဆိုပေမယ့် သျှန့် ကို တာ က ခင်မင်လို့လက်ခံထား
တာလည်းမဟုတ်ဘဲ ...၊

သျှန် ကသာ အစလည်းသန်သည်၊ အသွားမပျက် အလာမပျက်
သည်းနေသည်။ ဒါကို ခုနလေးကတောင်ပြောနေမိသေးသည်၊ ပြောသည့်
ာ့ မျက်နှာလေးက လေးနက်မှုတွေနဲ့ပါ။

"ငါ ယောက်ျားလေးပဲဆိုပြီး ငါ့ကို အမြဲတမ်း နှစ်နှစ်နှာနှာတွေပြောဆို
အနိုင်ယူလို့ရအောင် မျက်နှာပြောင်ပြောင်နဲ့လာရောနေတာ ငါ အခု
သဘောပေါက်ပြီ" တဲ့...။

"မဟုတ်ပါဘူး တာရယ်၊ သျှန် က ပျော်ပျော်နေတတ်တာပါ၊ သူ
အစသန်သလောက် နင် ပြန်ပြောတာတွေလည်း သူ ခံရတာပဲ၊ အတေး
အမှတ်ထားသွားတာမျိုး ရှိခဲ့လို့လား"

www.burmeseclassic.com



အသစ် ကတော့ အမြဲတမ်း ပြေရာပြေကြောင်းပဲပြောတဲ့သူပါ၊ တာ က လက်မခံခဲ့ပေ။

"မိဘချင်းက စပြီး မတည့်ခဲ့ကြတာ၊ သူနဲ့ငါလဲ တစ်မိနစ်လွန်အောင် မျက်နှာချင်းဆိုင်လို့ရတာမဟုတ်ဘူး၊ အဲဒါကို သူငယ်ချင်းတွေလိုလို သူ့ရှေ့ ထင်အောင် လာရောနေတာ အဓိပ္ပာယ်မရှိတာက အဲဒီမှာ စတာပဲ" တဲ့။

ပြောနေလို့မှမဆုံးသေးခင် ရောက်လာကြသည်။ လာတာနဲ့ မတည့်ဖူး စကားသံက ရှေ့က ...၊ အောင်ချို မိန်းကလေးတွေကို အကဲခတ်လိုက်ပြီး မှ မျက်နှာကို တည်တံ့အောင်ပြင်၍ ...

"ကျောင်းတွေလဲပြီးတော့မှာကို အမုန်းနဲ့မခွဲချင်ပါနဲ့ဟာ၊ တကယ်ပါ သျှန် ဒဏ်ရာတွေများလို့ အဖျားဝင်သေးတယ်၊ ကျောင်းမတက်နိုင်တာတဲ သုံးရက်လေ၊ အဲဒါကို မေးဖော်မရလို့ သူတို့နှစ်ယောက်မတည့်တာကို စချင်တာပါ၊ မကျေနပ်လို့မဟုတ်ပါဘူး"

"ခဏနေပါဦးဟာ"

ပိုက်ဆံထုတ်ထားသည့် တာ့ လက်ကလေးကို အချစ် က ဆုပ်ကိုင် ထားလိုက်ပြီး အောင်ချို့ကို မျက်ရိပ်ပြလိုက်၏။ အောင်ချို က မသိမသာ ခေါင်းညိတ်လျက် ...

"ဒီနေ့ ငါ့မွေးနေ့လေ၊ အဲဒါကြောင့် သူငယ်ချင်းတွေစုံအောင် တမင် ကြိုးစားလာရတာ"

ပြောနေရင်း ရယ်ကာ ...

"တာ ကကျတော့ တမင်ချိန်းရင် လာမှာမဟုတ်ဘူးလေ၊ အဲဒါ ကြောင့် စုမိကာမှတော့ ထပြန်မသွားပါနဲ့ ငါ့မွေးနေ့ကို ဒါနလေးမြောက်ခွင့် ပြုပါ၊ ဟဲဟဲ ..."

"နင့်မွေးနေ့က ကိုးလပိုင်းမဟုတ်ဘူးလား၊ မနှစ်တုန်းက ..."





တာ့ စကား မဆုံးခင် အောင်ချို က ရှုံ့မဲ့လက်ကာလိုက်ပြီး ...

"မဟုတ်ဘူး .. လုံးဝမဟုတ်ဘူး၊ ငါတို့ နောက်တတ်တာ နင် သိရဲ့ သားနဲ့ .. ကောင်မလေးတွေနဲ့ နည်းနည်းပါးပါးဖယားရှိတော့ ဘာညာ တွေ ရှုံးတာတွေရယ်..."

"ခုက ဘယ်ကောင်မလေးကြောင့် မွေးနေ့ထဖြစ်သွားတာလဲ"

တာ က အောင်ချို့ကိုမေး၍ အချစ်ကို ငဲ့ကြည့်သည်။ အချစ် က ည်း အောင်ချို့ကို မကျေနပ်ဖြစ်သွားသည့်မျက်ဝန်းတွေနှင့် အောင်ချို ဘာလာလဲဖြစ်သွား၏။

"ဘယ်ကလာ .. ဘယ်ကောင်မလေးမှမရှိတော့ဘူး၊ ဒီတစ်ခါ တစ် သက်တ တစ်ဘဝ ထာဝရ လက်တွဲဖော်ပဲရွေးတာ၊ အဲ ..ရွေးမှာ၊ တကယ် ငါ ဒီ၂ သုံးဆယ်ရက်နေ့ တနင်္ဂနွေ .. ဒီနေ့ ..."

"ကြာတယ်ကွာ၊ မွေးနေ့ရှင်က အလိုက်မသိဘူး"

ကြားဖြတ်အစီအစဉ်အဖြစ် ကျော်စွာ က စားစရာတွေလှမ်းမှာသည်။ ဦးတော့ လှည့်ပြောသေးသည်။

"ဒါ အကြိုနော်၊ မနက်ဖြန် ဒဂုံစင်တာက Bakery မှာကျွေးဦးမှာ၊ ကိတ်တစ်ဝ .. မနက်ဖြန်လဲ တစ်ပြဲ ..."

တစ်ဝတစ်ပြဲကို နှားဝင်ဆိုးအောင်ခွဲခြားပြောပြီး ကျော်စွာ က ခေတ် ဒူးကိုင်၍ ...

"လောလောဆယ် ရေခွေးတစ်ဝ သောက်လိုက်ဦးမယ်"

"ဟင် .. လက်စွပ် ..."

တာ့ အသံလေးက အသံအားလုံးကိုထွင်းဖောက်ထွက်လာ၏။ စားပွဲ ဘို တစောင်းပေးထိုင်ကာ စီးကရက်သောက်နေသည့် သျှန် လက်သူကြွယ် ရာ သွမ်ရဲ့ မောင်းကွင်းလက်စွပ်လေး ...၊



www.burmeseclassic.com

www.burmeseclassic.com



အသစ်ကြောင့် ရွှေဆိုင်မှာ အပြတ်ရောင်းပစ်ခဲ့တာပါ၊ ဒါပေမယ့် ရောင်းပေးတဲ့သူက သျှန် ...၊

"သျှန် နင် အဲဒီလက်စွပ် ..."

သျှန် က လှည့်ကြည့်သဖြင့် တာ စကားမဆုံးဘဲရပ်သွား၏။

"ဘာလဲ"

"အဲဒါ ငါ့လက်စွပ်"

"ဘာကိုကြည့်ပြီးပြောတာလဲ၊ ပိုက်ဆံရှိရင် ဝယ်ဝတ်လို့ရတယ်"

သျှန့် မျက်နှာက တမင်တကာဖုံ့ပြောနေတာ အသိသာကြီး၊ ဒါပေ မယ့် ကိုယ်က ရောင်းပစ်ခဲ့တာဖြစ်သည့်ပြင် လက်စွပ်မှာ ဘာအမှတ် အသားမှလည်းမပါ။

"ငါ့ကို ခဏပြ"

"ဘာလို့ပြရမှာလဲ"

"ဒါဆို နင် မရိုးသားတာ"

"ဘာ ..."

သျှန် က ခြေချင်းချိတ်ထိုင်ထားတာကို ဖြုတ်၍ စားပွဲဘက်ကို တည့် တည့်လှည့်ထိုင်လိုက်၏။

"ဘာကိုမရိုးသားရမှာလဲ၊ နင့်ကိုလား .. လက်စွပ်ကိုလား"

"နင် ...."

ဒေါသက ဘာကိုလက်ညှိုးထိုးရမှန်းမသိ၊ အမြဲတမ်းပြောင်အိအိလေး ရှိနေတတ်သည့် နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်တုန်ယင်နေတာကို သျှန် က စိုက်ကြည့်ပြီးပြုံးလိုက်၏။

"ပုံစံတူဖြစ်သွားတာထင်တယ်၊ ဆောရီး .. ငါမေးတာ ရိုင်းသွားတယ် ဒီလက်စွပ်ကို ..."





"ရုပ်တည်ကြီးနဲ့ ညာဖြီးမနေနဲ့၊ လက်စွပ်မှာ အမှတ်အသားမရှိပေ မယ့် အဲဒါ ငါ့လက်စွပ်"

"ဇွတ်ပါလား"

သျှန် က တာ့ ကို စိတ်ပျက်ဖွယ်မိန်းကလေးပါလားဆိုသည့် မျက်ဝန်း ကျဉ်းနှင့်မျက်မှောင်ကြုတ်ကြည့်၏။ တာ က စကားပြောဖို့ပါးစပ်ပြင် မျက်နှာလေးပင့်တတ်သည့် သူမအကျင့်အတိုင်း နှာဆွဲလေးတွေ ခါသွားအောင်မော့၍ ...

"လက်စွပ်က ရောင်းပြီးသားပါ၊ အဲဒါ ဘယ်လိုလုပ် နင့်ဆီရောက်နေ တာလဲ"

"အခု ငါစွပ်ထားတော့ ငါ့လက်စွပ်ပေါ့၊ ရောင်းပြီးသားဆိုရင်လဲ အဲဒီ လက်စွပ်ကို ဘာဖြစ်လို့လွမ်းနေတာလဲ"

"နင်ကရော ဒီလက်စွပ်ကို ..."

"နင့်လက်စွပ်ပါလို့ ငါက ဝန်ခံနေလို့လား"

"ခံခံမခံခံ ငါသိတယ်"

"ထားလိုက်တော့ အဲဒါ ... အခု ဒီလက်စွပ်ကို လိုချင်လို့လား"

"နင် ဝန်ခံလေ"

"မဟုတ်ဘူးလို့ပြောနေတာ နင်ပဲ ဇွတ်ဖြစ်နေတာလေ၊ အေး .. ငါ လက်စွပ်ဝယ်ထားပြီး ဘာလုပ်မလို့လဲဆိုတာ ဒီကောင်တွေသိတယ်"

သျှန် ငဲ့ကြည့်လိုက်တော့ သက်သေအဖြစ် တရားဝင်ရပ်တည်ပြီးဖြစ် သည့် အောင်ချိုတို့မျက်ခုံးတွေ ပင့်သွားကြ၏။ သူငယ်ချင်းက တစ် ရည်းစားအသစ်စက်စက်လေးတွေ၏ မျက်စောင်းတွေကိုလည်း ပြသနာ ...၊

"မယုံရင် မေးကြည့်ပါလား၊ မောင်းကွင်းလုံးလုံးလေးဆိုတော့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွင်းလေးနဲ့တူလို့ ဌါကောင်မလေးကို လက်ဆောင်ပေးမလို့ ..."

တာ့ မျက်နှာလေး ပန်းရင့်ရောင်ဖြစ်သွားၡ၏။

"နှင် လိုချင်တယ်ဆိုရင် ..."

"သျှန် .. နှင် .. နှင် ... ပါးရိုက်ခံရတော့မယ် သိလား"

တာ ဝုန်းခနဲထ,ရပ်၏။ သျှန် က 'ဘာဖြစ်တာလဲ' ဆိုသည့် အူကြောင်ကြောင်အကြည့်နှင့် ...

"ဌါဟာငါ နေတာနော်၊ လက်စွပ်ကိုမြင်ပြီး မနေနိုင်မထိုင်နိုင်ဖြစ်သွားတာက ဘယ်သူလဲ"

"တွေ့လား ..."

"အို .. တာ ..."

တာ က လွယ်အိတ်ကို အားရိုပါးရိုလွဲမြောက်၏။ သျှန် က အပြုံးမပျက်ပေမယ့် အချစ်တို့အားလုံး ဝင်ဆွဲကြ၊ ထရပ်ကြနှင့် ရှုပ်ကုန်ကြသည် ... ကဲန်တင်းထဲက ကျောင်းသားတွေ ပြူးပြဲလှမ်းကြည့်ကြတော့ ပိုဆိုးကုန်၏။

"ဘာဖြစ်နေကြတာလဲ"

ရန်းရင်းဆန်ခတ်တွေဖြစ်နေကြသဖြင့် ချစ်နှင်းဆီ အနားရောက်လာတာကို သူတို့ မသိလိုက်။

တာ့ မျက်ဝန်းလေးတွေ တည်တင်းနေပေမယ့် ချစ်နှင်းဆီ က ကထိက ... ယောက်မို့ လွယ်ထားသည့်အိတ်ကို နေသားတကျပြန်ရှိစေပြီး မျက်နှာလွဲ ...

အောင်ချို နဲ့ ကျော်စွာ က အလွန်ရိုးသားသည့်အသွင်ဖြန့်ခင်း၍ ပြကာ ...

"ဘာမှမဟုတ်ဘူး ဆရာမ၊ သူတို့က ဒီလိုပဲ ..."

ချစ်နှင်းဆီနှင့် သျှန် တို့ မောင်နှမတော်စပ်နေခြင်းကို ခဏဖယ်ထား... ကာ ဒါက ကျောင်းဝင်းဧရိယာမို့ ဆရာမတစ်ယောက်လိုပဲ လေးလေး...





... ပြောပြသည်။

တာ ကလည်း ချစ်နှင်းဆီ ကိုတော့ မရိုင်းစိုင်းဘဲ ငြိမ်ကျသွား၏။

"ဒါဆိုလဲ ထိုင်ကြလေ၊ ဒီနေ့က သျှန့် မွေးနေ့ ဆိုတော့ ..."

"ဟင် ..."

"သျှန့် မွေးနေ့ ..."

မိန်းကလေးသုံးယောက် အံ့သြသွားကြခြင်းမှာ ...၊ တာ က သျှန့် ... နှာကို ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ချစ်နှင်းဆီ က သတိထားမိ ... ၏။

"မောင်လေးက မပြောရသေးဘူးလား၊ တို့က မွေးနေ့ရှင်က ဖိတ် ... လို့ ဒီမှာ လာစုမိနေကြတာမှတ်လို့ ..."

"မဟုတ်ပါဘူး"

တာ့ အသံလေးပဲထွက်လာ၏။ ပြီးတော့ အသစ် တို့ကို လှည့်ကြည့် ... ...

"ငါ ပြန်နှင့်မယ်"

ဟု ပြောကာ လှည့်ထွက်သွားသည်။ နှင်းဆီ က တာ့ ကျောပြင်လေး ... ကြည့်နေပြီးမှ 'ခဏ' ဟုပြောခဲ့ပြီး နောက်ကလိုက်သွား၏။

"မင်းအစ်မ စည်းရုံးရေး ရ,တော့မယ်ထင်တယ်၊ သူတို့က ဘယ်တော့လဲ"

"မသိဘူး"

သျှန် က ထွက်သွားသည့် နှစ်ယောက်ကို မှုန်ကုတ်ကုတ်လိုက်ကြည့် ... ပီကေထုတ်သည်။ ပြီးတော့ ရွှေရောင်အပတ်လေးကိုခွာနေလျက် ... ခနဲဖြစ်၏။

ထိုအချိန်မှာ အသစ်တို့ရော၊ ကျော်စွာတို့ရော နေရာအသီးသီးထိုင် ... ကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သျှန် အဲဒါ တော့ လက်စွပ် တကယ်လားဟင် ..."

"လာပြန်ပြီ"

တော့ ကိုသို တမင်တကာ လူထသတ်လောက်သည့် မတိတထိအ

နှင့် ပြောဝတ်သလောက် ခုကျ တော့ မျက်နှာ စုပုပ်ပွယလို့ ...၊

က မကျေမနပ်လေးဖြစ်သွားလျက် ...

"သူ မရှိတုန်းမေးတာပါ။ နင်ကလဲ ငါတို့အချင်းချင်းတွေကို ..."

"ဘယ်ကလက်စွပ်လဲ၊ ဘာတွေလာဖြစ်နေကြမှန်းမသိဘူး"

ပီကေကို ပါးစပ်ထဲထည့်လိုက်ပြီး ကိုယ်ကိုကြွကာ စားပွဲဘက်

ခုံပါရွှေ့၍ ဆောင့်ခနဲလှည့်လိုက်၏။

"စားစရာရှိတာစားကြ၊ ဘယ်သူ့အကြောင်းမှမမေးနဲ့"

"အံမယ် အဲဒီလိုကြီးကျွေးရလား မွေးနေ့ရှင်က၊ ငါတို့က စားချင်

လို့ရောက်လာတာကျနေတာပဲ၊ တာနဲ့ဆရာမ အေးဆေးပြောပါစေ

နေခဲ့ပေးတာ သိလား"

"ကဲပါ အသစ်ရာ တာ ထွက်သွားလို့ ဒီကောင် ဝေါက်တော

တောက်ဖြစ်နေတာပါ"

"ဘာ ..."

"မသိစိတ်ရဲ့ဒေါသဆိုတာ အဲဒါ ..."

"သေလိုက်ပါလား .. မင်း ..."

အောင်ချို က သျှန့် မျက်နှာကိုလှည့်မကြည့်ဘဲ ပြောနေတာကိုလ

မရပ်။

"နင်တို့နဲ့ တာ ပါမလာမှာစိုးလို့ သူ့မွေးနေ့ကို မပြောဘဲ ..."

"ဖိုးချို ..."

သျှန့်မျက်နှာကြီးတင်းလျက် အောင်ချို့အကျီရင်ဘတ်စကို ဆိုင်





လှမ်းဆောင့်ဆွဲ၏။ အောင်ချို က မျက်လုံးပြူးလျှာထွက်နေသည့်

င်လုပ်ပြကာ ...

"ဒီမွေးနေ့လို့ ငါ ညာပြောတာ၊ ငါ ညာတာပါ။ မင်း ညာတာမဟုတ်ပါ

ဒါ .. ငါ .. လွှတ်ပါဦး"

တမင်တကာ သူ့ကိုနှုတ်နေတာမှန်းသိနေသဖြင့် သျှန် က လက်ကို

င့်လွှတ်သည်။

"ကြည့်လုပ်"

ာ ထပ်ကြိမ်းတော့ ကျော်ဖွာက အမြင်ကတ်သည့်နှုတ်ခမ်းတွေကို

"မမြင်မစမ်းနဲ့ ဘာလုပ်လို့ရတာရှိလဲ၊ မင်းကျမှ ..."

သျှန် လှည့်ကြည့်လိုက်တော့ စကားက ဒီမှာတင်ရပ်၏။ ဒီကောင်က

တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"လူကြီးတွေရှိခဲ့ကြတဲ့ပြဿနာကတော့ လောလောဆယ် ဖျက်လို့မရဘူးပေါ့ ညီမလေးရယ်၊ ဒါပေမယ့်လေ တို့တွေက အတွေး ကျယ်ပြန့်နေပြီဖြစ်တဲ့ခေတ်ထဲက လူငယ်တွေပဲ၊ ခုလိုမျိုး ရန်ငြိုးရန် ကို မျိုးရိုးစဉ်ဆက် တာဝန်ကျေကျေလက်ဆင့်ကမ်းထိန်းသိမ်းနေတဲ့ မယူမသည်းသင့်ဘူး၊ တို့က ပြေပါ ကျေပါလို့ပြောနေတာမဟုတ်ဘူ ဘယ်ဘက်မှာမှ အကျိုးမရှိတာကို ထောက်ပြတာ"

တာ မျက်လွှာချလျှောက်နေရင်းကနေ ခြေစုံရပ်ပစ်လိုက် သချိုင်းဆောင်ရှေ့က ကားလမ်းမထက်မှာဖြစ်သည်။ ပါးစပ်ထဲမှာ တာတွေအပြည့်နဲ့ပေမယ့် နောက်တွဲဆံထုံးပြည့်ပြည့်လေးမှာ ရွှေ စပ်ကျားနှင့်သစ်ခွပန်းလေးပန်ထားသော နှင်းဆီ မျက်နှာလေးကို လိုက်တော့ ဘာစကားမှ ရုတ်တရက် မထွက်နိုင်။ ရွှေအိုရောင်ဒူးနှ ပါတိတ်ကို သနပ်ခါးရောင်အပေါ် ထပ်အင်္ကျီ လက်ရှည်ပါးလေးနှင့် ထားသဖြင့် မဟာဆန်ဆန် ကျက်သရေရှိနေလျက် ...။





"ဆရာမကို တာ လေးစားပါတယ်"

"မလေးမစားကျနိုင်တဲ့စကားလုံးတွေ ပြောမလို့ အားနာနေတာ င် မနာပါနဲ့ မမနှင်းလို့ပဲ လွတ်လွတ်လပ်လပ်ခေါ်ပြီး ပြောစရာရှိတာ ပြောနိုင်ပါတယ်၊ တို့ကတော့ ဖွဲ့နဲ့လက်ထပ်ဖို့ဆုံးဖြတ်ပြီးတဲ့နောက်က တွေ့နိုင်မှာ မပြေလည်မှုများစွာကြောင့် ကျရောက်လာနိုင်သမျှ ချမ်းသာစရာ၊ စိတ်ညစ်စရာအားလုံးကို ဘယ်လောက်ထိ ရင်ဆိုင်နိုင် ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးခဲ့တယ်"

"ဒါဆိုရင် ဆရာမ လုပ်ပါ၊ တာ ကတော့ ကိုကြီးနဲ့ ဆရာမကိစ္စကို နိုင်သည်ဖြစ်စေ၊ မကျေနပ်နိုင်ဘူးဖြစ်စေ ဖေဖေ့သမီးဖြစ်နေတဲ့အတွက် ဖေ့သဘောအတိုင်းပဲရှိနေမှာ"

နှင်းဆီ မျက်နှာလေးမှာအေးရိပ်သမ်းသွားသည်။ တာ ကတော့ ယ်ပေမို့ လွတ်လပ်ပွင့်လင်းစွာဆွေးနွေးကြည့်လျှင် ရနိုင်သည်ဟု သူမ တ်ခဲ့မိတာဖြစ်သည်။ လူကြီးမိဘများ၏ ရန်စမီးကို သားသမီးဆိုသည့် တ်အလက်တွေက စ၍ ငြိမ်းသတ်ငြိမ်းချမ်းစေလိုတာ စေတနာအရင်းခံပါ။

သူမနဲ့ဖွဲ့အတွက်က ဘယ်ဘက်ကလူကြီးတွေပဲ သဘောတူတူ မတူ လက်ထပ်ကြဖို့ ခိုင်မာစွာဆုံးဖြတ်ခဲ့ပြီဖြစ်၏။ ကိုယ့်ကြောင့် လူကြီးတွေ စိတ်မဆင်းရဲစေချင်သလို မငြိမ်းချမ်းခဲ့ရင်တောင်မှ ဒီအခြေအနေထက် ိုးမသွားစေချင်။

"ညီမလေးကို တစ်ခုတော့မေးချင်တယ်"

"ဟုတ် .. မေးလေ"

"ဖွဲ့နဲ့တို့ လက်ထပ်ပွဲက ကြီးကြီးကျယ်ကျယ်ဖြစ်သွားမှာတော့မဟုတ်ပါ ဒါပေမယ့် မင်္ဂလာမည်ချင်တယ်လေ၊ အဲဒါကြောင့် နှစ်ဖက်မိဘ ဘယ်ဖ မပါပါ နှစ်ဖက်က အရင်းအချာတစ်ယောက်စီတော့ ရှိစေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီက တာ့ မျက်နှာလေးကို အကဲခတ်၏။ တာ က ဘာမှမ ဘဲ ငြိမ်နေမှ ...

"လက်မှတ်ထိုးရုံပဲဖြစ်ဖြစ်၊ ညှိခံပွဲလေးတစ်ခုခုလုပ်သည်ဖြ ညီမလေးကတော့ ညီမလေးအစ်ကိုအတွက် တက်ရောက်ချီးမြှင့်မယ် ထင်တယ်၊ ဖြစ်နိုင်မယ်မဟုတ်လားဟင် ..."

"ဟင် ..."

ဒါကို မဖြစ်နိုင်ပါဘူးလို့ပြောပြီးသား ...၊ ဘာကြောင့် ဒီလိုမေးခွန်း မေးလာတာလဲ၊ ပြောဖို့ရှိပေမယ့် ပြောမထွက်နိုင်ဘဲဖြစ်သွား၏။တက ဆို လူကြီးချင်း ပြဿနာရှိခဲ့ကြတာမှန်သော်လည်း မည်းမည်းမြင်သ ရန်သူလိုမုန်းတီးရန်ငြိုးဖွဲ့နေရလောက်အောင်တော့ ရင်ထဲမှာမရှိခဲ့တာ

"ပြောပါ၊ တို့ကတော့ လေးလေးနဲ့ သားအဖမဟုတ်လို့လို့ ပြော ခံရမှာပဲ၊ ဒါပေမယ့် တို့ကိုယ်တို့သိနေတယ်၊ တို့ရင်ထဲမှာ အဲဒီလိုအကြော အရာတွေနဲ့ပတ်သက်ပြီး အငြိုးထားတာတွေ၊ မုန်းတီးတာတွေ ဘယ်တု ကမှကိုမရှိခဲ့တာ၊ အဲဒါ လေးလေးတို့နဲ့အတူလာနေစဉ်အချိန်ကတည က်ပါ၊ ပြီးတော့ ရန်ငြိုးတွေပြေစေဖို့မဟုတ်ပေမယ့် တို့ရဲ့ပေါင်းစည်း ကြောင့် အားလုံး ငြိမ်းချမ်းသွားစေချင်တယ်၊ ဒီလိုမဖြစ်ခဲ့ရင်တောင် အခြေအနေတွေ ပိုဆိုးမသွားရအောင် ..."

"အဲဒါကို တာ က ထိန်းထားနိုင်မယ်လို့ ဆရာမ ထင်လို့လား"

"အင်း ... အဲဒီလောက်တော့မျှော်လင့်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော သျှန် နဲ့ တာ က ဒီနှစ်ဖက်ရဲ့ ရင်သွေးရတနာတွေလေ၊ တို့ကတော့ အ အဖျားက အကိုင်းအခက်တွေပါ၊ တကယ်လို့ တာ က ဒီပွဲကို တစ်ဖက်တ လမ်းက ပါဝင်လိုက်တယ်ဆိုရင် လူကြီးတွေရင်ထဲမှာ ထူးခြားတဲ့လှုပ် မှုတစ်စုံတစ်ရာဖြစ်သွားမှာ အမှန်ပဲ"





"တာ ကတော့ မထင်ဘူး"

"ပြောလေ .. ပြောပါ"

တာ က သချာ ဘောင်ဘက်ကို အဓိပ္ပာယ်မဲ့ကြည့်ရင်း လွယ်အိတ်ကို ဖြုတ်ချပြီး ရင်ခွင်ထဲမှာပိုက်သည်။

"အားလုံး ဒီထက်အများကြီးဆိုးသွားမှာ၊ တာ လှုပ်ရှားနိုင်ဖို့လဲ လွယ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးရဲ့လှုပ်ရှားမှုကို မနှောင့်ယှက်ပေ ယ့် မကူညီနိုင်အောင် ပိတ်ဆို့ထားမှုတွေကို ခုတည်းကလုပ်နေတာ"

"သြော် ..."

နှင်းဆီ က စိတ်လျှော့တာမျိုးမဟုတ်ပေမယ့် ပြောဖို့စကား မရှိတော့ လို ပင့်သက်လေးရှိုက်၏။

"သိပါတယ်၊ ဒီဘက်မှာလဲ ထိုနည်းနှင်နှင်ပဲလေ၊ တို့ ခုပြောတာက ကြီးတွေနဲ့ လုံးဝမသက်ဆိုင်စေတဲ့ နားလည်မှုတစ်ခုခုပါ၊ ညီမလေး က်မှာ သိပ်ခက်ခဲနေရင် ရပါတယ်၊ ဒါပေမယ့် အဲဒီနေ့မှာ အတတ်နိုင်ဆုံး နိုင်အောင်တော့ ခေါင်းထဲမှာထည့်စဉ်းစားပေးပါ၊ ဖွဲ့နဲ့တို့ အတူ မျှော် င့်နေမယ်"

တာ ခေါင်းမညိတ်မိပေ။ ဒါပေမယ့် မငြင်းဖြစ်လိုက်တာ သေချာ၏။ ဒါဆို ကိုကြီးက တကယ်လက်ထပ်ဖို့ သတ်မှတ်ရက်တောင်ချိတ်လိုက်ပြီပေါ့။

ရဲဟဲ့သူ မင်းဖြစ်တယ်ဆိုတာမျိုးလား၊ ကိုကြီး ရဲရဲတင်းတင်းဆုံးဖြတ် က်လိုက်တာ မင်းဖြစ်ဖို့တော့ မဟုတ်ပေမယ့် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ရန်ကုန်က မင်္ဂလာခန်းမမှာ အကြီးအကျယ်ဆောင်သတဲ့၊ ဟွန်း ... ဒါ ဘယ်လူကြီးမှ မပံ့ပိုးကြလဲဖြစ်တယ်ဆိုတာကိုပြပြီး သက်သက်ပြော ကားတာ ..."

"ဖြစ်ရလေ ရွှန်ရယ်၊ ရပ်ကွက်မှော်ရုံမှာဆောင်မယ်ဆိုတော့လဲ ဒီ ကောင်မျိုး ဒီလောက်အဆင့်ပဲရှိမှာပေါ့လို့ ဘယ်သူပြောတာလဲ"

"ဟာ .. ငါပြောတာ ဘယ်သူကြားလို့လဲ"

"ဟိုကပြောတဲ့စကားတောင် ဒီကိုရောက်လာသေးတာ ဒီကစကား ကို ရောက်တာ ဆန်းလို့လား"

"ဒါဆို ဒီအိမ်မှာ အတွင်းစည်းပေါက်နေပြီ"

"ဟုတ်တယ် .. ဟုတ်တယ် ပေါက်နေပြီ၊ အဲဒါ လိုက်ဖာဖို့ ပွေးညာ လေး ဘာလေး ရှာထား"





စိတ်ပေါက်ပေါက်နှင့် ထ,ထွက်လာခဲ့တော့ ဦးပညာချွန်နောက်ကနေ အဲ့မောနဲ့ ပါလာ၏။

"မင်းက ဘာလဲကွ၊ ဒီကိစ္စတွေပြောလိုက်ရင် ဘယ်တော့မဆို အဖြူ အညည်းလုပ်တယ်၊ ငါတို့ ဘယ်လောက်ထိတိုက်ခိုက်ခဲ့ကြတာ မင်း သိ သယ်နော်"

"သိတယ်လေ၊ အဲဒါကြောင့် အဓိပ္ပာယ်မရှိတာကို ပြောချင်နေတာ"

"ဘာကွ"

ဒေါ်သက်သက်တင်က ခြံထဲထိဆင်းသွားပြီးမှ ဟိုဘက်ခြံကိုမြင်ရ သည့်နေရာအရောက်မှာ ရပ်ပစ်လိုက်၏။ ပြီးတော့ ကိုယ့်ဘာသာ မသိ သော ပြန်ဆုတ်လာခဲ့ပြီး ဟိုဘက်ကို မမြင်နိုင်သည့်တော်ရာမှာပဲရပ်သည်။

ဒီယောကျ်ားနှစ်ယောက်က ပြောလို့ရတာမဟုတ်၊ တစ်ယောက် အသံကြားတာနှင့် တစ်ယောက်က ပုဆိုးမ,ပြီးသား၊ ခါးထောက်ပြီးသား။

"ဘာလဲ .. မင်းရဲ့အဓိပ္ပာယ်တွေကိုပြောစမ်းပါဦး"

ဦးပညာချွန်ကတော့ ဒေါ်သက်သက်တင် နေရာရွေးလိုက်တာကို သတိထားမိပုံမရှိပေ။ ဘယ်ဘက်ကိုလှည့်နေနေ မျက်နှာလှည့်ရာကို လိုက်၍ သိချင်တာကို မရမကမေးသည်။ ဒေါ်သက်သက်တင်က သူနှင့် မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်ကာ ...

"ရှင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နာကြည်းချက် တွေနဲ့ဖြစ်ခဲ့ကြကာ ဘာရှိလဲ စဉ်းစားစမ်းပါ"

ဦးပညာချွန် ငြိမ်သက်စွာစိုက်ကြည့်နေ၏။

"တကယ်တမ်းနာကြည်းချက်တွေထားသင့်တာက သက်နဲ့မိမိရယ်"

"ပြောစမ်းပါဦး"

"ပြောမှာပါ၊ ပြောလိုက်ရင် ရှင်ကြီးက အတွေးအခေါ်တွေရင့်သန်



www.burmeseclassic.com

www.burmeseclassic.com



လွန်းတော့ မင်းတို့ရင်ယဲမှာ အဲဒီလိုတကယ်ရှိနေတာလားလို့ အဲဒ ပေါက်ပြီး နောက်ထပ်ပြစ်ချက်တစ်ခုသပ်ဖြစ်မှာစိုးလို့ ပါးစပ်ပိတ်နေခဲ့တာ

"တွေးသင့်ရင် တွေးရမှာပဲ၊ မင်း အစ်ပွားယ်ရှိအောင်ပြောပေါ့"

"သိပ်ရှိတာပေါ့ ချွန်ရဲ့၊ အစ်ပွားယ်မဲ့နေကြတာက ရှင်တို့ပဲဟာ၊ မိန်း နှစ်ယောက်ကို တစ်တွဲစ်ယူလိုက်မကြပြီး ကျိုက်မနိုင်ခဲမရတွေ့ ရှင်တို့ ခဲ့ကြတာ"

"အဲဒီလိုတော့မဟုတ်ဘူး၊ လုပ်လိုက်"

"ဘာလို့မဟုတ်ရမှာလဲ၊ ကိုယ်က သောင်းကျန်းမလို့ပြင်တုန်း ရှင် က ထသောင်းကျန်းနေကြဖို့ စိတ်ကောင်းလေးမွေးပြီး ကြည့်နေလိုက် တာ၊ မိမိလဲ ဒီလိုပဲနေမှာ"

"အံမာ .. ဟိုကစ်ယောက်ကိုတောင် လှမ်းပြီး စာနာပေးနေသေး တယ်"

"သက်တို့က အရိုက်လဲခံရသေးတယ်၊ မျက်ရည်ကျခွင့်လဲမရတဲ့သူ မျိုး၊ ဟွန်း .. ပြောလိုက်ရရင် ရှေ့မှာ ပြေးထိုင်ပြီး ဦးသုံးကြိမ်ချချင်စိတ် ပေါက်သွားဦးမယ်"

"မင်းနော် ..."

လက်ညှိုးထိုး၍ 'မင်းနော်' ပြောလိုက်ရပေမယ့် လေသံက လျော့ လျော့ရဲ့၊ ဒီလိုပြန်ပြီး အယုပ်ဖြေကြမည်ဆိုလျှင် ဇနီးသည်တွေကို အား စရာကောင်းသည့်ပြစ်ချက်တွေ သူတို့မှာ တကယ်ရှိနေတာပါ။

ဒါကြောင့် ပြန်လည်တူးဆွလာတာကို မျက်နှာပူမိတာ အမှန်ပင်။

ဟက္ကသိုလ် အတူရောက်ကြတော့ အလွန်ချစ်ကြသည့် သူငယ်ချင်း နှစ်ယောက်ချင်း တူညီနေကြသော ပညာချွန်နဲ့ သက်တင်ဇော်၊ မိမိတာ နဲ့ သက်သက်တင်။





ထိုလေးယောက်တို့ ထူးဆန်းစွာခုံစည်းမိကြ၏။ ပညာချွန် က သက် သက်တင်နဲ့ ဦးဆုံး ခုံခဲ့ကြတာဖြစ်ကာ လေးယောက်မှာ သူမတစ်ယောက် ခဲ အားလုံးထက် တစ်နှစ်ကြီးသည်။

ပညာချွန်၊ သက်သက်တင်နှင့်မိမိတာတို့က လေးလပိုင်းမွေးကြတာ ချင်းတူသည့်ပြင် ပညာချွန်က လေးလပိုင်းဆယ့်ရှစ်ရက်ဖြစ်လျက် သက် တင်ဇော် က ဆယ့်ကိုးရက်၊ မိမိတာက နှစ်ဆယ်ရက်မို့ တစ်ရက်စီပဲ ကွာခြား၏။

ထို့ကြောင့် သက်က ဟိုတုန်းကတည်းက ချွန်၊ ဇော်၊ မိမိလို့ အသက် ကြီးသည့်လေသံနှင့် တယုတယဆက်ဆံတတ်၏။ မိမိက အော်လိုက်၊ စိတ်ဆိုးလိုက် ခဏခဏဖြစ်တတ်သလောက် သက်က နားလည်လိုက် လျှောခဲ့တာပဲများသည်။

အထူးသဖြင့် ပညာချွန်အပေါ် မှာဖြစ်၏။

"ချွန်က မိမိကို စိတ်ဝင်စားနေတာလားဟင်"

သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းဖြစ်နေကြတာမှာ ဘယ်သူ့ကို ဘယ်သူ ကမှ ဖုံးကွယ်ထားတာမရှိ။ သက်က ဒီတိုင်းမေးလိုက်တော့လည်း ချွန် က ဝန်ခံသည်။

မိမိက နှစ်ယောက်စလုံးအပေါ် မှာ တူညီစွာခင်တွယ်နေမှန်းလည်း သက်က သိနေခဲ့၏။ ထို့ကြောင့် သက်ပြင်းချနေခဲ့လည်း။

"မိမိက ဘာမှန်းမသိဘူးဟာ၊ ငါမေးတာလဲမဖြေဘူး။ ဇော့်ကိုလဲ ဒီတိုင်း ပဲ ပြောလိုက်ရင် သူငယ်ချင်းလိုနေမယ် .. ဒါပဲ၊ သူငယ်ချင်းလိုနေရအောင် သက်ချင်းတွဲပြီး ပြေးလွှားဆော့နေကြတဲ့အရွယ်တွေလား၊ ကျောင်းတော့ပြီး ရင် ဝေးပြီ"

သူ ညည်းလွှန်းမှ သက်က လူကြီးလေသံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေလိုပဲနေသွားတော့လဲ မလွမ်းရတော့ဘူးပေါ့၊ နင်တို့နှစ်ယောက် တစ်ယောက်ယောက်ကျန်ရစ်ဖြစ်မှာထက်စာရင် ..."

"ဟ.. နှစ်ယောက်ပူးနဲ့လက်ထပ်လို့ရတာမှမဟုတ်တာ၊ တစ်ယောက်ကတော့ လွမ်းရမှာပေါ့"

"အဲဒီတစ်ယောက်က နင်ဖြစ်နေရင်ရော ..."

"သက် .. နင် တစ်ခုခုကို သိထားသလိုပဲ၊ ပြောစမ်းပါ၊ မိမိဘက်က သဘောထားတစ်ခုခု နင့်ကိုပြောပြထားခဲ့တာ ရှိလား၊ သူ့ရင်ထဲမှာ ဘယ်သူက ..."

"အဲဒီလောက်မသိဘူး၊ နင်တို့သိတာထက် နည်းနည်းလေးပဲ ငါ ပိုသိတာပါ၊ ဒါပေမယ့် သူပြောတဲ့စကားမဟုတ်ဘူး"

"အဲဒါကိုပဲပြောစမ်းပါ"

"သူ ဘယ်သူ့ကိုမှရွေးမှာမဟုတ်ဘူး"

"ဘယ်လို ..."

"အဲဒါ သေချာတယ်၊ ထပ်သေချာချင်ရင်တော့ သူ့စကားကိုကြားအောင်ကြိုးစားပေါ့"

"ဒီလောက်ရွေးရခက်နေလောက်အောင် ဇော်နဲ့ငါက အီကွေးရှင်းဖြစ်နေသလား"

ယယ်ပေါင်းကြီးဖော်သူငယ်ချင်းမို့လို့ ဇော့်ကို ဘယ်လောက်ပဲချစ်ခင်တွယ်တာသော်လည်း ပြိုင်လာပြီဆိုရင်တော့ နိုင်ရမှ ...၊ ထို့ကြောင့် –

"မိမိက ငါ့ကို အဖြေပေးဖို့ချိန်းလိုက်ပြီ"

စပြီးမရိုးသားခဲ့တာ သူပါပဲ။ ဤသို့ပြောလိုက်ချိန်မှာ ဇော့် မျက်နှာတစ်ခုလုံး တစ်စစီ တစ်ဖဲ့စီပြိုကျကုန်တော့မတတ်။

"မင်း တကယ်လား"





"ဒါ လိမ်လို့ရတဲ့ကိစ္စလားကွ .. အဟွန်း"

သူ ပစ်လိုက်တုန်းကတော့ ဇော့် နှလုံးသားကို တည့်တည့်ထိသွားဖို့ဖြစ်ပေမယ့် မြားက ဇော့်ဆီမရောက်ဘဲ သူ့ထံပြန်လှည့်လာခဲ့သည်။ အဖြစ်က ရိုးရိုးလေးပါ။

ဇော် အသည်းကွဲပြီး အရက်တွေဖိလိုမ့်သောက်လာတော့ မိန်းကလေးနှစ်ယောက်က မနေနိုင်။ မိမိက ပိုလှလို့ သွက်သွက်ထက်တက်လေးမို့ မိမိကိုပဲ စိတ်ဝင်စားနေကြပေမယ့် သက်ကိုလည်း၊ သူတို့နှစ်ယောက်စလုံး တွယ်တာခဲ့ကြတာပဲဖြစ်သည်။

ဘာဝေဒနာ၊ ဘာပြဿနာပဲဖြစ်ဖြစ် သက်ကို လိုက်ရှာဆွဲခေါ်ပြီး တစ်နေရာရာမှာ ရင်ဖွင့်သည်။ သက်က ဖျောင်းဖျဖြေရှင်းတာကို နာခံကြ၏။ ဘာကိစ္စဖြစ်ဖြစ် ဒါဟာ သက်ကိုယ်တိုင် ခုံးဖြတ်ပေးလိုက်တာဆိုလျှင် နှစ်ယောက်စလုံး ကျေနပ်သွားတတ်ကြသည့်အကျင့်ကလေးတစ်ခု အရိုးစွဲခဲ့ကြသည်။

ဇော် အရက်တွေမူးလာပြီး ခံစားနေရသမျှပြောလိုက်၊ ခေါင်းစိုက်သွားလိုက်နှင့်၊ ငိုသံတွေပါနေတော့ သက်က အဖြစ်ကိုသိသွားခဲ့၏။

ထို့ကြောင့် မိမိကို အကြောင်းကြားသည်။ မိမိကလည်း အပြေးရောက်လာခဲ့သည်ပင်။

သူမတို့ ခင်တွယ်ခဲ့ကြသည့်ကာလ အစကတည်းက ...

'ငါတို့က မိန်းကလေးတွေနော်၊ နင်တို့ကိုပြောထားမယ်၊ ယောကျ်ားလေးပဲဆိုပြီး ဘာဒေး ညာဒေး ဆိုတာတွေ အကြောင်းပြပြီး သောက်တာစားတာ လုံးဝမလုပ်ရဘူး၊ သောက်လာပြီဆိုရင် အဲဒီနေ့က နောက်ဆုံးပဲ'

ဟု စည်းခြားသတ်မှတ်ထားခဲ့၏။ ထို့ကြောင့် အသောက်အစားမှာ ဝါသနာမထုံခဲ့ကြသော ဗွန်နဲ့ဇော်တို့က ခိုင်မာစွာ ကတိပေးကြခြင်း ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ ရုန်းနှောင်ခဲ့ကြသည်။ ခုလို ခေါင်းမထူနိုင်အောင်သောက်နေပါသည် ဆိုတော့ ကရုဏာဒေါသတွေရော အပြတ်ပြောမည်ဟုကြိမ်းဝါးခဲ့တာတွေ ရော အားလုံးကို ပိုက်ဖွေ့ပြီး မိမိ ရောက်လာခဲ့ခြင်းဖြစ်၏။'

သို့သော် အသိတရားတွေ ကင်းလွတ်အောင်မူးနေသည့် ဇော်က မိမိ ရောက်လာပြီး ထုရိုက်ရန်တွေ့နေခြင်းမှာ ဒေါသအစား တခြားပေါက်ကွဲ ခြင်းတွေဖြစ်သွားခဲ့ရင်း ...

"ငါ .. ငါသိပ်ချစ်တယ်၊ ငါမှားတယ်ဆိုရင် ရိုက်ပါ၊ ဒီထက် နာကျင် အောင်ရိုက်လိုက်ပါ မိမိရယ်၊ ငါ နှင့်ကိုချစ်လွန်းလို့ပါ"

"အို.. ဘာလုပ်တာလဲ၊ ဇော်နော် .. နင် လွှတ် ငါ့ကို .. လွှတ်လို့ပြော နေတယ် .. ဇော် ..."

မိမိနဲ့ဇော် ဥဒါးကြလေသကည်းဆိုသောသတင်းကို ချွန် ဘယ်လိုမှ မယုံနိုင်၊ သိလိုက်တာက ဒီဇာတ်ပေါင်းခန်းဖြစ်မြောက်သွားခြင်းမှာ သက် က ဒါရိုက်တာဟု ...၊

"ဘာဆိုင်လို့လဲ .. ငါက ..."

"ငါ မလုပ်ခဲ့ဘူး၊ ငါ လုံးဝမပါဝင်ခဲ့ဘူးလို့တော့ မငြင်းနိုင်ဘူးမဟုတ် လား၊ လုပ်ပါ .. ငြင်းစမ်းပါ"

"မငြင်းဘူးလေ၊ ဒါပေမယ့် ငါ ဒီလိုဖြစ်အောင်လုပ်တာမဟုတ်ဘူး ဖြစ်သွားတာကတော့ နင့်ရဲ့မကောင်းကျိုးပဲ ချွန်"

"ဘာ ..."

"ဟုတ်တယ်၊ နင် မဟုတ်တဲ့စကားတွေနဲ့ ဇော့်ကို ချွန်ပေးလိုက်တာ၊ အရက်တွေသောက်ပြီး ခတွေ့ကြလို့ ခုလိုဖြစ်ကုန်တာ၊ ဇော့်အဖြစ်ကို မကြည့်ရက်လို့ မိမိကို ငါက သွားခေါ်ပေးလိုက်တာ မှန်ပေမယ့် ..."

"ရှြို .. အဲ့ဒါကိုပဲသိချင်တာ၊ ဒီဇာတ်ကိုရေးတာ နင်ပဲဆိုတာ အခု





...ပြီလား"

"မလိုပါဘူး၊ သူများကိုညစ်ဖို့ကြံစားရင် ကိုယ့်ကို ပြန်ပတ်တတ် ...ယ်ဆိုတာပဲ နင့်တစ်သက်လုံးမှတ်သွားလိုက်တော့၊ ကြည့်တတ်မယ်ဆို ... မြင်ပါတယ်၊ ဒါ အရှမ်းကို သံဝေဂရစရာကောင်းတဲ့ လောကရဲ့ ...လက်တွေ ..."

အံကြိတ်၍ ခပ်ကြိတ်ကြိတ်တက်ခေါက်နေသော ချွန့်ရင်ထဲကအငြိုး ... သက်က ဂရုမစိုက်မိ။ ဘာကယ်တော့ ချွန် ခပ်တွေတွေဖြစ်လာသာကို ... အရက်တွေ မျိုချလာခဲ့တာဖြစ်၏။

အကြောင်းရင်းသည် သက် ဆိုသည့် လူငယ်အမျိုးသမီးဒါရိုက်တာ ...လေးတစ်ယောက်ကို သည်းထိတ်ရင်ဖို ဇာတ်လမ်းလေးတစ်ပုဒ် ကိုယ် ...ကပြတင်ဆက်ဖို့ ...၊

"ဟုတ်လား၊ ထားလိုက်ပါတော့၊ နောက်ထပ် ပွဲလက်တွေ ထပ်ရှိ ...သေးတာရော စိတ်မဝင်စားဘူးလား"

"ဘာ ..."

"စိတ်ဝင်စားတတ်အောင်ပြောပြမလို့ပါ၊ မြွေအလမ္ပာယ်ဆရာ မြွေ ...ပါက်ခံရလို့သေတယ်ဆိုတဲ့စကား ..."

"နှင် ..."

နောက်ထပ် အရှုံးပေးခဲ့ရသည့်တစ်ယောက်က သက် ဖြစ်လေသည်။ ...ရက်တွေသောက်၍ သွေးကြွနေသော ချွန်သည် သက်ကို မချစ်ဘဲနှင့် ...မ်းပိုက်ပစ်ခဲ့၏။ အားလုံး ပြီးဆုံးသွားချိန်မှာ အလွန့်အလွန် မျက်နှာပူ ...နေခဲ့ကြပြီး တခမ်းတနား လက်ထပ်လိုက်ကြခြင်းဖြင့် အိမ်ထောင် ...ည်တွေကိုယ်စီဖြစ်သွားခဲ့ကြ၏။

သူငယ်ချင်းလေးယောက်ဘဝမှာတော့သည်းက မိန်းကလေး နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ချွန်နဲ့ဇော်တို့အပေါ်မှာ ဘယ်သူ့ကိုမှ ပိုသာခြင်းမရှိသော
တွယ်တာမှုတွေထားခဲ့ကြတာမို့ ဖြစ်သမျှအကြောင်းတွေအတွက် ဘ
သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုသော နာကြည်းမှုတွေ မထားခဲ့ကြ
ထားခဲ့ကြတာက ချွန်နဲ့ဇော် ...။

"မင်း မရှိးသားခဲ့လို့ဖြစ်ကုန်တာ"

ဇော်က သူ့အပြစ်လွတ်အောင် ရန်းထွက်၏။

"မင်း ဒီလိုဆင်ကြံကြံမယ်မထင်လို့ ပြောခဲ့တာပေါ့၊ ငါက ပါးစပ်
ရှုံပဲမှားခဲ့တာကို မင်း ယုတ်မာလို့ ..."

"မင်း ယုတ်မာတာက ပိုတယ် ချွန်၊ သက် က သနားစရာ"

"သနားရင် ပြန်လဲမလား၊ သက်ကို မင်းယူ၊ မိမိ ကို ပြန်ပေး"

ဤသို့သောစကားတွေ ပြောဆိုပုတ်ခတ်ရင်း ကိုယ့်ရဲ့ဇနီးမယား
ကို မျက်နှာရှေ့ထား၍ အားမနာစတမ်းရန်ဖြစ်ခဲ့ကြတာ အိမ်ထောင်သ
တမ်းတစ်လျှောက်လုံးဖြစ်သည်။

ဒါတွေကို သက်ကလည်း ဖျောက်ဖျက်ခဲ့ရှာသည်။ မိမိကလည်း
ဘဝကို အမှေ့သိမ်းပိုက်လေခြင်း'ဆိုသည့် နာကြည်းချက်နှင့် ဇော့်အ
မောက်မာတာမရှိ။

ဟိုတုန်းက ပြဿနာတွေရှိခဲ့တာကို မသိတဲ့သူဆိုလျှင် သူတို့စုံတွဲ
ဟာ အလွန်လိုက်ဖက်အဆင်ပြေကြသည့် စုံတွဲတွေဖြစ်နိုင်၏။

ဒါတွေဟာ ကြာတော့ကြာခဲ့ပါပြီ။ ပြီးခဲ့သမျှကိုပြန်တွေးရင်း မပြီး
နိုင်ဖြစ်နေခဲ့သော ကိုယ့်အဖြစ်တွေကို ဦးပညာချွန် ပြန်တွေးမိနေသည်
ပြောခဲ့သည့်စကားသံတွေ၊ လှုပ်ရှားခဲ့ပြီးသည့်ပုံရိပ်တွေ၊ အားလုံး
ရုပ်ရှင်ပြကွက်တွေလို ထင်ထင်ရှားရှားရှိနေဆဲဖြစ်သည်က ခိုင်လုံသ
အကြောင်းတော့ နည်းနေပြီဖြစ်၏။





သို့သော် ဇော် ဆိုသည့်ကောင်ကို ကြည့်လို့မရတာက ပျောက်မသွား
ို သက်ကိုလည်း သူ မြတ်နိုးနေပြီ။ မိမိကိုလည်း ဟိုတုန်းက သူယ်
တစ်ယောက်လိုပဲ သန့်စင်စွာမြင်တတ်ခဲ့ပြီဖြစ်သော်ငြား ရင်ဆိုင်မိတာ
ယှဉ်ပြိုင်ချင်စိတ်တွေပဲဖြစ်လာတတ်တာ ဘယ်လိုဖျောက်မလဲ။

အတွေးထဲမှာ ခဏတစ်ဖြုတ် နစ်မျောသွားခဲ့ပြီးမှ ကိုယ့်ဘေး ပတ်
ကျင်မှာ တိတ်ဆိတ်နေတာကို သတိထားမိသွားသည်။

တစ်ဆက်တည်းမှာ သက် ဘယ်လောက်ဒေါကန်သွားပြီဆိုတာကို
ည်း သိလိုက်ပြီးဖြစ်၏။

ဘာတတ်နိုင်မှာလဲ ...၊ ကိုယ်ကလည်း ကိုယ် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ကိုယ်က သူများထက်ပို၍ ကိုယ်လုံးဖိုင့်တဲ့သူမို့ သွားလာစရာရှိပြီ
ချပ်ချပ်ကပ်ကပ်ရှိသည့်အဝတ်တွေကိုပဲ ရွေးဝတ်ရသည်။

ပေါင်တိုင်လောက်ထိကပ်ကျပ်နေသည့် သုံးသွာစကတ် ရွှေအိုရော
ချိတ်နှင့် အဝါနုရောင်အပါးသားကို မရိုင်းမယဉ်ပုံလေး ဝတ်ထားလိုက်
ကွေးကောက်နေသည့်ဆံပင်တိုကပ်ကပ်လေးကို နားရွက်နော
နှစ်ဖက်စလုံးမှာ ရောင်စုံကာလစ်လှလှလေးတွေနှင့်သိမ်းဖိထားလိုက်
ပြည့်ပြည့်မိုမို့မျက်နှာလေးက မြင်နေကျထက် ပို၍ငယ်ကျသွားသည်

အလယ်ခွဲပုံဆံပင်ကောက်ကောက်လေးတွေနှင့် မျက်ခုံး၊ မျ
ဖောင်ဖွေထင်းနေအောင်လှသည့် တာ့ မျက်နှာလေးက ဘယ်လိုကြ
ကြည့် ချစ်စဖွယ်။

"တာ အရမ်းလှတာပဲ ကြည့်စမ်း၊ အမြဲတမ်း အဲဒီလိုချပ်ချပ်ရပ်
လေးတွေဝတ်ပြီးနေပါလားဟယ်၊ လူက သိပ်မဝတဲ့ သူများတွေ
အောင် ပစ်စလက်ခပ်ဝတ်စားနေတော့ ဧ၊ပြီပေါ့"





အားလုံး ပြင်ဆင်ပြီးတော့ အချစ်က တာ့ကို သေချာကြည့်ပြီးပြောခါး။

"အေးလေ .. တာ က ပါးလေးတွေဖောင်းနေပေမယ့် အကြည့်ရမဆိုး
အရိုးလဲကားတယ်၊ ပါးရိုးလေးတွေလဲရှိတော့ ခန့်ခန့်သန့်သန့်မျက်နှာ
ဖြီးတော့ နှာတံလဲပေါ်တယ်၊ နှုတ်ခမ်းလေးတွေက ခုလို နှုတ်ခမ်း
သားတော့ ဘယ်လောက်လှသလဲ"

"တော်ပါတော့ဟာ၊ သိပ်မဝဘူးလို့ပြောတာနဲ့တင် လုံလောက်ပါပြီ၊
သဲဆို ငါ ဒီလိုပြင်ဆင်ရတာကို သိပ်မလုံဘူး"

"ဘာဖြစ်လို့လဲ"

"ဒါက လှအောင်ပြင်လိုက်ရင် လှမှကြိုက်တာ၊ ငါ့ကိုယ်ခန္ဓာအရ ငါ
ဝတ် မော်ဒယ်တွေလှသလိုတော့ လှမှာမဟုတ်ဘူး၊ သူများလို
သို့ ကြိုးစာပမ်းစား ခြယ်သလာရရှာတာလို့ ကဲ့ရဲ့ခံရရင် ဘယ်
ရှက်စရာကောင်းသလဲ"

"ဘာဆိုင်လို့လဲ၊ နင့်ကို မလှပါဘူးလို့ပြောတဲ့သူရော ရှိလို့လား၊ ဘယ်
ကဲ့ရဲ့ဘူး"

"ဘာလို့မကဲ့ရဲ့ရမှာလဲ၊ မိန်းမလိုမိန်းမရပါးစပ်နဲ့ ဟိုသတ္တဝါ ..."

ပြောတော့မှ အချစ်တို့ သူ့နှုန်းကိုသတိရသွားကြသည်။

"အဲဒီသတ္တဝါ ညစေည့်ခံပွဲကိုမလာဘဲနေမှာမဟုတ်ဘူး"

တာ က ပြောပြီး လက်ကိုင်အိတ်လေးထဲကို ရှိသည့်ပိုက်ဆံတွေ
ည့်သည်။ ပြီးတော့ နှုတ်ခမ်းနီဘူးနှင့်တစ်သျှူးထုပ်လေးထည့်၍
က်ကာ ...

"လဲ သိပ်မသွားချင်ပါဘူး၊ ကိုကြီးကို သနားလို့ ..."

"သင့်ပါတယ် တာရယ်၊ နင့်ကိုကြီးက နင့်ကို သူကိုယ်တိုင်ဝေဘင်
သေးတဲ့ဥစ္စာ .. သူ့ခမျာ ညီမအရင်းကြီးလဲ မကျေနပ်၊ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



သားချင်းတွေကလဲ ပစ်ပယ်၊ မနက်က မင်္ဂလာပွဲမှာပဲ ဘယ်လောက်
ကျန်ခဲ့စားရမလဲ ...”

“သျှန်ဒေါင်မှ သူ့အစ်မဘေးမှာရှိနေတယ်ဆိုတော့ နှင့်အ
နှင့်ကိုမျှော်မှာပဲ”

အချစ်တို့က တစ်ယောက်တစ်မျိုး ဝင်ပြောနေကြ၏။

“ရှိမှာပေါ့၊ နှမလင်နေ မောင်ဖင်ကြိမ်းဆိုတဲ့ သိက္ခာသမာ
မောင်မျိုးထဲမှာ သူမှမပါတာ၊ အရှက်မရှိ မျက်နှာပိုးမသေနဲ့ ...”

“ဟယ် ... အဲဒီလိုတော့ မဟုတ်လောက်ပါဘူး နင်ကလဲ ...၊ သူ
ကိုသနားလို့ဖြစ်မှာပါ၊ နင်ကတော့ မိန်းကလေးဆိုတော့ လူကြီး
အောင် အဲဒီပွဲကို ဘက်ဖို့ မလွယ်ဘူးလေ၊ သူက ယောကျ်ားလေး
လုပ်ချင်ပြီဆို ဘာကိုမှဂရုမစိုက်လို့ရတယ်”

“အံမယ်.. နားလည်ပေးနေလိုက်တာ၊ နင်တို့ကိုလဲ ငါ ကေ
မဟုတ်ဘူး သိလား”

သူတို့ဘက်ကိုလှည့်လာတော့ အချစ်နဲ့အသက် တိခနဲတိတ်က
တာ က နှစ်ယောက်စလုံးကို ဝေ့ကြည့်လိုက်၍ ...

“ဟွန်း .. ရည်းစားတွေ တက်ညီလက်ညီထားလိုက်ကြတာ
လုံးဝ အသိမပေးဘူး”

“ဖုံးထားချင်လို့မဟုတ်ပါဘူးဟာ၊ ဟို .. ငါက မထင်မှတ်ဘဲ
ညိတ်ဖြစ်သွားတာ၊ ပြီးတော့ နင်က ပြောလဲ သဘောတူမှာမှမဟု

“မဆိုင်ပါဘူး၊ ငါက ဟိုသတ္တဝါကိုပဲ ကြည့်မရတာ၊ အခုတော့
လေးယောက်လုံး ပါသွားပြီ၊ ဟိုနှစ်ယောက်ကလဲ မြင်လိုက်ရရင်
စပ်ဖြဲဖြဲမျက်နှာတွေနဲ့ ...”

မကျေနပ်ခြင်းများစွာတို့နှင့် နှစ်ယောက်သား မင်္ဂလာ





သွားခဲ့ကြ၏။ ဘယ်လိုမှမထင်မှတ်ခဲ့ပါ။ ကိုကြီးနဲ့ မမနှင်းတို့ ရည်
ကြီးမားစွာ စုဆောင်းခဲ့ကြသည်ဆိုသော အမှတ်အသားက အလွန်
သော တစ်ထပ်တိုက်ဝပ်ဝပ်ပြားပြားလေးဖြစ်နေမည်ဆိုတာ ယောင်
မတွေးမိခဲ့။ ခြံတော့ သိပ်မကျယ်ပါ။ ဒါပေမယ့် တိုက်လေးက
ရောင်ခန်းဆီးလိုက်ကာများနှင့် တစ်တိုက်လုံး ဝင်းနေ၏။
တိုက်ထဲမှာ လင်းယိန်နေသောမီးရောင်ကလည်း အဝါရောင်မို့ ပြတင်း
နံရံကပ်မှန်တွေကနေ ခန်းဆီးလိုက်ကာတွေကို လှပစွာမြင်နေရသည်။
ပြီးတော့ အပြင်မှာ ခြံအကျယ်ရှိသမျှလေးအတိုင်း စားပွဲငါးလုံးကို
ချကာ ရောင်စုံမီးသီးလေးတွေ ချိတ်ဆွဲထား၏။ မနက်ပိုင်းကလည်း
ကြီးတစ်ခုမှာ တခမ်းတနားဆောင်ခဲ့ပြီးဖြစ်လျက် ခုလဲ ညစ်ပွဲလေး
ထားတာ မခမ်းနားပေမယ့် စိုပြည်နေ၏။

သြော် ... ဟုတ်ရှာပေမပေါ့။ ကိုကြီး သဘောသားကြီးဖြစ်နေတာ
ပဲ။ ပြီးတော့ မမနှင်းက ကထိကတစ်ယောက်၊ စာကျက်ပိုင်းတွေ
ပြပေးလို့ တပည့်တွေ ကန်တော့ကြတာကလည်း တစ်နှစ်တစ်နှစ်
လို့လား ...။

မနှင်းကိုမသိပေမယ့် ကိုကြီးကတော့ အိမ်ကို ပစ္စည်းလက်ဆောင်
ငွေတွေ အခေါက်တိုင်း ဝတ္တရားမပျက် ပို့ပေးနေခဲ့သည်။
အဖေတို့က ထိုငွေတွေကို သုံးတာလည်းရှိသည်၊ စုလည်းစုထား၏။

“ဒီကောင် အိမ်ထောင်ပြုတော့မယ်ဆိုရင် ငါတို့က မိဘဝတ္တရား
အားလုံး ပြည့်စုံအောင်စီမံပေးရမှာ၊ အဲဒီအခါကျတော့ ရှေ့ရေး
ရေး ဘာမှမပူရတော့ဘူးပေါ့”

ဆောင်းပေးနေတုန်းကဆို ဖေဖေကိုယ်တိုင် ဒီစကားတွေပြောခဲ့
ကျတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပေးနဲ့၊ သူ့တူမနဲ့လက်ထပ်နိုင်ဖို့ ငါတို့က ကြိုးစားပ[illegible] ညှစ်ထုတ်ဖိမ်ပေးနေရတယ်ထင်ဦးမယ်၊ သင်းက ပစ်နိုင်သလို ငါတို့[illegible] မစိုက်ဝဘာလဲ သိကိုသိရမယ်၊ တို့က သားရှင် ..."တဲ့။

ဧည့်ခံပွဲလေးကိုဝေ့ကြည့်ပြီး အချစ်နဲ့ တာ ခြံထဲကိုဝင်လာခဲ့[illegible] အသစ် ကတော့ နေ့လယ်တည်းက မလိုက်ဘူးလို့ပြောထားခဲ့တာ[illegible] သည်။ ဘာဖြစ်လို့လဲဆိုလျှင် သူမ လက်ထပ်ရမည့်သူကလည်း သ[illegible] သားမို့ ဒီပွဲမှာ ထိုသူရှိနေနိုင်လို့ မတွေ့ချင်ပါဟု အကြောင်းပြ၏။

"မေမေတို့က ငါ့ကို ဟိုလူနဲ့မဟုတ်ရင် ဒီလူနဲ့ တစ်ယောက်ပြီး [illegible] ယောက် စေ့စပ်ဖို့လုပ်နေတော့တာပဲ၊ စိတ်ညစ်ပါတယ်"

ဟုလည်း ညည်းနေရှာပါပြီ။

"တာ ..."

"ဘာလဲ"

အသစ်ကို သတိရသွားတုန်း အချစ်က တွဲဆုပ်ထားသည့်လက်[illegible] ကို လှုပ်ခေါ်၏။

"လူတွေကတော့ အားကြီးပဲဟ၊ ငါမြင်ရသမျှ မိန်းမ သိပ်မပါသ[illegible] ဟိုဘက်စားပွဲနှစ်လုံးမှာ ကြည့်စမ်း .. သဘော်သားတွေထင်တယ် [illegible] ဝိုင်းတည်းမှာ စုပြုံကပ်သပ်ပြီးထိုင်သောက်နေကြတာ"

"အေးလေ .. ကိုကြီးက အပေါင်းအသင်းပိုများမှာပေါ့၊ ဟိုမှာ မ[illegible] ထွက်လာပြီ"

တာ လို့လှမ်းမြင်သလို နှင်းဆီကလည်းမြင်သွားပြီး ဝမ်းသာ[illegible] သည့်အပြုံးတို့နှင့် အပြေးတစ်ပိုင်းလျှောက်လာ၏။

"တာ .. ညီမလေးတို့ သုံးယောက်အတူတူရှိနေကျမဟုတ်လား [illegible] ယောက်ရော ..."





"သူ မပါဘူး မမနှင်း"

တာ ရောက်လာသည့်အကြောင်း နေ့ခွဲ ကို ပြေးပြောရင်း နှင်းဆီ [illegible]သာခတ်နေ၏။ ဒီပွဲကိုလာမိတာမှ နှင်းဆီတစ်ယောက် နေ့ခွဲ ကို ဘယ် [illegible]ာက်ချစ်ရှာမှန်း အားလုံး အကဲခတ်မိကြ၏။

"ဒီမှာ ခွဲ .. ခွဲညီမလေး လာတယ်၊ တာ လာ .. ဒီမှာထိုင် ညီမလေး[illegible] လေးကို ညီမလေးအစ်ကိုက မျှော်နေတာ၊ လာမှာမဟုတ်ပါဘူးလို့လဲ [illegible]နေသေးတယ် သိလား၊ ဝိုကလေ မင်္ဂလာပွဲလဲဖြစ်တော့ အားလုံးကို [illegible]ချမ်းသာ ကိုယ်ကျန်းမာနဲ့ ရှိစေဖို့တာ၊ မောင်လေး ရောက်လာလို့ တို့က [illegible]ချမ်းသာပေမယ့် ခွဲ မျက်နှာမကောင်းတော့ ဘယ်ပျော်နိုင်မလဲနော်"

စားပွဲဘေးမှာ မတ်တတ်ရပ်လျက် ဟိုဘက်လှည့်ပြောလိုက်၊ ဒီဘက် [illegible]လိုက်နှင့် အဖြူရောင်ချိတ်ဝမ်းဆက်ကလေးဝတ်ထားသည့် မျက်နှာဖြူ [illegible]ာ ချွေးစလေးတွေပင်မြင်နေရ၏။

သဘော်သားတွေ စုပြုံရှိနေသည့်ဝိုင်းကနေ ထလာသော ခွဲ ကတော့ [illegible]နှာတွေနီနေလျက် ညီမဖြစ်တဲ့သူကိုကြည့်တော့လည်း မှုန်ကြည်းနေ [illegible]လို၊ မှန်းချက်သလိုလို ...။

"မိမွန် မပါဘူးမဟုတ်လား"

"ကိုကြီးကလဲ တာ ကောင်မ နှစ်ရက်လောက်က ကြိုပြီး လူမမာ [illegible]ဖြစ်ထားရတာ၊ နေမကောင်းလို့ ဒီအပတ် ပရယ်တီကယ်တွေချားသွား [illegible] ဘာညာနဲ့ ..."

"မဟုတ်ဘူး၊ မိမွန်ကိုယ်တိုင်က အစ်ကိုရင်းတစ်ယောက်လုံးကို ရှော[illegible]င်သွင်းထားတာ"

"ဟာ ... အဲဒီလိုမဟုတ်ပါဘူး ကိုကြီးရာ၊ ဒီမှာ တာ တစ်ယောက် [illegible] ခွဲနေတာတောင်မှ ဟိုကို လှမ်းကြောက်နေရသေးတာ၊ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကနေ မမွန်က ဘယ်လိုလုပ်လာရမှာလဲ”

“အပျွန်း ...”

“ဒွဲ ကလဲ ကလေးကို စိတ်ဆင်းရဲအောင်မပြောပါနဲ့ ဒါက လူကြီး နဲ့ ပတ်သက်နေတဲ့ပြဿနာတွေဥစ္စာ၊ ညီမလေးတို့ စားကြ .. စိတ် ဘာမှမထားနဲ့နော်”

မမနှင်းက ဒီနေရာမှာ ဤပြဿနာများကြောင့် အပြုံးအရယ် ဆိတ်သုဉ်းကုန်မှာကို စိုးရိမ်ပုံရှိ၏။ တာ လည်း မကြားချင်ပါ။ ကိုကြီး အတွက် ယူလာခဲ့သည့်မင်္ဂလာလက်ဖွဲ့ထုပ်လေးကိုလည်း ခုထိ မ သေးဘဲ လက်ဖွဲ့ပေးပြီး ခဏစားသောက်၍ ချက်ချင်းပြန်ဖို့ အစီအ လည်း ပျက်လေသည်။ ဒီကြားထဲ အရက်လေးခပ်ထွေထွေနှင့် ဒွဲ လည်း ပြောချင်ရာတွေ ပြောနေတာ မပြီးနိုင်၊

“ငါတို့က မိဘမဲ့တွေပါ ညီမလေးရာ ..၊ ဦးလေးတို့ ပြဿနာတွေ တို့နဲ့မဆိုင်ဘူးလို့ သဘောထားပြီး ကိုယ်ကြိုက်သလိုဆုံးဖြတ်လိုက်လို့ ရတယ်”

“ခက်တာပဲ ဒွဲရယ်”

ဘယ်လိုတားတား ပြောတော့မှာပဲဆိုတာကို နားလည်သွား နှင်းဆီက အားလုံးကို အားနာသလိုဝေ့ကြည့်ပြီး တခြားစားပွဲတွေဆီ ထွက်သွား၏။ ဒွဲ က နှင်းဆီ ကျောပြင်လှလှလေးကို အဓိပ္ပာယ်မဲ့နေသူ ငေးနေလျက် ...။

“အဲဒါလို ငါတို့ မဆုံးဖြတ်ခဲ့ပါဘူး၊ နှင်းလဲ သူ့ဘက်မှာ အရင်း တွေ မဟုတ်ပေမယ့် ငဲ့ညှာတယ်၊ ငါလဲ ငါ့မိဘ .. ငါ့ပြဿနာလို့ သဘော ထားပြီး ဆင်ခြင်ခဲ့တယ်၊ ငါပြောချင်တာက အားလုံးထဲမှာ သူနဲ့ တစ်အူတုံဆင်းမောင်နှမရင်း၊ နင်တောင် ရောက်အောင်လာနိုင်ရင်





ရမှာပေါ့”

“ကိုကြီးကလဲ မမွန်က ပန်းတနော်မှာဟာကို ...”

“ငါ သူ့ကို စာနဲ့ရော ဖုန်းနဲ့ရောခေါ်တာ ဘယ်နှစ်ခါလဲ နင်သိလား”

“အဲဒါကတော့ ...”

“ဦးလေးတို့နဲ့ သွားတွေ့တုန်းကလဲ နှစ်ယောက်တည်း စကားပြော နာရီဝက်လောက်က ငါ့အပေါ်မှာ အမြင်မကြည်မဖြစ်ဖို့၊ ဒီပွဲကို လာ အောင်လာဖို့ ငါ ဒါတွေပဲပြောခဲ့တာ၊ အဲဒီကတည်းက သူ ဘာပဲပြောလဲ င်သိလား”

တာ ဘာမှမသိတော့၊ ဘာမှမပြောတတ်ပေ။ မောင်နှမချင်း အိမ်တွင်း စကားတွေမှ အချစ်ကလည်း နားမထောင်မိအောင် ထ,ထွက်သွားပြီး င်းဆီနားမှာ နေလိုက်၊ အိမ်ထဲဝင်သွားလိုက် လုပ်နေ၏။

စားစရာတွေကတော့ ဘယ်သူမှ ဟုတ်တိပတ်တိမစားဖြစ်ဘဲ စားပွဲ ပေါ်မှာ လက်ရာပျက်ရုံလောက်နှင့် အေးစက်ခြင်းသို့ရောက်ရှာသည်။

သူများတွေ အပူတွေ အအေးတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲစား သုံးနေပေမယ့် တာ ကတော့ စားသောက်ဖို့အတွက် အာရုံထဲမှာ ဘာမှမရှိ၊

နီရဲရဲမဲ့တဲ့တဲ့နှင့် နှာကျင်ရိပ်တွေရှိနေသော ကိုကြီးမျက်နှာကိုပဲ ငေး နေမိသည်။ ကိုကြီးနေဖွဲ့ က တကယ့်လူချောတစ်ယောက်ပါ။ တာနဲ့ မောင်နှမအရင်းတွေမဟုတ်ပေမယ့် မမွန်ကို ချစ်သလို ကိုကြီးကိုလည်း ချစ်သည်။ မမွန်က ကိုကြီးနဲ့ မကြာခဏ အတိုက်အခံဖြစ်နေသူမို့ မောင်နှမ အရင်းဖြစ်ပြီး နွေးထွေးတဲ့အချိန် မရှိသလောက်ပင်။

တာ က ကိုကြီးကို ချစ်လည်းချစ်သည်၊ ဆိုးလည်းဆိုးသည်။ ကိုယ်မှာ သွေးသားရင်းချာမရှိတဲ့သူမို့ သံယောဇဉ်ပိုမိတာပါ။ ကိုကြီး သဘော်မလိုက် ခင် နှစ်နှစ်လောက်ကစပြီး ရန်ကုန်မှာ အလုပ်လုပ်ဖို့ထွက်သွားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ သဘောတက်သွားတဲ့အထိ နီးနီးကပ်ကပ် ပြောဆိုရင်း
ခွင့် နောက်ထပ် မရခဲ့တော့ပေ။

ဒါကိုပဲ မမွန်က မကျေမနပ်နာကြည်းသံတွေနှင့် ...

"ငါ့ညီမလေးနားမှာ ငါနေရမယ်ဆိုတဲ့စိတ်မှ မရှိဘာ၊ အစ်ကိုတွေ့
ဂုဏ်သတ္တိပဲလေ .. အဲဒါ နင်ကြည့်ထား။ သူ့နေရာမှာ အစ်မသာဆိုရင်
ဒုက္ခပဲရောက်ရောက် .. ဇရဲပဲကျကျ ကျောချင်းကပ် ရင်ဆိုင်ခဲ့နေမှာ .." တဲ့

ခုကျတော့လည်း ကိုကြီးက ပြောနေပြန်ပြီ။

"အဟွတ် .. အဟွတ်"

ကိုကြီး ချောင်းဆိုးလိုက်သဖြင့် တွေးနေတာတွေ အကုန်လွင့်ပြေး
သွားခဲ့၏။ ပြီးတော့ ချောင်းဆိုးနေရင်း မျက်နှာမော့လာကာ ...

"သိလား .. မိမွန် ဘာပြောသေးလဲ သိလား"

"ဟင့်အင်း"

"လုပ်ချင်ရာလုပ်ပြီးမှ ငိုပြမ်နေနဲ့တဲ့၊ မွန်တို့က သူကြင်မှကိုယ်ကြင်မ
တဲ့"

ပြောပြီး ဟင့်ခနဲမဲ့၏။

"သူ့ဘဝအတွက်ဖြစ်ဖြစ်၊ ငါ့အတွက်ဖြစ်ဖြစ် ငါ အခုလို စွန့်စားရန်း
ထွက်တာ မှားသွားသလား။ တကယ်လို့သာ ဦးလေးတို့မိသားစုက မိဘ
သဖွယ် မကောင်းခဲ့ဘူးဆိုရင် ငါတို့မောင်နှမ တစ်ဘဝလုံး ဘယ်လိုလုပ်
ရပ်တည်သွားကြမလဲ"

ဒါလည်းဟုတ်တာပဲလို့ တွေးမိရင်း တာ ခေါင်းညိတ်လိုက်တော့
ကိုကြီး ကျေနပ်သွား၏။

"နင် စဉ်းစားကြည့် မိတာ"

ကိုကြီးက ညီမနှစ်ယောက်ကို မိမွန်၊ မိတာလို့ခေါ်တာ ဟိုတုန်း





ကတည်းက ...၊ ဒါပေမယ့် ဟိုတုန်းကနေ ခုချိန်ထိ ကိုကြီးရင်ထဲမှာ မောင်
နှမသားချင်းအပေါ် ဒီလောက်ထိ တွယ်တာမှုတွေရှိနေခဲ့မှန်း တာ တကယ်
တွေးမိခဲ့ပါ။

ယောက်ျားလေးမို့ သံယောဇဉ်တွယ်တာမှုနည်းမှာပဲလို့ ထွက်မိတာ
မျိုးလည်းမဟုတ်ဘဲ မမွန်အပေါ်မှာ ဒီလောက်ဂရုစိုက်မျှော်လင့်ခဲ့တာကို
အံ့သြမိခြင်းပဲဖြစ်သည်။

တာ့ စိတ်တွေ ဟိုရောက် ဒီရောက်ဖြစ်နေသော်လည်း ကိုကြီး က
တော့ ညည်းခံပွဲတစ်ခုလုံးကို ခဏမေ့ထားလိုက်သလို သူ့စကားတွေနဲ့ပဲ
ရှေ့ဆက်လျက် ...

"အခု ဒါက နာရေးကိစ္စတော့မဟုတ်ဘူး။ ဒါပေမယ့် တစ်ဘဝစာ
တစ်ခါပဲကျင်းပခွင့်ရတဲ့ မင်္ဂလာအရေး၊ ဘဝတစ်ဆစ်ချိုး ပြောင်းလဲကြ
တော့မယ့်လမ်းခွဲမှာ နောင်အခါ သေကြမလား၊ ရှင်ကြမလား၊ ဒုက္ခ
သောကတွေနဲ့ လက်ပစ်ကူးမယ့်သူလား၊ ချမ်းသာသုခနဲ့ ခံစားသွားမယ်
သူလား၊ မမြင်ရတဲ့ အနာဂတ်ရဲ့တံခါးမှာ လက်ပြနှုတ်ဆက်ရမယ့်နေရာ
မဟုတ်ဘူးလား တွေးကြည့်လိုက်"

ဒါလည်းဟုတ်နေပြန်၏။ တာ ခေါင်းညိတ်မိပြန်သည်။ မူးလို့ထွေနေ
တာနှင့်မတူဘဲ ကိုကြီးရင်ထဲမှာ တကယ်နာကျင်နေတာပါလားဟုလည်း
တနာစိတ်လေးဖြစ်မိ၏။

"ဒါကို သူ မလာဘဲနေတာ ကောင်းလား။ ငါထင်ခဲ့တယ် သိလား။
မနေ့ကတည်းက သူ ရောက်လာမှာပဲလို့ ...၊ ရောက်လာတော့လဲ အခု
နင်နဲ့အတူတူပါလာမှာပဲလို့ ...၊ နင်လာတယ်လို့ကြားလိုက်တာနဲ့ နင့်အနေး
အသွယ်ချင်းကို မိမွန်ပဲလို့ထွက်ပြီး လှမ်းကြည့်လိုက်တာ"

"ကိုကြီးရယ် .. တာလဲ ခေါ်ချင်ပါတယ်၊ ဒါပေမယ့် ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မိတာ၊ အဲဒါ ငါ့ညီမမှာ အပြစ်မရှိဘူး။ ထားလိုက်ပါတော့ သူ မလာလို့ ငါ ခံစားပြနေတော့ ရောက်အောင်လာရတဲ့လူကို စော်ကားနေသလိုဖြစ်သွားပြီ"

"ဟာ .. တာ မထင်ပါဘူး၊ သူစိမ်းတွေမှမဟုတ်တာ ကိုကြီးကလဲ- ဒီမှာ ကိုကြီးတို့အတွက် တာ လက်ဖွဲ့ယူလာတယ်၊ စောစောက မမနှင်းကိုပေးတော့ ညီမလေးအစ်ကိုကိုပေးလိုက်ပါဆိုလို့ ..."

ရှိသမျှမုန့်ဖိုးလေးတွေ ခြစ်ခြုတ်ပြီးဝယ်လိုက်ရတဲ့ အသည်းနှစ်ထင် ရွှေရင်ထိုးလေးပါ၊ ကိုကြီးအတွက် ဘာဝယ်ရမှန်းမသိတော့ ရင်စေ့ရင်ဖုံး လေးတွေဝတ်တိုင်း ရင်ထိုးလေးတစ်ခုခု အမြဲမြင်ရတာတ်သည့် မမနှင်း အတွက် ဒါလေးကို စိတ်ကူးမိတာဖြစ်သည်။

ဒါပေမယ့် ကိုကြီးကတော့ အပေါ်ယံပါကင်လှလှလေးကိုတောင် ဖွင့်ကြည့်ဖို့ စိတ်ကူးရှိပုံမပေါ်ဘဲ ...

"စား .. ငါ့ညီမ၊ အစ်ကို့ကြောင့် ဘာမှမစားနိုင်ဘဲဖြစ်သွားပြီ"

"ရပါတယ် ကိုကြီးကလဲ၊ ကိုကြီးလဲ သွားလေ၊ ဟိုမှာ ကိုကြီးသူငယ်ချင်းတွေ ခဏခဏလှမ်းကြည့်နေကြတယ်"

"အေး .. ဒီည မပြန်နဲ့နော်၊ ကိုကြီးတို့အိမ်မှာ အိပ်"

"ဟာ .. ဟိုကြီး ..."

"မရဘူး၊ လူငယ်တွေအတွက် ကိုကြီး စီစဉ်ခိုင်းထားတယ်၊ ကြည့်တော့သာကျဉ်းတာပါ၊ အထဲမှာ အခန်းပို နှစ်ခန်းပါသေးတယ်၊ အိမ်ထဲကို နင် ဝင်ကြည့်ပြီးပြီလား"

"ဟင့်အင်း .. ဒါပေမယ့် ..."

"ဘာ ဒါပေမယ့်လဲ ...၊ အဆောင်ကို ကိုကြီး ဖုန်းဆက်လိုက်မယ် အဆောင်ကိုပြန်မှာနဲ့ ကိုယ့်အစ်ကိုအိမ် ဘယ်ဟာကို ရွေးသင့်သလဲ"





"မဟုတ်ဘူး၊ အချစ် က ..."

"မပူနဲ့ .. လုံးဝမပြန်ရဘူး"

လက်ညှိုးတစ်ချောင်းထောင်ပြီး အမိန့်တစ်ရပ်ချမှတ်ခဲ့လျက် ကိုကြီး ထ,ထွက်သွား၏။

"တာ ..."

သိပ်မကြာလိုက်ဘဲ အချစ် ရောက်လာကာ ရှေ့မှာ ဖျတ်ခနဲထိုင်ချလိုက်ပြီး ...

"ဆရာမက ငါတို့ကို ဒီမှာအိပ်ရမှာတဲ့"

"ဟုတ်တယ်၊ ကိုကြီး ပါ့ကို ခုပဲပြောသွားတယ်၊ နင် မအိပ်ချင်လို့လား"

"အိပ်တာက ပြဿနာမရှိပါဘူး၊ နင့်အစ်ကိုလဲဖြစ်၊ ငါတို့ရဲ့ ကထိက အိမ်လဲဖြစ်နေတာ၊ အန်တီ့ကို နှင့်ကိုကြီး ဖုန်းဆက်လိုက်တာနဲ့ ပြီးပါတယ်"

"ပြောပါဦး .. ဘာက ပြဿနာရှိတာလဲ"

"ဟိုကောင်တွေ တစ်ဖွဲ့ကြီးပဲ ငါတွေ့တယ်"

"သုံးကောင်တည်းမဟုတ်ဘူးလား"

အချစ် မျက်နှာလေး ရှုံ့မဲ့လျက် မုန့်ပန်းကန်ကိုဆွဲယူလိုက်သဖြင့် ချိစ်ညှပ်ထားသည့်မုန့်တွေကပဲ မကောင်းသလိုလို၊ ပြီးတော့ အောရင်းဂျူးစ်ကို ကိုင်ပြီးမှ ပြန်တွန်းထားလိုက်သေးသည်။

"ဘယ်ကလာသုံးယောက်ရမှာလဲ၊ သူတို့ဆိုရင် ငါ ဘာမှပြောမနေဘူး၊ ငါမြင်ခဲ့တာပဲ သူတို့အပါအဝင် ခြောက်ယောက်၊ မမြင်တဲ့ပုဂ္ဂိုလ်တွေ ရှိချင်ရှိဦးမှာ"

"သူတို့က ဘာလဲ အဲဒါ၊ သူများမင်္ဂလာပွဲမှာ တစ်ဖြုံ နှစ်ဖြုံ ..."

"အေးလေ .. သူတို့က အမြဲအားနေတဲ့ပုဂ္ဂိုလ်တွေကိုး၊ ငါ အံ့ဩနေတာက ဒါတွေအားလုံး ဒီမှာအိပ်ဖို့ကို နှင့်ကိုကြီးက တာဝန်ယူထားတော့



www.burmeseclassic.com

www.burmeseclassic.com



လားလို့ ...”

“မသိပါဘူးဟာ”

“ဟော .. ဟော .. ဟိုမှာ .. သျှန်နဲ့လေးလုံး တွေ့လား”

သျှန်နဲ့ မြင်နေကျမဟုတ်သည့် မျက်နှာတွေကို လှမ်းမြင်လိုက်ရ၏။ သျှန် က ဒီဘက်ကိုလှမ်းကြည့်ပြီးမှ ခါးကို ပိုမတ်သည်။ မျက်နှာကို တမင် မော့၍ ဟန်တွေပန်တွေလုပ်လျှောက်သွားတာမို့ တာကလည်း နားရွဲ နှစ်ဖက် ပလုတ်တုတ်ရမ်းသလို ရမ်းသွားတဲ့အထိ မျက်စောင်းတစ်ချက် နှင့် ဆတ်ခနဲလှည့်ပစ်သည်။

“အယ် .. သျှန်တို့ ဒီဘက်ကိုလှည့်လာကြပြီ ငါတို့ဆီကိုထင်တယ် ဟ ...”

“နင့်ကောင် ဘယ်ရောက်သွားလဲ”

“အောင် လား .. အောင် က ...”

တာ့ မျက်စောင်း သူ့ မျက်နှာဆီ တန်းခနဲရောက်လာတော့ ‘အောင်’ လို့ခေါ် လိုက်မိသည့်ပါးစပ်ကို အချစ် သေလှမြှောပါး ပြန်ပိတ်ရကာ ...

“အောင်ချို တို့က ဒီကျမှ တပ်စုခေါင်းဆောင်တွေ ဖြစ်ကုန်တာထင် တယ်၊ တစ်ယောက်စီက ကစ်ဖွဲ့စီနဲ့နေတာ”

တာ ကတော့ သိပါသည်။ မျက်စောင်းထိုးလိုက်တာကိုမြင်သွားလို့ သျှန် တမင်လှည့်ဝင်လာတာမှန်း ...

“စားလို့သောက်လို့ ကောင်းရဲ့လား”

လွှဲနေသည့် တာ့မျက်နှာရှေ့ရောက်အောင် ထိုင်ခုံကို တမင်ဆွဲယူပြီး ထိုင်ချလိုက်၏။ မျက်နှာက အပိုးမသေ။ ဝတ်ထားသည့် စပို့ရှပ်အနီအနက် ခင်းက ပြောင်အိနေသဖြင့် မျက်နှာကပါ ပြောင်နေသလားမသိ။

သူက တာ့ နှုတ်ခမ်းလေး စူထော်နေတာကိုစိုက်ကြည့်ပြီး ပခုံးတွန့်





လိုက်တာကိုလည်း မကြည့်တဲ့သူကို မြင်အောင်လုပ်လိုက်တာမျိုး။

“သတို့သမီးအရံလုပ်မလို့များ စိတ်ကူးထားသလား”

“ဘာ ...”

တာ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ မျက်လုံးကို ပိုပြူး၍ ...

“စေတနာနဲ့ပြောတာပါ။ ဒီလို ကပ်ကပ်ကျပ်ကျပ်တွေဝတ်လာရတော့ မဆုံဖိသိပ်မျိုးချလို့မရတော့ဘူးလေ၊ သူများတကာလို လွတ်လပ်တာ းတွေနဲ့ဆိုရင် .. ”

“ဟဲ့ .. ငါက ဒူးနေရာဒူး၊ တော်နေရာတော်ဖြစ်အောင် ဝတ်လာတာ၊ ဂ်လာပွဲ .. နိုက်ကလပ်မဟုတ်ဘူး”

“ဟုတ်လား .. ဟား ဟား ဟား”

စားပွဲဝိုင်းရှိသမျှကို လက်ညှိုးထိုး၍ ဟားကိုက်ရယ်ချလိုက်တာ တချို့ ဖက် လှည့်ကြည့်၏။

“ဟုတ်တယ်နော်၊ ဒီလူတွေက မင်္ဂလာပွဲနဲ့ နိုက်ကလပ် မှားလာကြ ဖြစ်မယ်”

ပြောရင်း ရယ်ပြန်သည်။ တာ့ မျက်နှာလေး နီရဲလာခဲ့၏။ ညဘက်က ယ့်လူရင်းတွေကိုပဲ ဖိတ်ပြီးဧည့်ခံတာမို့ လက်ဖွဲ့တွေ ဘာတွေ ကိစ္စ ည်းမပါ။

မနက်က ဧည့်ခံပွဲမှာ တစ်ခါလာပြီးသားမို့လို့လည်း ဒီပွဲကိုလာသမျှ တွေမှာ တာ့လို ချိတ်တွေ၊ ရင်စေ့တွေ ဝတ်လာတဲ့သူမရှိ။

တကယ်လှလှပပမြင်လာတဲ့သူကောင်မှ လည်ဟိုက်၊ ကျောဟိုက်၊ သလုံးကွဲများနှင့် နောက်ဆုံးပေါ် မော်ဒယ်ဒီဇိုင်းများနဲ့သား၊ ညဘက် တဲ့လူအများစုကလည်း ကိုကြီးရဲ့ဧည့်သည်တွေပဲ များတာကိုး ...။

ကိုယ်ကတော့ ကိုယ့်အစ်ကိုရဲ့ မင်္ဂလာပွဲဆိုတဲ့အသိပဲရှိသည်။ မနက်



www.burmeseclassic.com

www.burmeseclassic.com



က ခန်းမမှာ အကြီးအကျယ်ဆောင်ခဲ့တာကိုလည်း သတိမရ။

"တာက သူ့အစ်ကို စိတ်မကောင်းမှာစိုးလို့ တက်တက်ကြ
ရောက်လာပေးတာ၊ ခင်လို့စ,ရင်လဲ တော်ရုံပဲစ,ဟာ"

အချစ် ကလည်း မျက်နှာလေးတင်းနေ၏။

"ဘာမှခင်ဖို့မလိုဘူး။ ဒီမှာ ဝှါဟာဝါ ကျပ်နေတာနဲ့ပဲလာလာ၊ အသ
ရှူမရလို့ပဲသေသေ နှင့်အဗူမပါဘူး၊ ဒီနားကို ဘာလာလုပ်တာလဲ"

တာ မေးတော့ သျှန် က အလွန်မုန်းစရာကောင်းသည့်မျက်ခုံးနှစ်
ကို ဆတ်ခနဲပင့်လိုက်ကာ ...

"ဟုတ်သားပဲ .. ပြောဖို့မေ့နေတာ၊ နှင့်ကို လာမေးတာလေ၊ အခန်
မှာ အိပ်ကြမလား၊ အပြင်မှာပဲ အိပ်မလား"

"ဘာပြောတယ်"

"မမနှင်းက ပြောတာ၊ နှင်နဲ့ငါ အဆင်ပြေသလိုလုပ်ကြတဲ့"

"ပညာသျှန် ..."

"ဟ .."

စားပွဲကို ဖျန်းခနဲပုတ်ပစ်လိုက်ပြီး ထ,ရပ်လိုက်တော့ သျှန်က မ
မိုးမလိမ္မာရင်လေးနဲ့ မော့ကြည့်သည်။

"နှင် ပါးရိုက်ခံချင်နေလား"

"အံမာ .. ရိုက်ကြည့်ပါလား"

သျှန် ကလည်း ဆတ်ခနဲထ,ရပ်၏။ အချစ် ဘာလုပ်ရမှန်းမသိ
မျက်နှာနှစ်ခုကို လိုက်မော့ကြည့်နေမိကာ မျက်မှန်တဝင်းဝင်းနှင့် ကို
တော်က စပ်ဖြဲဖြဲ ...။

"တာရယ် ဟိုမှာ သူများတွေ လှမ်းကြည့်ကုန်ပြီ"

အချစ်က တာ့ကို ခပ်ကြိတ်ကြိတ်ပြန်ဆွဲ၍ ထိုင်ခုံမှာ နေရာကျဖို့





သည်။ တာက လက်ကိုဆောင့်ခါပစ်လိုက်ပြီး ...

"အယုတ်တမာကောင် .. သူ့ပါးစပ်ထဲမှာ ယုတ်ယုတ်မာမာပြောဖို့
ပဲ အမြဲတမ်းရှိတယ်၊ ဟွန်း ..."

"ဘာလဲ .. ဘာယုတ်မာတာလဲ၊ အောက်ထပ်မှာ တခြားဧည့်သည်
လဲရှိနေလို့ လူရင်းတွေက မရင်းတဲ့သူတွေကို ဦးစားပေးရမယ်တဲ့၊
အတွက် အိပ်ခန်းတစ်ခန်းပဲ အပိုရှိတယ်၊ အဲဒီအခန်းမှာ အိမ်မြှောင်တွေ
နေချလို့ မမနှင်းလဲ ခဏတစ်ဖြုတ်တောင် မအိပ်ရဲဘူးတဲ့၊ အချိန်မတော်
မိန်းကလေးနှစ်ယောက်တည်း ငုတ်တုတ်ထိုင်နေရမှာစိုးလို့တဲ့၊ အဲဒါ
.. နှင်တို့ အပြင်မှာနေမလား၊ အထဲမှာနေမလား"

'တဲ့' ပေါင်းများစွာနှင့်ရှင်းပြပြီးမှ မေးခွန်းကို ပြန်စ,တော့ တာ့ မျက်နှာ
နီရဲလွန်းကာ ညိုညစ်ညစ်လေးပင်ဖြစ်နေရှာ၏။

သျှန် ဆိုတဲ့ သတ္တဝါဟာ ပြောချင်ရာပြောတတ်သလောက် သူ့စကား
က် ဆင်ခြေတစ်ခုခုကလည်း မဆိုင်းမတွ အတိအကျထွက်၏။

"တောက် ..."

"ဘာတက်ခေါက်တာလဲ၊ မေးခိုင်းလို့ လာမေးတာ"

"မမေးနဲ့ .. မလိုဘူး၊ နှင်နဲ့ ဘာမှပြောဖို့မရှိဘူး"

"ဘာလို့မရှိရမှာလဲ၊ မမနှင်းနဲ့ ကိုဗွဲ တက်ပြီးသွားရင် နှင်နဲ့ငါပဲ ကျန်
"

"ဝဲစား"

"ဟ ..."

လက်တစ်ဖက်က ရိပ်ခနဲပြေးဝင်လာသည်။ သျှန် ခုန်ဆုတ်လိုက်
င် ထိုင်ခုံကို နောက်ပြန်တိုက်မိကာ ပါးရိုက်မခံရဘဲ ပက်လက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .."

"ဘာတွေဖြစ်ကုန်တာလဲ"

လူကိုမရိုက်မိဘဲ လွဲသွားတော့ တာလည်း လက်နောက်ကိုယ်
စားပွဲပေါ်မှာ ဝမ်းလျားမှောက်လိုက်သလိုဖြစ်သွား၏။ ရုတ်တရက် အ
မှာ ညှော်ခံပွဲတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်ကုန်၏။

"ညီမလေး ..."

"သျှန် ..."

လှမ်းမြင်လိုက်ရသည့်အချိန်မှာ ဘယ်သူ ဘာဖြစ်မှန်းမသိသော
ဖွဲ့နှင့်နှင်းဆီတို့ ရှေ့ဆင့်နောက်ဆင့် ပြေးလွှားရောက်လာကြသည်။ မ
ပွဲမို့ အခြေအနေမဆိုးရအောင် အချစ်က တာ့ကို ကမန်းကတန်းဆွဲ
လိုက်ရင်း ...

"ဘာမှမဖြစ်ဘူး ကိုကြီး၊ ဟိုလေ .. သျှန် ပြန်ဖို့လှည့်ထွက်လိုက်
စားပွဲခုံခြေထောက်နဲ့ သူ့ခြေထောက် ချိတ်ပြီးလဲသွားတာ၊ အဲဒါ ခုံကို
လိုက်သလိုဖြစ်သွားပြီး တာ ပါ ရောလဲသွားတာပါ၊ ဘာမှမဖြစ်ဘူး"

လျှာခလုတ်တိုက်မတတ် ရှင်းပြရင်း ရှုံ့မဲ့ထ,လာသည့် သျှန့်ကို
ရိပ်ပြရ၊ တာ ဘာမှပြန်မပြောမို့ လက်ကိုဖျစ်ညှစ်သတိပေးရနှင့် ...၊

"ဖြစ်ရလေ ညီမလေးရယ်"

သူ့မောင်ကြောင့်လို့ ယုံသွားလို့လားမသိ၊ နှင်းဆီ က တာ့
ကလေးတစ်ဖက်ကို ပြေးကိုင်ရင်း အင်္ကျီရင်ဘတ်မှာ ပေကျံကုန်တာ
ကိုလည်း ဂရုတစိုက် သုတ်ပေး၏။

ဖွဲ့ ကတော့ ထ,ရပ်လိုက်ပြီးမှ ယိုင်ခနဲ့ဖြစ်သွားသည့် သျှန့်ကို ဖျ
လှမ်းဆွဲလိုက်၍ ...

"မင်း သောက်ထားတာလား" တဲ့ ...။





သစမ်း၊ နောက်ထပ်တစ်ခါ ...၊ သျှန့်မျက်နှာ မဲ့ခနဲ့ဖြစ်၏။ မျက်လုံး
တာ့ဆီမှာ စူးနစ်လျက် 'နင့်ကြောင့်' လို့ အသံတိတ် အကျယ်ကြီး
သည်။

"မသောက်ပါဘူး ကိုကြီးရ၊ အမှတ်တမဲ့မို့လို့ဖြစ်သွားတာပါ၊ ဟဲဟဲ..
တော် လှမ်းတော့ဆွဲပါသေးတယ်၊ မမီလိုက်လို့"

တ်မှန်တဝင့်ဝင့်နှင့်ထက်မြက်ကို ဖွဲ့ က လှည့်ကြည့်သည်။

"တကယ် ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်တို့က သူငယ်ချင်းတွေဥစ္စာ"

နောက်ထပ် ရှင်းလိုက်တော့မှ ပိရှုပ်သွား၏။ အသံ တစ်ချက်မှ မထွက်
ည့် သျှန့်ကိုကြည့်လိုက်တော့ တာ့ ကိုကြည့်သည့်မျက်လုံးတွေက
ပန်နေတာမဟုတ်။

ဖြစ်ကြပြီကိုသိလိုက်သည်။ တာ က နှုတ်ခမ်းကိုက်ထားရင်း
ရှုပြင်းနေဆဲ ...။

င်းဆီ ကတော့ အလွန်အမင်း နားနာနေသည့်ပုံပါ။ မသိလို့လား၊
ဆောင်နေတာလား ...။

သက်ပြင်းရှိုက်မိ၏။ ခပ်တွေတွေအရှိန်လေးတောင် ဘယ်ရောက်
သည်မသိ။

ပြည်တောင် ငြိမ်းချမ်းဖို့ဟာ ဒီနှစ်ကောင် ဒီလိုဖြစ် နေတော့
းလား။

ပြေလည်ခြင်းတွေ ရပ်တန့်ပါတော့ .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ရပ် .. ဒီမှာရပ်လိုက်"

"အို .. ဘာလို့ရပ်ရမှာလဲ .. ကိုကလဲ ..."

ဒီခြံဆိုတာ သေချာသည့်နေရာလေးမှာပဲ ငြင်းခုံမှုက စတင်

"ဒီခြံ သေချာရဲ့လား"

ခေါ်မိမိတာက နောက်ထပ်မေးပြီး ကားထဲကနေခေါင်းထွက်ကြည့်

"ဘာလို့မသေချာရမှာလဲ၊ ခြံနံပါတ် သုံးဆယ့်နှစ် .. ပေါ် တိုက်လေးနဲ့ တစ်ထပ်တိုက်အဝါရောင်ပုပုလေး တဲ့၊ ဟွန်း .."

ဦးသက်တင်ဇော် က လိုက်ကြည့်ပြီး မျက်နှာလွှဲ၍ ဟွန့်ခနဲ

"မိန်းမယူဖို့ စုဆောင်းထားလိုက်တာ မွေးရကျိုး တော်တော် ကောင်"

"ကိုကလဲ သူသာ လူတော်လူကောင်းလေးမဟုတ်ခဲ့ရင် ဒီ ကို မိမိတို့က ယူရမှာ၊ ကလေးကို ကြံဖန်အပြစ်မရှာချင်စမ်းပါနဲ့ ကို အထဲကိုဆက်မောင်း"





"နေဦးလေ"

ဒရိုင်ဘာက ဂီယာချိန်းလိုက်တော့ ဦးသက်တင်ဇော် က တားပြန်

"ဒီတိုင်းဝင်သွားရင် ဟိုကလူတွေကို တပ်လှန့်နိုးသလိုမဖြစ်ဘူးလား"

"ဒါကတော့ မဖြစ်တဲ့နည်းသုံးပြီး ဝင်ရမှာပဲ၊ ကားကို ခြံပြင်မှာထားခဲ့ ခိုးကြမ်းပိုးလိုဝင်ရအောင် ကိုယ်က မိဘမဟုတ်ဘူးလား"

ဦးသက်တင်ဇော် ငြိမ်ကျသွားတာကို စောင့်နေပြီး ခဏကြာမှ ဒရိုင် မောင်းဝင်သွား၏။ အထဲမှာ မီးရောင်တွေရှိနေသေးပေမယ့် ပစ္စည်း နေကြတာပဲရှိမှာပါ။

ခြံတံခါးနားမှာ အနီလေးတစ်စီးနှင့် စားပွဲ ကုလားထိုင်တွေသိမ်းသည့် မှာ ဒိုင်နာတစ်စီး ရပ်ထားတာတွေ့ရ၏။ အထဲက ကားထွက်ဖို့ရှိနေ သဖြင့် ခြံတံခါးနှစ်ဖက်စလုံးပွင့်လျက်သားရှိနေတာဖြစ်နေမည်။

ဒါပေမယ့် ညဥ့်နက်နေပြီမို့ သိမ်းဆည်းနေကြသူတွေထဲမှာ ကိုယ့်ရဲ့ ားနောင်မယ် တစ်ယောက်မှမပါပေ။

"ဒီနားမှာပဲရပ်တော့ ကိုဝတုတ်"

ကားမောင်းသည် ဗိုက်ရွှဲရွှဲ ဝဖိုင့်ဖိုင့်လူကြီးကလည်း တိကျစွာရပ်ပေး ထိုစဉ် မထင်မှတ်စွာရောက်လာသည့် ပါဂျရိုးကားမည်းကြီးတစ်စီးက ကားဘေးမှာ တုံ့ခနဲ။

ကားပေါ် ကဆင်းနေပြီဖြစ်သော ဦးသက်တင်ဇော် မျက်နှာကြီး ဆား နဲ့ အပက်ခံလိုက်ရသလို ရှုံ့တွညိုရဲသွား၏။

"မိမိ"

"သက်"

ခနီးသည် အချင်းချင်းကျတော့ ဝမ်းသာအားရ နှုတ်ဆက်ကြရင်း



www.burmeseclassic.com

www.burmeseclassic.com



အပြုံးပန်းတွေဝေသွားကြသည်။

"ဟွန်း ..."

"ဟွန်း ..."

ဦးပညာချွန်နဲ့ ဦးသက်တင်ဖော် ခါးထောက်လိုက်ကြတာ ပြိုင်တူ ပြီးတော့ ကိုယ့်မိန်းမတွေကို တံတောင်တစ်ဖက်နှင့် 'နောက်ဆုတ်စမ်း' ဟူ သည့်သဘောမျိုး နောက်ပြန်တိုက်ပစ်လိုက်ကြတာလည်း အတူတူပင်

"မင်းက ဘာလာလုပ်တာလဲ"

ဦးပညာချွန် က စ၏။

"မင်းကရော ဘာလုပ်ဖို့လဲ ဒီကို ..."

ဦးသက်တင်ဖော်က မဖြေဘဲ မေးခွန်းဆင့်သည်။

"ငါက ငါ့သား ဒီရောက်နေမှာစိုးလို့ အလစ်ဖိုက် လာဖမ်းတာ"

"အေး .. ငါကလဲ ငါ့သမီး ဒီရောက်နေရင် မှတ်လောက်အောင် ဆုံးမပြီး ပြန်ခေါ်သွားမလို့လာတာပဲ၊ ဘယ့်နှယ် အသိအမှတ်မပြုနိုင်ပါ ဘူးလို့ပြောတာကို ဒီပွဲလုပ်ဖြစ်အောင်လုပ်တယ်"

"ဘယ်သူကရော အသိအမှတ်ပြုနေလို့လဲ၊ ယောက်ျားတန်မယ့် အဝ ထိုင်စားရမယ့်မိန်းမမျိုးကိုပဲ တွက်ချက်ရှာတတ်တဲ့ သုံးစားမရတဲ့ကောင် မျိုးတွေ ဘယ်လောက်များပြားစွာရှိနေမှန်း ဒီလောက်ဆုံးမထားတာ တောင် မျက်ကန်းတစ္ဆေမကြောက်လုပ်သွားတာ၊ သင်းကို အသိအမှတ် ပြုဖို့နေနေသာသာ ဒီတစ်သက်မကဘူး နောက်ဆယ်သက်ပြတ်သေး တယ် နားလည်လား၊ ဒီပွဲကို ဟိုခွေးကောင်လေးရောက်လာလို့ အသေ ရိုက်သတ်ပြီးသားပဲ"

"ဟား ဟား ဟား"

ဦးသက်တင်ဖော် ဝါးလုံးကွဲရယ်ချလိုက်တော့ ခေါ်မိမိတာ တို့





လုံးပြူးကာ အိမ်ဆီသို့ လှမ်းကြည့်လိုက်မိကြ၏။

တမင် ဒီအချိန်ကိုစောင့်လာခဲ့ရတာ၊ ကလေးတွေရောက်လာ,မလာ သလိုလို၊ မကြည်သလိုလိုပုံဖမ်းပြီး ဘယ်လိုနေကြသလဲ၊ ဘယ်လို သွားကြမှာလဲဆိုတာကို မေးမြန်းကြည့်ချင်လို့ ...၊ တကယ်ကတော့ ပြတ်သားသားကြီးမနေရက်တာဘဲဖြစ်၏။

"သားအရင်းမဟုတ်လို့နေနိုင်ရက်တာလို့ထင်သွားမှာပဲ ကို၊ ရှင် အဲဒါ တွေးမိရဲ့လား၊ ပြီးတော့ သူ စုဆောင်းပေးထားတဲ့ငွေတွေလဲရှိတယ်၊ က်မှ မခေါ် ချင်နေလိုက်၊ အခု သွားကြည့်သင့်တယ်၊ အိမ်ထောင်သစ် ဆောင်စ,လူငယ်တွေကို ဒီငွေတွေ သွားပေးလိုက်ရင်လဲ အများကြီး ဘက်အကူရမှာ၊ သူအပ်ထားတဲ့ငွေတွေကို တစ်ပြားမှပြန်မထုတ်ချင် ဒီရန်ပြုံးကိုအကြောင်းပြုပြီး ဖြတ်တောက်ပစ်တယ်လို့များထင်သွားရင် ကြီးမိဘလုပ်နေပြီး မိမိတို့သိက္ခာ သွားပြီပေါ့"

အမျိုးမျိုးပြောပြစည်းရုံးရင်း ရန်ကုန်ကိုထွက်လာဖြစ်ခဲ့ခြင်းဖြစ်သည်။ ဦးသက်တင်ဖော် အနေနဲ့ကလည်း ကိုယ့်ဘက်ကတူအရင်းမို့ ရင်ထဲ နေမထိထိုင်မသာရယ်ပါ။ မိန်းမက လမ်းဖွင့်ပေးတော့ အဆင်ပြေ သည်။

"အေး .. ငါတို့ ဟိုရောက်ရင်တော့ ဒီကသွားတဲ့ ရည်ရွယ်ချက်တွေကို လို့မဖြစ်ဘူးနော်၊ မိန်းကလေးက ပြဿနာမရှိပေမယ့် ဟိုကောင် စီးပြောမှာကို မခံနိုင်ဘူး၊ ငါတို့သွားတာ မင်္ဂလာပွဲအတွက် သွားတာ ၜ့ တောင်မှမသိစေနဲ့"

ဆိုသော လင်မယားချင်း တိုးတိုးတိတ်တိတ်တိုင်ပင်ရင်း ထွက်လာ တာ ဒီရောက်မှပဲ ...၊

"ဟား ဟား ဟား .. ပညာချွန် .. ပညာချွန် .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်တင်ဇော်၏ ရယ်သံရှည်ကြီးက ရယ်ချင်လွန်းလို့ မပြီးနိုင်တာ မဟုတ်ဘဲ ချွန် ဆိုတဲ့ကောင် ဒီရောက်လာတာ 'ငါ့လိုပဲလား'ဆိုသ အတွေးကြောင့်ဖြစ်၏။

ဘာကြောင့်ထ,ရယ်မှန်းမသိဘဲ ပါးစပ်ကြီးမပိတ်နိုင်တော့ ဦးပညာ ချွန် မျက်နှာကြီးကလည်း သိမ်းလက်စ ဇည့်ခံပွဲ၏ မီးရောင်အောက် မှုန်ကုတ်ကုတ်ပွထလာခဲ့သည်။

"တော်တော်သနားစရာကောင်းတဲ့ သတ္တဝါပဲ ဖိုးချွန် ရာ ..."

"သနားရအောင် ငါက မင်းမိန်းမကို လိုချင်ပါတယ်ဆိုပြီး တစာ တောင်းနေလို့လား"

"ဘာကွ ..."

ရယ်နေသည့် ဦးသက်တင်ဇော် မျက်နှာ ချက်ချင်းတည်သွား၏။

"အပွန်း .. ပြောပြတာပါ"

"အရှက်မရှိပြောတတ်တာတော့ ပိတ်ပဲကွာ .. ပွန်း၊ ငါ သနားတ ကိုယ့်တူမ ဘယ်လောက်ထိ ယောကျ်ားလိုချင်နေမှန်းမသိတဲ့ မင်းကို—"

"ဘာ ..."

"ဟုတ်တယ်လေ၊ တစ်ချိုတည်း ထိုင်စားရနိုင်တဲ့မိန်းမမျိုးကို ရှာ ယူတတ်တဲ့ကောင်မှန်းသိရက်နဲ့ ယူတာဆို .. ငါ့တူ အဲဒီလိုကောင် သိရက်နဲ့ မင်းတူမက ... ဟား ဟား ဟား"

"ဟိတ်ကောင် ပေါက်လွှတ်ပဲစားပြောတတ်တဲ့ မင်းပါးစပ်ကြီး ပိတ် ...!"

"ပိတ်စရာလား ..၊ ခုမှ ရယ်လို့ကောင်းတုန်း .. ဟား ဟား ဟား"

"ကိုဇော် .. ရှင် မတော်နိုင်ဘူးလား၊ အထဲကလူတွေ ကြားကုန်မ လေ"





"ချွန်ကလဲ တော်သင့်ပြီ"

မိမိတို့ ရှေ့တိုး၍ ကိုယ့်ယောကျ်ားကို ဟားဆီးကြရသည်။ တစ် ယောက်နဲ့တစ်ယောက် ဖွင့်မပြောဖြစ်ကြပေမယ့် ဒီနေရာကို တူညီစွာ ရောက်လာခဲ့ကြခြင်းဟာ မခြားနားသောရည်ရွယ်ချက်တွေနဲ့ပဲဆိုတာကို နားလည်ကြပြီးသား ...။

ဒါပေမယ့် ဒီယောကျ်ားနှစ်ယောက်ကြောင့်ပဲ ဘာဖြစ်ဖြစ် သူမတို့မှာ ဖျိုသိပ်ဟန်ဆောင်နေကြရသည်။ ခေါ် ချင်လျက်နှင့် မခေါ်ရ၊ ပြောချင် လျက်နှင့် မပြောနိုင်။ ဘယ်ဘဝကဆုတောင်းတွေမှားခဲ့လို့များ ဒီလောက် အတိုက်အခံတွေ လာဖြစ်နေကြတာလဲ။

"ဟုတ်တယ်၊ ပြောနေတာ ကြာတယ် .. သွားမယ်၊ ဒီပွဲကိုလာတာ တွေ့လို့ကတော့ကွာ ..."

ဦးပညာချွန် က ပေါက်ကွဲစရာမရှိတော့ ပုဆိုးစနှစ်ဖက်မ,၍ လူငယ် လေးတစ်ယောက်လို တလွှားလွှားဝင်သွား၏။ ပြီးတော့မှ ဖျတ်ခနဲပြန် လှည့်ကာ ...

"လာခဲ့ .. လာ ..."

မိန်းမ ကျန်ခဲ့တာကို သတိရပြီး ဒေါ်မိမိတာနှင့် မခေါ်မပြောစေလို သည့်ပုံစံလုပ်၍ ဆွဲခေါ်သွားသည်။ ဦးသက်တင်ဇော် ကလည်း ဒေါ်မိမိတာ လက်ကိုဆွဲ၍ ...

"အရင်သွားပါစေ .. မလောနဲ့၊ တို့က လမ်းသိတာမဟုတ်ဘူး"

'ကြည့်စမ်း ...!၊ ငါတို့ကို ခွေးလို့ပြောတာ ...'

ဦးပညာချွန် ကိုယ်ကြီး တောင့်ခနဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အထဲမှာ လူတွေများလှချေလား မင်းတို့က ..."

"ကျွန်တော်တို့က ဟို .. ကိုဖွဲရဲ့မိတ်ဆွေတွေပါ အန်ကယ်လ်"

ဟုတ်ပါ့မလား၊ နားကပ်တစ်ဖက်နှင့် ဆံပင်က ခေါင်းတစ်လုံးတည်းမှာ အရောင်သုံးမျိုးလောက်နှင့် ဒီပုံစံမျိုးတွေ၊ ဒီအရွယ်တွေချည်းပင်။ နေ့ခွဲက အသက်သုံးဆယ်ကျော်ပြီဖြစ်သည့်အပြင် သဘော်သားဆိုပေမယ့် အလွန်ရိုးအေးစွာဝတ်စားနေထိုင်တတ်သည့်သူ ...။

အရွယ်မတူ၊ စရိုက်မတူသည့်လူငယ်တွေကို အကဲခတ်ရင်း ဦးပညာချွန် ရင်ထဲမှာ သားရဲ့သူငယ်ချင်းတွေများလားဟု တွေးမိသွား၏။

"မင်းတို့က ငါ့သားရဲ့ ..."

"ဟာ .. မဟုတ်ပါဘူး၊ သျှန်နဲ့ ဘာမှမဆိုင်ပါဘူး၊ သူငယ်ချင်းတွေလဲ မဟုတ်ဘူး"





လက်ခါခါး ခေါင်းခါခါဖြစ်ကုန်ကြတာကို မျက်စိလည်အောင်လိုက်ကြည့်၍ ...

"ငါ ဘာမှမမေးရသေးဘူးထင်တယ်"

"အဟား .. အန်ကယ်လ် အထင်လွဲမှာစိုးလို့ပါ"

"ကဲကဲ .. တံခါးဖွင့်စမ်း၊ ဘယ်မှာလဲ .. ဟို မိမနိုင် ဖမနိုင် နှစ်ကောင်"

ဘာဂျာတံခါးတစ်ချပ်ခြားလျက် အထဲနဲ့အပြင် ပြောနေရတာကို ခကျေမနပ်နှင့် ဦးပညာချွန် က တံခါးကိုကိုင်လှုပ်ပြော၏။

"ခဏ .. ခဏလေး အန်ကယ်လ်၊ သော့ယူထားတဲ့ကောင်က ရေအိမ် ဝင်နေလို့ပါ"

"မင်းတို့နှယ်ကွာ .. ဒီလောက် လူတွေအများကြီး တစ်အိမ်လုံး ထားရာနေရာတွေလဲ အများသားနဲ့ အဲဒီသော့က မတော်တဆ ရေအိမ်ထဲ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ .. ဟုတ်သားပဲ၊ အဲဒါ ငါ မေ့သွားတယ်၊ မင်းက ယူထားလိုက်တာမဟုတ်ဘူး"

တစ်ယောက်က အပြစ်တင်ပြီး တစ်ယောက်၏ခေါင်းကို အုပ်ထည့်လိုက်၏။ ခံလိုက်ရသူက ရှုံ့ရှုံ့မဲ့မဲ့နှင့်ခေါင်းပုလျက် ...

"ညည်နက်နေပြီဥစ္စာ .. ဧည့်သည်လာဦးမယ်လို့ ဘယ်သူကထင်မှာလဲ၊ မင်းရော သတိရလို့လား ..."

ဘုတ်ခနဲမြည်အောင် ပြန်ရိုက်၏။ တစ်ယောက်တစ်ချက်နှင့် သရေကျသွားမှ ...

"တော်ပြီ တော်ပြီ .. အဲဒါ မြန်မြန်သွားသတိပေး၊ ဒီမှာ နှစ်ဖက်လူကြီးတွေ စုပြုံရောက်လာကြပြီလို့ ...၊ တံခါးဖွင့်ပေးရမှာကို သော့မယူလာလို့ မဖြစ်ဘူးလို့ သွားပြောလိုက် မြန်မြန် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေကြတာလဲ"

ဘေးက ရှုသိုးသိုးကြည့်နေသည့် ဦးသက်တင်ဇော် က ခုကျမှ တံခါးနားကပ်၏။ အထဲမှာတန်းစီရပ်နေကြသည့်ထဲက သျှန်နဲ့မရင်းနှီးတန်းပါလာသည့် နေစိုးမိုး၏ဒုက္ခကလည်း မသေးပေ။

သိပ်မရင်းနှီးကြသည့် သျှန့်အကြောင်းကို တစ်သက်တာနဲ့ မသင့်မြတ်ကြတာ၊ မိဘချင်းကိုက မသင့်မြတ်ကြတာ .. ဒါလောက်ပဲသိထားသူမို့ မျက်စိရှေ့ရောက်လာသူတွေကို ဘယ်သူက ဘယ်သူ့ဘက်က ဘာတော်တဲ့သူမှန်းမသိ။

သိတဲ့သူတွေကလဲ အပြင်မှာ ကားသံတွေကြားကတည်းက သူတို့ကို မြင်လိုက်လျှင် သျှန့်သူငယ်ချင်းတွေမို့ သျှန် ဒီမှာရှိနေမှန်းသိသွားမှာကြောက်တာ အကြောင်းပြ၍ ပြေးကုန်ကြ၏။

ထို့ကြောင့် သူပဲ ဒိုင်ခံဖြီးဖြန်းနေရကာ ဘာမှမပြောနိုင်သူတွေကလည်း သူ့ဘေးကနေ တန်းစီရပ်ထားရင်း အထဲကို ရုတ်တရက်မမြင်ရအောင် မသိမသာ ကာကွယ်နေကြရ၏။ ဒီဒုက္ခလောက်ကြီးမားတာ ရှိပါ့မလား ...၊ ဟိုကျေးဇူးရှင်နှစ်ယောက် အထဲမှာ ပြေးဖို့ ပြင်ဆင်နေပြီလား၊ ထွက်ရင်ဆိုင်အမိခံကြဖို့ တိုင်ပင်နေတုန်းလား ...။

ဆရာမ မည်သို့စီမံပေးမည်နည်း ...။ ပွပန်လွန်းလို့တွေးနေတာတော့ မဟုတ်ပေ။ သူ တံခါးဖွင့်ရမည်လား ..၊ ဒီတိုင်း နောက်ထပ် စက္ကန့်မိနစ်တွေ ထပ်ဖြုန်းပေးနေရဦးမှာလား ..၊ ဘာလုပ်ရမလဲ ...။

နောက်ထဲမှာ ဘာတွေဖြစ်နေမှန်း သူ မသိသော်လည်း ကိုယ့်မောင်ကျမှ ပြောမရဆိုမရဖြစ်နေသဖြင့် သျှန့်ကြောင့် နှင်းဆီ ကတော့ တကယ့်ကို ဒုက္ခရောက်နေတာပါ။

"အပြင်မှာ နေစိုးမိုးပဲ ဒိုင်ခံပြောနေရတာ ကြာရင် ထိန်းထားလို့ရမှာ





မဟုတ်တော့ဘူး၊ သွားပါ မောင်လေးရယ် .. ခဏဖြစ်ဖြစ် ရှောင်နေလိုက်တော့ ဘယ်လိုလုပ်မယ်၊ ဘယ်လိုဖြေမယ်ဆိုတာ အကြံဉာဏ်ကောင်းထွက်တာပေါ့၊ ခုနေ ဒီမှာ မင်းကိုတွေ့သွားရင် မမနှင်း ရှင်းရခက်မှာ"

သျှန် က အပြင်ကအသံတွေကို နားစွင့်ရင်း သူ့ လွယ်ထားသည့် အိတ်လေးကို ပခုံးတစ်ဖက်မှာကောက်ချိတ်လိုက်သည်။

"ကျွန်တော်က ဘယ်ကထွက်ရမှာလဲ"

"လာ .. လာ ..."

သျှန့်ကို လက်ဆွဲ၍ မီးဖိုဘက်ထွက်သည့်တံခါးကိုဖွင့်ကာ လက်တစ်ဝါးသာသာ အမှောင်ရိပ်လေးကနေ ကျောကပ်ရင်း နောက်ဖေးထိ ထွက်ခဲ့ကြရသည်။

နောက်ဖေးမှာ တော့ လက်ကိုဆွဲထားသည့် ဖွဲ့ က သူတို့ထွက်လာတာ မြင်သည်နှင့် အနားတိုးလာကာ ...

"သျှန် .. မင်းတို့နှစ်ယောက် ဦးလေးတို့ အိမ်ထဲဝင်သွားပြီဆိုတာနဲ့ အပြင်မှာ ဦးဝတုတ်ကြီး မမြင်အောင်လှည့်ပတ်ပြီး အပြင်ကိုလစ်ထွက်တော့"

"ဒီအချိန် ကားလဲရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

လာရတာက ခိုးချောင်ခိုးဝှက်မို့ သူငယ်ချင်းတစ်ယောက်ကားနဲ့ စုပြုံစီးလာကြတာဖြစ်၏။ သျှန် ပြောတော့မှ ဖွဲ့ က နာရီငုံ့ကြည့်၍ ...

"ဟုတ်တော့ဟုတ်တယ်"

"အို .. ဟုတ်ဟုတ်၊ မဟုတ်ဟုတ် တာ ပြန်ရဲတယ် ကိုကြီး၊ ရန်ကုန်မြို့မှာ လိုင်းကားစီးမှ သွားလို့ရတာမဟုတ်ဘူး"

သျှန့် မျက်နှာကို မျက်စောင်းထိုးလိုက်တော့ ရည်းစားကို သျှန်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိသည်။ ကိုယ်ကပဲ ယောကျ်ားလေးဖြစ်ပြီး သတ္တိနည်းသလိုလို—

"ဝါ့ကြောင့်ပြောနေတာမဟုတ်ဘူး၊ နှင့်ကြောင့် .. နားလည်လား"

"မလိုပါဘူး"

"ဟုတ်သားပဲ၊ ခုနတည်းက အချစ်ကလိုက်မယ်ဆိုတာ ခေါ်ခဲ့ရကောင်းသား။ နှင်းကလဲ အုပ်ရလိုက်ကြီးပြေးလွှားနေရင် ပိုခက်မလားလို့..."

နှင်းဆီက နောင်တစကားဆိုသည်။

"ဒါဆို အချစ်ကို ပြန်ခေါ်လိုက်ရကောင်းမလား ကို"

"ဆရာမ .. ကိုရွှဲ ..."

"ဟင် ..."

သူတို့နှင့် မလှမ်းမကမ်းမှာ အရိပ်မည်းတစ်ခုပေါ်လာပြီး ခေါ်သံအုပ်အုပ်နှင့် ...

"လူကြီးတွေ အိမ်ထဲရောက်ကုန်ကြပြီ၊ ဆရာမတို့ကို မေးနေတယ်"

"ဟင် ...! သွား သွား .. မောင်လေးတို့ သွားတော့"

"အပြင်မထွက်နိုင်ရင်လဲ ဒီထဲမှာပဲ လှည့်ပတ်ရှောင်နေလိုက်ဦး သျှုန်းအထဲမှာ ငြိမ်းချမ်းသွားရင် ကိုကြီးတို့ ပြန်ထွက်ရှာမယ်၊ လောလောဆယ် မကောင်းဆိုတာက လူကြီးတွေ အခြေအနေက အမုန်းမကြီးကြဘဲ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်နိုင်တဲ့အခြေအနေမျိုး။ ဒါကို မီးလောင်ရာလေပင့်တဲ့သဘောတွေ ထပ်ဖြစ်မှာစိုးလို့ပါ"

ရွှဲ ပြောတာကိုနားထောင်ပြီး တာ က လှစ်ခနဲပြေးထွက်သွား၏။ သျှုန် က အံ့သြသလို လိုက်ကြည့်နေပြီးမှ နှင်းဆီကို ပြန်လှည့်ကြည့်သည်။

ပြီးတော့ ပြေးထွက်သွား၏။ နှင်းဆီ မျက်နှာလေးအိုလျက် ရွှဲ ကို မော့ကြည့်ရှာသည်။ မင်္ဂလာဦးည ဆိုတာလည်း ရင်ခုန်သံတွေ အမျိုးမျိုးနဲ့ပါလား ...။





"စိတ်မညစ်ပါနဲ့နှင်းရယ် ...၊ ဒီလောက်တော့ရှိမှာပေါ့"

ရွှဲ က နှင်း လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ညှစ်အားပေးသည်။ နှင်းက ပင့်သက်လေးရှိုက်လျက် ...။

"စိတ်ပူတာပါ ရွှဲရယ် ...၊ သျှုန် နဲ့တာ က တည့်ကြတာမဟုတ်ဘူး"

ရွှဲ လည်း မျက်နှာမကောင်းပါ။ ဒါပေမယ့် .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ညသည် ကတ္တရာလမ်းမည်းကြီး၏ ကောက်ကွေ့ခြင်းကို ရိုးသားစွာ ဖွင့်လှစ်ပြသထားပေမယ့် ဘယ်လိုဆုံးအောင်သွားနိုင်သည်ဆိုသည့် စေတနာဘာဘာသာရပ်တော့မပါပေ။

လမ်းဘေးမီးတိုင်များမှလွဲ၍ ခပ်ဝေးဝေးမှကားမီးရောင်တချို့တလေကိုပဲ လှမ်းမြင်နေရသည်။ အနီးအပါးမှာတော့ လူသူ ကားအရိပ်အခြည်ဆိုတာ ဘာမှမမြင်။

"ပြောပါဦး၊ လိုင်းကားစီးမှသွားလို့ရတာမဟုတ်ဘူးဆိုတော့ တခြားနည်းလမ်းတစ်ခုခု ..."

ပြောတော့မယ်ဆိုတာသိသည်။ ထို့ကြောင့် ကိုယ့်ဘက်မှာ ချေပစရာစကားမရှိပေမယ့် မျက်စောင်းထိုးဖို့တော့ တတ်နိုင်သေး၏။

"ဟွန်း.. ပိုက်ဆံမပေးရတိုင်း မျက်စောင်းထိုးဖို့တော့တာဝန်ကျေတယ်"

သျှန် က မဲ့ရွဲ့ရုံတင်မကဘဲ နှာခေါင်းပါရှုံ့လိုက်သေးသည်။ လမ်းပေါ်





ဆာ နှစ်ယောက်တည်း ဟိုလျှောက် ဒီလျှောက်နှင့် တစ်ယောက်ပခုံးမှာ အိတ်တစ်လုံးစီနှင့် ...။ သူ့ပခုံးပေါ်မှာ လက်တစ်ဝါးသာသာ စလွယ်သိုင်းလွယ်လို့ရသည့် အညိုရောင်အလှအိတ်လေးပါ။ တာ့ မှာကျတော့ ချည့်ခံပွဲဆက်သည့် ရွှေရောင်လက်ကိုင်အိတ်လေးဖြစ်သည်။

အိတ်တွေကို ဘယ်သူမှ ဟန်နဲ့ပန်နဲ့မလွယ်နိုင်ဘဲ ပခုံးမှာ ဖြစ်သလိုချိတ်ထားလိုက်ကြတာဖြစ်သည်။

"ဒီကနေ စက်မှုဇုန်ထိပ်ထိ လျှောက်သွားရင်တော့ ကားငှားလို့ရလေားမသိဘူး၊ သွားမယ်"

တာ က မျှော်ကြည့်ပြီး တစ်ယောက်တည်းစီရင်ချက်ချ၏။ တကယ်ဆည်းချိတက်သည်။ ဒါပေမယ့် ဆယ်လှမ်းလောက်သွားပြီး ပြန်ကြည့်တော့ သျှန် က ပါမလာ။

ပြန်လှည့်ကြည့်လိုက်တော့ မင်းသားက နေရာမှာကျောက်ချရပ်လျက်...

"ဟဲ့ .. နင် ဘာလုပ်နေတာလဲ"

"ရပ်နေတာလေ"

"ရပ်နေတာမြင်သားပဲ၊ အဲဒီလိုရပ်နေတော့ နင့်ဆီကို ကားက ရောက်လာမလား"

"လာလာ မလာလာ ပင်ပန်းမခံနိုင်ဘူး၊ လမ်းဘေးမှာ မိုးလင်းသွားလဲ သက်သက်သာသာပြန်ရုံပဲ"

ကြည့်စမ်း ...!၊ မီးတိုင်အောက်မှာ ပေကပ်ကပ်ရပ်နေလိုက်တာ ဘယ်လောက်ကိုင်ပေါက်ပစ်ဖို့ကောင်းလဲ ..။ တာ ဒေါသဖြစ်ခြင်းနှင့် ဆောက်ဆတ်ဘောက်ဆတ်လေး ပြန်လှည့်လာ၏။

"ပညာသျှန်.. နင် ယောက်ျားမဟုတ်ဘူးလားဟင်..ငါဘောင်လျှောက်နိုင်ရင် နင်လျှောက်နိုင်ရမှာပေါ့၊ ဘာဖြစ်လို့ အရှက်မရှိပြောရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုရှက်ရမှာလဲ၊ ဒီည အဆောင်ပြန်မရောက်ရင် ဘဝတစ်ခြမ်း ပြာကျသွားမယ့်အဖြစ်မျိုး ရှိသလား၊ ငါ့အတွက် ဘယ်မှာဖြစ်ဖြစ် ပြဿနာ မရှိတာကို ဘာဖြစ်လို့ အလကား အပင်ပန်းခံရမှာလဲ"

"နင်က မရှိပေမယ့် ငါက မိန်းကလေး ..."

"အဲဒါကြောင့် ငါပြောသားပဲ၊ လမ်းပေါ်ကို အရင်ပြေးထွက်တာ နင် မဟုတ်ဘူးလား"

"ငါ့အဖေအကြောင်း ငါသိလို့ပေါ့၊ ငါတို့ကြောင့် ကိုကြီးတို့ စိတ်ဆင်းရဲ ရမှာစိုးလို့ .. သိလား"

"ငါကတော့ ငါ့အဖေကို ဒီလောက်ဂရုမစိုက်ဘူး၊ ဒီလိုပဲ လှည့်ပတ် ရှောင်ထွက်နေကျ၊ အခု နင့်ကြောင့် ငါ လစ်ထွက်ခဲ့ရတာ"

"ဒါဆို နေလိုက်လေ၊ ငါ့ပြဿနာ ငါရှင်းမယ်"

တာ က ချာခနဲလှည့်ထွက်သွား၏။ သျှန် ဒီတိုင်းရပ်ကျန်ခဲ့သည်၊ ဒီတစ်ခါ တာ တကယ်လှည့်မကြည့်တော့ဘဲ မြင်ကွင်းထဲကနေ ပျောက်သွားခဲ့၏။

မီးတိုင်တွေက ခြားသည်။ အမှောင်တိုက်တစ်ခုကိုကျော်ဖြတ်နေရသည့် အကွာအဝေးက နည်းတာမဟုတ်။ ဒေါသဖြစ်နေမိပေမယ့် စိတ်ကလည်းမဖြောင့်နိုင်ဘဲ သျှန် 'ကျွတ်ခနဲ'ဖြစ်ရင်း ပြေးလိုက်ရပြန်သည်။

ပြိတ္တာရဲ့ လေးဆယ့်ကိုးဝမ်းကွဲ ဝက်ပုတ်မ ...၊ လူကသာ ဝဝဖိုင့်ဖိုင့်နဲ့ စိတ်က စက္ကူလွှင့်တာထက်တောင် မြန်သေးသည်။ မင်းကလည်း မင်းပဲ...

သျှန် ကိုယ့်ကိုယ်ကိုလည်း မကျေနပ်ပေ။ လိမ့်ချင်သလိုလိမ့်ပါစေ- ကြည့်နေလိုက်ပါလား ...။





## အခန်း (၂၀)

"ဟာ .. မင်းတို့ ဘယ်လိုဖြစ်လာကြတာလဲ"

ဖြူထွက်လာကြသည့်မျက်နှာတွေက မနည်းမနော၊ ကြည့်ကြသည့် ...လုံးတွေက သျှန်နဲ့သူမကို ဘာလိုလို...၊ တစ်ယောက်က ဝင်ပြောချ ...တော့ ပိုဆိုးသွား၏။

"မတည့်အတူနေဆိုတာ ဒါမျိုးပေါ့ကွ၊ ကျောင်းလဲပြီးတော့မှာ ဆို ...ာ့ နိုးပြေးလာကြတာဖြစ်မှာပေါ့"

"ဟဲ့ကောင် ဘာပြောတာလဲ"

ဒေါသဖြစ်လွန်းသဖြင့် တာ က မိုက်မိုက်ရိုင်းရိုင်းအော်ပစ်လိုက်၏။

"အံမာ .. လူကို အကောင်လို့ မခေါ်ပါနဲ့ တို့တွေက ဒီည သူနိုးလက်ခံ ...ပေးရမယ့် ကျေးဇူးရှင်တွေ၊ လေသံကိုပြင်လိုက်"

"ပြောတာမကြိုက်ရင် သူများတွေ ဘာဖြစ်လာသလဲ အကျိုးအကြောင်း ...ပြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အကျိုးအကြောင်းက ခိုးပြေးလာကြတဲ့အကြောင်းအပြင် ဘာရှိ လဲ၊ အချိန်လဲကြည့်ဦးလေ၊ နှစ်နာရီထိုးတော့မယ်"

တစ်ယောက်တစ်ခွန်း ဝင်ပြောသမျှ တာ က ဆတ်ဆတ်ထိမခံသ လိုရင်းကိုမရောက်နိုင်ဘဲဖြစ်နေ၏။

"ဟော့ .. အခန်းခုနစ်က ဘာလုပ်နေကြတာလဲကွ"

ပြောလို့မှမဆုံးသေးခင် အဆောင်မှူးအသံကြီးက ဟိန်းထွက်လာ၏ မကြာခင် ဒီရှေ့ကိုရောက်လာတော့မှာမို့ သျှန် က တာ့လက်ကိုဆွဲ၍ အခန်း ထဲ ဝင်ပစ်လိုက်သည်။

တစ်ယောက်က တံခါးပိတ်ပစ်လိုက်၏။

"စောရန်အောင်တို့ ..."

"ခင်ဗျာ .. အန်ကယ်ကြီး ..."

"မင်းတို့တာပြဿနာတွေရှိလို့ အချိန်မတော်စကားများနေကြတာလဲ"

"မဟုတ်ဘူး အန်ကယ်ကြီး၊ ကျော်လတ်ခုတင်မှာ ကြမ်းပိုးတွေ တွေ့ နေလို့ ..."

"အဲဒါ မင်းတို့ အိမ်တွေ အလည်ပြန်ကြရင်း ပါလာကြတာနေမှာပေါ့ ငါ့အဆောင်ကို နာမည်မဖျက်နဲ့"

"ဟုတ်..ဟုတ်ပါတယ်၊ ဒီအိပ်ခန်းကိုပဲ ပြောနေကြတာပါ၊ ဘာမှမဖြစ် ဘူး အန်ကယ်ကြီး"

အဆောင်မှူး၏ခြေသံ ဝေးသွားမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်၏။ အားလုံးထဲမှာ တာ့ မျက်နှာလေးက အဖမ်းခံရသည့် အာ နည်သူရဲကောင်းတစ်ယောက်လို .. အားတန်သည်ဖြစ်စေ၊ မတန်သည် ဖြစ်စေ ဘယ်တော့မှ မာန်ချမှာမဟုတ်သည့်မာနများနှင့် ..။ သျှန် က - သူမကို ဂရုမစိုက်ဖို့ သူငယ်ချင်းတွေကို မျက်ရိပ်ပြကာ ...





"ဒီလိုကွာ ..၊ ငါတို့တွေ မမနှင်းတို့ညစ်ခံပွဲကို ထွက်သွားကြတာ သိ သယ်မဟုတ်လား"

"အေးလေ ..၊ စိုးမိုးတို့တောင် ကပ်လိုက်သွားသေးတယ်၊ အဆောင် းကနေ ကျူးကျူးကျော်ကျော် ..."

"အေး .. အဲဒါ ဟိုမှာ ပြဿနာတွေဖြစ်ကုန်ကြတာပဲ"

အစချီကာ လူကြီးချင်း သိပ်အဆင်မပြေခဲ့တာလေးတချို့ပါ ထည့် ပြောပြလိုက်သည်။ သူတို့နှစ်ယောက် တစ်ဖက်ကလှည့်ပြေးခဲ့ရသည့် အကြောင်းရောက်တော့ ...။

"လမ်းမှာ ကုန်ကားတစ်စီးပဲတွေ့တော့ ရှေ့ခန်းမှာလဲ လူက အပြည့် နောက်ကတက်ဖို့ကျတော့ ခြေနင်းကမပါ၊ ကုတ်တွယ်စရာမရှိနဲ့ ..၊ အဲဒါ သူက တက်နိုင်တယ်ဆိုတော့ ငါလဲ တွန်းတင်ပေးတာပဲ၊ အပေါ်မရောက် ဘဲ ပြန်ပြုတ်ကျပြီး ခြေထောက်မှာ ဒဏ်ရာဖြစ်သွားတယ်၊ ဒဏ်ရာက နားတော့ ကားမရှိတော့လို့ လမ်းလျှောက်နေရတာတောင် .. ခရီးက တွင်တော့ဘူး"

"ဖြစ်မှာပေါ့"

တစ်ယောက်က နောက်တက်လူကြားထဲကနေ မကြားတကြားဝင်၍..

"ဒီကိုယ်လုံးနဲ့ ဘယ်လိုလုပ် ပေါ့ပေါ့ပါးပါးရောက်မှာလဲ"

"ဟုတ်တယ်၊ အဲဒီကိုယ်လုံးက နင့်ကိုယ်လောက်ကို အသာလေး ဖိ သတ်ပစ်လိုက်လို့ရတယ်၊ ပြားကပ်မသွားရင် ကြိုက်သလိုပြော"

"ဟာ .. ကြည့်စမ်း ..."

"ဟား ဟား ဟား"

စောရန်အောင် မျက်နှာကြီး ဖြစ်သွားပုံကို လှည့်ကြည့်ပြီး သိဟ က အပ်ပိတ်ရယ်သည်။ သူတို့တွေက သျှန်နဲ့သိပ်ရင်းနှီးကြတာမဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာ ဆိုသည့် မိန်းကလေးကိုလည်း နဖူးတွေ့ဒူးတွေ့ ခေါ်ပြော ဆက်ဆံဖူးတာ ခုမှ ...။

ကိုယ်လုံးလေးက ဖိုင့်ဖိုင့်၊ ဆံပင်ကောက်ကောက်ကပ်ကပ်လေး နားဆွဲလေးတလှုပ်လှုပ်က သူမပုံစံကို ချစ်စဖွယ်လေးဖြစ်နေခြင်းပေ

မျက်နှာလေးကလည်း လှပါသည်။ ဒီကိုယ်လေးသာ နောက်ထ တစ်လက်မခွဲလောက်စီ အချိုးညီညီလျှော့ကျသွားလျှင် သူမမျက်နှာ နှင့် အလှဆုံးဘွဲ့ကို အလွယ်တကူ ပိုင်ဆိုင်သွားမှာဖြစ်၏။ ခုကျတော့

"မင်းတို့ကလဲ ပါးစပ်ပိတ်နေစမ်းပါ၊ ပြောပြတာကိုနားမထောင်ဘူး"

သျှန် ကလည်း စိတ်မရှည်၊ ပြောချင်တာက တာ့ ကိုဖြစ်ပေမဲ့ ကိုယ့်ကောင်တွေကိုပဲ လှည့်ဆူလိုက်ရ၏။ တာ ကိုက နည်းနည်းမှ သိ ချင်စိတ်မရှိတာ။

"ငါ သူတို့အဆောင် ပို့ပေးမယ်ဆိုပြီး အဲဒီကိုရောက်သွားတော့ လုံး ခင်မရတော့ဘူး"

"ဘယ်ရတော့မလဲ၊ အဲဒီ မိန်းကလေးဆောင်က စည်းကမ်းသိပ်ကြီး တာ၊ ညကိုးနာရီကျော်တာနဲ့ ဂိတ်စောင့်မထားတော့ဘူး၊ လူခေါ်ဘဲလ်တီး တယ်၊ အထဲမှာ ခွင့်မဲ့ပျက်ကွက်တဲ့သူရှိရင် သွားပြီ"

"ဟုတ်တယ်၊ သူ အဲဒီကနေ ဘဝပြောင်းပြီး ဒီရောက်လာတာ"

"သူတောင်းစား"

သူ့ချည်းပဲ အဟားခံနေရသဖြင့် စောရန်အောင်၏ဆဲသံကြီး ကျယ် ကျယ်လောင်လောင်ထွက်လာ၏။ ကောင်းတယ်ဟု ပြောသလိုမျိုး ထာ က တည့်တည့်လှည့်ကြည့်ပြီး မဲ့သည်။

သျှန် စိတ်ပျက်စွာ ခေါင်းခါရင်း ဒီတစ်ခါ တာ သိအောင် မျက်စောင်း ကြုတ်ကြည့်ပစ်လိုက်သည်။ သူတို့တွေ ကောင်းလို့ ဒီနေရာထိ လူ





အောင် ဝင်လာအနေလို့ရတာ မဟုတ်ဘူးလား။

ဒီလိုမှမဟုတ်ခဲ့လျှင်သိက္ခာကျ၊ အရှက်ရဖြစ်မှာ ဘယ်သူလဲ ...။ တာ ကလည်း သျှန် ကြည့်လိုက်တာကိုသိသည်မို့ ခပ်တည်တည်လေးဖြစ်ကာ တစ်ဖက်လှည့်သွား၏။

"ဟဲ .. အချိန်သိပ်မရှိတော့ဘူး၊ မင်းတို့ ဘယ်လိုလုပ်မလဲ"

"ဘာလုပ်ရမှာလဲ၊ နင်တို့ ဟိုဘက်ခန်းသွားအိပ်ကြပေါ့၊ ငါ ဒီမှာနေမယ်"

"ဟာ .. အဲဒါ မဖြစ်ဘူး"

"ဟုတ်တယ်၊ ငါတို့ဘက်မှာလဲ သန်းစိုးတို့အညာက ဧည့်သည်တွေ ရောက်လာလို့ နှစ်ခန်းခွဲပြီးမျှဝေယူထားရတော့ တစ်ခန်းကို ခုတင်နှစ်လုံး မို့တာပဲဟာ .. ဒီမှာ လေးယောက်အိပ်ရမှာပဲ"

"အံမယ် ဘယ်ဖြစ်မလဲ၊ ဟိုက မိန်းကလေးတစ်ယောက်တည်း ..."

"ဒါကတော့ နင်စဉ်းစားလေ၊ ငါတို့က ..."

"နေပါဦး"

တာနဲ့စောရန်အောင်တို့ ညှိနှိုင်းရဖို့က မလွယ်။ 'ငါတို့က နင့်ကိုဖိတ်ခေါ်တာမှမဟုတ်ဘဲ' လို့ ပြောတော့မည့်ပါးစပ်ကိုပိတ်ကာ စောရန်အောင်က သီဟာကို လှည့်ကြည့်၏။

သီဟာ က စိတ်ရှုပ်နေပုံပေါက်သည့် သျှန် ကို လက်တို့၍ သျှန် လှည့်ကြည့်တော့ မေးဆတ်ပြကာ ...

"မင်း ဆုံးဖြတ်လေ"

"ဘာလဲ"

"ဒါ သေးသေးနုပ်နုပ်ကိစ္စ မဟုတ်ဘူးနော်၊ ဘာဖြစ်သွားနိုင်လဲ မင်း သိလား"

ထိုအခါ တာ က သူတို့ကို လှည့်ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှဖြစ်စရာမလိုဘူး ငါတို့တွေ ဒီမှာ တစ်ရတ်စ်ရုံးတည်းနေကြရင် လဲ ရတာပဲ၊ ခေါင်းစဉ်မှားတွေတပ်ဖို့ မကြိုးစားနဲ့"

"တပ်ချင်လွန်းလို့ပါဗျာ .. နော်၊ ဟွန်း ..ခင်ဗျားပဲ ဦးအောင်ပြော"

သျှန့် မျက်နှာက ဒေါသရောင်တက်လျက် နီမြန်းမြန်းဖြစ်နေ၏။

"ဖြစ်လာသမျှက လုပ်ချင်သလိုမဖြစ်လို့ ဖြစ်သလိုလုပ်လာခဲ့ရတာ သူများလဲ ကိုယ့်လိုပဲလို့ စာစာနာနာတွေး ..."

ပြောပြီး ဘာမှ ရှေ့မဆက်ချင်တော့လို့ သျှန် က ဖင်ရွှေ့ထိုင်ပစ်၏။

"စာစာနာနာပြောတတ်ဖို့လဲ ကိုယ့်ကိုယ်ကို စဉ်းစားလေ၊ ယောကျ်ား လေးတွေကြားမှာ ငါက တစ်ယောက်တည်း ..."

"ဩော် .. ဟော် ..."

စောရန်အောင် မချိုမချဉ်အကြည့်နှင့် မဲ့ရွဲ့လှည့်ကြည့်ကာ ...

"အဲဒီတစ်ယောက်တည်းကပဲ ဖိကြိတ်ပစ်မယ်၊ ပြားကပ်သွားမယ်နဲ့ ကြိမ်းဝါးနေတာ၊ ငါတို့က မျက်နှာငယ်စွာနဲ့ ခေါင်းငုံ့ခံနေရတဲ့ဘက်ကနေ ပြန်တွက်ကြည့်ဦး"

သျှန်နဲ့တာက စ,ဖြစ်လိုက်၊ စောရန်အောင်က ရှေ့ဆက်လိုက်နှင့် သည်နေရာ ဤရန်ပွဲက အပြီးမသတ်နိုင်။ ထိုစဉ် တစ်စုံတစ်ယောက်ထံမှ ဖုန်းမြည်သံလေးတစ်ချက် ထွက်ပေါ်လာပြီး သီဟ က အင်္ကျီအိတ်ကို လက်နဲ့ဖိစမ်းရင်း ထ,ထွက်သွားသည်။

ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ထ,ထွက်သွားကြကာ ဘာ တွေတိုင်ပင်နေကြသည်မသိ။ တာ ကတော့ စိတ်မဝင်စားပါ။ ဒီတိုင်း ရုတ် ရုတ်သဲသဲနေရလေ ကောင်းလေလို့တောင် ထင်မိသည်။ ထို့ပြင် ခြေထောက် ကဒဏ်ရာက ကြာလေလေ ပိုနာလေ။

ခြေသလုံးက ထဘီအနားစကို အသာလေးလှန်လိုက်တော့ သွေးစီး





ကြောင်းက ကြမ်းပြင်ထိစွန်းထင်းလျက် စီးကြောင်း၏အနားစပ်တွေ တောင် ခြောက်သွေ့နေပြီဖြစ်၏။

မိန်းကလေးပီပီ သွေးတွေအများကြီးမြင်တော့ ကြောက်လည်း ကြောက်သည်။ ဝမ်းလည်းနည်းမိလျက် မျက်ရည်က ချက်ချင်းဝေ့လာသည်။

တကယ်ဆို ဟိုသတ္တဝါ နေနိုင်လွန်းတာပါ။ လူကို ကားပေါ်တက်လို့ ဖြစ်အောင် တွန်းတင်ကူညီပါလား။ တွဲတော့မလို၊ ကိုင်တော့မလိုနှင့် အနား မှာ ခြေကားယား လက်ကားယားလာရပ်နေသည်။ ပြုတ်ကျပြီဆိုတော့မှ...

'အဲဒါကြောင့် မတက်ပါနဲ့လို့ပြောနေတာကို' တဲ့ ...။

အံကြိတ်လိုက်စဉ်မှာ မျက်ရည်တစ်စက် ပေါက်ခနဲကြွေ၏။ ထိုမျက်ရည် စက်လေး၏ဘေးမှာ ဖြူသွယ်၍ကြမ်းရှသောမွေးညင်းတချို့ ရှည်လျားစွာ ပေးတင်နေသော ခြေအစုံ လာရပ်လျှင် ထိုသူဟာ သျှန်မှန်း သိလိုက်၏။

"သွေးတွေ တအားထွက်နေတာလား"

"ဘာမှမဖြစ်ဘူး"

ပြောပြီး သူ့ကိုလည်းမော့မကြည့်ဘဲ ထဘီကို ပြန်ဖုံးလိုက်၏။

"ဟာ .. ပြန်မဖုံးနဲ့လေ၊ ထဘီနဲ့ ကပ်တွဲသွားမှ သံပြာနဲ့အောင့်နေရမယ်၊ ပြန်လှန်လိုက်၊ ဒီမှာ အရက်ပြန်ဆွတ်ပြီး သွေးတိတ်အောင်လုပ်ပေးမယ်၊ လိမ်းဆေးလဲနည်းနည်းတွေ့လာလို့ ..."

သူ ဘယ်အချိန်က ထရှာလာသည်မသိ။ တာ ထိုင်နေသည့် ခုတင် ခြေရင်းမှာ ဒူးတစ်ဖက်ထောက်ထိုင်ကာ ထဘီမ,မသေးတာကို စိတ်ရှည် လက်ရှည်စောင့်၏။

ဘေးကိုကြည့်လိုက်တော့ ဘာတစ်ယောက်မှ မရှိတော့ပေ။ တာ က ထဘီစကို သာသာလေးပြန်တင်ပေးကာ ...

"ဟိုပုဂ္ဂိုလ်တွေက ဘယ်ရောက်ကုန်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်ရောက် သူတို့ခြေသောက်နဲ့သူတို့ .. ပူမနေနဲ့"

"မှုစရာလား၊ ငါက ဒီမှာ တစ်မျိုးထင်စရာတွေဖြစ်ကုန်မှာစိုးလို့ –"

"ဖြစ်လည်းနဲ့လဲ ညာဘ်သွားရုံအပြင် မရှိဘူး"

"ဘာ ..."

ပုကောင်းကိုစောင်း၍ ဂွမ်းစပေါ်စိုအောင်လုပ်နေတုန်း လက်ကိုတွန်းပစ်လိုက်တော့ အရက်ပြန်တွေက ဂွမ်းပေါ်ကိုမဟုတ်ဘဲ လွှတ်လွှတ်လင်းလပ်ကြီးသွန်ကျသွားလေသည်။

"ဟာ .. တောက်..."

သျှန့် မျက်နှာ နီရဲတင်းမာသွားကာ တာ့ ကို ရိုက်သတ်ပစ်ချင်သည့်မျက်လုံးနှင့်ကြည့်၏။ ပြီးတော့ အရပ်ပြန်ပုလင်းကို ထပ်မြှောက်ကြည့်ပြီးမှ လွှဲပေါက်ပစ်လိုက်ကာ ...

"ဟဲ့ .. နင် .. အား သေပါပြီ .. လွှတ်နော် ..."

"ဖယ်စမ်းပါ"

"ဟင့်အင်း .. မလုပ်နဲ့ .. နာပါတယ်ဆိုမှ .. ပညာသျှန် .. အား ..."

တာ့ အော်သံ စူးစူးဝါးဝါးထွက်လာတော့ အားလုံး အခန်းထဲကို အော်တိုမစ်တစ်စုဝေးရောက်လာကြ၏။ မျက်လုံးတွေပြူး၊ ပါးစပ်တွေပြကာ ဒီကအဖြစ်ကိုမြင်မှ ...

"ဖြစ်ရလေကွာ"

"အေးလေ .. နှစ်ယောက်တည်း ခဏလေးကျန်ခဲ့တာ မီးပွင့်ကုန်ပြီလားလို့ ..."

"နင် ဘာပြောတယ်"

ဒါတောင် တာ က ရန်တွေ့နိုင်အားသေးသည်။ ထိုစဉ် အားလုံး ပြေးလွှားလွှား ဖြစ်ကုန်ပြန်၏။





"ဘာသံလဲကွ .. မင်းတို့ထဲက ..."

"ဟာ.. ဘာသံရမှာလဲ အန်ကယ်ကြီးကလဲ ..၊ ဒီကောင် နေ့လယ်က ဖုန်းနဲ့ ဘာတွေလျှောက်ရိုက်မှန်းမသိဘဲ ခုမှ ဖွင့်ကြည့်နေတာ"

"မင်းတို့ဖုန်းက အဲဒီလောက်ကျယ်သလား"

"ဟာ .. ကျယ်တာပေါ့၊ ဝသလောက် အသံကျယ်တာ"

တာ မျက်စောင်းထိုးနေမှန်းသိလို့ စောရန်အောင်က အပိုတွေ ထည့်ပြော၏။ အဆောင်မှူးလူကြီးက အလွန်ကပ်စေးနှဲသည့်သူဖြစ်ကာ အဆောင်ရှည်ကြီးတွေထားပြီး စုစုပေါင်းမှ ဖုန်းနှစ်လုံးပဲထားသည်။

လက်ကိုင်ဖုန်းဆိုတာ ကိုင်တောင်မကြည့်ဘူးပါဟု ပြောဖူး၏။

'အလကား ... လူဆိုတာ အကောင်းကြိုက်မျိုးတွေ၊ လက်ကျင့်ပျောက်တယ်' တဲ့ ...။

အခန်းပြင်ကနေ နားလည်မှုတွေရသွားပုံပေါ်ကာ ခဏတော့တိတ်ကျသွား၏။ ပြီးမှ ...

"မင်းတို့ ဒီည တော်တော်မျက်လုံးကြောင်နေပုံပေါ်တယ်"

"ဟုတ်တယ် အန်ကယ်ကြီး .. အိပ်မပျော်လို့ ..."

"အေး .. ဒါဆိုလဲ အိပ်မပျော်တဲ့ကောင် ထွက်ခဲ့ကွာ၊ ငါ့ကို အလှည့်ကျနှိပ်ပေး၊ ပြောင်းဖူးကြော်နဲ့ ရေနွေးကြမ်းကျွေးမယ်"

"ဟား .. အဲဒါ အရမ်းမိုက်တဲ့အစီအစဉ်ပဲ"

အားလုံး အလုအယက်တိုးထွက်ကြ၏။ သျှန်ကိုယ်တိုင်တောင် အံ့သြသွားမိသည်။ ဒီကောင်တွေ အစားအသောက်လည်း ဒီလောက်မက်ကြတာမဟုတ်ဘဲနဲ့ ...။

"ဖယ် .. ဖယ်၊ နင် ဘာမှမလုပ်နဲ့တော့ .. သွေးထွက်လဲ သေပါစေ"

ဟိုဘက်ကိုရောက်နေသည့်အခါက တာ့အသံကြောင့် ဒီဘက် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပါလာ၏။

"ဒီလောက်သွေးနဲ့တော့ မသေနိုင်ပါဘူး၊ ကြည့်ရတာ အမြင်မတော်လို့ .. ဖယ်ပေး .. လက်"

"နေပါစေလို့ပြောနေတာ မကြားဘူးလား"

"ဒီမှာ ဒီလောက်သန့်စင်ပြီးနေကာမှ ...၊ ဆေးထည့်ရုံပဲရှိတော့တာ"

သူ လုပ်ကိုင်ပေးနေတာ တကယ်စေတနာနဲ့ဖြစ်နိုင်ပေမယ့် ကိုယ်တိုင်လည်း ဒီဒဏ်ရာကြီးကို ကြောက်မိသည့်တိုင် ...

"ဆေးထည့်ရင် စပ်ဦးမှာလား ..."

"ဒါကတော့ ..."

"ဟော့အေး .. မထည့်နဲ့တော့"

ရှေ့မှာ ဒူးထောက်ခစားနေရသည့်လူကို ဘာတွေသဘောခွေ့ပြီး ဒီထက်နှိပ်စက်ချင်နေတာလဲ ...၊ သုံးလက်မလောက်ရှည်နေသည့်ဒဏ်ရာကြီးကို ကရုဏာစိတ်လေးမွေးပေးမိခဲ့တာ လက်တစ်ဆစ်တောင် မကျန်ချင်တော့ပေ။

တကယ်က ဒီဒဏ်ရာဖြစ်ရတာ ကိုယ့်အပြစ်လည်းမကင်းသလိုဖြစ်ခဲ့သည်။ လမ်းပေါ်မှာ အေးဆေးသွားရင်းစောင့်ရင်လည်း ကားတစ်စီးစီးတော့တွေ့မှာပဲ။

မတွေ့တော့လည်း ကိုယ်လုပ်ယူလို့မရသည့်ကိစ္စတွေကို ဖင်ဆောင့်ငိုနေလို့ပြီးသွားမှာမှမဟုတ်တာ၊ ဒါကို ကားမီးရောင် ပြေးလိုက်၊ ကားရပ်တိုင်း ပြေးသွား ...။

ဖြစ်ချင်တာဖြစ်ဆိုပြီး ကြည့်နေလိုက်တော့ တံခါးကနေတက်လို့မရသည့်ကားမို့ ကုန်တွေချည်နှောင်ထပ်တင်ထားသည့်ဘေးက တွယ်တက်တော့ ကျပြီပေါ့။





ဘုတ်ခနဲပြုတ်ကျသွားတုန်းက ဒဏ်ရာ အကြီးအကျယ်ဖြစ်သွားမည်လို့မထင်။ မသကာ ခြေထောက်မျက်သွားမလား၊ ခါးနာသွားမလား ... ဒါလောက်ပဲထင်၏။

လမ်းမှာလည်း ခြေထော့နင်းဖြစ်နေလို့ သတိထားမိပေမယ့် စကားကောင်း သိပ်မပြောချင်တာနှင့် မသိသလိုနေခဲ့မိသည်။

ခုကျမှ သူမဘာသာ ငုံ့ကြည့်နေတုန်း နောက်က အသာကြည့်ပြီးကိုယ့်ဘာသာပဲ အရက်ပြန်နဲ့ဆေးပုလင်း ထ,ရှာခဲ့ရသည်။

ဤမည်သောအကြောင်းများနှင့်ပတ်သက်၍ ဒဏ်ရာကိုဆေးထည့်ပေးဖို့တော့ သူ ကြိုးစားသင့်သည်ဟု ယူဆလိုက်၏။

"ဆေးထက်အရက်ပြန်က ပိုစပ်တာ၊ အရက်ပြန်နဲ့ ဒီလောက်ဖိပွတ်ထားတဲ့ဥစ္စာ .. ဆေးထည့်ရင် ဘယ်လိုလုပ်စပ်တော့မှာလဲ၊ လက်ဖယ်"

"ဖြည်းဖြည်းလုပ်"

တာ က နေရာတကာကျတော့ ဆတ်ဆတ်ကြဲပုံလေးနှင့်ရှိခဲ့ပြီး အနာဆေးထည့်တာကို နှုတ်ခမ်းချင်းဖိပိတ်ကာ မျက်လုံးတွေလည်း မှိတ်ထား၏။

"အား ..."

ပြီးခါနီးတော့မှ နှုတ်ခမ်းဖွင့်ပြီး နာကျင်စွာညည်းသည်။ သျှန် ပတ်တီးစည်းပေးနေတာကို ငုံ့ကြည့်ကာ ...

"ဒါတွေ နင်တို့ယောက်ျားလေးဆောင်မှာ ရှိတယ်ပေါ့"

"ရှိတယ်၊ အန်ကယ်ကြီးက အပြောဆိုးပေမယ့် သူ့များနဲ့ တစ်ခုခုဖြစ်လာလဲ ဝင်ရှင်းပေးတယ်၊ ယောက်ျားလေးတွေဆိုတော့ ခိုက်ရန်ဒေါသဘာညာတွေလဲဖြစ်တတ်မှာပဲဆိုပြီး တော်ရုံဒဏ်ရာအနာတရဆိုရင် ဆေးခန်းပြေးဖို့မလိုအောင်ပေါ့"

"ဒါကျတော့ မဆိုးဘူးနော်၊ ငါတို့အန်တီကျတော့ အပြောဆိုးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လက်ကလဲမပါဘူး။ သူ့ကို ဘာပေးပေး ပေးနေတုန်း ခဏပဲကြည့်တယ်"

"ဒါပေမယ့် မိန်းကလေးဆောင်က ဟင်းကောင်းတွေပဲ များတယ် မဟုတ်လား"

"တစ်ပတ်မှာ လေးရက်တော့ ဆီပြန်ပါတယ်"

"ငါတို့မှာ တစ်ပတ်တစ်ရက်ပဲ အသားမြင်ရတာ၊ မိန်းကလေးတွေနဲ့ ယှဉ်ပြောတော့ ဘာပြန်ပြောလဲ သိလား ..."

သျှန် က ပတ်တီးလိပ်နဲ့ ကတ်ကြေးတွေကို စားပွဲပေါ် ငုံ့တင်လိုက်ပြီး တာ့ ဘေးမှာ အိခနဲဝင်ထိုင်၏။ အိပ်ရာတစ်ခုတည်းမှာ အတူထိုင်သလို ဖြစ်သွားသော်လည်း ပြောနေသည့်စကားထဲမှာ အာရုံရောက်နေကြသဖြင့် ဒါကို အမှတ်တမဲ့ ...။

"သူတို့က မိန်းကလေးတွေချည်းပဲနေတာတဲ့၊ မိန်းကလေးတွေက ဟင်းမကောင်းလို့ မစားနိုင်ပါဘူးဆိုပြီး အပြင်ထွက်ဝယ်ကြ၊ စားကြ လုပ်ရင် အန္တရာယ်များတယ်တဲ့၊ အဲဒီလိုပြောလို့ သီဟ ဆိုတဲ့ကောင် အပြင်မှာ တစ်ခါရန်ဖြစ်ပြလိုက်သေးတယ်"

"ဘာ .. ဒါကြောင့် တမင်ရန်ဖြစ်ပြတယ် ..."

"တမင်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် ညဘက် ဟင်းမကောင်းတော့ စားရတာမတင်းတိမ်ကြဘူးလေ၊ အချိန်လေးရှိတုန်း အအေးလေးသောက်မယ်၊ တစ်ခုခုစားမယ် ဘာညာနဲ့ ရင်ပူပြီးထွက်ကြလို့ ဖြစ်တာပေါ့"

"သြော် ..."

"ဟိုဘက်က လေးယောက်၊ ဒီဘက်က သီဟနဲ့ ကျော်လတ်ဦး နှစ်ယောက်တည်း"

"ခံလာရရောလား"

"ခံရတာပေါ့။ သီဟ ခေါင်းမှာ နှစ်ချက်ချုပ်ရတယ်"





"အဲဒီတော့ အဆောင်မှူးက ဘာပြောလဲ"

"အဟွန့် ..."

သျှန် က အိပ်ရာထက်မှာ လက်နှစ်ဖက် နောက်ပစ်၍ ကိုယ်ကို ပက်အက်ပုံစံ ခပ်လျော့လျော့ထိုင်လိုက်ပြီးရယ်၏။

"ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပဲ တဲ့၊ တိုင်းပြည်ကို ကာကွယ်နေကြတဲ့ စစ်သားတွေဆိုရင် အမိုက်ပုံကြားက ထမင်းကြမ်းခဲကို ကြွက်နံ့နဲ့လုပြီး ကောက်စားရတယ်၊ ကျွဲလူးအိုင်ထဲက ရေနီတွေကို ခပ်သောက်ရတာ တဲ့"

"အယ် .. ဟုတ်လို့လား .."

"အင်း ..၊ ဖေဖေကတော့ ဒီထက်ဆိုးတယ်လို့တောင် ပြောသေးတယ်"

သျှန် နဲ့ တာ မသင့်မြတ်ခဲ့တာတွေကို နှစ်ယောက်စလုံး မေ့နေခဲ့ကြ တစ်ခန်းလုံးမှာ နှစ်ယောက်တည်း အေးချမ်းနေကြသည်။

"ယောက်ျားဆိုတာ သီးခံနိုင်စိတ်ကြီးမားရတယ် တဲ့"

ဒီစကားမှာတော့ ဖေဖေ ပြောတဲ့စကားတွေကိုပါ သတိတရ ဖြစ်သွားခဲ့တာပါ။ ဦးပညာချွန် ဆိုသည့်အတိုင်း ဖေဖေက ပညာကို အလွန်လောဘကြီးခဲ့သူဖြစ်သည်။

သူကိုယ်တိုင် ဘွဲ့တွေ တစ်လှေကြီးဆွတ်ခူးရယူဖို့ ရည်ရွယ်ချက်ကြီးထားခဲ့တာလည်းရှိ၏။ ဒါပေမယ့် ဖေဖေက ချူချာသည်။ စိတ်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ် အတိုင်းအတာလွန်ပြီး ပင်ပန်းသွားလိုက်တာနှင့် ကိုယ်ပူနာစေးဖြစ်တော့သည်။ ဒါကို ပေကပ်ကပ် ဒီတိုင်းဆက်လုပ်သွားလို့မရ၊ ရှစ်တန်းအတည်းက ဂုဏ်ထူးတွေတစ်သီကြီးယူကာ ဆယ်တန်းကို နာမည်ကောင်းနှင့်ဝင်ဖို့ ကြိုးစားခဲ့လိုက်တာ အကြီးအကျယ်ဖျားပြီး စာမေးပွဲအောင်ဖို့လေးကို မနည်းရအောင် ပြန်ယူရသည်တဲ့။

ဉာဏ်လည်းကောင်းသည်၊ ကြိုးစားချင်စိတ်လည်းရှိပါလျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးပညာချွန် မတတ်နိုင်ခဲ့ပေ။ သျှန့် ကျတော့ သူ့လိုပဲ ဉာဏ်ကောင်းသည်။ ငယ်ငယ်ကတည်းကလည်း ကြိုးစားခဲ့သည်။ သူ စိုးရိမ်ခဲ့ရသလို ပင်ပန်းတာနဲ့ အိပ်ရာထဲလဲတဲ့ကောင်မျိုးလည်း မဟုတ်ပေ။ ဒါပေမယ့် ဆယ်တန်းကိုရောက်ပြီဆိုမှ ပေါ့ပြက်ပြက်ဖြစ်လာ၏။ ဒါနဲ့တောင် အမှတ်ကောင်းနဲ့ အောင်ခဲ့သေးသည်။ ပြဿနာ အဲဒီမှာ ကြီးမားခဲ့တာဖြစ်၏။

"ကွန်ပျူတာ ကျွန်တော်မှ ဝါသနာမပါတာ၊ အိမ်မှာရှိတဲ့ကွန်ပျူတာတောင် မထိုင်ဖြစ်ဘူး"

"ဒါပေမယ့် မင်း အင်တာနက်ဆိုင်သွားသွားပြီး ချက်စ်တင်ထိုင်တာတွေကရော ..."

"ဟိုကောင်တွေပါ .. ကျွန်တော် မထိုင်ပါဘူး"

သူ ခေါင်းခါငြင်းပယ်ခဲ့သမျှကျောင်းတွေ အကုန်ပြီးဆုံးချိန်မှာ ဖေဖေ့လက်သီးကြီး ပြေးဝင်လာလိုက်တာ အရှိန်က သေးသေးလေးမဟုတ်။

ဒါပေမယ့် သူ မရှောင်ပါ။ ဖေဖေနဲ့သူ အချေအတင်တွေ ဒီဂရီမြင့်လာပြီဆို အနားမှာ မေမေ အမြဲရှိသည်။ ဖေဖေ့လက်သီး လျှပ်စစ်ထက်မြန်လည်း ကိုယ့်ဆီ ရောက်မလာနိုင်ဘူးဆိုတာ သေချာပြီးသား။

ပြန်တွေးမယ်ဆို ဖေဖေနဲ့ သူ့အဖြစ်တွေမှာ ဟာသမြောက်တာတွေ ဒေါ်ပွစရာတွေမှ အများကြီးပင်။ ဒါကြောင့် ဖေဖေ့စကားလုံးတွေ ကိုယ့်ပါးစပ်ထဲမှာပါလာတော့ အလိုလိုနေရင်း ပြုံးမိ၏။

"ဘာပြုံးနေတာလဲ၊ ငါ့ဒဏ်ရာ ကြီးမားကျယ်ပြန့်သွားလို့ ကျေနပ်နေတာလား"

ရုတ်တရက် တော့ မေးခွန်းကြောင့် သျှန့် က ခပ်တည်တည်လှည့်ကြည့်ကာ ...

"စေတနာထားပြီးလုပ်ပေးနေတာကို မတည့်အောင်လာမပြောနဲ့ ဒီ





လူကသာနှစ်ပြားမတန်ရင်ရှိမယ်၊ သူများရဲ့သွေးစိုစို ပြည်စိုစိုကို နေ့နေတောင်ကြည့်ခဲ့တာမဟုတ်ဘူး"

စေတနာက ဘယ်ကရောက်လာတာလဲ၊ မယုံဘူး ...၊ ကိုယ့်မှာ ကင်းသို့ ပြတ်လို့လည်းမဖြစ်သေးတော့ အသံတိတ်ပြောရင်း တော့ နှုတ်ခမ်းသွား၏။ သျှန့် ကလည်း ဒါကိုပဲ မြင်ဖြစ်အောင်မြင်ကာ ...

"စေတနာ ဇော်ကားဖို့တော့ တော်တော်ဝါသနာကြီးတာပဲနော်၊ ဘကယ်လန်တယ်"

"အမလေး စေတနာတွေ ပုတ်လောက်ကြီးရေးပြမနေနဲ့ တော်တော့ ဇော်ကားဘူး .. ရှင့်ကို ကျေးဇူးရှင်ကြီးလို့မှတ်တယ်၊ မှတ်သားတယ် သိလား။ အသက်ဖြောင့်ဖြောင့်ထွက်"

မဲ့ရွဲ့ပြောပြီး ဒေါသအနည်းနှင့် မျက်စောင်းတစ်စင်းလွှင့်သွားသည်။ သျှန့် က ပခုံးတွန့်ရယ်၏။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ...။

"နင့်ကောင်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ တစ်ယောက်မှမတွေ့တော့ဘူး"

"မသိဘူး၊ ငါ သူတို့လည်ပင်းကို ကြိုးဆွဲထိန်းနေတာမှမဟုတ်တာ"

"ဩော် .. ငါက ရိုးရိုးမေးတာပါ၊ ခုမှပဲ တိရစ္ဆာန်နွယ်ဝင်တွေမှန်း သိတော့တယ်"

"ဟုတ်တယ်၊ တိရစ္ဆာန်ချင်းပဲ စကားပြောလို့ရတာ၊ ငါပြောသမျှ နင် အကုန်နားလည်တယ်နော်၊ မဆိုးဘူး"

"ပညာသျှန့် ... ခွေးစုတ်ကောင်"

"အား .. သေပြီ"

နီးနီးလေးကပ်ထိုင်နေတာမို့ ပခုံးကို တအားလွှဲထုပစ်လိုက်တော့ သျှန့် တကယ်ထအော်သည်။ ပြီးတော့ အမှတ်တမဲ့စိတ်နှင့် တော့ လက်သလေးကို ဆောင့်ဆွဲပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အာ .. ဘာလုပ် ..."

စကားမဆုံးလိုက်ဘဲ သတိလက်လွတ်ငိုက်ပါသွားသည့်နောက်မှာ သျှန့်ပခုံးတစ်ဖက်နှင့် တာ့မျက်နှာ ကပ်မိသွား၏။ တစ်ယောက်ပေါ်ကို တစ်ယောက်က မှီချလိုက်သလိုဖြစ်သွားခဲ့ပြီး တာ့ကိုယ်ကို ပြန်၍ဖက်ထားလျက်နှင့် အိပ်ရာပေါ်မှာ သျှန် ပက်လက်လဲကျသွား၏။

စက္ကန့်တွေ ဘယ်လိုဖြတ်ပြေးသွားကြသလဲ မသိလိုက်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ပြူးတီပြူးကြောင် ကြည့်နေမိကြ၏။

သျှန့် ရင်ဘတ်ကျယ်မှာ လက်ဖဝါးလေးနှစ်ဖက် ထိကပ်တွန်းထားမိပေမယ့် ပြန်လည်းမထဖြစ်၊ စကားလည်း ပြောနိုင်၊ သျှန် ကလည်း အတင်းဖက်ထားတာမဟုတ်ပါ။ ဒါပေမယ့် တာ က သူ့ရင်ခွင်ထဲမှာ ရှိနေသည်။

တဒင်္ဂဆိုသည့်အချိန်လေးအတွင်းမှာ နှစ်ယောက်စလုံးသည် တင်းမာဒေါပါခြင်းတွေ ပျောက်ဆုံးလျက် ဘာသာမဲ့ရင်ခုန်သံများကြောင့် နှုတ်ခမ်းသားများပင်သွေ့ခြောက်လာခဲ့သည်အထိ။

"ဘယ်မှာလဲ ဒီကောင်လေးတွေ ..."

"လုံးဝမဖြစ်နိုင်ဘူး၊ ရှိရင်သတ် ငါ့သမီး ..."

အသံတွေ ဆူညံစွာပေါ်လာသော်လည်း သူတို့ ဘာမှပြင်ဆင်ချိန်ရလိုက်ပေ။ ခပ်ဟဟတံခါးသည် လှစ်ခနဲပွင့်သွားလျက် တံခါးဝမှာ သီဟတို့၏ မျက်နှာငယ်လေးများနှင့်အတူ ဦးပညာချွန်နှင့် ဦးသက်တင်ဇော်တို့၏ ဒေါသမျက်နှာကြီးတွေက မိုးပေါ်က ပြုတ်ကျလာသလို ...

"ဖေဖေ ..."

"ဟင် .. ဖေဖေ ..."

နှစ်ယောက်စလုံး အိပ်ရာထဲကနေ လူးလဲထ လိုက်မိကြ၏။ ဦးပညာချွန် က ဟန်ပါပါခါးထောက်လျက် ဦးသက်တင်ဇော်ဘက်ကို ကိုယ်





အစောင်းလှည့်ရပ်ကာ ...

"ကဲ .. သက် ဆိုတဲ့သတ္တဝါ .. ဘယ်လက်နက်နဲ့သတ်ရမလဲ ပြော..."

ဦးသက်တင်ဇော်သည် ခြေတစ်ချက်ဆောင့်၍ တက်ခေါက်လျက်..

"ဟိတ်ကောင် .. လေတောင် အဖော်ရှိမှ တိုက်လို့ရတာ"

"ဟုတ်တယ်လေ၊ အညီရှိလို့ ယင်အုံတာလို့ပြောတော့ မင်း လက်ခံသို့လား ..."

"တော်စမ်း ဟိတ်ကောင် ..."

"အမှိုက်ပုံရှိလို့ ခွေးရှုပါတာ"

"အေး .. မင်းက ခွေးဇာတ်သွင်းရဲတယ်ဆိုရင် ငါ့သမီး အမှိုက်ပုံဖြစ်သွားလဲ မှုပါတယ်"

"ခွေးဇာတ်သွင်းသွင်း၊ ဘယ်ဇာတ်ကက ငါ့သားနဲ့မင်းသမီး ညားမှာပဲ"

"တောက် .. ခွေးလောက်မိုက်တဲ့သမီး"

"လူယုတ်မာတဲ့ သတ္တဝါလေး ...၊ ပညာချွန်နဲ့ သား လုပ်နေပြီး ဒီနေရာမှ တုံးရသလား ...၊ ဟွန်း .. မိဘမျက်နှာ ကတ္တရာသုတ်တဲ့ကောင်..."

ဆဲရေးသံတွေ ဆူညံသွားသည်။ နှစ်ဖက် ပစ်ခတ်နေကြသည့် သတပ်၊ အမြောက်တပ်ကြီးတွေကြားထဲမှာ အဆောင်မှူးကြီး မျက်တောင်ဆံပို့တစ်ခုပဲ သတိရနေသည်လားမသိ။

ပါလာသည့်ဖူးစာကံက မှင်ရည်ကြဲသည်လား၊ ပျစ်သည်လား ...။

ပညာသျှန်နှင့် တစ်သက်တာတို့ အောင်မြင်စွာ ဓာတ်ပုံစပ်လိုက်ရခြင်းသို့ ရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

“ငါ့သားဘက်က လုံးဝသာအောင် ငါ ချပေးနိုင်တယ် နားလည်လား ဘယ်တိုက် ဘယ်ခြံကို လက်ဖွဲ့စေချင်သလဲ ကြိုက်တာပြော၊ သင်း ဘက်က ဘာထွက်လာသလဲ စောင့်နေတာ”

အသံက ကျယ်လောင်လောင်မို့ ဦးပညာချွန်တို့ပြောနေတာကို ဘက်ကလည်း ဒီတိုင်းကြားနေရ၏။ သေချာပြီးရင်း သေချာတာက ယောကျ်ားနှစ်ယောက် ခြံတစ်ဖက်ခြားစပ်စပ်ကို ပြေးဆင်း ရန်ဖြစ် တော့မည်။

ဒေါ်မိမိတာ တူဖြစ်သူကို အကူအညီတောင်းသလိုကြည့်မိ၏၊ ဘာမှမပြောရသေးခင် ဦးသက်တင်ဇော် က ပြေးဆင်းသွားပြီဖြစ်သည်

“ဟော့ .. ငါကလဲ ငါ့သမီးအတွက်ဆို မရဘူးဆိုတာမရှိအောင် လု ပေးနိုင်တယ်ကွ၊ ငါ့သမက်ဖြစ်လာတဲ့ကောင်က မျိုးမစစ်တဲ့ကောင် ဖြစ် လို့ စေတနာမရှိတာ”





“အံမာ .. ဟိတ်ကောင် .. မျိုးစစ်,မစစ် မင်းက ပိုသိတယ်နော်၊ ပြောချလိုက်ရင် ပုတ်သင်ဥတွေပါ ပေါ်ကုန်တော့မယ်”

“ပေါ်ပါစေ .. ပြောလိုက်စမ်းပါ၊ ဘာလဲ .. ပြော ...”

“ငါက မင်းလို သူခိုးကြမ်းပိုးနည်းနဲ့ မိန်းမယူထားတာမဟုတ်ဘူးလေ၊ ချမ်းစွာ ရွှေလက်ဆက်ခဲ့တာ”

“အရှက်မရှိပြောပြီကွာ၊ မက်သတ်တွေထုတ်ယူပြီး တစ်ဖက်စီမှာ လို့ရရင်တောင် ချိန်လိုက်ချင်သေးတယ်။ အူဝဲဆိုတည်းက ခုချိန်ထိ လုပ်လုပ် အင်ဖော်မေးရှင်းတက်ခ်နော်လော်ရီကယ်လ် မင်းနဲ့ငါ အဝှ ပဲ၊ ဘာတစ်ခုမှ မကွဲပြားသေးဘူး၊ မယုံရင် ဆွဲထုတ်လိုက်စမ်းပါ၊ မင်း မ ဒေါ်သက်သက်တင်ကို ...”

“ဟိတ်ကောင် .. အပိုတွေမပါနဲ့၊ မင်းနဲ့ငါ ဟိုနွားလေးနှစ်ကောင် ကြောင်းပဲ ပြောနေတာ”

“မပြောစေချင် မင်းရဲ့လျှာကို ဖြောင့်ဖြောင့်သွားခိုင်းလိုက်”

“ဖေဖေ တော်ပါတော့ဗျာ၊ ဒီအခြေအနေထိရောက်နေကာမှ ...”

“ဘာကွ ...”

ဦးပညာချွန် က သူ့နောက်ရောက်လာသည့် သျှန်ကို အားလုံးကြား အောင် လှည့်အော်သည်။

“ဒီအခြေအနေထိ ဘယ်သူကတိုက်တွန်းလိုက်လို့လဲ၊ ဟိုရှေ့က နှစ် ဘက်သွားတာကို ဒေါသဖြစ်ရတာ မပြီးသေးဘူး မင်းတို့က မင်းတို့ဘာ ...”

“အဲဒါတွေ ကျွန်တော် ...”

“မပြောနဲ့၊ ငါက လုံးဝကိုသဘောမတူတာ သိလား၊ မင်းအဖေက သမီးချင်းစာနာပါ၊ လူကြားမကောင်းအောင်မပြောပါနဲ့လို့ ားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် ...၊ ဘယ့်နှယ် ညီစော်ဟောက်စော်နံတယ်"

"ဟေ့ .. ငွေရှိတဲ့လူကိုပဲ အရာတင်နေကြလို့ မပါချင်ဘဲပါနေရ ပြီးတော့ မင်းလိုကောင်ကို ငါ့လက်အောက်မှာ ဖိနှိပ်ထားဖို့အတွ လက်ဝါးကြီးမအုပ်ချင်ဘဲအုပ်ထားလိုက်တာ နားလည်လား၊ ချောင်း မြောင်းကြားမှာ ငါးဖားရှာစားရတဲ့ အကုသိုလ်အလုပ်ကို လုံးဝစွန့်လွှ ခဲ့တာ ကြာပြီ"

"တော် .. ပညာချွန် .. မင်းကတော့ အမှိုက်ကောက်ရင်း ရွှေဖြ တာကိုးကွ၊ ပြောအားရှိပြီပေါ့၊ ဒါပေမယ့် မှတ်ထားစမ်းပါ၊ စီးပွားရေ ငါ မင်းကို မယှဉ်သာရင်တောင် မာနကတော့ အရင်အတိုင်းပဲဟေ့ နွန်းပဲပြော .. အခု စီစဉ်ထားတာကို ဖျက်မလား"

"ဟား ဟား ဟား"

ဦးပညာချွန် က ခြံတစ်ဖက်ကနေ ဗိုက်ကြီးကော့တက်လာအော ရယ်ပစ်လိုက်၏။ အနိုင်လုပြောခဲ့ကြရင်း ရှုံးသားစွာ မသင့်မြတ်ခဲ့ရာ ဦးသက်တင်ဖော်၏မျက်နှာကြီးက နီရဲဘင်းမာလာခဲ့၏။

ဒီကောင် ဒီလိုပဲ အနိုင်ပိုင်းပြောခဲ့တာတွေများပြီ ချောင်းကလေ သားအချင်းချင်း၊ ချူဖော် ငါးဖမ်းဘဝတွေနဲ့ပဲ ဗေဒါတွေရေမျော ချောင်းကလေးထဲမှာ ကျွမ်းပစ်၊ ရေကူးရင်းဘဝရဲ့ အမိပွာယ်တွေဖြစ် တာ ...။

သူ့အဖေ မြို့တက်သွားပြီး သင်ဖြူးပွဲရုံထောင်လိုက်တာက အ ပြီး လုပ်ငန်းချင်းကွဲပြားသွားတာတောင်မှ ခုချိန်ထိ ချောင်းကလေ ဝိတ်ဆို့ပစ်လိုက်လို့ ချူဖော်လို့မရတော့သည့် တံငါသမားတွေ ငုတ်တု မှေ့နေကြရသည်။

ငါးကို တစ်ကောင်ချင်းဖမ်းယူတဲ့သူနဲ့ ပိုက်ကွန်ပစ်ဖမ်းတဲ့သူ အဲ





ဘာမဟုတ်ဘူးလား။ ဦးသက်တင်ဖော် အံကြိတ်လိုက်မိ၏။ သိသည်၊ တစ် နေ့နေ့မှာ ဒီလိုစကားတွေကြောင့် ဒီတိုင်း အံကြိတ်ကျန်ခဲ့ရတော့မယ် ဆို တာ ...။

ဦးပညာချွန် ဆိုတဲ့ လူကြီးလူကောင်းက ပန်းတနော်မှာ သင်ဖြူးပွဲရုံ ကြီးတွေနှင့် မီနီမားကက်တွေဖွင့်၊ ဟိုတယ်လ်တွေဆောက်၊ နောက်ကွယ် က ချောင်းကလေးဝကိုပိတ်ဆို့ပြီး ဘယ်သူမှဖမ်းဆီးထုတ်ယူလို့မရအောင် တုပ်သွေးစုပ်ထားတာကျတော့ လူမမြင်။

သူကတော့ အသွင်ပြောင်းဖို့ကြိုးစားရင်း ပြောင်းလဲနေပေမယ့် ဦးပညာချွန် ပါးစပ်ထဲမှာတော့ ဘယ်အခါမှမပြောင်းလဲတဲ့ တံငါသည်...။

ဒေါ်မိမိတာ ကလည်း ယောက်ျားဖြစ်တဲ့သူ အရှိုက်ထိသွားပြီကို သိ သည်။ တူမဖြစ်သည့် မွန်မွန်လတ်နှင့်အတူ ဦးသက်တင်ဖော် ဘေးကို ရောက်လာတော့ ဟိုဘက် ဒီဘက် မိသားစုစုံဖို့က ဒီဘက်မှာ တာ တစ် ယောက်ပဲ လို၏။

ဦးပညာချွန် က ဒေါ်မိမိတာ ဆင်းလာတာမြင်မှ အားပါးတရ ရယ် မောနေခြင်းကို ရပ်တန့်ကာ ...

"မိမိ နင့်ယောက်ျားက စ,မေးတာနော်၊ ငါက သားရှင်ဖြစ်ပေမယ့် ဘာမှမပြောရသေးဘူး"

"မပြောဘဲနေလေ ကောင်းလေပေါ့ ချွန်၊ နင်တို့ အဲဒီလို ရန်ဖြစ်ဖြစ် နေကြတာ ဆံပင်တွေဖြူတာတောင် မရပ်သေးဘူးလား"

"အံမာ .. နင်ကလဲ နင့်ယောက်ျားဘက်ကလား ..."

ဦးပညာချွန်က အဖွဲ့တောင့်လှချေလားဆိုသည့် မျက်နှာနှင့် တစ်ဖက် ခြံထဲကလူတွေကို တမင် ခြေဖျားထောက်ကြည့်၏။ သူ့ဘေးမှာ သားဖြစ် သူကလည်း စုတ်သပ်ရင်း ရှုံ့မဲ့ရင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ တော်ပါတော့ဗျာ"

"အေးပါ .. တော်မှာပါ၊ ဒါပေမယ့် ငါ မတရားပြောနေတာမဟုတ်တဲ့ အကြောင်းတော့ သိစေချင်တယ်၊ ဒီမှာ ဇော် .. မင်းက ဖျက်ကြမလားဆို တော့ ငါက လက်ခုပ်တီးပြီး ခေါင်းခါရုံပေါ့ကွာ၊ ဟား ဟား .. ငါ့သားက ငါ့ကို ပြောပြီးသား၊ အစတည်းက မင်းသမီးကို ကြည့်လို့ရတာမဟုတ်ဘူး တဲ့၊ အခု လက်ခံခဲ့တာက နှမချင်းစာနာစိတ်နဲ့တဲ့ .. ဟဲဟဲ"

"အေး .. ကောင်းတယ်"

"ဟာ.. ဖေဖေ ..."

ဦးသက်တင်ဇော် မျက်လုံးကြီးပြူးလာတာမြင်တော့ သျှန် ထိတ် ထိတ်ပျာပျာဖြစ်သွား၏။ ဒါပေမယ့် ဖေဖေ့စကားလုံးတွေကို ဆုပ်ဖမ်းတား ဆီးချိန်မရလိုက်။ အခြေအနေတွေ ရှုပ်ထွေးကုန်ပြီမှန်း သိလေ စိတ်ပူ လေ ..၊ ဒါတွေ တာ ကြားသွားလျှင် ဘယ်လိုမျက်နှာပြကြမလဲ ..၊ တာ ဘယ်ရောက်နေသလဲ ...။





## အခန်း (၂၂)

"ဘာကွ ..."

"ဟုတ်တယ်လေ၊ ကျွန်တော်တို့က လူငယ်ပေမယ့် ခုပဲစေ့စပ်၊ ခု ပြန်ဖျက်နဲ့လုပ်ရမှာ ရှက်တယ်၊ ဖေဖေတို့က ဖေဖေတို့ချင်း ပြဿနာနဲ့ ခိုင်လုံနေကြတာ"

"ပညာချွန် .. မင်း ရှင်းရှင်းပြောစမ်း၊ အဲဒီ ပွတင်းမလေးကို မင်းက သဘောကျနေတာလား"

"အစတည်းက သူငယ်ချင်းတွေ"

"ရှင်းရှင်းပြောလို့ပြောပြီးသားနော်၊ မင်းကို သံယောဇဉ်ကာလာခဲ့ခိုင်း ခဲ့နေတာမဟုတ်ဘူး၊ ခု ကြိုက်နေသလား .. မကြိုက်ဘူးလား .. ဖြေ..."

"အို .. ချွန် ကလေးကလားတွေ မမေးပါနဲ့ သူတို့ချင်း ဘယ်လိုပဲဖြစ်နေ ခဲ့ စေ့စပ်ပေးလိုက်ကြတာ အသိုင်းအဝိုင်းအားလုံး သိကုန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်ပြောနေကြတာကို ဦးပညာချွန်က အုံ့သြသည့် မျက်လုံးတွေနှင့် တစ်လှည့်စီကြည့်နေ၏။

"ဘာပဲဖြစ်ဖြစ် ကလေးတွေကိုလက်ထပ်ပေးရမှာပဲ၊ မခေါ်ချင်လို့ ရတယ်၊ မတော်ချင်လို့မရဘူး၊ ရှင့်သားနဲ့သူ့သမီး ညားရင် သူနဲ့ရှင်က ခမည်းခမက်ဖြစ်သွားပြီ၊ နောင်အခါ ဒီမျက်နှာတွေကို ဘယ်လိုကြည့်ကြမလဲ၊ ဘာရန်ငြိုးမှလဲ အကြီးအကျယ်ရှိခဲ့ကြတာမဟုတ်ဘဲနဲ့ စကားအနိုင်လုပြော၊ အနိုင်မခံ အရှုံးမပေး မာနတွေထား ..."

"မင်းက ဒါတွေပြောပြီး မင်းယောကျ်ားကို လက်နက်ချအရှုံးပေးခိုင်းနေတာလား"

"ဘယ်သူက ရှင့်ကို လက်နက်ကြီးငယ်တွေနဲ့ ချိန်နေလို့လဲ၊ ခုလဲ ကြည့်စမ်း ...၊ သူ့ခများ သမီးရှင် .. ချွန် ပြောလိုက်တာ ဘယ်လောက် ရုပ်ဆိုးသလဲ"

"ဘာလဲ .. မင်းသား ငါ့ကို ဒီတိုင်းပြောခဲ့တာလေ .. မဟုတ်လို့လား ခုမေးကြည့် ..."

သူ့ဘက်လှည့်လာတော့ အပြစ်ရှိသူလို ငုံ့ကျသွားသည့် သျှန် မျက်နှာကို ဒေါ်သက်သက်တင် က ဒေါသမကင်းကြည့်သည်။

"မင်းကရော ဘာလဲ၊ အဆောင်မှာ လူစုံတက်စုံနဲ့ ဈေးစပ်ကြောင်းလမ်းစကားပြောတဲ့အထိ သွားကြီးတဖြီးဖြီးနဲ့ ..."

"မဟုတ်ဘူး မေမေ၊ ဟို.. တာနဲ့ကျွန်တော်က .. အဲဒါမဟုတ်.. ဟိုဟာ ..."

"အဲဒါမဟုတ်ဆိုတည်းက ဘယ်ဟာမှမဟုတ်လို့ပေါ့ကွ၊ ယောကျ်ား ပီပီ စကားကို တစ်ခွန်းတည်းပြောစမ်းပါ၊ မင်းနဲ့ အဲဒီဟာလေး ချစ်သူတွေ လား ..."





"မဟုတ်ပါဘူး"

"ဒါဆို တော်တော်ခင်နေကြပြီလား"

"အဲဒီလိုလဲ ..."

"ရပြီ၊ မင်းမှာ အားနာစိတ်တွေဖြစ်နေတာပါ၊ ထားလိုက် အဲဒီစိတ်၊ ငါက ဟောင်ဖွာဟောင်ဖွာလုပ်နေလို့ .. ငါ့အသံ လူကြားတာ၊ တကယ် တမ်းကျတော့ ဒီကောင့်ကို ငါချည်းပဲရှုံးခဲ့ရတာ နားလည်လား"

လွှတ်ခနဲပြောပြီးမှ ဦးပညာချွန် မျက်လုံးက ဒေါ်သက်သက်တင် ထံ အားနာပါးနာ တစ်ချက်ဝေ့၏။ ဒါပေမယ့် ပြောတာကို မရပ်ပေ။

"ဒီတစ်ခါ ငါ အရှုံးမခံနိုင်ဘူး၊ သူများတွေ စကားပုံ ဘယ်လိုပဲ အမျိုးမျိုးရှိခဲ့ရှိခဲ့ ငါ့အမြင်မှာ သမီးက အား၊ သားက နွားတဲ့၊ ကိုယ်က ထိန်းကျောင်းမွေးမြူခဲ့ရပြီး မိန်းမလဲရရော မိန်းမနောက် ကောက်ကောက်ပါ သွားတာ ထုံးစံ"

"ရှင်လဲ သူများသားသမီးကို ယူခဲ့တာပဲ၊ သားဖြစ်ဖြစ် .. သမီးဖြစ်ဖြစ် မိဘက ဝတ္တရားကျေဖို့ပဲလိုတာ"

"ကျေမယ်၊ ဒီကောင့်ကိုတော့ ငါသား မပေးနိုင်ဘူး"

"သူကလဲ သမီးပေးမှ သမက်ရမှာ"

"သက် ..."

"ဘာတုံး"

"မင်းနဲ့ငါ ဆက်ဖြစ်ရမှာလား"

"ကွဲလွဲနေတာတွေရှိသရွေ့ ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး၊ အထူးသဖြင့် ရှင်ပဲ"

'ချွန်'လို့ပဲပြောတတ်သည့် နှုတ်ဖျားကနေ တရှင်တည်းရှင်နေသဖြင့် ဦးပညာချွန် နားထဲမှာ ကန့်လန့်ကြီးဖြစ်လာ၏။ ထို့ကြောင့် မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပုပ်သိုးသိုးဖြစ်လာကာ ...

"အေး .. ကွဲလွဲမကုန်အောင်လုပ်ကြ၊ မင်းတို့ဘာသာ ရှေ့ဆက်၊ ငါ ဘာမှမပြောတော့ဘူး"

ဦးပညာချွန် ဒေါသတကြီးထွက်သွားလိုက်တာ အိမ်ရှေ့ကနေ အိမ်နောက်ကိုမဟုတ်ဘဲ ကားပေါ် တစ်ခါတည်းတက်သွားတာဖြစ်သည်။

"တွေ့လား .. ဒေါသက..."

ဒေါသတကြီး ကားမောင်းတိုင်း တားမြစ်နေကျမို့ ဒေါ်သက်သက်တင် မနေနိုင်စွာပြေးကြည့်မိသေးသည်။ အိမ်ရှေ့တစ်ကြောလောက်မှာ လမ်းက သိပ်မကောင်းပါ။

မောင်းသူ၏ဒေါသနှင့် ပေါင်းမိတော့ ကားက မီးခြစ်ဗုံးလေးလို လူးလိမ့်ဆောင့်ခုန်သွား၏။ ဒေါ်သက်သက်တင် က ဒီဘက်ပြန်လှည့်လာပြီး...

"သားရယ် မင်းအဖေကို ပြေရာပြေကြောင်းမပြောဘဲ ဘာတွေသွားပြောတာလဲ၊ မိမိတို့သနားပါတယ်၊ ကိုယ့်ထက် စီးပွားရေးလဲနိမ့်တယ်၊ မိန်းကလေးရှင်လဲဖြစ်နေတယ်၊ အစစအရာရာ ပြောအားမရှိတဲ့ဘက်မှာ ရှိရှာတာ"

"ပြောနေကျစကားတွေတိုင်းပဲ ပြောတာပါ၊ တာနဲ့ကျွန်တော် အဲဒီည ထိ ရန်ဖြစ်ကြတုန်း"

"ဒါပေမယ့်ကွယ် ..."

"ပြီးတော့ လူကြီးတွေနဲ့ ကွက်တိကြီးမိပြီး လူသိရှင်ကြားဖြစ်ကုန်အောင် အကွက်ကျကျစီစဉ်ကြတာက သူငယ်ချင်းတွေကိုယ်တိုင်ဖြစ်နေတော့ ရှက်ရှက်နဲ့ သူကလည်းရန်တွေ့၊ ကျွန်တော်ကလဲ ..."

"ကျွန်တော်က ရန်တွေ့ဖို့လိုသလား သား၊ မင်းက ယောက်ျားလေးလေ၊ မိန်းကလေးနဲ့ အနိုင်လုပြောတတ်တဲ့အကျင့်ကိုက အမျိုးတစ်ခြမ်း





ယုတ်တာ"

"ဗျာ ..."

"ဟုတ်တယ်၊ အဲဒါ မင်းအဖေအကျင့် ...၊ ရန်ဖြစ်ရမယ်ဆိုရင် ခွေးမောင်းရင်းလဲဖြစ်တယ်၊ ကျီးခြောက်ရင်းလဲဖြစ်တတ်တယ်၊ မိန်းမဘာဝနဲ့ အဖန်ငါးရာငါးကမ္ဘာလောက် ကျင်လည်ပြီးမှ ဒီဘဝမှာ ယောက်ျားလာဖြစ်သလားမသိပါဘူး၊ ရန်ဖြစ်ရမယ်ဆို ဘူ့ကို လိုက်လို့ကိုမမီဘူး"

ဒေါ်သက်သက်တင် ဒေါသဖြစ်ဖြစ်နှင့် ပက်ပက်စက်စက်တွေ ပြောနေမိသည်။ ညနေက ဟိုဘက်မှာ မိမိတို့တူဝရီးတွေ ပျက်ကျသွားရှာသည့် မျက်နှာတွေကို မြင်နေရင်း စိတ်မကောင်းဖြစ်ရရင်း ...

သင်းတို့က ဘာမဆိုင် ညာမဆိုင်နှင့် ခုထိ ရန်ငြိုးမပြေ။

သူတို့ခလုတ်တိုက်သမျှ သစ်ငုတ်တိုလို မမြင်မကြားတတ်အောင် နေပေးခဲ့ရသည့်မိန်းမတွေရင်ထဲကို နည်းနည်းဖြစ်ဖြစ် ဝင်ကြည့်ပါလား..။

မကြားချင်ပေမယ့် ထောင်နေရသည်၊ မမြင်ချင်ပေမယ့် ကြည့်နေခဲ့ရ၏။

ဒီသူငယ်ချင်းလေးယောက် ဘယ်လောက်ထိချစ်ခဲ့ကြသလဲ ..။ မိမိကလည်း သူမဘဝကို သိမ်းပိုက်လေခြင်းဆိုပြီး ဖော့်ကို နာကြည်းမှုမထားခဲ့။ သူမကဆို ပိုပြီးတော့ သီးခံစိတ်မွေးခဲ့ရသည်။

မိမိကို ဆုံးရှုံးလိုက်ရတာ ကိုယ့်ကြောင့်လို့ ယိုးစွပ်ခြင်းဖြင့် သိမ်းပိုက်ခံလိုက်ရတာမဟုတ်ဘူးလား၊ ဒါကို မိန်းမသားချင်း ကျေနပ်ခဲ့ရတာတောင်မှ သူတို့မှာ မပြေနိုင်။

"ဟွန်း .. မေမေတို့က သဘောကောင်းပေးနေလို့ သင်းတို့ လူလည်ကျခွင့်ရနေတာ"

ရုတ်တရက် နာကြည်းသံထွက်လာသဖြင့် သျှန် မျက်ခုံးနှစ်ဘက် ပင့်



www.burmeseclassic.com

www.burmeseclassic.com



တက်သွား၏။ ပေပေနဲ့ အိမ်ထောင်သက်တစ်လျှောက်မှာ မေမေ့နှုတ်ဖျား
ကနေ ဒီလိုစကားမျိုးကြားရတာ ဒါ ပထမဆုံး။

"သီးခံလွန်းရင် လူညံ့ဖြစ်တယ်ဆိုတာ သိပ်မှန်တာပဲ၊ ငါတို့ ညံ့နေလို့
မဖြစ်တော့ဘူး"

လို့ ထပ်မံကြိမ်းဝါးလိုက်တော့ သူ မျက်လုံးပြူးသွား၏။

နောက်ထပ် ဆုံးဖြတ်ချက်တွေထပ်ကျလာနိုင်ဖွယ်ရှိနေသေးလား....





## အခန်း (၂၃)

"အို.. မဟုတ်တာ မိမိရယ်၊ ဘယ်လိုအကြောင်းနဲ့မှ ပျက်စရာမလိုဘူး
သားကို ငါမွေးထားတာ၊ ငါ့စိတ် ငါ့သဘော"

"ငါ့စိတ် ငါ့သဘော ဆိုပေမယ့် တာ တစ်သက်လုံးပေါင်းသွားရမှာ
အန်တီမှမဟုတ်တာ"

အသံကြားလို့ လှည့်ကြည့်လိုက်ကျတော့ တာ သည် နှုတ်ခမ်းလေး
ဟိုက်လျက် မျက်ဝန်းမှာ မျက်ရည်ရောင်လေးလက်နေ၏။

လက်သီးလေးနှစ်ဖက်ဆုပ်၊ အံကြိတ်ထားပေမယ့် ငိုချပစ်လိုက်ဖို့
ဆောကလုံးကြီးတစ်လုံး ရင်ထဲမှာ ထည့်သိပ်ဖုံးဖိနေရမှန်း သိသာနေသည်။

"အန်တီနဲ့ မေမေ့ကို တာ နားလည်ပါတယ်၊ ဒါပေမယ့် အန်တီ ပြန်ပြီး
ဦးလေးဦးပညာစွန်နဲ့ ပညာသျှန် ဆိုတဲ့လူတွေကို အသံမပြောနဲ့ မျက်နှာ
တောင်မကြားချင်တော့ဘူး"

www.burmeseclassic.com



"အို .. သမီး .. သမီး ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်မိမိတာ ပျာပျာသလဲဖြစ်သွား၏။ ဒေါ်သက်သက်တင်ကလည်း ခေါင်းတညိတ်ညိတ်နှင့်မျက်ရည်တွေဝေ့လျက်...

"ဟုတ်တယ် .. ဟုတ်ပါတယ်၊ သမီးလေး အဲဒီလိုခံစားရမှာပါ၊ ဒါပေမယ့် အန်တီတို့ သံယောဇဉ်တွေကိုတော့ ခွင့်ပြုပါကွယ် နော်၊ သူတို့ချင်း တုတ်တစ်ပြက် ဓားတစ်ပြက်မဖြစ်နေကြရင်တောင် အန်တီတို့က အရှုံး မပြေယ်နိုင်တဲ့ သူငယ်ချင်းတွေပါ"

"ကဲပါ ထိုင်ပါဦး၊ သက်ရယ်၊ သမီးက လူကြီးကို အဲဒီလိုပြောတာ မေမေ မကြိုက်ဘူးနော်"

ဒေါ်မိမိတာက ရောက်လာသည့်သူငယ်ချင်းကို ဆီးကြိုရင်း သမီးဖြစ်သူကိုလည်းဆူသည်။ တာ ကတော့ မျက်နှာကို တစ်စက်မှမလျှော့ပေ၊ ဒါပေမယ့် ဒေါ်သက်သက်တင်ကို မလိုလားခြင်းတော့မဟုတ်ပါ။

မျက်လုံးထဲမှာ ဦးပညာသျှန်၏ ခါးထောက်ရင်ကော့နေပုံကို မြင်ယောင်နေသည်။ နားထဲမှာ ရယ်သံတွေကိုဖွဲ့နေ၏။ ပြီးတော့ ပညာသျှန် ...၊

အဖေက တစ်မျိုး၊ သားကတစ်မျိုး၊ ဘာတွေလဲ ...၊ အဆောင်မှာ ရုတ်ရုတ်သဲသဲတွေဖြစ်ကုန်ပြီ၊ ဒီလိုဆုံးဖြတ်ကြမှဖြစ်တော့မည့် အနေ အထားကြောင့် ဖြစ်သင့်တဲ့အတိုင်း အားလုံးရှေ့မှာ စီစဉ်ခဲ့လိုက်တာ ...။

"တောက် ..."

လူကြီးတွေရှေ့ကနေ ဆင်းထွက်လာခဲ့ရင်း ဘယ်ကိုမှန်းမသိဘဲ လမ်း ပေါ်ရောက်လာခဲ့၏။ ခြေလှမ်းတွေတိုင်းက ဒေါသတွေပဲဖြစ်နေကာ နင်း ခြေနေမိတာက ပညာသျှန့် မျက်နှာကြီးကိုဖြစ်သည်။

"ငါ့သားကို ငါ မေးပြီးသား"

"ခုကိစ္စမှာ နှမချင်းစာနာစိတ်နဲ့ လက်ခံခဲ့တာ" တဲ့ ...။





သင်းကလား ...၊ ဘယ်သူကရော ချစ်ပါရစေ၊ ကြိုက်ပါရစေ ဖြစ်နေ သို့လဲ ...၊ တရိပ်ရိပ်တက်နေခဲ့သောရက်စိတ်ကြောင့် လမ်းကို လမ်းလို့ မြင်ဘဲ အားလုံးကို အမေ့တလျှော့သွားနေမိဆဲ။

"တီ"

အနီးကပ်တီးလိုက်သည့် ကားဟွန်းသံကြောင့် သတိလက်လွတ်နှင့် ကိုယ်က တုန်ခနဲဖြစ်သွား၏။

"တာ ဘယ်လဲ"

အနားမှာ ပါဂျရိုးကားရပ်သွားကတည်းက ဆင်းလာမည့်သူကို သိ လိုက်သည်။

ဒါပေမယ့် တာ့ ဘေးကိုရောက်လာတာ သျှန် မဟုတ်ဘဲ နှင်းဆီ ဖြစ်နေသည်။

"ညီမလေး ဘယ်သွားမလို့လဲ"

"ဈေးလေး ခဏပါ"

ပါးစပ်ထဲမှာ တွေ့ရာပြောလိုက်မိ၏။ သျှန် က ကားမောင်းသူနေရာ ကနေ မော့ကြည့်ကာ ...

"ဈေးလေးက အဝေးကြီးသွားရဦးမှာ၊ ကားပေါ် တက်လေ .. ငါတို့လဲ အဲဒီကိုသွားမှာ"

"မလိုပါဘူး"

တာ့ မျက်နှာက နှင်းဆီကိုပြောတော့ တစ်မျိုး၊ သျှန့်ကိုကြည့်လိုက် တော့ ရန်သူလို ...၊ သျှန် မျက်နှာတစ်ချက်ပျက်သွားလျက် ...

"ငါ နင့်ကို ပြောစရာရှိလို့ ...၊ ပြီးတော့ ..."

"ငါ့ဘက်က ဘာမှမရှိဘူး"

"မဟုတ်ဘူးလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"သျှန် ဒီပွဲကို ငါတို့ဘက် စ ဖျက်လိုက်တဲ့အဖြစ်မျိုးရောက်သွားမှာ နင်တို့ တော်တော်စိုးရိမ်နေကြသလား"

"ဟ .. ဘာတွေပြောနေတာလဲ"

ငေါက်ဆတ်ဆတ်ပြောရင်း သျှန် ကားပေါ် ကဆင်းလာသည်။ တံခါးကို နောက်ပြန်လှဲပိတ်ပစ်လိုက်ကာ ...

"ဘယ်သူကဖျက်မှာလဲ၊ နင်နဲ့ငါ စေ့စပ်ထားတာကို ..."

"ဖျက်သွားပြီလို့မှတ်လိုက်တော့၊ နင့်အဖေ ဟိုနေ့က ကြေညာသွားတာ အတည် ..."

"အို .. မဟုတ်တာ ညီမလေးရယ်၊ အဲဒီလိုထင်စရာတွေဖြစ်ကုန်မှာစိုးလို့ တို့ကစကားပြောချင်တာ၊ ခုလဲ ညီမလေး ခြံပြင်ထွက်သွားတာမြင်လိုက်လို့ မမတို့ ထွက်လိုက်လာကြတာပါ။ လာပါ .. ခဏလေး စကားပြောလိုက်နော်"

"ဟင့်အင်း .. တာ့မှာ ဘာမှပြောစရာမရှိဘူး"

တာ့ မျက်နှာလေး နီမြန်းမြန်းလေးနှင့်မို့အစ်နေသည်။ နှင်းဆီသည် သျှန့်ဘက်က စိတ်မရှည်သံထွက်လာမှာစိုးကာ တာနဲ့သျှန့်မျက်နှာတွေကို တစ်လှည့်စီစိုးရိမ်စွာအကဲခတ်ရင်း ..

"မပြောလို့တော့မဖြစ်ဘူး ညီမလေးရဲ့၊ ဟို.. ဒါဆို.. ညီမလေး နားလည်အောင် မမပြောချင်တယ်၊ သျှန်တို့ သွားနှင့်တော့"

"သူနဲ့ကျွန်တော် ပြောမှပြီးမှာမဟုတ်ဘူးလား မမနှင်း၊ လူကြီးချင်း—"

"လူကြီးချင်းရော .. နင်နဲ့ငါရော ဘယ်တော့မှ သင့်မြတ်လာဖို့မရှိဘူး အဲဒါကြောင့် နင့်ဘက်က စာနာညှာတာစိတ်တွေ သိပ်ဖြစ်နေရင်လဲ တံ့သက်ရှိက်ပြီး တစ်နေရာရာမှာ အားရပါးရ ရှူထုတ်ပစ်လိုက်"

"ဘာ ဟ ..."





"သျှန် .. မမနှင်း ပြောနေတယ်လေ"

သျှန် က ရှေ့တိုးသည်။ တာ က မဲ့ပြီး ချာခနဲလှည့်ထွက်သွားသည်။ ထိုအခါကျမှ ကားထဲမှာ လူတွေပါလာသေးမှန်း ထွက်လာသည့်စကားသံ အရ တာ တွက်မိလိုက်သည်။

သျှန်နဲ့ သူမကို စေ့စပ်လိုက်ကြသည့်အဖြစ်ဟာ ပန်းတနော်မြို့ နှစ်ခြမ်းကွဲနေလျက်မှ ရုတ်တရက်ကြီး တေ့ဆက်ကောင်းမွန်သွားသလိုလို၊ ဒါမှမဟုတ် တောင်ပေါ် ရေနီများနှင့် ပင်လယ်ရေပြာတွေ တောင်ခါးပန်းမှာ ပြေးတွေ့ ပေါင်းဆုံသွားသည့်အဖြစ်တစ်ခုလိုလို...၊

အဲဒီလောက်ထိ အထူးတဆန်းအံ့ဖွယ်သတင်းတစ်ရပ် ဖြစ်ခဲ့၏။

တက္ကသိုလ်မှာ အပေါင်းအသင်းနယ်ပယ်က ကျဉ်းကျဉ်းလေး၊ ပန်းတနော်မြို့မှာကျတော့ ဇာတိရပ်ရွာမဟုတ်သည့်တိုင် ကပ်လျက်နေပြီး သင့်မြတ်ကြသည့် ခြံနှစ်ခြံအကြောင်းကို မသိတဲ့လူ မရှိ။

သတ်မယ်ဖြတ်မယ်ဖြစ်လောက်အောင် အငြိုးမကြီးတာကိုလည်း သိကြပေမယ့် လူကြီးတင်မက လူငယ်တွေချင်းပါမတည့်ကြတော့ ဘယ်သောအခါမှ အဆင်ပြေကြဖို့မရှိသည့်လူတွေအဖြစ် သတ်မှတ်ထားခြင်းခံရလေသည်။

ခုကျမှ အံ့ဖွယ်သတင်းထူးဖြစ်သွားခဲ့၏။ ခု နောက်ထပ်၍ စေ့စပ်ပွဲဖျက်သိမ်းခြင်းသတင်းတစ်ရပ်ကို ...

"နားလည်ပါ ညီမလေးရယ်၊ ပြောရမယ်ဆိုရင် လေးလေးတို့က မုန်းခဲ့ကြတဲ့အငြိုးတွေမဟုတ်ကြပါဘူး၊ ချစ်ခဲ့ကြတာပါ"

ဘေးမှာ အတူယှဉ်တွဲလျှောက်၍ပါလာရင်း နှင်းဆီ ပြောလာသည့် အသံကြောင့် အတွေးတို့က လမ်းခုလတ်မှာတင် ပြတ်သွားပြန်သည်။

"အဲဒါကြောင့် လေးလေးတို့စကားပြော အဆင်မပြေတာတွေကို မမ



www.burmeseclassic.com

www.burmeseclassic.com



နှင်းတို့က စုသိမ်းအုံ့ဖွဲ့နေဖို့မလိုဘူး၊ မောင်လေးကလဲ ညီမလေးကို စကား ပြောချင်လို့ဆိုပြီး ဒီတစ်မနက်လုံးစောင့်ကြည့်နေတာ၊ ဟိုနေ့က လေးဒေ တို့ဖြစ်ကြတဲ့ အချေအတင်စကားတွေနဲ့ပတ်သက်ပြီး ...”

“တာ ကတော့ အဲဒါတွေနဲ့ပတ်သက်ပြီး ကြားရတိုင်း စော်ကားခံ ရသလိုပဲ မမနှင်း၊ အဲဒါကြောင့် ဆုံးဖြတ်လိုက်တာ၊ ဘာမှမပြောင်းလဲ တာ အကောင်းဆုံးပဲ၊ မမနှင်းနဲ့ ကိုကြီးတို့က သတ္တိရှိပါတယ်၊ တကယ် ချစ်ခဲ့ကြတယ်၊ စွန့်စားကြဖို့လဲ အခြေခိုင်ခိုင်ရပ်နိုင်ကြတဲ့သူတွေ၊ သူနဲ့ တာ က ဆွမ်းခံရင်းငှက်သင့်တာမျိုး ...”

“မဟုတ်သေးဘူး ညီမလေး”

“ဟုတ်တယ်၊ ပညာသျှန် ဆိုတဲ့ယောက်ျားကို တာ ဘယ်တော့ မေ့ထားဖို့မဖြစ်နိုင်ဘူး၊ အဲဒါကြောင့် ပေါင်းဖက်ကြဖို့က အဝေးကြီး”

တာ က ခံစားချက်တွေနှင့် အပြတ်အသတ်ပြောသည်။ နှင်း ဘာဆက်ပြောရမှန်းမသိအောင်ဖြစ်သွား၏။ သူမ အကဲခတ်မိရသလော ဆိုလျှင် သျှန့်ဘက်က ခံစားချက်အတိုင်းအတာမှာ တာ့ လောက်တော့ အစိမ်းရောင်မရင့်ဘူးထင်သည်။

ဒါမှမဟုတ်လျှင် ဟိုနေ့က လူကြီးချင်းထပ်ဖြစ်လိုက်တာကြောင့် တာ ဒီလို ဆိုးရွားသွားခဲ့သည်လား ...၊ ကျန်ခဲ့သည့် သျှန်တစ်ယောက်ကိုတော့ အောင်ချိုတို့ ဘယ်လိုစည်းရုံးအောင်မြင်ပါ့မလဲ ...။

နောက်ကြောင်းကို နှင်းဆီ မမြင်ရပေမယ့် အောင်ချိုနဲ့ ကျော်စွာ က သျှန့်ဘေး တစ်ဖက်စီမှာ ရပ်နေကြပြီဖြစ်ကာ ...

“သွားမယ်လေကွာ၊ ဈေးရှေ့မှာ စောင့်နေလဲ ပြောလို့ရတာပဲဟာ”

“နေပါစေကွာ .. မစောင့်ဘူး၊ ဘာမှလဲ ပြောဖို့မလိုဘူး၊ တောက်—”

“ဟ ...”





တက်ခေါက်၍ ကားဘီးကိုလွဲကန်ပစ်လိုက်တာ နှစ်ချက်ဆက်တိုက်။ အောင်ချို နှုတ်ခမ်းတွေ ဟခနဲပွင့်သွားပြီး ကျော်စွာကိုကြည့်သည်။ စပို့ရှပ် ခံရဲ့ ချည်ချောပုဆိုးကွက်စိပ်ရဲရဲနှင့် တစ်ကိုယ်လုံးရဲနေသည့် သျှန် သည် နှက်နှာသာမက မျက်လုံးတွေပါ ရဲနေလျက် ...။

“ဒီလိုကြေးဆို ဒီကကောင်က အေးဆေးပဲ၊ အလကားနေရင်း ရနေ တဲ့မာနတွေနဲ့ ဘာလဲ ...၊ စေ့စပ်ထားခဲ့ကြတာ သူ့ကိုရော ငါက ချစ်ရွှန်း သို့လား .. သူ့မှာပဲ မာနတွေရှိသလား၊ အစတည်းက ဒီလိုပဲပြောနေကြ ဖြစ်ခဲ့ကြတာမသိတာလဲမဟုတ်ဘဲနဲ့ လူသိရှင်ကြားစေ့စပ်ထားတဲ့ကိစ္စကို အစ်ခါလာလဲ ဖျက်လိုက်၊ တစ်ခါလာလဲ ဖျက်ချင်သလားနဲ့ .. တောက်...”

ထပ်ကန်လိုက်တော့ ဖိနပ်ရာတွေအထပ်ထပ်ဖြစ်နေသည့် ကားဘီး ကို ကျော်စွာ က မသက်မသာငေ့ကြည့်ကာ ...

“မင်းက စေ့စပ်ပွဲပျက်မှာစိုးလို့ ဖြစ်နေတာလား၊ ပျက်တော့မလို ဖြစ် နေတာကို ကမ္ဘာပြို့နေတာလား”

“ဘာ ...”

မေးခွန်းနှစ်ခုစလုံးက အတူတူပဲမို့ ‘ဘာ’သံကြီးက ဟိန်းထွက်လာ၏။ ကျော်စွာကလည်း ခပ်ရွှဲရွှဲ မျက်နှာနှင့်ကြည့်လျက် ...

“ဟုတ်တယ် .. ဒီလိုပဲမေးရမှာ၊ မင်းဖြစ်နေပုံက ...”

“ဟား .. ဒီထက်ပိုဖြစ်သင့်သေးတာ၊ ပြောသွားတာ မင်းတို့မကြားဘူး လား”

“ကြားသားပဲ၊ အဲဒါ မင်းပြောတာတွေကြောင့် စိတ်ဆိုးသွားတာလို့ ထင်းပဲပြောတာ”

“အေးလေ .. မင်းက မင်းအဖေတို တာ့ ကိုမုန်းတာတွေ၊ ကြည့်ရ တာတွေ ပြောထားတာဆို၊ အဲဒါတွေ ဟိုက တကယ့်ချက်ကောင်းကျမှ ပြောချလိုက်တော့ ဖြစ်ကုန်ပြီပေါ့၊ ဒါကြောင့်ဖြစ်သွားမှန်းသိသားနဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပေါက်ကွဲနေရလား"

"ဒါကတော့ မတည့်တဲ့လူချင်း အနိုင်လုပြောကြမှာပဲကွ၊ သူ့အ
ဖို့အဖေက ပိုတောင်ဆိုးသေးတယ်၊ နောက်ပြီး သူနဲ့ငါက ချစ်သူတွေလား"

"မဟုတ်ဘူးလေ"

"မဟုတ်လို့ မချစ်ဘူး .. ဘာဖြစ်လဲ၊ နှမချင်းစာနာလို့ လက်ထပ်
ဆုံးဖြတ်လိုက်ပါတယ်ဆိုတာ ငါပြောတာ လွန်သွားလား"

"လွန်ရာကျတာပေါ့"

"ဘာ ..."

အောင်ချို က ဆတ်ခနဲခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ တခြားလူတွေအမြင်မှာ တာ က တစ်ဖက်သတ် အ
အထိုင်မတာတ်လို့ မင်းက သဘောထားကြီးစွာ ..."

"တော်ပြီ .. တော်ပြီ"

"တော်ပါပြီ တော်ပါပြီ၊ ကိုယ့်ဘက်လှည့်လာရင် မင်း ဝန်မခံ
ဆိုတာ သိပြီးသား"

"ဘာဆိုင်လဲကွ၊ တခြားလူအမြင်ကို ထည့်တွေးဖို့လိုသလား၊ သူနဲ့
ဘယ်လိုဖြစ်ခဲ့ကြတာကို မင်းတို့အားလုံး သိတဲ့ဟာကို ..."

"ခက်ပါလား သျှန်ရာ၊ မင်းတို့နှစ်ယောက်က အန်ကယ်တို့နှစ်ယော
ထက်များ ဆိုးဦးမလားမသိဘူး"

"ငါတော့ အဲဒီလိုမထင်ပါဘူး"

အောင်ချို က ထင်ပြီး ကျော်စွာက ခေါင်းတခါခါနှင့် ...

"သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကတော့ ထူးခြား
ဖောက်ပြန်နေပါပြီ"

"ဟုတ်လား"





"အဲဒီမှာ လဲသေလိုက်"

အောင်ချို က ဝမ်းသာအားရသံကြီးနှင့်ဖြစ်သွား၏။ သျှန် ကတော့ မျက်မှောင်ကြီးကြုတ်၍ ကျော်စွာ့ပခုံးကို ဆွဲလှဲဖက်ပစ်လိုက်သည်။

"ဟာ .. ဟ. ဘာဖြစ်တာတုံး"

ကျော်စွာ ကုန်းကွယိမ်းယိုင်သွားရင်း အသံထွက်လာ၏။ အောင်ချို က မကျေမနပ်နှင့် ...

"ရှက်ရမ်းရမ်းတာ၊ နိုးထုပ်နိုးထည်နဲ့မိလို့လေ၊ ရုပ်ကြီးကိုကြည့် .. မင်းပြောတဲ့တစ်ယောက်ယောက်ဆိုတာ ငါပါပဲလို့ ဝန်ခံနေတဲ့ရုပ်ကြီး ပြောင်မြောက်နေတာ ..."

သျှန့်မျက်နှာ အကျိုအနီရောင်ထက် နှစ်လေးသာသွား၏။

မဆိုင်တာ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ငါသွားမယ်"

"ဟဲ့ .. ခြောက်.. ခုက္ခပဲ"

ကိုယ့်လုပ်ရပ် ကလေးဆန်သွားပြီမှန်းသိသည်။ ဒါပေမယ့် သျှန် ဆိုသည့်နာမည်ကိုတောင် မကြားချင်အောင် ရင်ထဲမှာ နာကြည်းနေမိ၏။

ထို့ထက်ပိုတာက ရှက်နေတာထင်သည်။ ထို့ကြောင့် ခွဲထွက်လာခဲ့မိခြင်းဖြစ်သည်။

"တာ .. ခဏနေဦး"

သူလာတာမြင်တိုင်း ရှောင်ထွက်သွားတတ်သည့် တာ့ကို သျှန် က ဒီတစ်ခါ အမိအရမိအောင်လိုက်လာခဲ့ပြီး ...

"နေပါဦးဆို ..."

"ဘာလဲ ... ဘာကိစ္စလဲ"

တာ က မျက်နှာတင်းတင်းနှင့် ခြေစုံရပ်ပစ်လိုက်၏။ တကယ်ဆိုးသည့် တာ ပါ။ ရပ်ပစ်လိုက်တာက ဘယ်လိုမှ စကားပြောမကောင်းသည့် ကျောင်းသားရေးရာဘက်ကို သွားသောလမ်းဆုံအလယ်မှာ ...





ကျောင်းသားတွေရော .. အဲကွန်းဘတ်စ်ကားတွေရော ထိုလမ်းဆုံမှာ ရှုပ်နေ၏။ သျှန် ဒေါသဖြစ်ဖြစ်နှင့် တာ့ လက်တစ်ဖက်ကို ဆတ်ခနဲဆွဲ၍ ထွက်လာခဲ့လိုက်၏။

"ဘာလုပ်တာလဲ၊ ငါ့လက်ကိုလွှတ်နော်"

"လွှတ်မယ် .. ငြိမ်ငြိမ်နေ"

"ဖယ် .. လွှတ်"

ခရေပင်ရိပ်အောက်မှာ လက်ကိုဆောင့်ရုန်းပြီး တာ့ မျက်လုံးတွေက မီးပွင့်လေးတွေလို စူးလက်နေကြ၏။ မျက်လုံးချင်းဆုံမိတော့ တစ်ယောက်က စူးရှတောက်ပခြင်းဖြစ်ကာ တစ်ယောက်ကတော့ စူးရဲပြင်းထန်လျက်...

"ပြော .. ဘာကိစ္စလဲ"

"နင်သိပါတယ်၊ အတန်းထဲမှာ နင်နဲ့ငါ ဘယ်လိုရေဆူအမှတ်နဲ့ဖြစ်နေသလဲ၊ ရေခဲအမှတ်ထိ အေးစက်နေပြီလား၊ ဘာလဲ ... နင် ဘာတွေလျှောက်ပြောနေတာလဲ"

"ဘာတွေပြောနေတယ်ထင်သလဲ .. ပြောကြည့်ပါဦး၊ ငါပြောတဲ့စကားတွေ ..."

တာ က ပြန်မေးတော့ သျှန့် မျက်နှာ တင်းသွား၏။

"နင် ငါ့ကို လက်မထပ်ဘူးဆိုတာ အိမ်မှာမငြင်းဘဲနဲ့ အတန်းထဲမှာ လျှောက်ပြောနေတာ သိပ်အရသာရှိလား"

"ဘာ .."

"အဟွန်း ..၊ တကယ် ဟင့်အင်း ဆိုရင်လဲ ငြင်းပေါ့၊ အခု လူကြီးတွေက ဖြစ်လိုက်ကြ၊ ပျက်လိုက်ကြနဲ့ ပြောချင်တာတွေပြော၊ ဖြစ်ချင်တာတွေဖြစ်၊ အခု ဒီနေ့မနက်ထိ အစီအစဉ်က ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမှာ နင်နဲ့ ငါ့ကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ လက်မခံဘူးလေ"

"မခံချင်ရင် အဲဒါ အိမ်မှာ နင် ငြင်းရမှာ၊ ငါက သားလိမ္မာမဟုတ်ခဲ့မယ့် လူကြီးချင်း အရှိုးစွဲမုန်းတီးလာခဲ့ကြတာကို မလိုချင်လို့ ...၊ ပြီးတော့ နင်နဲ့ငါ သူငယ်ချင်းမို့လို့ ငါ့ဘက်က ဟင့်အင်း မလုပ်ခဲ့ဘူး"

တာ က နှုတ်ခမ်းလေး မသိမသာမဲ့၍ မျက်နှာလွှဲ၏။

"လက်ထပ်ချင်လွန်းလို့လို့ထင်သွားရင်တော့ စိတ်မကောင်းစရာပဲ ဒါပေမယ့် စိတ်ချမ်းသာသလိုတွေးပါ။ မဖွယ်မရာတွေပြောတဲ့အထိ ပါးစပ် အရသာခံတာတော့ ဘယ်ကောင်းမလဲ"

"ဘာပြောတယ်"

"ဟုတ်တယ်၊ ငါက လက်ထပ်ကြမှာလားလို့မေးလာတဲ့ သူငယ်ချင်း တွေကို ခေါင်းညိတ်တယ်၊ နင်က ခေါင်းခါတယ်၊ နင်သိထားရမှာက နင်နဲ့ ငါက မျှဉ်းပြိုင်နှစ်ကြောင်းပေါ်မှာရပ်နေကြတာပဲ၊ ဘယ်သူကမှ ကောက် ကွေ့ပြီး လာရောက်ထိစပ်ဖို့မရှိဘူး၊ လက်ထပ်ကြဖို့ဖြစ်လာခဲ့တဲ့အကြောင်း က ခိုင်လုံနေလို့၊ ပြီးတော့ နင်နဲ့ငါ လက်မထပ်ဖြစ်ကြရင် ကမ္ဘာမတွေ အမုန်းတွေ ထပ်ဖြစ်လာဖို့ရှိနေလို့...၊ အဲဒီအကြောင်းတွေကိုပဲ ငါတွေးတာ နင် ဘာလို့ မတွေးတာလဲ"

ကျကျနနမေးပြီး အတိအကျနှိပ်ကွပ်နေသည့် သျှန့် မျက်နှာကို စိုက် ကြည့်ကာ တာ အံကြိတ်၏။

"တစ်ခုရှိတာက မာနအိုးထကွဲပြီး အိမ်ပြန်ပြေးလဲ အပိုပဲ၊ နင့်ကို ငါ အဲဒါ လာပြောတာ၊ ငါ့အမေနဲ့ နင့်အမေ ဖိတ်စာရိုက်နေကြပြီ၊ အဟွန်း - စိတ်လျှော့လိုက်တော့ တာ၊ လိုသလောက်မရရင်လဲ ရသလောက်ပဲ ယူ လိုက်ပါ။ ငါ့ကောင်တွေပြောကြသလို နင့်စိတ်ထဲမှာ အချစ်ရဲ့ဒဿနတွေ အပီအပြင်ထည့်ပြီး ခံစားကြောက်ရွံ့နေရင်တော့ မတတ်နိုင်ဘူး၊ ငါက





တော့ အိမ်ထောင်ရေးဆိုတာကို သိပ်ထဲထဲဝင်ဝင်စိတ်မဝင်စားဘူး၊ နင်လဲ ဒီလိုပဲထားလိုက်စမ်းပါ။ ကိုယ်စိတ်မဝင်စားလဲ သူ့ဘာသာ ရောက်လာမှာ တွေ အများကြီးပဲ၊ နောက်ကျမှ ပြင်ဆင်ကြတာပေါ့"

ပခုံးနှစ်ဖက်တွန့်၍ ပြုံးပုံက မချိုမချဉ်၊ ဒီစကားတွေ လာရောက် ပြောနေသော ပညာသျှန့် ကို တာ အံ့ဩနာကြည်းစွာငေးကြည့်နေမိ၏။

ဒီအချိန်မှာ ရန်တွေ့ဖို့ သူနဲ့အချိုးတူသောစကားလုံးများနဲ့ပစ်ပေါက် ဖို့ ဘာတစ်ခုမှ ခေါင်းထဲမှာဖြစ်မလာဘဲ ခေါင်းထဲမှာ အထပ်ထပ်အံ့ဩ နေသည်က ဒီစကားတွေပြောသွားခဲ့သူဟာ ပညာသျှန့် လား ...၊

သူကတော့ ဘာတစ်ခုမှ လိုချင်တပ်မက်ခဲ့တာမဟုတ်ဘဲ မိဘမျက်နှာ၊ အပေါင်းအသင်း လူမှုရေးစာနာမှုရှုထောင့်အစုစုမှ ငဲ့ညှာမှုအမျိုးမျိုးနဲ့ ဆုံး ဖြတ်ခဲ့သည် တဲ့ ...၊

ကိုယ်ကတော့ သူ့ဆီက အချစ်ကိုမရသေးလို့ စိုးရိမ်နေတာမျိုး၊ အချစ်နဲ့သာပေါင်းဖက်လိုသော လောဘသဏ္ဍာယတွေဖြစ်နေတာမျိုးပေါ့၊

ဤမည်သော လောဘမောဟများနှင့် မရှုနိုင်မကယ်နိုင် သူသေည် လူကြီးတွေကိုတော့ ဖွင့်ဟငြင်းဆန်ခြင်းမပြုဘဲနှင့် သူငယ်ချင်းတွေရှေ့ကျ မှ ကြွားလုံးထုတ်နေပါသတဲ့ ...။

စူးရဲသည့် တာ့ မျက်ဝန်းတွေက သျှန့် မျက်နှာထက်မှာ ဆူးတစ်ချောင်း နှစ်နေသလိုပင် ...၊

"ယောက်ျားဆိုရင် ဒီထက်ပွင့်ပွင့်လင်းလင်းပြောလိုက် သျှန်၊ နင် ငါ့ကို စိန်ခေါ်တာလား"

"ဘာအတွက်လဲ"

"စိတ်ဝင်စားဖို့မရှိတဲ့ အိမ်ထောင်ရေးအကြောင်း ..."

"ဟား .. ပြဿနာပါလား"



www.burmeseclassic.com

www.burmeseclassic.com



သျှန် မျက်နှာ တကယ်အံ့ဩစိတ်ပျက်သွားဟန် ...၊ တမင် သရုပ်ဆောင်နေတာလား .. တကယ်လား ...၊ တာ က သံသယကြီးများစွာ အကဲခတ်ဆဲ ...။

"ဘာလဲ .. ရုပ်ရှင်ဝတ္ထုတွေထဲက အပြင်းစားအားပြိုင်မှုတွေလား။ နောက်ထပ် လုံးဝ စိတ်မဝင်စားတာတစ်ခု ထပ်ပြောရရင် အဲဒါပဲ"

ပြောလိုက်ရင်း သျှန် က တာ့ ကိုပဲ ဘာတွေသဘောကျသွားမှန်းမသိ သည့်မျက်နှာနှင့် စိုက်ကြည့်ပြီး ပြုံးလိုက်သေးသည်။ ပြီးမှ ...

"နင့်နဲ့ငါ့ရဲ့ အိမ်ထောင်ရေးက နင်နဲ့ငါ အဆင်ပြေပြေပေါင်းဖက်ကြဖို့ ထက် စိတ်ဝင်စားဖို့ကောင်းနေတာတွေ အများကြီးပဲ၊ ငါပြောတာကို နင် သဘောပေါက်သွားရင် ဖြစ်နေတဲ့ဒေါသတွေ သူ့အလိုလို ပြေသွားလိမ့် မယ်၊ အဲဒီတော့ အဲဒါတွေထားလိုက်ပြီး အခု ဘာမှမျိုမချရသေးတဲ့ အစာ အိမ်တွေကို ဦးစားပေးရအောင်"

သူ့ဘာသာဆုံးဖြတ်ပြီး တာ့ ဘေးမှာ ပန်းချင်းထိမတတ် လာကပ်ကာ ...

"နင် ငါ့ကိုမြင်လိုက်လို့ ထလစ်ခဲ့တာမဟုတ်လား။ ငါလဲ ဗိုက်ဆာနေ ပြီ၊ ကဲနိတင်းပြန်သွားမယ် .. ဘယ်လိုလဲ"

"ဟွန်း .. ပြောင်ပြီဆို အဲဒီမျက်နှာက မှန်ရောင်ထိုးဖို့မလိုဘူး"

မျက်စောင်းထိုး၍ တာ က ချာခနဲလှည့်ထွက်သွား၏။ သျှန် ဒီတိုင်း ရပ်ကျန်ခဲ့ပြီးမှ ပန်းတွန့်ရယ်၏။ ပြီးတော့ တာ လျှောက်ထွက်သွားသည့်ဆီ ဝေးဝေးရောက်တဲ့အထိ ရပ်ကြည့်နေသေးသည်။

နောက်တော့မှ ဖြုတ်ခနဲပြေးလိုက်သွားကာ ...၊ နှုတ်ဖျားမှာ ရယ်သံ မပွင့်တပွင့်နှင့် .. ပြောစရာတွေကျန်သေးတယ် ...။





## အခန်း (၂၅)

**Trader Hotel** မှာ ညနေပိုင်းမှာ စုဝေးပြီး ခင်နှာစားပြီးမှ လူစုခွဲ ကြဖို့ကို ဦးပညာချွန် က စီစဉ်သည်။ အားလုံးပဲ လူကြီးလူငယ် အစုံအလင် ရောက်လာကြပြီး ဦးသက်တင်ဖော်တို့စုံတွဲပဲ ရောက်မလာကြတာဖြစ်၏။

ပြီးတော့ တစ်သက်တာ ကလေည်း ရောက်လာပြီးမှ ဗိုက်အောင့်လို့ဟု အကြောင်းပြ၍ ထ,ပြန်သွားသေးသည်။

"တွေ့တယ်မဟုတ်လား၊ ငါက စိတ်ကောင်းဝင်ပြီး သင့်ရာတင့်ရာကို စီစဉ်တော့ လူပါးဝပြကြတာ"

"ဒါကတော့ ဒီည ခင်နှာကို မဖြစ်မနေတက်ရောက်ကြပါလို့ ဖိတ်စာနဲ့ တကွဖိတ်ထားတာမှမဟုတ်ဘဲ၊ လူစုပြီး ဘာစည်းဝေးမလို့လို၊ ညာစည်း ဝေးမလို့လို၊ ကိုယ့်မိသားစုအတွင်းရေးလား၊ သူ့မိသားစုအကြောင်းလား.. ဘာမှန်းညာမှန်းမသိ လူစုဖို့မောင်းခတ်တဲ့ကိစ္စ၊ အမြဲတမ်း ရန်သူလိုနေလာ တဲ့လူတွေက မျက်နှာပြောင်တိုက်ပြီး လာမလား ..."

ထုံးစံအတိုင်း ဦးပညာချွန် က ပြဿနာ စ,လိုက်တာနှင့် ဒေါ်သက် သက်တင် က ကန့်ကွက်မဲနှင့် အသင့်ရှိပြီးသား ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောပုံက ငါကပဲ သူ့ကို ကိုယ်တိုင်ကိုယ်ကျ သွားပြီးလက်ဆွဲနှုတ်ဆက်ရမယ် .. ဒီလိုလား"

"မဟုတ်ပါဘူး၊ မခေါ်ကြရင်နေ .. ရန်ဖြစ်မနေကြရင်ပြီးတာပဲ၊ အခုကလေးတွေကိစ္စကို စီစဉ်ရင်း ဖော်နဲ့ချွန်တို့ အဆင်မပြေမှုတွေ လျော့ရတော့မှာ"

"တစ်ဆင့်ပြီးတစ်ဆင့်မတက်နဲ့ သဲကာ၊ သားသမီးချင်းစာနာပါဆိုတဲ့မင်းစကားကို ငါ နားထောင်လိုက်တာမဟုတ်ဘူး၊ မစာနာတတ်တာမဟုတ်ပေမယ့် ဒီလိုနှိပ်ကွပ်မှ ဖော် ဆိုတဲ့ကောင် ပီပြားသွားမှာမို့ တမင်မစာနာတတ်အောင်နေတာ၊ အခု ဘယ်လိုမှမကျေနပ်ပေမယ့် လက်ထပ်ပေးဖို့ သဘောတူလိုက်တာ မင်းသား ပောဒီကောင်ကြောင့် ..."

"ဟင် ..."

ဘဲကင်ကို တူနဲ့လှမ်းညှပ်ရင်း ဒီစကားဝိုင်းဟာ သူနဲ့မသက်ဆိုင်သလိုမျက်နှာနှင့်ရှိနေသော သျှန်နဲ့ မျက်လုံးအစုံ ဖျတ်ခနဲပင့်တက်လာသည်။

ထို့အတူ နှင်းဆီတို့စုံတွဲရော၊ ဟိုဘက်အစွန်တွဲမှာ ဝိုင်းဖွဲ့နေကြသည့်မွန်မွန်လတ်တို့နှင့် အောင်ချိုတို့၊ အချစ်တို့အုပ်စုတွေ ...

အားလုံးသော မျက်လုံးတွေ သျှန်နဲ့ဆီကိုပဲ စုပြုံရောက်၏။

"သားငယ်က ဘာဖြစ်နေလို့လဲ"

ဒေါ်သက်သက်တင်က နှင်းဆီကိုလည်း သမီးအရင်းလိုပဲချစ်သည်။ ထို့ကြောင့် နှင်းဆီကို သမီးဟုခေါ်သလို သျှန်နဲ့ ကိုတော့ သားငယ်ဟုခေါ်၏။

ဦးပညာချွန် က မလိုအပ်ဘဲ စုပြုံများစွာရှိနေသည့် လူငယ်တွေထံမျက်လုံးဝေ့၍ ...

"ဒီပွဲကို ငါက သဘောမတူရင် အလိုက်ကမ်းဆိုးမသိတဲ့အဖေဆိုပြီးသားသမီးက ကွယ်ရာမှာ ပြုံးစုကဲ့ရဲ့မှာ ..."





"ဟာ .. ဖေဖေ အဲဒါတော့ လွန်ပြီ"

သျှန် ပျာပျာသလဲဖြစ်သွား၏။

"ဘာလွန်တာလဲ ပညာသျှန်၊ ပညာသျှန် ဆိုပေမယ့် ပညာက မင်းမှာသျှန်ဘဲနဲ့ ငါ့မှာ ပြည့်သျှန်နေတယ် အဲဒါကို နားလည်၊ မင်းထက်တော်လို့မင်းအဖေလုပ်နေတာ"

"တွေ့လား .. ရှင်ကလေ ..."

ဦးပညာချွန် က တစ်ခါတစ်ခါ ကလေးဆိုးကြီးလိုပင်။ ဒေါ်သက်သက်တင် က ခင်ပွန်းဖြစ်သူကိုပြောရင်း လူငယ်တွေဆီလည်း လှမ်းကြည့်သည်။

သည်ယောကျ်ားကိုချစ်ခဲ့၊ အလိုလိုက်ခဲ့ရတာ အိမ်ထောင်သည်မဟုတ်ဘြခင် သူငယ်ချင်းဆိုသည့် သက်တမ်းတစ်လျှောက်တည်းက ခုချိန်ထိလည်း အလိုလိုက်သည်းခံနေရတုန်းပင် ...၊ သူ ဘာပြောပြော မှန်သည်၊ သူများစကားမှားသွားတာနှင့် အဲဒါ အပြစ် ...။

တကယ်ဆို မင်္ဂလာကိစ္စအတွက် ဒီနေ့ ဒီနေရာမှာ ပြောဆိုဆွေးနွေးကြဖို့ဟာ တခြားလူတွေမပါသင့်ပေ။ စားပွဲမှာ စထိုင်ကတည်းကလည်း ဦးပညာချွန်က မကျေမနပ်မေးခဲ့ပြီးဖြစ်၏။

"မင်္ဂလာပွဲကိစ္စက ခုမှ ဆွေးနွေးရမှာလား၊ တစ်ခါတည်း ညှိခံပွဲလုပ်ပေးမလို့လား ..."

တဲ့ ...၊ လူတွေစုံအောင် တမင်ခေါ်ထားရတာ 'ရှင့်ကြောင့်..'လို့များပြောလိုက်လျှင် မိုးမီးလောင်သွားမလားမသိ။

တခြားနေရာမှာ လူကြီးလူကောင်းလို ဘယ်လိုနေနေ ဦးသက်တင်ဖော်၊ ဒေါ်မိမိတာ ဆိုသော သူငယ်ချင်းလင်မယားနှင့်ဆိုလျှင် ဦးပညာချွန်က ပြောချင်ရာပြော၍ လုပ်ချင်သလိုလုပ်သည်။ ခုတစ်မျိုးပြောပြီးခဏကြာတာနှင့် နောက်တစ်မျိုး ပြောင်းချင်ပြောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကတိလဲ၊ ကြည့်လို့မရ၊ ကိုင်လို့မရတာတွေကို ငါ စိတ်မဝင်စားဘူး။ အရေးကြီးတာက မိမိစိတ်နဲ့ မိမိခံစားချက် အဆင်ပြေနေဖို့ ..."

ဆိုသော အပြောမျိုးတွေ ...၊ တကယ်တော့ သူငယ်ချင်းတွေမို့လဲ ကတိရှိပြီးသားဆိုတာတွေ၊ စကားလွှန်ခဲ့ပြီဆိုတာမျိုးတွေ၊ ဘာဆိုဘာမှ ဂရုမစိုက်တော့ခြင်းဖြစ်၏။

ဦးပညာချွန် ရင်ထဲမှာ နဂိုစိတ်ရင်းအတိုင်း 'ငါ့ဘက်က ဝတ္တရားရှိတယ်'ဆိုသည့်အတွေး ဖြစ်လိုက်၊ 'ဒီကောင့်သမီးနဲ့ မပေးစားဘူး'ဆိုသည့် ရန်ဘက်ကိစ္စတွေ ဝင်လာလိုက် ...၊

ကတိစကားတစ်ခုကို ဆုပ်ဖမ်းထားလို့မရနိုင်အောင်ဖြစ်ရခြင်းကို ဒေါ်သက်သက်တင်က စိတ်မရှည်နိုင်၊ ထိုအကြောင်းများကြောင့် ဒီနေ့ ဒီနေရာမှာ လူစုံအောင် တမင်စုဝေးစေခဲ့တာဖြစ်သည်။

ဒီနေရာမှာ မင်္ဂလာရက်သတ်မှတ်၍ ရှိနေသည့်လူတွေရှေ့မှာ အတည်ပြုမည်။ ဦးသက်တင်ဇော်တို့ ကျေနပ်အောင် သမီးတောင်းမည်။

ပြီးလျှင် သတ်မှတ်သည့်ရက်မှာ မင်္ဂလာဆောင်လိုက်ရုံသာ။ ပြောရမည်ဆိုလျှင် ဦးပညာချွန် နောက်ထပ် ဟင့်အင်း ပြန်မလုပ်နိုင်အောင် အတည်ဖြစ်စေမည့် ဆွေးနွေးပွဲ၊ ဒေါ်မိမိတာလည်း ကျေနပ်ပြီးသားပါ။

"သူတို့ချင်း ကျေနပ်ဖို့ပဲလိုတာပါ သက်ရယ်၊ ဒီတစ်သက် ငါတို့ ပျော်ပျော်ရွှင်ရွှင်နေရပဲ့ဦးမလားမသိပါဘူး"လို့တောင် ပြောရသည်။

ဦးပညာချွန် ကတော့ ဇနီးဖြစ်သူ၏ တကူးတကကြံစည်ဆောင်ရွက်ချက်များကို လုံးဝမရိပ်မိခဲ့ပေ။ သူ့စိတ်ကူးအာရုံထဲမှာ သားဖြစ်သူက တရားခံ ...၊

"အပွန်း ..."

'ငါသိတာပေါ့'ဟု အဓိပ္ပာယ်သက်ရောက်စေသော ခပ်မှဲ့မှဲ့ရယ်သံနှင့်





ဦးပညာချွန် က သူ့စကားကို အစပြန်ဖြေသည်။

"တစ်သက်တာ ဆိုတဲ့ ကောင်မလေးကို မင်း သဘောကျနေတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟာ .. မဟုတ်တာတွေ ..."

ညီမဖြစ်သူအကြောင်းပါလာတော့ နှင်းဆီက နေဖွဲ့ကို အားနာသလို တစ်ချက်ကြည့်၏။ မွန်မွန်လတ်နှင့်နေဖွဲ့တို့လည်း အကြည့်ချင်းဆုံသွားကြသည်။ ဒီနေရာမှာ ခုလို လာရောက်ပေးပါလို့ ဒေါ်သက်သက်တင်နှင့် ဒေါ်လေးမိမိတာ၏ ညွှန်ကြားချက်ရှိခဲ့တာကြောင့်ပါ။

မဟုတ်လျှင် ဦးပညာချွန်လို ဘုဂလန့်လူကြီးရှေ့ကို မျက်နှာပြောင်ရုံ သက်သက်နဲ့တော့ သူတို့ရောက်လာမှာမဟုတ်ပေ။ မချစ်ပေမယ့် ယောက္ခမ ဦးလေးဖြစ်နေသည်မို့ ...။

"ပညာချွန် .. မင်း တကယ် ပညာ မချွန်သေးပါဘူး ငါ့သားရာ၊ ခင်းတို့လူငယ်တွေ ဝိုင်းပြီးပံ့ပိုးလိုက်ကြလို့ မင်းနဲ့ ဟိုမိန်းကလေး ကျဉ်းထဲ ကျပ်ထဲရောက်ပြီး ဒီလိုအခြေအနေတွေဖြစ်သွားခဲ့တယ်ဆိုတာ ငါ သေချာ သိပေမယ့် ရိပ်မိတယ်"

ဦးပညာချွန် ဆက်ပြောလိုက်တော့ အချစ်တို့လူစုတွေ မျက်နှာတွေ သိမသာင့်သွားကြ၏။ ထိုညမှာ သျှန်နဲ့တာရဲ့အခြေအနေကို အောင်ချို တို့နဲ့ သူမတို့ ဖုန်းချင်းအလုပ်ရှုပ်ပြီး သီဟာတို့လည်း မနေနိုင်မထိုင်နိုင် ဝင်ပါ ခဲ့ကြသည်။

တကယ်ပါ ..၊ သီဟာတို့နဲ့ဖုန်းချင်းပြောပြီး ဒီကလူကြီးတွေအရောက် မှာ အခြေအနေတွေ ဒီလိုရှင်းမရဖြစ်ကုန်အောင် ကွက်ဘိဖန်တီးခဲ့ကြတာ သူတို့တွေပဲဖြစ်၏။ ဖြစ်လည်းဖြစ်သွားခဲ့သည်။ သူမတို့ကိုယ်တိုင် စိတ်မလုံ လို့ ဒါကိုဝန်ခံခဲ့ကြပြီးဖြစ်သည်။ တကယ့်စေတနာအရင်းခံက မိသားစုနှစ်စု



www.burmeseclassic.com

www.burmeseclassic.com



သင့်မြတ်အေးချမ်းသွားကြဖို့ပါ။

ဒါပေမယ့် အခြေအနေက ခုချိန်ထိ ဘာလိုလိုထဲကမလွတ်မြောက်နိုင်။ ဒါ တမင်လုပ်တာဆိုလျှင် ဂရုစိုက်ဖို့မလိုဟု တာ က ခေါင်းမာသည်။ သျှန် က 'နေပေါ့'ဆိုသည့် ဂျစ်ကန်ကန်နေပုံနှင့် ...

လူကြီးတွေက ခု ပေးစားမယ်၊ တော်ကြာ မပေးစားတော့ဘူး အမျိုးမျိုး၊ သျှန်နဲ့တာ လက်ထပ်ဖြစ်ဖို့ မဖြစ်ဖို့အရေးကို သိကြားမင်းဆီမှာ သွားမေးရင်တောင်မှ 'ချွန်ဆိုတဲ့လူနဲ့ ဇော် ဆိုတဲ့ပုဂ္ဂိုလ် အဆင်ပြေရင်ရပြီ'လို့ ပြန်ဖြေမှာ သေချာသည်။ ခုတော့ ဒေါ်သက်သက်တင်ကိုယ်တိုင်ရေးတဲ့ ဖူးစာလို့ပဲ ပြောရတော့မည်လား၊ ဦးပညာချွန် ကတော့ ဇနီးဖြစ်သူ ဤသို့ ဖန်တီးခဲ့မှန်း မသိသေးဘဲ ...

"ဘာပဲဖြစ်ဖြစ် ငါက စိတ်ကောင်းမွေးပြီး ဒီနေ့ ဒီမှာဆုံကြဖို့ သတ်မှတ်ခဲ့တာပါ၊ မင်းအမေ ငါ့ကို အပြစ်တင်ရင်း အသက်တိုသွားမှာစိုးလို့ ..."

"ဟွန်း .. အစတည်းက သိသင့်တာ"

ဒေါ်သက်သက်တင် က မျက်စောင်းထိုး၏။

"မင်း အဲဒီကောင်မလေးကို သဘောကျနေတာလဲ သိပ်ကိုသိသာလွန်းတော့ ..."

"ဒါချည်းပဲထပ်ပြောနေတယ် ဖေဖေကလဲ ..၊ ရန်ဖြစ်ရလွန်းလို့ ရင်းနှီးနေကြတာပါ၊ သူ့ကို ကျွန်တော် ..."

"မင်းက ခုထိ ဝန်မခံချင်ဘူးပဲ"

ဦးပညာချွန် က မျက်မှောင်ကြီးကြုတ်လျက် ...

"ဟိုကောင်မလေးရော ဘာထူးလဲ၊ ဒီမှာ ချစ်ခြင်းမေတ္တာဆိုတာ ပါးစပ်ကပဲ ဟန်ဆောင်ဖုံးကွယ်လို့ရတာ၊ မျက်လုံးတွေမှာမရဘူး။ မင်းတို့ချင်း ရန်ဖြစ်နေကြသလောက်သာ မုန်းနေကြတယ်ဆိုရင် ခုလို မယူမဖြစ်





တော့တဲ့အခြေအနေတွေဖြစ်အောင် တွန်းပို့ကြတဲ့ မင်းတို့ရဲ့သူငယ်ချင်းအုပ်စု .. ဟောဒီမှာ သူတို့တွေ ..."

ဦးပညာချွန် က အောင်ချိုတို့ အသစ်တိုကို မေးဆတ်ပြကာ ...

"သူတို့တွေကို မင်းတို့ ခုချိန်ထိ မြားနတ်မောင်လို ဆရာတင်နေကြပါဦးလား"

"အဲဒါက ..."

ငြင်းမလို့ပေမယ့် ပြောစရာစကားလည်းမရှိ။ ပြီးတော့ အနိုင်ရရင် ငြိမ်ရော ငြင်းလိုက်ဖို့က တာ့ရဲ့ အစ်ကို ဖွဲ့တစ်ယောက်လုံးရှိနေသဖြင့် သားအဖချင်း ပြောနေကျလို ပြောလို့မဖြစ်ပေ။ ဦးပညာချွန် မျက်နှာမှာ ဒေါသဒီဂရီနည်းနေမှန်းသိကာမှ အားလုံးပဲ ရှူသာရှိုက်သာဖြစ်ကုန်ကြရင်း...

"ဟုတ်တယ်၊ အဲဒီညက တာ့ ခြေထောက်မှာ ဒဏ်ရာ ရထားတာကို အန်ကယ့်လ်သား ဟျာယာခတ်နေလိုက်တာများ ... ဟိုက အော်လိုက်၊ ဒီက ပြန်အော်လိုက် .. ပြီးတော့ တာ့ ရှေ့မှာ သူပဲ ဒူးတုပ်လျှက်သား..."

"ဘာကွ ... မင်းက ဒူးတုပ်နေတယ်"

သေစမ်းလို့ ပါးစပ်ကမပြောဘဲ ဒီစကားပြောမိသည့် ကျော်စွာ မျက်နှာလေးငယ်ကာ ခေါင်းမယားဘဲ ကုတ်ရှာ၏။ ဒေါ်သက်သက်တင် က ကြားဝင်၍ ...

"အမလေး .. ညားပဲညားတော့မယ်၊ သူတို့ဘာသာ လင်မယားချင်း ဒူးတုပ်တုပ်၊ လက်ပဲပိုက်ပိုက် ကလေးမွေးကြားထဲ မပါ့ပါနဲ့တော့ ..."

"ဘာလဲ .. ဘာညားမှာလဲ၊ အခု ငါက လက်ထပ်ပေးဖို့စကားပြောမှာ၊ သူတို့ဘက်က ဘယ်သူလာသလဲ၊ ဟိုကောင်က ငါနဲ့ မတည့်ဘူးပဲထား.. ဒီက သူ့ကောင် မလာခိုင်းလို့ မလာရဘူးဆိုတာလဲ ထားလိုက်ပါ၊ ငါ့သားတော့ ခေါ်ပါလာတယ်၊ ဟိုကောင်မလေးက ရောက်ပြီးမှ ပြန်သွားတာ ဘာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးပဲရှင် ..၊ သူ့ခမျာ ရှက်မှာပေါ့"

"ဩော် .. ငါ့သားကတော့ အရှက်မရှိတဲ့ကောင်လား"

"ချွန် ..."

"မင်း ငါ့ကို ထုချေလွှာတင်ဖို့ မစ,လာနဲ့ ခုနကပြောတာ ကြားလား အဲဒီမိန်းကလေးကို မင်းသားက ဒူးထောက်နေရတယ်ဆိုတာလေ .. အဲဒါတွေကြောင့် ..."

"ဘာကြောင့်ဖြစ်ဖြစ် ဒါက ဖြစ်သင့်တယ်လို့ထားလိုက်၊ ရှင်နဲ့ ဇော်တည်းကမတည့်ခဲ့ကြတာ .. ရှင့်သားနဲ့လဲ ခုချိန်ထိ ရန်ဖြစ်နေကြတုန်း ချက်ချင်းကြီး လက်ထပ်ဖို့တွေဖြစ်လာတာကို ရှက်မှာပေါ့၊ ပြီးတော့ ဒီထဲမှာ သူ့မိဘကလဲ မပါဘူး"

"အဲဒါပြောတာပဲ၊ ငါက မင်္ဂလာစကားကို ဘယ်သူနဲ့ပြောရမှာလဲ"

"ကျွန်တော်နဲ့ပြောလို့ရပါတယ် ဦးလေး"

"ဟင် ..."

ဇွဲ က အညိုကွက်ရုပ်လက်ရှည်ကို ကြယ်သီးစုံတပ်၍ ဘောင်းဘီ အနက်နှင့်ဝတ်ထားသဖြင့် ရှင်းရှင်းခန့်ခန့်ပုံစံပါ။ ထို့ပြင် မဟာနဖူးကျယ်ကျယ်နှင့် ဆံပင်တွေကို သေသပ်စွာသိမ်းလှန် ဖြီးထားသဖြင့် လူတော်လူကောင်းတို့၏ရုပ်သွင်အတိုင်း ...။

ဦးပညာချွန် ပါးစပ်ပြင်နေရင်း ငြိမ်ကျသွား၏။ ထိုအခါ အချစ်တို့ထံလည်း ကျော်ဖွာတို့ကို မျက်စပစ်လိုက်သဖြင့် ...

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့အားလုံးက သောင်းသောင်းဖျဖျ အားပေးဂုဏ်ပြုကြမယ့်သက်သေတွေပါ၊ ကိုကြီးဇွဲကရော .. မမွန်ရော ရှိနေတာကလဲ တစ်ဖက်ကလူကြီးတွေကိုယ်စားလို့ သတ်မှတ်နိုင်ပြီ ဆိုတော့ သျှန်တို့ရဲ့မင်္ဂလာပွဲကို ..."





"နေကြဦး"

ဦးပညာချွန် က သိပ်ကျေနပ်ပုံမပေါ်ဘဲ သျှန့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"ခုမှ ကျောင်းပြီးမလို့တဲ့ရှိသေးတာ .. လက်ထပ်ဖို့က စောသေးတယ် မဟုတ်လား၊ စေ့စပ်ထားပြီးသားဆိုတော့ ..."

"သားကိုမေးမနေပါနဲ့ ခုကိစ္စက ရက်ကောင်းရက်မြတ်ရွေးပြီး ရွှေလမ်းငွေလမ်းဖောက်ကြရတာမှမဟုတ်တာ၊ ရှင်တို့မတည့်တာတွေထဲကနေ ထလေးချင်း ဒီလိုဒီပုံပြိုကုန်ကြလို့ မဖြစ်မနေစီစဉ်ရမှာ၊ ကြာကြာအချိန်ဆွဲလေကောင်းဖို့မရှိလေဘဲ၊ ရှင့်သားကဖြစ်ဖြစ်၊ ဟိုမိန်းကလေးကဖြစ်ဖြစ် ရှက်ရှက်နဲ့ ဟင့်အင်းငြင်းနေကြရင်တောင် လက်ထပ်ဖို့က ချက်ချင်းစီစဉ်ရမှာပဲ"

"ဟ .. မင်းကလဲ ဇွတ်ပါလား"

"ရှင်လဲ ကိုယ်ချင်းစာတတ်ဖို့ ပြန်စဉ်းစား"

ဒေါ်သက်သက်တင် ပြောလိုက်တာကို သဘောပေါက်သွားသဖြင့် ဦးပညာချွန် မျက်နှာကြီး နီသွား၏။

"ကဲ .. သမီးနဲ့သားတို့ကပဲ ကိုယ်စားလှယ်ရာထူးကို ဆက်ယူ"

သူတို့ဘက်ကိုလှမ်းပြောလိုက်သဖြင့် ဇွဲနဲ့နှင်းဆီက ပြိုင်တူ ခေါင်းညိတ်ကြသည်။

"ဇော်တို့ ဒီည ပန်းတနော်ကို ဆင်းသွားကြမလားမသိဘူး၊ သွားဖြစ်ကြရင်တော့ ဟိုမှာပဲ မိမိနဲ့ အန်တီ တိုင်ပင်လိုက်မယ်၊ ရန်ကုန်မှာရှိသေးတယ်ဆိုရင် မနက်ဖြန်ပဲ လုပ်ငန်းစကြတာပေါ့၊ အန်တီတို့လဲ မင်္ဂလာကိစ္စပြီးမှ ပြန်လိုက်တော့မယ်"

"လုပ်ပေါ့"

အားလုံးစိတ်ချမ်းသာကြမလို့တဲ့ရှိသေးသည် ဦးပညာချွန် က မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ကြီးနှင့် ...

"ဖော် ဆိုတဲ့ကောင် ဘေးထွက်နေလိုက်တော့၊ မင်းတို့ စီစဉ်သမျှ ငါကလဲ သဘောမတူတဲ့ဘက်ကနေ လက်ပိုက်ကြည့်နေမှာပဲ၊ သမီးရှင် ဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူနဲ့ငါ့အတွက်က ဘယ်တော့မှ သင့်မြတ်ကြဖို့မရှိ ကမ္ဘာခြားထဲက နှစ်ယောက် ..."

"ရှင် .. လုပ်ပြန်ပြီလား ချွန် .."

"လုပ်ရမှာပဲ၊ ပြေလည်ချင်ရင် သူ ငါနဲ့လာဆွေးနွေး ..."

ပြောချလိုက်တာ ပွဲပြီးပြီဆိုမှ တကယ့်စိန်ခေါ်သံစစ်စစ်ကြီးနှင့် - ဒေါ်သက်သက်တင် စိတ်တိုလွန်းလို့ ကိုယ့်လက်ကို ပြန်ကိုက်ပြီးတော့ လူးလိမ့်ငိုရတော့မလိုလို ...။





## အခန်း (၂၆)

"လဲသေလိုက်ပါလား ဝဲစား၊ ထွီ .."

ကားမောင်းနေရင်း ထွီခနဲထွေးလိုက်သေးသည်။ ဒေါ်မိမိတာ ကတော့ ကျုံကျုံနနမှီထိုင်နေရင်း ဒေါပွပွ၊ သီချင်းပဲဆိုနေနေ ဦးသက်တင်ဖော်ကို ဘာမှမပြောတော့ဖို့ ဆုံးဖြတ်ထားသည့်အတိုင်း ပါးစပ်ပိတ်နေ၏။

ပုသိမ်လမ်းမကြီးတစ်လျှောက်မှာ ပြေးနေသည့်ကားက ဦးသက်တင်ဖော်၏ ဒေါသတွေကြောင့် ပို၍ဆောင့်ခုန်နေသလားထင်ရ၏။

ဒီကြားထဲ ဒေါသဖြစ်တာကို အဖော်လိုနေသလိုခံစားလာရကာ ဦးသက်တင်ဖော်၏ ဇွေစောင်းစောင်းအကြည့်က ဒေါ်မိမိတာဆီဝေ့လျက်...

"မင်းကတော့ နေသာနေတယ်ပေါ့"

ဒေါ်မိမိတာ က ဆတ်ခနဲလှည့်ကြည့်၏။

"မနေသာလို့ ငါက နင်နဲ့လိုက်ပြီး ခုန်ပေါက်အော်နေရမှာလား .. အရူးလို ..."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ...၊ ဒီမိန်းမ သူ့ကို ဒေါသတွေပွက်ပွက်ဆူဖြစ်နေသည်ပ

ဦးသက်တင်ဇော် က ညမှုညတာမို့ ကားကို ဂရုစိုက်မောင်းနေရ မိန်းမနဲ့ ရန်ဖြစ်ချင်နေတာလည်း လျှော့ယားနေ၏။

သူတို့အတွက် ဇိမ်ခံကားမထားနိုင်သေးပါ။ ခုတစ်လော ကလေးတွေ ကိစ္စကြောင့်သာ ရန်ကုန်ကို အချိန်မတော် ခဏခဏ ထ,လာရတာတွေ များလွန်းလို့ ပွဲရုံကကားကိုပဲ ယူစီးနေရတာဖြစ်၏။

အထူးသဖြင့် သူ ကားမောင်းမကျွမ်းကျင်ပေ။ ချွန် ဆိုတဲ့ကောင် မော်တော်ကားတစီစီနှင့် ဇိမ်ကျနေတာကို အမြင်ကတ်ပြီး ကားမောင်း သင်ထားတာမှန်သည်၊ မိမိက စိုးရိမ်ကြီးလွန်းလို့ တစ်ခါမှ သေချာမောင်း ခွင့်မရ။

ခုလိုမောင်းခွင့်လေးတွေရရင် ကိုယ်မောင်းတဲ့ကားကို စီးပေးဖော် လာတာ ဘာကြာသေးလို့လဲ ...၊

စီးမယ်ဆိုတော့လည်း ခု ညတွင်းချင်း ပန်းတနော်ကို ပြန်မည်ဟု ထ,ဖြစ်သည်။ တကယ်တော့ ချွန်တို့လင်မယားဖိတ်သည့် ဒင်နာကို မသွား ဘူးလို့ သူပြောလိုက်မှ မိမိ ဒီပုံစံဖြစ်သွားတာ၊ စောစောကတည်းက ရိပ်မိဖို့ကောင်း၏။ ညမှောင်မှောင်ကြယ်ရောင်မလင်းသည့် လမ်းမထ မှာ ကားရပ်ပြီး ရန်ဖြစ်လို့လည်းမတော်၊ ဦးသက်ကင်ဇော် ရှေ့ကြည့်လိုက် ဒေါ်မိမိတာကိုကြည့်လိုက်နှင့် ရုတ်တရက် ဘာပြောရမှန်းလည်းမသိနိုင်

ဒေါ်မိမိတာ က မလိုအပ်ဘဲနှင့် ထိုင်နေရင်း နေရာထပ်ပြင်ထိုင်လိုက် ကာ ...

"သမီးတစ်ကောင် နွားတစ်ထောင် တဲ့၊ အဲဒါ ရှင် သိရဲ့လား"

ဖြစ်သွားပြန်ပြီ 'ရှင်' ...၊ စောစောက 'နင်'နဲ့'ငါ' ...၊

ဒေါ်မိမိတာရဲ့ ဒေါသက နှစ်ယောက်တည်းရှိတိုင်း နင်လုံးငါလုံးတွေ





မိုးမွှန်နေတတ်ကာ သမီးရှေ့မှာတောင် တစ်ခါတလေ နင်၊ ငါဖြစ်တတ် သေးသည်။

ပြောရမည်ဆို သူငယ်ချင်းလေးယောက်ထဲမှာ မိမိတာ က လှ သလောက်ဆိုးတဲ့သူ ...။

ဒါပေမယ့် သူမကိုတော့ သက် က အစ ချစ်လည်းချစ်သည်။ သည်းညည်းလည်းခံသည်။ ယောကျ်ားလေးတွေဖြစ်သည့် သူတို့အတွက် က ပြောဖို့မလိုတော့ပါ။

ခုချိန်ထိ အဲဒီအရှိန်တွေကြောင့် လေးယောက် မျက်နှာချင်းဆိုင်ပြီး ရန်ဖြစ်မိပြီဆို မိမိ တစ်ခုခု ဝင်ပါလာတာနှင့် မီးသေသွားခဲ့တာတွေရှိသည်။

ဘယ်သူမိုက်မိုက်ရိုင်းရိုင်း ဘာပြောနေနေ မိမိ ပြောတာဆို ရိုင်းတယ် ပြောမည့်သူ မရှိ။

သူကိုယ်တိုင် မိမိ ကို ချစ်လွန်းလို့ ဒီဒေါသတွေ အဆုံးမသတ်နိုင်ခဲ့ တာ မဟုတ်ဘူးလား။ ထိုပြင် ယခုကဲ့သို့ မိမိ ထံမှ မျက်လုံးစိမ်းနှင့် 'နင်' 'ငါ'မည်သောရင့်သီးသည့်စကားတွေကို ကြားရလျှင် မခံနိုင်။ မခံနိုင်တာ တွေပဲ တွေးနေရင်း လမ်းဘေးခပ်စောင်းစောင်းမှာ ကားက တုံ့ရပ်သွား၏။ ဦးသက်တင်ဇော် က စက်ပြန်နှိုးလိုက်ပြီးမှ ဒီဘက်လှည့်ကာ ...

"မင်း ဘာပြောလိုက်တာလဲ မိမိ၊ သမီးတစ်ကောင် နွားတစ်ထောင် ဟုတ်လား၊ မင်းက အခု ချွန့်ရှေ့ကိုသွားပြီး မင်းသားနဲ့ငါ့သမီး ပေးစားရ အောင်ပါလို့ ငါ သွားမပြောလို့ ဒေါသတွေဖြစ်နေတာလား"

"မဟုတ်ဘူးလေ၊ တကယ်ဖြစ်လာမှာက ကို ပြောသလောက်မှ အခြေ အနေမဆိုးတာ၊ ချွန်နဲ့ကိုတို့ သက်သက်ရမယ်ရှာပြီးရန်ဖြစ်နေကြလို့ ဒီကိစ္စ ခုလောက်ထိပြောရဆိုရခက်နေတာ၊ သမီးနဲ့သျှန်ကို ချက်ချင်း စေ့စပ်ပေး လိုက်မိတာတောင် သက်နဲ့မိမိကြောင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"အံမာကွာ .. ဒီလိုကောင်စားလေးမျိုးနဲ့ စေ့စပ်ဖြစ်တာကိုများ မင်းကတော်ဖြစ်ရခြင်းအကြောင်း ဂုဏ်ယူဝမ်းသာစွာပြောနေတာကျလို့ ..."

"ဒီကောင်လေးမျိုးကို နင်မပြောနဲ့လေ .. ကိုယ့်သမီးလဲမှားတာပဲ မိန်းကလေးတစ်ယောက်က ယောက်ျားနေတဲ့အဆောင်ထိ လိုက်သွားတဲ့ကိစ္စ လူကြားကောင်းလား"

"ဟုတ်ပေမယ့် အဲဒီညက ကလေးတွေ ကြောက်လန့်ပြေးလွှားတွေ ဖြစ်ကုန်တာ ငါတို့ကြောင့်လဲပါတယ်"

"ပါပါ့မပါပါ အဲဒါကို ဘယ်သူမှ ထည့်သွင်းစဉ်းစားမှာမဟုတ်ဘူး အားလုံး သိလိုက်တာက သမီးက သူ့နှန်နဲ့လိုက်ပြေးသွားတယ် .. အဲဟို အဆောင်မှူးဆိုတဲ့လူကြီး အာကျယ်ကျယ်တွေထဖြစ်ကတည်းက ယောက်ျားလေးတစ်ဆောင်လုံး ရှိသမျှ အခန်းတိုင်းကလူတွေ အကုန်သိကုန်တာ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီကလေးနှစ်ယောက်က ပေးစားမှကိုဖြစ်မယ်ဆိုတာ ရှင် သိရမှာပေါ့"

"မင်း အဲဒီလို ပူဆာလွန်းလို့ ဟိုသတ္တဝါ လူပါးဝနေတာ၊ သူက သားရှင်ဆိုပြီးတော့ ..."

"လူပါးဝ,လဲ ဝ,ပါစေပေါ့၊ သမီးရှင်ဆိုတဲ့ဘက်မှာ ကိုယ်က..."

"ဘာရှင်ဖြစ်ဖြစ် ငါ့သမီး မှဲ့တစ်ပေါက်မှစွန်းခဲ့တာမဟုတ်ဘူး၊ သားဆိုတဲ့ကောင်က အချိုးမပြေ၊ ဖအေက အရှုး ..."

"ဟုတ်တယ်၊ ရှင်ပဲကောင်းတယ်"

"မင်း အသိဆုံးပေါ့"

"ဇော် .."

"ဘာလဲ"

"လင်မယားတော်နေလို့ လူရှိသေရှင်ရှိသေ ကိုးကွယ်ထားတာနော်





နင့်ကို ငါ ပါးတစ်ဖက်ကို အချက်အစိတ်နှုန်းနဲ့ မနားတမ်းရိုက်ရဲတယ်၊ စပွန်ဆာမလိုဘူး"

"မိမိ ... မင်း ..."

"ပြော .."

ကားထဲမှာသာ လက်နက်တွေရှိနေလျှင် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ ရင်ဘတ်ချင်းပြေးကပ်မိနိုင်၏။ ဒေါ်မိမိတာ မျက်ဝန်းတွေက တစ်ချိန်တုန်းက တက္ကသိုလ်ရဲ့ အလှဘုရင်မ ဆန်နေတုန်း ...။

သူမသည် အဝမပျက်၊ အလှမပျက်၊ စိတ်တစ်ဆစ်လောက်နှင့် ခပ်ရိုင်းရိုင်းပြောဆိုနေတတ်ခြင်းလည်း မပျက်မယွင်းရှိလျက် ...

"ဟွန်း .. လူငယ်တွေပါးစပ်ထဲမှာ သမီးလေးက ဖြစ်ချင်တိုင်းဖြစ်နေပြီ၊ သူ့မှာ အတွာတွေကြီးနေတုန်း၊ ပုဆိုးမ ရန်ဖြစ်တုန်း ..."

"မင်းကရော လင်ကို လင်လိုသဘောမထားဘဲ နင်တစ်လုံး ငါတစ်လုံးပြောရုံမကဘူး .. ပါးရိုက်မယ် နားကိုက်မယ်နဲ့ မင်းကိုရော ငါက မရိုက်ရဲဘူးမှတ်နေလို့လား"

"အံမာ မမှတ်ပါဘူး၊ ရိုက်လေ .. လာပါ နင်လုပ်လေ"

"တောက် ..."

"တက်ခေါက်တာကို ပိုမုန်းသေးတယ် သိလား ..၊ ကဲ ..ကဲ.."

"ဟာ.. မိမိ .. မင်းနော် .. ဟော့..."

ဒေါ်မိမိတာ က လက်ကိုအိတ်ကိုဖွင့်ပြီး အထဲမှာဆောင်ထားသည့် ရှူဆေးဘူးနှင့်ရော သံပရာသီးတွေနဲ့ရော ဦးသက်တင်ဇော်ကို ပေါက်တော့သည်။

ဦးသက်တင်ဇော် လက်နှစ်ဖက် စတီယာရင်မှာ ဟန်ကျပန်ကျ ထောင်မထားနိုင်တော့ဘဲ အစက ကာရုံပဲကာသည်၊ ပြီးတော့ ကိုယ့်ခေါင်းကိုပြန်



www.burmeseclassic.com

ဖက်ကာ ပခုံးနှစ်ဖက်ကြားထဲ ခေါင်းပြန်ဝင်တော့မတတ် ပုတုပ်ထားရ

"မိမိ တော်ပြီနော်၊ ငါ ဒေါသထွက်လာရင် မင်း မလွယ်ဘူး"

လူက ခေါင်းမဖော်နိုင်ဘဲ အလုအယက်ကြိမ်းဝါးလိုက်သေးသည်။ ဒေါ်မိမိတာ က အိတ်ထဲမှာထုတ်ပေါက်စရာ ပစ္စည်းအတိုအထွာ ဘာမှ ရှာမတွေ့တော့မှ အိတ်ကို ပေါင်ပေါ်မှာထားကာ ခါးထောက်၏။

"လာပါ၊ ဒေါသထွက်တာကို မြင်ချင်လွန်းလို့ပါ ထွက်ပြလိုက်စမ်းပါ"

"ဒီမိန်းမ .. မင်း ... နာတော့မယ် .. အ..."

မျက်နှာမော့လာရင်း လူရှိန်အောင်ကြိမ်းဝါးလိုက်ကာမှ ရှုံ့ဆေးဘူးစာမိထားသည့် မေးဖျားက 'ဟိတ်ကောင် ထပ်နာလိမ့်မယ်၊ မကြိမ်းနဲ့'လို့ သတိပေးနေပြန်သည်။

ဦးသက်တင်ဇော် နာကျင်သွားသည့်မေးဖျားကို ပွတ်နေရင်း ...

"ချစ်လို့ညာနေတာ ညာမှန်းမသိတဲ့မိန်းမ ..."

"ဒီကလဲ ချစ်စိတ်လေးဝင်ပြီး ရှင်တို့တွေ အရှုးထ,သမျှ လက်ညှိုးထောင်ခေါင်းညိတ်လုပ်နေပေးခဲ့တာလေ၊ ပြောစမ်းပါ.. ရှင့်သဘောကျနေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ"

"မိန်းမပဲကွ-လင်သဘောကျနေရမှာပေါ့"

"နေခဲ့ပြီးပြီ၊ ခုချိန်ထိ ..."

"ဘာ ..."

"မနက်က စပြီး မရတော့ဘူး"

ဦးသက်တင်ဇော် ဘာမှမပြောနိုင်သေးဘဲ ဒေါ်မိမိတာကို မျက်ခုံးကြီးနှစ်ဖက်ကုပ်လျက်နှင့်စိုက်ကြည့်နေ၏။ ထိုစဉ် အဝေးဆီမှ ကားမီးရောင်က သူတို့ကားဆီ တည့်တည့်ကျလာပြီး တခြားကားတွေလို ဝေ့ဝိုက်ကျော်တက်မသွားပေ။





ကားကိုပဲ တည့်တည့်ထိုးလာသည့်မီးရောင်ကို ဒေါ်မိမိတာ ကလည်း သတိထားမိသွားကာ ...

"နေဦး .. အိမ်ကျမှ ဆက်ပြောမယ်၊ မောင်း .. တော်တော်ကြာ အချိန်မတော် မှောင်ရိပ်ခိုရပ်ထားပြီး မဟုတ်တရုတ်လုပ်နေကြတယ် ထင်ဦးမယ်"

"မောင်းချင်တိုင်းမောင်းလို့မရဘူး၊ သူ့ဟာသူထိုးရပ်သွားတာ"

"ဟင် .. ဘာ ..."

ဒေါ်မိမိတာ မျက်လုံးပြူးသွားတာကို 'မတတ်နိုင်ဘူး'ဆိုသည့် မျက်နှာနှင့် ဦးသက်တင်ဇော် ပုံစံက လောလောဆယ် ရန်ဖြစ်နေရခြင်းအကြောင်းကို မေ့သွားပုံပေါ်၏။

ဘာမှထပ်မပြောတော့ဘဲ ကားစက်နှိုးဖို့ကို အမိအရကြိုးစားနေ၏။

"တီ တီ တီ တီ"

ဆက်တိုက်တီးနေသည့်ဟွန်းသံကလည်း ကြားလို့မကောင်း။ အဝေးမှာတည်းက တည့်တည့်ထိုးလာသည့်မီးရောင်က အနီးကပ်လာတဲ့အထိ တိမ်းစောင်းမသွားသဖြင့် ဒီကား ကိုယ့်ကားဆီကို တမင်မီးထိုးလာတာမှန်း ဦးသက်တင်ဇော် သိလိုက်တော့ ဘေးကိုရောက်နေပြီဖြစ်သည်။

"မိမိ ကားပျက်နေတာလား"

"ဟင် .. သက်..."

မိန်းမချင်း တမ်းတမ်းတတနှုတ်ဆက်လိုက်ကြစဉ် ယောကျ်ားချင်းက တစ်ဖက်စီကနေ မျက်လုံးချင်းစစ်ခင်းပြီးဖြစ်လျက် ...

"ပျက်နေတာမဟုတ်ဘူး မိန်းမ၊ တစ်စစီပြုတ်ကျတော့မှာ၊ ဟား ဟား ဟား"

ထုံးစံအတိုင်း ဦးပညာချွန် က ဦးအောင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမာ .. ကော်ပီခေတ်နဲ့ကော်ပီကားပဲစီးနိုင်တဲ့ကောင်က လူပါးဝ လို့ ..၊ ငါ့ကား တစ်စစီပဲပြုတ်ထွက်ထွက်၊ အရည်ပဲပျော်ကျကျ ကော်ပီလဲ မဟုတ်ဘူး၊ တော်ကီလဲမဟုတ်ဘူး၊ အမှန်အကန်ကား နားလည်လား လင်နံ့ခရိုဓာလိုလို၊ ပါကျရိုးလိုလို နလပိန်းတုံးတွေထင်အောင် စက်မှုဖုံကား ကြီးခွစီးပြီး ဟပ်ချိုးကျယ်ကျယ်ချေလိုက်တိုင်း ဝပ်ခ်ရှော့ပို့နေရတဲ့ကော်ပီ တွေထက် အမျိုးမြတ်တယ်"

အားကျမခံပြောပြီး ဦးသက်တင်ဇော် ကလည်း အခြောက်တိုက်ရယ် ပစ်လိုက်၏။ ဦးပညာချွန် တိခနဲအသံတိတ်သွားပြီးမှ ...

"မင်းလဲ ကော်ပီအကြောင်း တော်တော်သိတာပဲ၊ မဆိုးဘူး .. တိုး တက်လာပြီ၊ ဒါပေမယ့် မင်းကားကတော့ စုတ်လွန်းပါတယ်ကွာ၊ ပြီးတော့ ဒီ အညီအဟောက်တွေနဲ့ မင်္ဂလာပွဲကိုသွား၊ မွေးနေ့ပွဲတွေတက်နဲ့ တော် ကြာ .. အသုဘလိုက်ပို့မိရင် အစိမ်းသရဲတွေကပ်ပါဦးမယ်၊ မင်းအတွက် မပူပါဘူး၊ မင်းမိန်းမ ကြောက်ရှာမှာစိုးလို့ ..."

"အေး .. အဲဒီလိုပါလာရင် မပူနဲ့၊ မင်းအိမ်ထဲရောက်အောင် သေချာ ပို့ပေးလိုက်မှာ"

"ဟား ဟား ဟား"

"အစုတ်အပြတ် ကလေကချေကောင်"

ဦးသက်တင်ဇော် ကြိတ်မနိုင်ခဲမရကျန်ရစ်တာကိုသိနေကာ ဦးပညာ ချွန် မောင်းထွက်လာခဲ့ရင်း ရယ်လို့မပြီးနိုင်။

"ချွန် .."

"ဘာလဲ"

"ကား ခုရပ်ပေး"

"ဘာလုပ်ဖို့လဲ"





"ဟိုမှာ မိမိတို့ ဘာဖြစ်လဲမသိဘူး၊ ဒီအချိန်ကျမှ ကားသွားကားလာ လဲ ကျဲနေပြီ၊ ဒီတိုင်း လမ်းပေါ်မှာ မိုးလင်းသွားမှာပေါ့"

"လင်းတော့ ဘာဖြစ်လဲ၊ လင်မယားနှစ်ယောက်ကြီးတောင် ...၊ ဘာမှဖြစ်မသွားဘူး"

"အို .. ဖြစ်ဖြစ် မဖြစ်ဖြစ် ကားပျက်နေတာသိရက်နဲ့တော့ ဒီတိုင်း မထားခဲ့နိုင်ဘူး"

ဒေါ်သက်သက်တင် အရေးဆိုတော့မှာကိုသိလိုက်သည်မို့ ဦးပညာ ချွန်က ကားကို ပို၍ အရှိန်တင်ကာ ...

"ကားပျက်လားမေးပြီး သွားဆင်းကူတော့ရော ဟိုသူကောင်းသား ပြေပြေပြစ်ပြစ်ရှိမယ်မှတ်လို့လား၊ ကိုယ်ကလဲ ကူညီရသေးတယ် .. ခခ ယယတော့မလုပ်နိုင်ဘူး၊ ထားခဲ့လိုက်"

"အို .. ဘယ်လိုပြောလိုက်တာလဲ၊ မဖြစ်ဘူး .. ကားရပ်စမ်းပါ၊ ခုပြန် လှည့်၊ မလှည့်ရင် သက် ကို ချထားခဲ့တော့"

"မထားခဲ့နိုင်ပါဘူး၊ ပြန်လဲမလှည့်နိုင်ဘူး၊ ထန်းတစ်ပင်နားမှာ ခရီး သည်တင်တွေနဲ့ ကားနှစ်စီး ငါတို့ ကျော်တက်ခဲ့တာ မမြင်ဘူးလား၊ အဲဒီ ကားတွေရောက်လာရင် သူတို့ အကူအညီတောင်းလို့ရတယ်၊ ရန်ကုန်နဲ့ ဝန်းတနော်ကြားမှာ အသက်နဲ့အဝေးကြီး"

"ချွန်ရယ်.. ရှင်ဟာ သိပ်ကိုစိတ်ပျက်ဖို့ကောင်းတဲ့လူ သိလား"

ဒေါ်သက်သက်တင်သည် များသောအားဖြင့် နင်တွေငါတွေနဲ့မပြော ခဲ့ဖူးပေ။

နှုးညံ့သွားသည့်အခါ 'ချွန်' လို့ပဲခေါ်တယ်လေ၊ စကားများပြီဆို 'ရှင်' ဖြစ်သွားတတ်တာကတော့ ဒေါ်သမကင်းသည့် ပုထုဇဉ်ပေမို့ ...

"ဟ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက်တင် စိတ်ပျက်လို့မဆုံးသေးမီ ကားက တုံ့ဆွဲရပ်သွား၏။ ဦးပညာချွန်၏မျက်နှာကြီး ကားထဲကမီးရောင်အောက်မှာ သနားစဖွယ်ကြီးဖြစ်သွားခဲ့၍ ...

"ငါ ကိုင်ပေါက်မိတော့မယ်"

"ဘာ ..."

"ဒီကား ..."

"ပျက်သွားပြီလား .. ကောင်းတယ်"

ဦးပညာချွန်က ရန်လိုသည့် မှန်ကုပ်ကုပ်အကြည့်နှင့် ဖျတ်ခနဲလှည့်လာကာ ...

"ငါ့မှာလဲ မြွေပွေး ခါးပိုက်ပိုက်ထားရသလိုပဲ"

"ခုမှသိတာလား၊ သိရင်လဲ အချိန်မနှောင်းသေးဘူး၊ ပြန်အမ်းလို့ရတယ်"

"သက် ..."

"ခေါ်မနေနဲ့၊ ရှင့်ကို စကားမပြောချင်ဘူး"

"မင်းကိုလဲ ပြောချင်လွန်းလို့ ခေါ်တာမဟုတ်ဘူး၊ နားရင်းနှစ်ဖက်လောက်အုပ်ပစ်ချင်လို့ ..."

"အုပ်လေ၊ ယောက်ျားနဲ့မိန်းမ အင်အားချင်းမမျှတော့ ရှင် နိုင်ချင်နိုင်မှာပေါ့၊ ဒါပေမယ့် ရှင် နောက်နေ့ နေထွက်တာကို မြင်ရတော့မှာမဟုတ်ဘူး"

"ဘယ်လို ..."

ကားအောက်ဆင်းလိုက်ပြီးမှ တံခါးမပိတ်ဖြစ်ဘဲ ဦးပညာချွန်က မျက်နှာကြီး ကားထဲပြန်ဝင်၍ ...

"ဘာလဲ ..၊ 'စက္ကောမ'လို မင်းက ငါ့ကို ခေါင်းဖြတ်မလို့လား"





"အဲဒီလိုဖြစ်ရင် ထောင်ထဲတန်းရောက်သွားမှာပေါ့၊ ရှင် အိပ်နေတုန်းသယ်ထိပ်ကနေ ခြောက်လက်မသံနှင့် ရိုက်သတ်မှာ ..."

'ကြည့်စမ်း ..'ဆိုသည့်အသံကြီး ဦးပညာချွန် ပါးစပ်ထဲက ခုန်ထွက်သွား၏။ တမင်တကာပြောနေမှန်းသိလျက်နှင့် ကြက်သီးတွေတောင်ထမိသည်။

လေးယောက်ထဲမှာ မိမိနဲ့သူပဲ အသွက်ဆုံးပါ။ ဇော် ကလည်း စကားနည်းပြီး ကျိတ်ခံစားတတ်တဲ့သူ၊ သက် ကတော့ အားလုံးထဲမှာ အသက်အစ်နှစ်ပိုကြီးသည့်အပြင် သူ့ကို ဂရုစိုက်လိုက်လျောခဲ့တာ ဟိုတုန်းကတည်းက ...၊

အိမ်ထောင်သည်တွေဖြစ်ကြတော့ ပို၍ ယုယကြင်နာခဲ့သေးသည်။ ဒါပေမယ့် ဒါက ဒါပဲဥစ္စာ ..၊ ဒီလိုကြီးပြောစရာလား ...၊

ဦးပညာချွန် တကယ်လန့်ဖျပ်သွားတာကို ရိပ်မိလိုက်သဖြင့် ဒေါ်သက်သက်တင် က မျက်နှာကို ပိုတင်းသည်။

'မယုံမရှိနဲ့'ဆိုသည့် ကာရိုက်တာအပြည့်နဲ့ မျက်နှာကို ပို၍မော့လိုက်သေး၏။

"ယုံတယ် ခင်ဗျားကို တကယ် ..၊ မိမိကိုထိရင် သူ့အသားဆွဲဆိတ်သိက်သလိုပဲ၊ မိန်းမချင်းဖြစ်နေလို့သာ .. မဟုတ်ရင် မင်းတို့ကို ပေးစားပြီးသားပဲ"

"အဲဒီလိုဟုတ်လို့ကတော့ ပေးစားတာကိုစောင့်နေပါ့မလား ချွန်ရယ်၊ တစ်နေ့တစ်နေ့ အကုသိုလ်ရှစ်ပါးသာ၊ အချိန်တစ်ဆယ် မျှော်ချနေတဲ့ ရှင့်လိုသူနဲ့နေရတာ တယ်နေ့ အဝီစိကို အတွဲလိုက်ဆင်းရမလဲ စောင့်နေရသလိုပဲ။

တံခါး ပြန်ပိတ်တာ ဂျိမ်းခနဲမြည်သွားသဖြင့် ဆက်ရန်ရှိသေးသည့်စကားတွေကို ပြန်လည်မျိုသိပ်လိုက်ရသည်။ ဦးပညာချွန်ကလည်း ကား



www.burmeseclassic.com

www.burmeseclassic.com



စက်ဖုံးဖွင့်၍ လက်သီးလက်မောင်းတန်းနေတာပင်။

အသံမကျယ်တက်ခေါက်ခြင်းမျိုးဖြင့် တောက်ခနဲမြည်လိုက်၊ 'ကျွတ်' ခနဲဖြစ်လိုက်၊ တကယ်တမ်း ဒေါသတွေကို ကားအင်ဂျင်ပေါ်မှာပဲ ပေါက်ပေါက်ကွဲသလို ကွဲနေရတာကိုလည်း မကျေနပ်ခြင်းတွေဖြစ်လျက်...

"အား ..."

တစ်ဖက်က ခေတ်မီးထိုးထားပါလျက်နှင့် လက်က ပလက်ဖောင်းတစ်ခုကို ကျကျနနကြီးသွားကိုင်မိလိုက်၏။

"ဘာလဲ .. ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ဖြစ်..."

ထပ်ပြောလိုက်ဦး၊ လူကြီးဖြစ်ပြီး ကလေးဆန်နေတယ်၊ ကျပ်မပြည့်တဲ့လူ .. ဘာညာ ...။ ဦးပညာချွန် ကိုယ့်အပြစ်ကိုလည်းသိသည်။ ပူသွားသည့်လက်ကို ခါလို့မပြီးသေးခင် ဒေါ်သက်သက်တင် သူ့ဘေးကို ရောက်လာတော့ စိတ်ကမလုံ။

"ဘာဖြစ်သွားတာလဲ၊ အကောင်းမေးနေတာ"

ဒေါ်သက်သက်တင်က သူ့မျက်နှာကို စိုးရိမ်တကြီးလိုက်ပုံကြည့်ကားစောစောကခါနေသည့်လက်ကို တွေ့လိုက်သဖြင့် ထိုလက်ကို လိုက်ဆွဲသည်။

"ကားပေါ်ပြန်သွားနေပါ၊ အသက်နဲ့အဝေးကြီးပဲ"

"ချွန်နော် .. ဒါ ရန်ဖြစ်မယ့်နေရာမဟုတ်ဘူး၊ ဘာဖြစ်လို့အော်လိုက်တာလဲ"

"လက်ပူသွားလို့ ..."

ထိုအခါကျမှ အဖြူရွှေ့လေးတွေလွှင့်တက်နေသည့် အင်ဂျင်ပေါ်ကို ဒေါ်သက်သက်တင် လှမ်းကြည့်ဖြစ်ကာ ...





"အပူလောင်သွားပြီမဟုတ်လား၊ အဲဒါ ကိုယ့်မိန်းမစေတနာကို စော်ကားတာကိုး ..."

"တလွဲတွေ လာမပြောနဲ့"

"ကဲပါ .. ရန်ထပ်ဖြစ်အောင်မစ,ပါနဲ့၊ ကားက ဘာဖြစ်သွားတာလဲ"

ဒေါ်သက်သက်တင် မေးတာကို ဦးပညာချွန် မဖြေရသေးပါ။ ကိုယ်နဲ့ ယောက်ဆိုင်ဟုထင်ခဲ့မိသော ဆိုင်ကယ်လ်သံတွေ အနီးကပ်ဆူညံလာပြီး သူတို့ကားဘေးမှာ ထိုးရပ်ကုန်ကြသည်။

"ဟား .. သူဌေးကြီး ကားပျက်နေတာကိုး၊ ငါတို့ကတော့ လမ်းမှာမီးမှာစိုးလို့ အသေအလဲသွန်လာကြတာ"

"အေးလေ .. အဲဒီတည်းက ရာသီဥတုက တို့ဘက်မှာပါ"

ဆင်းလာကြသူတွေထဲက နှစ်ယောက်ကိုပဲသိသည်။ နောက်က ခွဆိုင်ပါလာသည့်နှစ်ယောက်ကိုတော့ မသိပါ။

ဆိုင်ကယ်လ်နှစ်စီး လူလေးယောက်မှာ အားလုံး အသားမည်းမည်း၊ ကိုယ်လုံးတောင့်တောင့်တွေနှင့်ဖြစ်လျက် နှစ်ယောက်က အစတည်းက ချိန်ထိ ချောင်းကလေးရွာမှာပဲနေကြသည့် ညီအစ်ကိုဖြစ်သည်။

ဟိုအရင် မိဘတွေလက်ထက်မှာလဲ ဦးပညာချွန်တို့မိဘတွေနှင့် သူတို့မိဘတွေ မရင်းနှီးသည့်တိုင် ခင်ခင်မင်မင်တော့ရှိသည်သာ။

ဒီလူငယ်တွေကို မျက်မှန်းတန်းဖူးရုံပဲသိတာက ဦးပညာချွန် ငယ်ငယ်ကတည်းက မိဘတွေက ပန်းတနော်ကိုပြောင်းရွှေ့နေခဲ့သောကြောင့် ဖြစ်သည်။

"မှတ်မိတယ်မဟုတ်လား၊ ကျွန်တော်က အေးမြင့်ကို၊ ဦးအေးထွန်းရဲ့ဘူ၊ ဦးမြအေးရဲ့သားအကြီးဆုံး"

ခွေမျိုးတွေစပ်ပြလိုက်မှ ဒီလူငယ်တစ်သိုက်၏ ရည်ရွယ်ချက်ကို

www.burmeseclassic.com



ဦးပညာချွန် သဘောပေါက်သလိုဖြစ်လာ၏။

ညအချိန်လည်းဖြစ်၊ နေရာကလည်းမသင့်တော်သည့်နေရာ ဖြစ်နေသောကြောင့် စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ဒေါ်သက်သက်တင်ကတော့ သတိထားမိသေးပုံမပေါ်။

ဘာကိုသိသိ၊ မသိသိ ယောကျ်ားချင်း မငြိစေချင်သည့် စိုးရိမ်စိတ်နှင့် ဦးပညာချွန်နဲ့ ထိုလူငယ်တစ်သိုက်၏ အလယ်ကျကျကို သွားရပ်လိုက်ကာ ...

"ဟုတ်ပါပြီ၊ ဒါနဲ့ သားတို့က ဘာကိစ္စများရှိလို့လဲကွယ်၊ ပွင့်ပွင့်လင်းလင်းပြောပြပါလား"

"ဟုတ်တယ်၊ ပွင့်မယ် လင်းမယ်၊ အားလုံးပဲ လင်းရုံတင်မကဘူး အန်တီ့ယောကျ်ား ကြယ်တွေလတွေပါ ပြိုးပြက်လက်နေတာ မြင်ရဦးမှာ"

အရပ်အမြင့်ဆုံး၊ ဆံပင်ကောက်ကောက်၊ အသားမည်းမည်းလူရွယ်က ဒေါ်သက်သက်တင်ကို ကျော်ရှောင်ကာ ဦးပညာချွန်ရှေ့ကို ခပ်မိုက်မိုက်ပုံစံနှင့် ခြေချဲရပ်၏။

"ချောင်းကလေးတစ်ကြောလုံး ခင်ဗျားကြီးတစ်ယောက်တည်း လုပ်စားဖို့ လက်ဝါးကြီးအုပ်လိုက်တာ မလွန်ဘူးလား'

"အို .. အဲဒါမဟုတ်ဘူး၊ အခု ..."

"ခင်ဗျား ဘေးဖယ်နေ၊ ခင်ဗျားနဲ့ပြောစရာ ဘာမှမရှိဘူး"

ဒေါ်သက်သက်တင် က ဖြေရှင်းဖို့ ခြေလှမ်းပြင်သည်နှင့် အေးမြင့်ကိုနှင့် အနီးဆုံးမှာရှိသူက လက်ဆန့်တားဆီးလိုက်ရာ ရင်ဘတ်ကို လက်နဲ့ဖြတ်ရိုက်လိုက်သလိုဖြစ်သွား၏။

ဒေါ်သက်သက်တင် နောက်ပြန်ယိုင်သွားတာမြင်သည်နှင့် ဦးပညာချွန် မျက်လုံးထဲမှာ ဒေါ်သက မီးပွင့်တွေ ဖွာထွက်သွားသည်။





"မင်းတို့ကလားကွ .. လူကြီးတွေကို ..."

"အို .. ချွန် မလုပ်နဲ့"

ကိုယ့်ယောကျ်ား သည်းမခံတတ်တာကို သိသည်။ လက်မြန်မှန်းသိလို့ တားဆီးလိုက်သော်လည်း နောက်ကျသွား၏။

စိတ် ဘယ်လိုထက်နေနေ၊ လက် ဘယ်လောက်မြန်မြန် လူကြီးနဲ့လူငယ်ဆိုသည့်သဘာဝကိုက မယှဉ်သာ။ ဦးပညာချွန် လှုပ်ရှားလိုက်သည်နှင့် ဟိုဘက်က နှစ်ယောက် ချက်ချင်းပြေးဝင်၏။

ဒေါ်သက်သက်တင်ကိုတော့ တစ်ယောက်က ဆွဲချုပ်ထားလိုက်ကာ ...

"ဟေ့ .. အသေမလုပ်မိစေနဲ့ ချောင်းရိုးကိုပြန်လွှတ်ဖို့ တစ်ခုခု ခိုင်မာအောင်လုပ်၊ ဒီလူကြီးကို ဟိုပွဲစား မြှောက်ပေးနေတာ"

တစ်ယောက်က သတိပေးနေ၏။

နှစ်ယောက်ဆွဲချုပ်ထားသည့်လက်ထဲမှာ ဦးပညာချွန်၏မာနက မြွေပွေးလို တရှူးရှူးထနေ၏။

ထို့ကြောင့် လူသတ်ရဲပုံလည်းမပေါ်သည့် အေးမြင့်တို့လူသိုက် ဒေါသတွေပိုဖြစ်ကုန်ကြသည်။

"ချ .. မသေရင်ပြီးရော"

"မင်းတို့တွေ ဒီလိုမမိုက်ရိုင်းနဲ့နော်၊ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး၊ ချောင်းရိုးပိတ်တဲ့ပြဿနာက တို့လင်မယားနဲ့ ဘာမှမဆိုင်ဘူး။ အဲဒါ တကယ်ပြောတာ၊ ကုန်သည် ဦးအောင်မိုးတို့အဖွဲ့ စ လုပ်သွားတာ"

ဒေါ်သက်သက်တင် ရုန်းနေရင်း တွင်တွင်ရှင်းပြ၏။ သူတို့က နားထောင်သည်လည်းမဟုတ်၊ မထောင်ဘဲလည်းမနေ၊ ခဏရပ်သွားလိုက်၊ ဦးပညာချွန်၏ရင်ဘတ်၊ ဗိုက်နှင့်မျက်နှာတွေကို နေရာပြောင်းထိုးလိုက်..



www.burmeseclassic.com

www.burmeseclassic.com



"ဦးပညာချွန် .. ခင်ဗျားကြီး ဦးအောင်မိုးနဲ့ နှစ်ဦးပိုင်လုပ်ထား[illegible] ချောင်းရိုးကို ဘယ်လိုရှင်းမလဲ ပြော၊ အပြောမတတ်ရင် ဒီနေရာမှာ ပွဲသိမ်း ချင်သိမ်းနိုင်တယ်နော်၊ ဒေါ်သဆိုတာ ဘာရိတ်မရှိဘူး"

"ဟိတ်ကောင် .. မင်း ရူးနေလား၊ ပသွယ်ချောင်းတစ်ခုလုံးကို [illegible] သဘောနဲ့ငါ ပိတ်ဆို့ပြီး စီးပွားရှာရအောင်၊ ....."

"ဟုတ်တယ်၊ ဘယ်သူမှ မရူးသေးပေမယ့် ခင်ဗျားကတော့ ရူးနေတာ သေချာတယ်၊ ဥစ္စာရူးကြီးလေ၊ ချောင်းရိုးမြောင်းရိုးမှာလဲ လုပ်စားတယ် မြို့ပေါ်တက်ပြီး သင်ဖြူးလိုလို၊ အိပ်ခင်းလိုလို၊ ပြီးတော့ ဟိုတယ်လ[illegible] တွေဖွင့်၊ မားကက်တွေဖောင်၊ တကယ်တော့ မြို့မှာ လူမြင်ကောင်း အောင်ဗန်းပြနေတာ၊ နောက်ကွယ်မှာကျတော့ ငါးတွေနဲ့ပဲ ချူဖော်ကွန့်[illegible] လုပ်နေတာ ခုထိ"

"ပြောမနေနဲ့ကွာ၊ ဒီလူကြီးက အောက်ခြေလွတ်ရုံတင်မကဘူး [illegible] တစ်ရွာလုံးကို သူ့ခြေထောက်အောက်မှာထားနင်းချင်တာ၊ ကျွေး[illegible] လိုက်"

"ခွပ်"

"အ"

"အို... မလုပ်ကြပါနဲ့၊ အဲဒါ မင်းတို့အဖေအရွယ်နော်"

ဒေါ်သက်သက်တင် ကိုယ့်ကိုယ်မှာ နာကျင်သလို အသားဆ[illegible] ဆတ်တုန်အောင်အော်သည်။ ဦးပညာချွန် မျက်နှာကို ထိထိမိမိအထိ[illegible] လိုက်ရတော့ ဒိုက်ဆင်းသွားတာ တော်တော်နှင့်မော့မလာတော့ပေ။

"ချွန် .. ပညာချွန် ..၊ အမလေး ဘာတွေဖြစ်ကုန်ပြီလဲ"

ဒေါ်သက်သက်တင် အတင်းရုန်းနေဆဲ .. ကားမီးရောင်တန်းတင်[illegible] သူတို့ဆီကို ဝင်းခနဲဖြတ်ပြေးသွား၏။ ကားပေါ်မှာ ဦးသက်တင်ဇော်[illegible]





ဒေါ်မိမိတာတို့ဖြစ်၏။

"ရှေ့မှာ သက်တို့ကား တွေ့လား၊ တို့ကိုထားခဲ့ရတာ မဖြောင့်လို့ ရပ်စောင့်နေတာဖြစ်မယ်"

"ဟုတ်လိမ့်မယ် အားကြီး၊ အလကား ကားစုတ်ကိုစီးပြီး မြောက်ကြွ နေတဲ့ကောင်၊ နေဦး .. ကောင်းကောင်းကြီးလက်ဆင်ပေးသွားဦးမယ်"

"ဇော်နော် .. ထင်ရာစွတ်မပြောနဲ့၊ ဟိုက စိတ်ကောင်းဝင်ဝင်လာဖော် ရသေးတယ်၊ လုံးဝ ပေါင်းသင်းမရအောင်နေတာက နင် .."

"လူကို နင်တစ်လုံး ငါတစ်လုံး မပြောနဲ့"

"ဒေါ်သဖြစ်ရင် ပြောမှာပဲ"

"ဩော် .. ခင်ဗျားကိုပဲ အမြဲတမ်းချော့မော့နေရမယ်ပေါ့"

"ကိုယ့်ကိုယ်ကို လူ့ဝှစာဖြစ်နေတာ အရင်ပြန်ကြည့်လေ၊ လူတိုင်း တို... ဟင် ..."

ဒေါ်မိမိတာ ဟင်ခနဲဖြစ်သွားသည်နှင့် ဦးသက်တင်ဇော်၏မျက်လုံး တွေကလည်း နီးကပ်လာပြီဖြစ်သည့် မြင်ကွင်းကို လှမ်းတွေ့သွား၏။

"ကြည့်စမ်း .. ဟိုကောင်တွေ ..."

"ဟုတ်တယ်၊ အဲဒါ ဦးမြအေးရဲ့သားပဲ၊ သူတို့ ဘာလုပ်ကြတာလဲ၊ မြန်မြန်မောင်းစမ်းပါ"

"ခွေးသူခိုးကောင်တွေ၊ လူငယ်တွေဖြစ်ပြီး လူကြီးတစ်ယောက်ကို နှိပ်စက်နေတာ အရှက်မရှိ ..."

ဒေါ်သက ငယ်ထိပ်ထိ တက်ဆောင့်သွားသလိုပင်။ ဦးသက်တင်ဇော် ကားကို ဝေါခနဲဆောင့်ထွက်ကာ ထိုဘေးမှာ အကြမ်းပရမ်း ရပ်ပစ်လိုက်၏။

ခေါင်းငိုက်စိုက်ကျနေပြီဖြစ်သည့် ဦးပညာချွန်သည် သူ့မျက်လုံး[illegible]မှာ ခုနလေးကတင် အော်ဟစ်ရန်ဖြစ်သွားခဲ့သည့် ပညာချွန် မဟုတ်[illegible]တော့ဘဲ

www.burmeseclassic.com



အလွန်ခင်တွယ်မြတ်နိုးခဲ့သော သူ့ရဲ့ အရိပ်စစ်တစ်ခု ...၊

"ဟိတ်ကောင်တွေ ရပ်လိုက်စမ်း"

"ဖော် .. ဖော် .. နေဦး၊ ဒီတိုင်းမဆင်းနဲ့"

ဒေါ်မိမိတာ ဘယ်လိုမှသတိပေးချိန်မရလိုက်ဘဲ သူမပါ ကားထဲ သံတုတ်ကြီးကိုဆွဲ၍ အပြေးတစ်ပိုင်းဆင်းလိုက်သည်။

"မိမိရေ .. ဖော် .. လုပ်ပါဦး .. ကယ်ပါဦး၊ ချွန် သေတော့မယ်"

"မငိုနဲ့ သက် .., မငိုနဲ့"

မိန်းမသားချင်း လက်နက်တကားကားနှင့် လက်ချင်းပြေးချိတ်တာ သူတို့ ဂရုမထားဘဲ ဦးသက်တင်ဖော် ပြေးဆင်းသွားတာကို ရှေ့က တစ်ယောက်က ပိတ်ထားလိုက်ပြီး ...

"ဦးဖော်ကြီး ကျွန်တော်တို့က .. ကျွန်တော်တို့ရွာ အနာဂတ်အတွ ကြိုးစားနေတာ"

"ဟုတ်တယ်၊ ဦးဖော် ကိုယ့်လမ်းကိုယ်သွားဗျာ၊ ဒီလူကြီးကြောင့် အချင်းချင်း မျက်နှာမပျက်ချင်ဘူး"

တစ်ယောက်တစ်ခွန်း ဝင်ပြောကြ၏။ ဦးသက်တင်ဖော်က ရှေ့က လူ၏ရင်ဘတ်ကို မိုက်တိမိုက်ကန်းဆောင့်တွန်းပစ်လိုက်၏။

"မျက်နှာမပျက်ချင်ရင် မျက်နှာကို မထိုးနဲ့ပေါ့ကွ၊ သူလဲ တို့ရွာသား"

"ဦးဖော်ကြီး .. ခင်ဗျား ချောင်းလေးမှာမနေတော့ပေမယ့် ချောင်း လေးမှာပဲ ခင်ဗျား ခုထိလုပ်စားနေတာနော်"

"ဟုတ်တယ်၊ ဦးဖော် ဘာဖြစ်တာလဲ၊ ခင်ဗျားတို့က ရွာမှာမနေတော့ ဘူးဆိုပြီး ..."

"ဟေ့ .. လျှောက်မပြောနဲ့"

နောက်ထပ် ရင်ဘတ်ကိုတွန်းလိုက်တော့ လူရွယ်က မခံတော့





ဦးသက်တင်ဖော်၏လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး လက်သီးတစ်လုံး အားရပါးရရွယ်၏။

ဦးသက်တင်ဖော်ကလည်း ခေါင်းငုံ့ရှောင်လိုက်ပြီးဖြစ်ပေမယ့် လက် သီးကို အေးမြင့်ကိုက ဖမ်းဆွဲထားလိုက်တော့ ဘာမှဖြစ်မလာခဲ့ဘဲ ...

"ဦးသက်တင်ဖော် .. ခင်ဗျား သွားမလား၊ မသွားဘူးလား"

"သွားချင်မှဖြင့် မင်းတို့လေးယောက်ကို စိန်ခေါ်ပြီး ဆင်းမလာဘူး"

"ကြိုက်တယ်"

"အမလေး"

တစ်ယောက်က ဘေးကနေ လှစ်ခနဲပတ်ကန်ပြီး နောက်ထပ် တစ် ယောက်က ဝင်ထိုး၏။ ဦးသက်တင်ဖော် က ဒေါသကြီးနေသဖြင့် သူ့ကို ထိမှာစိုးသည့်စိတ် အလျဉ်းမရှိပေ။

ထို့ကြောင့် ဘယ်ဘက်က ထိုးနက်ချက်ကိုမှမရှောင်ဘဲ ရှေ့ကိုပဲ ပြေး ကန်ပစ်လိုက်၏။

ဦးပညာချွန်ကို ဆွဲချုပ်ထားသည့်နှစ်ယောက်မှာ တစ်ယောက်က ဗိုက်မှာ ကန်ချက်ထိ၍ တစ်ယောက်က မေးဖျားကိုထိမိသွားသည်။

တစ်ချက်တည်းနှင့် ရှော်ပြီး တိုက်ပြီးဖြစ်သွားကာ သူတို့ထိုးတာတွေ မထိသည့်ပြင် ပြန်ခံလိုက်ရသဖြင့် လေးယောက်စလုံး ရှုံ့ရှုံ့ရှားရှားဖြစ် သွားကြ၏။

"ဒီလောက်တောင်ဖြစ်တာ ကစ်တော့ ..."

"ဖော် .. ဖော် .. ရှော့ .. ဒီမှာ ..."

ဒေါ်မိမိတာက မကြောက်မရွံ့တိုးသွားကာ ဦးသက်တင်ဖော် လက် ထဲကို သံတုတ်ရောက်အောင်ပို့သည်။ ဒေါ်သက်သက်တင် မျက်လုံးဝိုင်း သားနှင့်နေပြီးမှ ဦးပညာချွန် ခွေခေါက်လဲကျသွားသည့်ဆီ ပြေးသတိရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချွန်"

"မလာနဲ့"

ဦးပညာချွန် အနိုင်နိုင်ခေါင်းထူပြီး တားဆီးသည်။ ဒါပေမယ့် လက်ပြန်ရိုက်ချက်တစ်ချက်မိလျှက် ဒေါ်သက်သက်ပိုင် သူ့ရှေ့မှာပဲ ပုံခနဲလဲကျ၏။

"သက် ..."

"အို .. သက်"

ဒေါ်မိမိတာ ဟိုပြေးဒီပြေး ဖြစ်နေဆဲ .. ပြန်ကြည့်လိုက်တော့ ဦးသက်တင်ဇော်မှာ လက်နက်သမားတွေ ဝိုင်းနေ၏။

"ဟဲ့.. နင်တို့ မိုက်ရိုင်းလှချည်လား၊ ဓားတွေ လှံတွေနဲ့ ဒီလောက်ထိဖြစ်စရာလားဟင် .. အမလေး ..."

ဘယ်လိုပင်မာန်တင်းပြောပေမယ့် ဓားရောင်တစ်ချက် လက်ခနဲဖြင့်သွားသည်နှင့် ငယ်သံပါအောင်အော်လိုက်မိကာ မျက်လုံးတွေကိုလည်း မှိတ်ပစ်လိုက်မိ၏။

"ဟိတ် ..."

"ဖိုးဇော် .. မင်း မပါနဲ့ကွ"

"မင်း သေသွားမှာပေါ့"

ဦးသက်တင်ဇော်ကလည်း တားသည်၊ ဦးပညာချွန်ကလည်း ဒယိမ်းဒယိုင်နှင့် အတင်းဝင်၏။

ထိုစဉ် သတ္တိမရှိဘဲ ဓားကိုင်ထားသူက လူရှိန်အောင်လုပ်သည်လားတကယ်ဒေါသထွက်သွားတာလားမသိ၊ ဦးပညာချွန်၏နောက်ကျောကို ဓားနဲ့ပြေးထိုးလိုက်၏။

"ဖိုးချွန် .. ရှောင် .. ရှောင်"

ဦးသက်တင်ဇော် အော်လည်းအော်ကာ ဘယ်လိုမှလည်း တားဆီး





ချိန်မရတော့သည့်အဖြစ်မို့ ဓားကိုင်ထားသူ၏လက်ကို ခုန်အုပ်လိုက်၏။

"ဟာ ..."

"အား ..."

"အမလေး .. ဇော် ..."

"ဇော် .."

"ဖိုးဇော် ..."

သုံးယောက်စလုံး၏အော်သံတွေ ဆူညံသွား၏။ ထိုစဉ် အဝေးဝေးဆီမှလာနေသော ကားမီးနှစ်လုံး၏အလင်းရောင်တွေ ဝေ့ခနဲ ဝေ့ခနဲ ကျလာကြသည်။ ပြီးတော့ .. ထိုနောက်မှာတစ်စီး၊ ကားက လာတော့လည်းနှစ်စီးဆက်တိုက်။

သို့သော် ဦးသက်တင်ဇော်သည် ရင်ဘတ်မှာဓားဒဏ်ရာနှင့် သွေးသံရဲရဲဖြစ်နေပြီဖြစ်၏။

"ဖိုးဇော် .. ဖိုးဇော် .. ကွာ ..."

ဆိုင်ကယ်လ်သံတွေ ဝေါခနဲဆူညံသွား၏။ နိုပ်စက်ညှဉ်းပန်း၍ လိုချင်တာယူဖို့ဟာ မထင်မှတ်ဘဲ သွေးသံရဲရဲတွေဖြစ်ကုန်သဖြင့် ကြောက်လန့်ပြီး ပြန်ပြေးကုန်ကြတာဖြစ်၏။

"ဖိုးဇော်"

"အား .. မင်း ဘာဖြစ်သွားတာလဲ"

"ငါ ဘာမှမဖြစ်ဘူးကွ၊ မင်း ခဏအောင့်ထား"

ဦးပညာချွန်သည် ဦးသက်တင်ဇော်ကိုယ်ကြီးကို ပခုံးပေါ်ပါအောင် ဆွဲထမ်းလိုက်ပြီး ကားပေါ် တက်လိုက်၏။

"ချွန် .. ဟိုမှာ ကားတွေလာနေပြီ"

"ကားလာတော့ ဘာလုပ်ရမှာလဲ၊ ဒီမှာ သွေးတွေ တအားထွက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်သွားမှာပေါ့"

ညီစော်ဟောက်စော်နံ့ပါသည်ဆိုသည့် ကားပေါ်မှာပဲ ဦးပညာချွန် ကားမောင်းရင်း မျက်ရည်ဝဲလေသည်။

"ဇော် .. ဇော် သတိထားနော်၊ အားတင်းထား သိလား"

"ဇော် .. စိတ်ကိုမလျှော့လိုက်နဲ့သိလား၊ လုပ်ပါဦး .. လုပ်ကြပါဦး— ဇော့်အသံလဲမကြားတော့ဘူး"

မိန်းမသားနှစ်ယောက်၏ ငိုရှိုက်သံများကြားမှာ ရှိုက်၍မရသော ငိုကြွေးခြင်းဖြင့် ဦးပညာချွန် အံကြိတ်ထားရင်း မျက်ရည်ကျ၏။

ဖွဲ့အိတ်တစ်အိတ်သဖွယ် ရိုက်ပုတ်ထိုးနှက်ခံထားရသည့် တစ်ကိုယ်လုံးမှ နာကျင်မှုတွေအားလုံးကို မေ့သွားခဲ့သည်။

ရင်ဘတ်ထဲက တဆစ်ဆစ်စူးအောင့်နာကျင်ခြင်းဟာ ဒဏ်ရာတွေနဲ့ ဘာမှမဆိုင်။

မင်း မသေရဘူး၊ မင်းက ငါ့အစားသေသွားတယ်ဆိုရင် ငါ ဘယ်လို ဆက်ရှင်ရမလဲ ...၊

မင်းကိုငါ သိပ်ချစ်ခဲ့တဲ့ကောင်ပါ၊ မင်းနဲ့ငါက သိပ်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေလေ ...၊ ဟိုတုန်းကရော .. ခုရော ...

ဘယ်တုန်းက မုန်းခဲ့လို့လဲ ဖိုးဇော်ရာ ...၊ ငါ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ ...၊

စတီယာရင်မှာ သတိလက်လွတ်ဖိဆုပ်ထားမိတာ ခဏခဏ — အချစ်နဲ့အမုန်းဟာ မျဉ်းဖြောင့်တစ်ကြောင်း၏ ထိပ်စနှစ်ဖက်လား—





## အခန်း (၂၇)

"ဟ .. ဘာ .. ဘာ..."

ငယ်ထိပ်ကို မိုးကြိုးပစ်ခံရသည့်ဝေဒနာကို မသိပေမယ့် မျက်လုံးတွေပြာသွားသည်။ နားနှစ်ဖက်မှာ တအုန်းအုန်းပေါက်ကွဲကုန်၏။

"ဇော် ... ဇော် ..."

နှုတ်ဖျားမှ စကားသံက ရှေ့ကိုဆက်ခွင့်မပြုဘဲ ဒီနားမှာပဲ ထစ်ငေါ့ချက်ရှိသည်။

"သွား .. ထွက်သွား၊ ထွက်သွားစမ်းပါ ရွံရှာရယ်၊ နင်တို့ကိုမြင်ရရင် ငါ ပိုခံစားရလို့ပါ"

"မိမိ .. ငါ ..."

"နင်နိုင်တယ်လေ၊ နင် အမြဲတမ်းအနိုင်ယူပြောဆို၊ အနိုင်နဲ့ပိုင်း၊ ဇော်က ခေါင်းငုံ့မခံတာတော့လို့ တစ်ခွန်းမကျန် ပြန်မပြောခဲ့ပေမယ့် နင့်ကိုမနိုင်ဘူးတဲ့သူပါ"

"မဟုတ်ဘူး မိမိ၊ ငါ ဇော့်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ထွက်သွား၊ သူ သေသွားပြီဆိုတော့ အရှုံးတွေ အနိုင်တွေလဲ မရှိတော့ဘူး၊ မုန်းတာ ချစ်တာတွေလဲ ငါ့မှာ ဘာမှမရှိတော့ဘူး။ သက် .. နင့်ယောကျ်ားကိုခေါ် သွား .. သွား"

"ဖယ်"

လေသံမမာတော့ပေမယ့် ဒေါ်သက်သက်တင် ဆွဲကိုင်လိုက်သည့်လက်ကို ဦးပညာချွန် ဖယ်ချပစ်လိုက်တာ ကတိုက်ကရိုက်ဆန်နေ၏။ ပြီးတော့ ဒေါ်မိမိတာ ရှေ့ကိုတိုးသွားကာ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်ပြီး ...

"ငါ တောင်းပန်ပါတယ်၊ ဇော့် အလောင်းကို ငါ ကြည့်ပါရစေ၊ ငါ ... ငါ ဇော့်ကို ..."

"မကြည့်ရဘူး ...၊ မကြည့်နဲ့ .. သွား ဆို သွား ..."

"မိမိ ..."

ဒေါ်မိမိတာ တအားဆောင့်တွန်းပစ်လိုက်သဖြင့် ဦးပညာချွန် ပုံပျက်ပန်းပျက်ယိုင်နဲ့သွား၏။ ထိုအဖြစ်ကိုမြင်လိုက်ကာ သျှန် စိုးရိမ်စိတ်နှင့် ပြေးသွားကာ ...

"ဖေဖေ .. မေမေ"

မိဘနှစ်ပါးစလုံး တစ်ယောက်ပခုံးတစ်ယောက်တိုက်မိပြီး အတွဲလိုက်လဲပြိုမတတ်ဖြစ်သွားသဖြင့် သူ ကူညီမလိုဖြစ်သည်။ သို့သော် သူ့ခြေလှမ်းရှေ့မှာ အရိပ်တစ်ရိပ် ဖျတ်ခနဲပိတ်ရပ်လိုက်ကာ ...

"သိပ်စိုးရိမ်လား"

"တာ ..."

"နင်ပါထွက်သွား"

တာ့ လက်တစ်ဖက်က ရိပ်ခနဲပြေးဝင်၏။ အထူးကုဆေးခန်းကြီး၏





ခတ်လှေကား အသွားလမ်းကလေးမှာ ရှိနေသမျှလူတွေ ဟင်ခနဲဖြစ်ကုန်သည်။ တကယ်တော့ ဦးပညာချွန်နှင့် ဒေါ်မိမိတာတို့ နှစ်ဖက်မိသားစုတွေနှင့် သျှန်နဲ့တာတို့ သူငယ်ချင်းနှစ်အုပ်စုပဲဖြစ်၏။

နေ့လယ်ခင်းလည်းဖြစ်ကာ ခတ်လှေကားပိတ်ထားသဖြင့် တခြားလူ တစ်ယောက်မှမရှိပေ။

"တာကလဲဟာ ..."

အောင်ချိုနဲ့ အချစ်၏ စိတ်မကောင်းသံ ပြိုင်တူက နာကြည်းခြင်းတွေဖြစ်နေသည့် တာ့ စိတ်ကို တူးဆွလိုက်သလိုဖြစ်သွားကာ မျက်လုံးစိမ်းတွေ သူတို့ဆီ ဖျတ်ခနဲရောက်လာ၏။

"ဘာလဲ .. ငါက ငါ့အဖေ သေသွားတာကျတော့ ကျေနပ်ဖြေသိမ့်နေပြီး သူ့အဖေ ခြေခေါက်လဲမှာစိုးလို့ ပျာယာခတ်သွားတာကို သားလိမ္မာလေးပါလားလို့ ချီးမွမ်းရဦးမှာလား"

"သမီး .."

ဒေါ်မိမိတာ သတိဝင်လာလျက် လှမ်းခေါ်သည်။ သျှန် က ပါးတစ်ဖက်ကို ပွတ်သပ်ရင်း တာ့ကို မထင်မှတ်စွာကြည့်နေသကဲ့သို့ တာ့ မျက်ဝန်းအ မျက်ရည်တွေ တစ်စက်မှမရှိဘဲ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်နေသောအဖြစ်ကြောင့် ...

"သမီး .. သမီး ငိုလိုက်လေ၊ ငိုလေ သမီးရဲ့ ..."

သမီးဆီ ပြေးကပ်လာရင်း ပခုံးလေးနှစ်ဖက်ကိုကိုင်လှုပ်မိသည်။ ငိုသိုက်စမ်းပါလို့ပြောနေပြီး သူမပဲ မျက်ရည်တွေတွေကျ၏။

"သမီးလေး အန်တီသက် တောင်းပန်ပါတယ်၊ ခွင့်မလွှတ်နိုင်ပေမယ့်နောက်တပ်တော့ မမုန်းလိုက်ပါနဲ့ သမီးရယ် နော် ..."

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက်တင် ဘယ်လိုပင် လာရောက်တောင်းပန်သော်လည်း တာ က လုံးဝအထိမခံဘဲ ကမ်းသမျှလက်တို့ကို ပုတ်ခတ်ဖယ်ချပစ်ကာ ဒေါ်မိမိတာ ရင်ခွင်ထဲမှာ မှီချလိုက်၏။

"မေမေ..."

"သမီးလေး ..."

"ဖေဖေ .. ဖေဖေ တကယ်မရှိတော့တာလားဟင် ...၊ ဖေဖေ .. ဖေဖေ တကယ် ..."

အင့်ခနဲဖြစ်လျက် စကားသံရပ်သွား၏။

"သမီး"

"တာ .. တာ .. သူငယ်ချင်း"

အချစ်နဲ့အသစ်တို့ စိုးရိမ်တကြီးခေါ် ရင်း အတင်းကိုင်လှုပ်၏။

"တာ ..."

သျှန် ရောက်လာပြီး ပါးလေးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့်အုပ်ကိုင်ပြီး လှုပ်ခါပစ်၏။ ဒေါ်မိမိတာ ကိုယ်တိုင်ကတော့ မျက်ရည်အရွှဲသားနှင့် ငေးကြောင်ကြောင်ပဲကြည့်နေနိုင်ရှာသည်။

တာ့ မျက်ဝန်းမှာ မျက်ရည်ရောင်လေး လဲ့လာ၏။ မျက်တောင် တစ်ချက်မှမခတ်ဘဲ အံကြိတ်နေသည်။ သူမရှေ့တည့်တည့်မှာရှိနေသော ပညာသျှန် ဆိုသည့်ယောကျ်ားကို မုန်းသည်။ ဦးပညာရွှန်၏သားအဖြစ် မကြည့်ချင်အောင်မုန်း၏။

ဦးပညာရွှန်ကိုတော့ ကမ္ဘာကျေတာတောင် အမုန်းပြေနိုင်မည်မထင်။ ဒီလိုလူကြီးကိုမှ ဖေဖေက အသက်ပေးချစ်ခဲ့သည်။ ဒီလူကြောင့် အသေခံသွားခဲ့သည်။

ထို့ကြောင့် ပညာ ဆိုလျှင် ဒီလူတွေရဲ့နာမည်တူဖြစ်သည်မို့ ပညာ





တောင်ဆက်မသင်တော့ဖို့ ဆုံးဖြတ်မိသည်အထိ ...၊

"ဖယ် .. နင်ဖယ် .. နင် သွားတော့လို့ ငါပြောနေတယ်နော်"

လူကြီးတွေရဲ့နာကြည်းသံတွေမပြီးခင် လူငယ်တွေထံမှ မုန်းတီးခြင်းတွေ မြည်ဟည်းလာ၏။ တာ့ စကားသံကြောင့် ရှိနေကြသည့်လူကြီး သုံးယောက် ငေးခနဲဖြစ်ကုန်ကြသည်။

သျှန် က တာ ပုတ်ချပစ်လိုက်သည့် လက်ဖဝါးနှစ်ဖက်ကို ကြေကွဲသည့်မျက်ဝန်းများနှင့်ငေးရင်း ဖိဆုပ်ပစ်လိုက်ကာ ...

"နင် ဘာလုပ်ချင်သေးလဲ တာ၊ လုပ်စမ်းပါ၊ ငါ့အဖေအတွက် ငါ တောင်းပန်နေတာမဟုတ်ဘူး"

"ဘာ ..."

"ဟုတ်တယ်၊ ဒီလိုကြေကွဲစရာတွေဖြစ်ခဲ့လို့ နင့်ကို စာနာစိတ်နဲ့ ငါ လာခဲ့တာ၊ တောင်းပန်ဖို့မဟုတ်ဘူး၊ ဖေဖေ့ကို အနက်ကယ်ဖော် ဒီလောက်ဆိုခင်ပါလားဆိုတာ သိလိုက်လို့ ငါ ကြည်နူးတယ်၊ ဒီလိုဖြစ်သွားတဲ့အတွက် ကြေကွဲတယ်၊ ဒါပေမယ့် ဖေဖေ့ကြောင့်မှမဟုတ်တာ ..."

သျှန် စကားမဆုံးသေးဘဲ တာ့ လက်တစ်ဖက် နောက်ထပ် မြောက်တက်သွား၏။

"တာ မလုပ်ပါနဲ့တော့"

အချစ်နဲ့အသစ် သံပြိုင်ထွက်ကာ အသစ်က တာ့လက်ကို သေလုမြောပါးလိုက်ဆွဲသည်။

"သမီး .. တော်တော့"

တောင့်မတ်စွာရပ်နေခဲ့သည့် သျှန့်ရှေ့မှာ ဒေါ်မိမိတာက ကိုယ်ဘစောင်းဝင်ရပ်ရင်း ...

"တော်တော့ သမီး၊ အားလုံး ပြီးသွားပြီလို့ပဲ ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ .. သူ ယုတ်ယုတ်မာမာပြောနေတာ မေမေ၊ တာ က အဖေ တစ်ယောက်လုံးဆုံးရှုံးလိုက်ရပြီ"

"ဟုတ်ပါတယ် .. အဲဒီအတွက်ပါပဲ၊ ဖေဖေ့ကို ကယ်တင်ရင်း ဖြစ်သွားတာမို့လို့ ငါတို့အားလုံး ကြေကွဲနေကြတာ၊ ဒါကြောင့် ဒီအဖြစ်အတွက် နင် စိတ်ဖြေသာမယ်ဆိုရင် ငါ့အသားကိုနာကျင်အောင် ကြိုက်သလိုလုပ်"

ဿျုန် က မျက်ရည်ကျနေသည့် မိဘနှစ်ပါးကို ပြန်ငဲ့ကြည့်လိုက်ကာ—

"ဖေဖေကို နင့်အဖေ ခင်သလို ဖေဖေကလဲ မုန်းခဲ့တာမဟုတ်ပါဘူး"

"ပညာဿျုန် .. နင့်ပါးစပ်ကိုပိတ်နော်"

"မပိတ်နိုင်ဘူး"

"သား ..."

"ကျွန်တော် ပြောမှဖြစ်မယ် မေမေ၊ ဖေဖေ ခံစားနေရတာလဲ ဟန်ဆောင်ခံစားနေတာမဟုတ်ဘူး၊ အန်ကယ်ဖော် ခုလိုဖြစ်သွားတာ ငါ့အဖေက ဖြစ်စေချင်လို့ဖြစ်သွားတာမဟုတ်သလို သူ့အတွက် ..."

"နောက် .. နင် ..."

"တာ ..."

"သမီး"

"တော်တော့ သား .. တော်ပြီ"

တာ့ကို ဒေါ်မိမိတာနဲ့ အချစ်တို့တွေ အတင်းတားဆီးဆွဲလွဲနေရသည် တိုင် ဿျုန့်ကို ဦးပညာချွန်က ဆွဲလိုက်သဖြင့် နောက်ကို ခြေနှစ်လှမ်း လောက် ခပ်ယိုင်ယိုင်ပါသွားလျက် ...

"ကျွန်တော် ရန်ဖြစ်နေတာမဟုတ်ဘူး ဖေဖေ၊ မမုန်းချင်တော့တာ သူ အရင်ကထက် ပိုမုန်းသွားမှာကို မလိုချင်လို့ ...၊ ဒါကို ရှင်းရှင်းလင်းလင်း မြင်စေချင်တာ"





ဦးပညာချွန် နားလည်သည်။ ပြဿနာတွေဖြစ်ပြီဆိုလို့ ပြေးလွှား ရောက်လာတည်းက ...

"သွားပြီ .. အဲဒါတွေကြောင့် တာနဲ့ကျွန်တော် ဘယ်လိုရှင်းလို့ရမှာ မဟုတ်တော့ဘူး"

လို့ ခေါင်းတခါခါဖြစ်သွားပြီး ညည်းညူခဲ့တာ သူ့အမြင် ...၊ ဒါပေ မယ့်...

"မိမိတို့သားအမိ အရမ်းစိတ်ထိခိုက်နေတယ် ချွန်၊ သားလဲ ဖွတ် ဘရှုတ်ရှင်းဖို့မကြိုးစားပါနဲ့၊ သွားရအောင်နော်"

"မေမေ"

"မပြောနဲ့တော့ သား"

ဿျုန် မပြောဘဲမနေနိုင်ပါ။ သူများတွေအမြင်မှာ ဖေဖေ့ကို စွပ်စွဲတာ ခံနိုင်လို့ သူရှင်းပြချင်နေတာလို့ထင်မှာပေမယ့် ဒါက သပ်သပ်၊ အမုန်း ခံနိုင်အောင် ခံစားနေရသည့်ရင်ဘတ်က တခြား ..၊

မေမေကတော့ ငိုတယ်ဆိုတာတောင်မှ မျက်ဝန်းမှာ မျက်ရည်တွေ ဆုံနေရုံရယ်ပါ။ ဖေဖေက ယောကျ်ားကြီးတစ်ယောက်ဖြစ်လျက်နှင့် ရှိုက် ကြီးတငင်ငိုကြွေးခဲ့၏။

ရှင်းပြဖို့ ဖွတ်ကြိုးစားခဲ့တာလည်း သူမြင်သည်။ မေမေ့ပုံစံက ဒေါ်မိမိ ဘာ နင်လွှတ်နေတာကို သိမ်ငယ်ခြင်းဖြစ်လာ၍လား ...၊

ဒါမှမဟုတ် တကယ်ပဲ ပြဿနာရှိတုန်းမို့ ပူပူလောလောမရှင်းစေချင် ဘာမျိုးလား၊ ဘာမှန်းမသိပေမယ့် မေမေ့မျက်ဝန်းတွေထဲမှာ အေးစက် စက် မတုန်လှုပ်ခြင်းတွေ ရှိနေကြ၏။

အိမ်ပြန်ရောက်ကြလို့ ဖေဖေ အသံတိတ်မျက်ရည်ကျနေတာတောင် တစ်ချက်ပဲကြည့်ပြီး၊ အခန်းထဲဝင်သွားလိုက်တော ပြန်ထွက်မလာ၊



www.burmeseclassic.com

www.burmeseclassic.com



ညှို့ခန်းထဲမှာ သျှန် ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိလျှင် ဖေဖေက ပြတင်းတံခါးကနေ ဦးသက်တင်ဖော်တို့အိမ်ဘက်ကို လှမ်းကြည့်ရင်း လက်သီးဆုပ်အံကြိတ်နေ၏။

သျှန်သည် လျှောက်နေသည့်ခြေလှမ်းတို့ တုံ့ခနဲရပ်ပစ်လိုက်ကာ —

"ကျွန်တော် တာနဲ့ စကားပြောဖို့ကြိုးစားမယ် ဖေဖေ"

ဦးပညာချွန် ချာခနဲလှည့်ကြည့်၏။

"ဘာ ..."

"ဒီလိုနဲ့ပဲ မဟုတ်လောက်တဲ့အသေးအဖွဲလေးတွေကနေ သားချင်း မြေးဆက်ထိ အမုန်းမီးတွေလွင့်ကျန်ရစ်တော့မှာ"

"ဘာကွ၊ ဒါ .. အသေးအဖွဲ ဟုတ်လား၊ မင်း .. မင်းက ဖော် သေ သွားတဲ့ကိစ္စကို ..."

ဦးပညာချွန် ရိပ်ခနဲရောက်လာပြီး သူ့ပခုံးနှစ်ဖက်ကို ဖိညှစ်ဆုပ် သည်။

"ဖော် က ငါ့ကြောင့် ..."

"အဲဒါကိုက မှားနေတာ၊ ဖေဖေက ငါ့ကြောင့်လို့ ဘာဖြစ်လို့ခံယူလိုက် တာလဲ၊ ဖေဖေ သူ့ကို သူချစ်သလိုပဲချစ်ခဲ့လို့ ခုလို အရူးလိုက်သည်းလို့ ခံစားနေရတာမဟုတ်ဘူးလား၊ အခု တာ က နာကြည်းနေတာက ဖေဖေ လိုလူမျိုးအတွက် အသက်စွန့်ကယ်တင်ခဲ့လေခြင်းဆိုပြီး ဖေဖေ့ဘက်က ခံစားချက်ကို အစိမ်းရောင်ကွင်းခတ်ပစ်လိုက်တာ"

"ခတ်ပါစေ၊ တစ်ယောက်နဲ့တစ်ယောက် မခံရပ်နိုင်တဲ့စကားတွေ ပြောကြပြီ၊ ပြောကြတိုင်း အနိုင်ယူခဲ့တာ ငါပဲ"

"ပြောတိုင်း ဖေဖေ မနိုင်ပါဘူး၊ သူငယ်ချင်းဆိုတဲ့အတိုင်း ပြောနေ ဆိုမနာ အဆင့်ထိ မသိစိတ်မှာ လက်ခံနေခဲ့ကြလို့ သူနိုင်ကိုယ်နိုင် ပြော





ခတ်ပြောခဲ့ကြတာ၊ အဲဒါ သူလဲပြောတာပဲ၊ ဖေဖေ့အတွက် ခုလိုဖြစ်ခဲ့တာ ဟာ ..."

"ဘာလဲ ...၊ မထင်မှတ်ဘဲဖြစ်သွားတာလို့ ပြောဦးမလား၊ မဟုတ်ဘူး၊ သေစေနိုင်တဲ့လက်နက်ကို ရင်ခွင်ထဲဆွဲယူပစ်လိုက်တာလေ၊ သူသေနိုင် ဘာကိုသိရက်နဲ့ ငါ့အတွက် သတိလက်လွတ် သူ ကာကွယ်ခဲ့တာ၊ နေပါဦး သျှန် ... မင်းရင်ထဲမှာ ဘာလဲ၊ မင်းအဖေအတွက် ရှင်းချင်နေတာလား၊ တစ်သက်တာ နဲ့ ဝေးသွားမှာစိုးလို့လား"

"နှစ်ခုလုံးပဲ ဖေဖေ"

"ဩော် ..."

ပိုရှင်းသွားသည်၊ ရင်ထဲမှာ မချိတရိခံစားလိုက်ရခြင်းဟာ သျှန့်ကို အပြစ်တင်လိုက်ခြင်းမဟုတ်ပေ၊ သူ ဆုံးရှုံးလိုက်ရသည်က တစ်ခုတည်းမှ မဟုတ်ခဲ့ဘဲ ...။

အစိမ်းရောင်တွေ ဖြာထွက်နေသလားထင်ရသည့် တစ်သက်တာ မျက်ဝန်းတွေထဲက နာကြည်းမုန်းတီးမှုတွေက ဘယ်လိုအရောင် ရောစပ် လို့မှ ပန်းနုရောင်သမ်းလာဖို့မလွယ်နိုင်။

"မင်း .. အခု ဘာမှမကြိုးစားနဲ့ သျှန်၊ ဖေဖေပြောတာကိုနားထောင်၊ အခုချိန်ဟာ မင်း ဝင်ရမယ့်အချိန် မဟုတ်ဘူး"

ဦးပညာချွန်က ကလေးဆိုးကြီးတစ်ယောက်လို မျက်ရည်ကျလာ တာကို လက်ခုံနဲ့ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်၍ ...

"ငါ့ကိစ္စ ...၊ ငါလုပ်သင့်တာကိုလုပ်နေတဲ့အချိန်မှာလဲ သူတို့သားအမိ မင်းအဖေနဲ့အမေကို ဘယ်လိုပြောပြော၊ ဘယ်လိုမောင်းထုတ်ထုတ်၊ ယုတ် စွအဆုံး ဆဲဆိုရိုက်ပုတ်နေရင်တောင်မှ ဝင်မပါပါနဲ့"

"ဖေဖေ .. ဖေဖေ ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့သားအမိ အိမ်ပြန်လာကြပြီ၊ ငါသွားမလို့ ..."

"မဟုတ်ဘူး၊ ခုချိန်မှာ ဖေဖေလဲ စိတ်ထိခိုက်နေတာပဲ၊ သူတို့က ဖေဖေ့ကို မြင်လေ ဒေါသထွက်လေဖြစ်မှာပဲ၊ ကျွန်တော်ပဲသွားမယ်"

"ဘယ်သူသွားသွား ဘာမှထူးမလာဘူး"

ဒေါ်သက်သက်တင်လေသံက တစ်စုံတစ်ရာကို မကျေနပ်သလိုမျိုး ပြတ်တောက်မာကျောလျက် ...

"ဟိုမှာ လူသေနေပါတယ်ဆိုမှ မလာပါနဲ့ မပြောပါနဲ့လို့ ဒီလောက်ပြော နေတဲ့ဟာ .. ဘာသွားလုပ်ဖို့ကြိုးစားနေကြတာလဲ"

"မသွားရရင် ငါ ဇော့်အလောင်းကို မမြင်လိုက်ရဘဲ ဒီတိုင်းမီးသင်္ဂြိုဟ် စက်ထဲရောက်သွားပြီဆိုရင် ငါ .. ငါ ရူးသွားမလားဘဲ...၊ ငါသွားမှဖြစ်မယ်"

"ဟွန့် ..."

ဒေါ်သက်သက်တင်က လက်ပိုက်ထားလိုက်ပြီး ငိုမဲ့မဲ့ကြီးနှင့် မျက်နှာ လွှဲ၏။

"ငါ့မယား ငါ့မယားမေးကြည့် ဆိုတာမျိုး၊ ရှင့်ကို ဟိုက မုန်းပြီးရင်းမုန်းမှာပဲ"

"မုန်းမုန်း မမုန်းမုန်း၊ ယုံချင်ယုံ မယုံချင်နေ"

"ချွန် ..."

ခွတ်ထွက်ဖို့လှမ်းလိုက်သည့်ခြေလှမ်းကို ဒေါ်သက်သက်တင်က အမိန့် ပေးသည့်အသံမျိုးနှင့် တားဆီးလိုက်၏။

"မသွားနဲ့၊ ရှင် အခု ကမူးရှူးထိုးခံစားနေရတာ ရှက်နေတာပါ၊ မင်း အတွက်ကြီးခဲ့သမျှ ဟိုက အပြစ်မမြင်ခဲ့တာကို ခုကျမှ လူသိရှင်ကြားဖြစ်ပြီး ရှက်စိတ်တွေဖြစ်နေတာ"

"မင်း ဘာပြောတယ်"





"ဟုတ်တာတွေပြောနေတာ"

"မင်းကစပြီး ငါ့ကို စွပ်စွဲနေတာလား"

"စွပ်စွဲတယ်ဆိုတာက မသေချာမှုတွေပါ၊ ငါက သေချာတာကို ပြော နေတာ"

ဒေါ်သက်သက်တင်၏ လေသံမှာ တုန်ခါမှုတွေပါလာခဲ့ပြီး ဒေါသဖြစ် လျှင်ဖြစ်သည့်အတိုင်း အခေါ်အပြောတွေလည်း ရင့်သီးလာခဲ့၏။

"သူငယ်ချင်းတွေလို့သတ်မှတ်ထားခဲ့တဲ့ထဲမှာ နင့်အတွက် အားလုံး ထက်ပိုတယ်"

ဒေါ်သက်သက်တင်ကိုကြည့်၍ ဦးပညာချွန် ငိုင်တွေသွားခဲ့သည်။ ရင်ထဲမှာတော့ မဟုတ်ဘူးဆိုသည့်ငြင်းဆိုသံတွေ ပွဲတင်ထပ်နေ၏။ ဘာ တွေ ဘယ်လိုပိုနေတာမသိပေမယ့် ခင်ကြတာချင်းတူလျှင် သူ အရှုံးပေး, ဝစ်လိုက်မည်၊ သူနဲ့ဇော် ဘယ်လိုသံယောဇဉ်ကြီးခဲ့ကြတာကို သူတို့ပဲသိ သည်။

ထို့ပြင် သူ့ရင်ထဲမှာ ဇော့်ကို ဘယ်လောက်ထိခင်တွယ်ခဲ့တယ်ဆိုတာ လည်း သူသာအသိဆုံး။ အားလုံးက ဒါတွေကိုသိလာခဲ့ကြသည့်အချိန်ကျ တော့ သူဟာ အတ္တမာနတွေနဲ့လူ ...၊

"ငါပြောပါရစေ၊ ငါနဲ့ အမြဲတမ်းရှိနေခဲ့တဲ့ မင်းက ..."

"ရှင့်ရင်ထဲကို မသိပါလားလို့ ရင်နာသွားတာလား၊ ပြောပါ .. ဘာကို သိစေချင်တာလဲ၊ အခု ရှင် ဇော့်ကို ဘယ်လိုချစ်တယ်၊ ခင်လျက်ခင်နေဆဲ၊ ဒါမှမဟုတ် ဟိုတုန်းက ခင်မင်ရင်းနှီးခဲ့တဲ့ ထုထည်ပမာဏတွေကို ပြန် တွက်ကြည့်ခိုင်းပြီး ဒီလောက်ထိရင်းနှီးခဲ့တာ ဘာညာတွေ သက်သေထူ ချင်တာလား"

"ပြောပါ၊ မင်းဆက်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ စကားမဆုံးခင် ဖြတ်ပြောပစ်လိုက်သည့် ဒေါ်သက်သက်တင်ကို ဦးပညာချွန်က နီမြန်းမို့အစ်နေသည့်မျက်နှာကြီးနှင့် ငေးစိုက်ကြည့်နေသည်။

အံကြိတ်ထားလျက်နှင့်ပြောသလိုမျိုး စကားသံက အေးစက်စက် မိဘတွေ ဘယ်သူ့ရင်ထဲမှာ ဘာတွေဖြစ်ကုန်ကြမှန်း နားမလည်နိုင်တော့ ဘဲဖြစ်ကာ သူ့နှ် နေရာမှ လှည့်ထွက်သွားခဲ့၏။

ဒေါ်သက်သက်တင်က သူ့နှ် ကျောပြင်ကို တစ်ချက်လှမ်းကြည့်ကာ...

"ကလေးဆိုတဲ့ဘဝအစမှာတည်းက လည်ပင်းဖက်ဆော့ရင်း အတူ စား၊ အတူသွားကြီးပြင်းလာခဲ့တဲ့ ဇော်လိုလူကိုတောင်မှ ရှင် ခဏလေး အတွင်းမှာ သူစိမ်းပြင်ပြင်လိုပြောင်းလဲပစ်လိုက်နိုင်ခဲ့တာ ရင်းနှီးမှုဆိုတာ ကို ဘာနဲ့များတိုင်းတာချည်နှောင်နိုင်သလဲ၊ အထူးသဖြင့် ရှင့်ရင်ထဲက သခ်ီရသံယောဇဉ်တွေ ..."

သူ မဖြေနိုင်။ ဒေါ်သက်သက်တင်က တစ်သက်လုံးမပြောခဲ့ဖူးသည့် စကားတွေကို ဆိုသလို မျက်ဝန်းတွေမှာလည်း အရင်က မရှိခဲ့ဖူးသော စိမ်းသက်ခြင်းများနှင့် ...

"အဲဒါကြောင့် ငါ အကောင်းဆုံးအကြံပေးချင်တာက နင် မိမိတို့ သား အမိဆီကို လုံးဝမသွားပါနဲ့"

"ဇော့်ဆီကို ငါသွားမှာ"

"ခုလောက်ဆို ဇော် က မိတ်ဆွေအပေါင်းအသင်းကောင်းတွေနဲ့ ဖြစ် ချင်ဖြစ်နေမှာ၊ ဝိညာဉ်ဖြစ်သွားရတဲ့ဘဝထိ ရှင့်မျက်နှာကြီး လိုက်ပြနေမယ် ဆိုရင် တရားပါ့မလား စဉ်းစားကြည့် ..."

ဦးပညာချွန်သည် ဒေါ်သက်သက်တင်ကို ရင့်သီးရက်စက်စွာ ပြော ရက်လွန်းသည်ဆိုသော မျက်ဝန်းများနှင့် စူးစိုက်ကြည့်နေခဲ့၏။

ဒေါ်သက်သက်တင်က ဂရုမစိုက်သည့် အကြည့်တစ်ချက်နှင့် လှည့်





ထွက်သွားသည်။

"သက်"

ဦးပညာချွန် နေရာမှာရပ်နေရင်း လှမ်းခေါ်လိုက်တော့ ဒေါ်သက် သက်တင် ခြေလှမ်းတုံ့သွား၏။ ဒါပေမယ့် ပြန်လှည့်မကြည့်ဘဲ ဒီတိုင်း ကျောပေးလျက်သား ...။

"မင်းကိုပါ ငါ ဒူးထောက်ပါတယ်၊ ကျေးဇူးပြုပြီး ငါ့ကို .. ငါ့ရင်ထဲမှာ သိုသိုသိပ်သိပ်မပျောက်မပျက်ရှိနေခဲ့တဲ့သံယောဇဉ်ကို စော်ကားတဲ့စကား တွေ နောက်ထပ်မပြောပါနဲ့တော့..."

ပြောနေရင်း ရှိုက်သံတွေဖြစ်သွားတော့ ဒေါ်သက်သက်တင် မျက်နှာ ဒီဘက်လှည့်လာ၏။ ဒါပေမယ့် ဦးပညာချွန်ဆီ တည့်မတ်စွာမရောက်ဘဲ ခပ်စောင်းစောင်းအနေအထားမှာပဲရပ်သွား၏။ ပြီးတော့ ပြန်လည်ကျော ခိုင်းခြင်းသို့ရောက်ကာ ...

"သက်"

ဘာစကားမှမဆိုဘဲ ဆက်လက်ထွက်ခွာသွားခဲ့၏။

"ငါ တောင်းပန်တာပါ၊ ဇော့်ကိုငါ ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး၊ တကယ်ခံစားရှုံးလိုက်ရပြီဆိုတော့မှ ဇော် က ငါ့ဘဝ၊ ငါ့ရဲ့အရိပ်စစ်တစ်ခု ဆိုတာ နားလည်လာတာပါ၊ အဲဒါကို ယုံပေးပါကွာ၊ မင်းက စပြီးမယုံရင် ငါ .. ငါ ဘယ်သူ့ကို တိုင်တည်ပြောရမလဲ"

"ငါလေ .. ငါ ရပ်တည်ကျွန်ခဲ့ရလို့ သက်သေမပြနိုင်ခဲ့တာ၊ တကယ် လို့ ငါ့ရှေ့မှာ ဇော် တစ်စုံတစ်ရာ အသက်ဘေးကြုံနေတာမြင်ရင်လဲ မှလိုပဲ ကာကွယ်ပေးမိမှာပဲ၊ လက်သည်းဆိတ်တော့လက်ထိပ်နာဆိုတာ ဇော်နဲ့ ငါရဲ့ မပြတ်သေးတဲ့သံယောဇဉ်တွေပါ၊ ခုတော့ ငါ့စကားက စကားသံတွ အဖြစ်ပဲရှိတော့တယ်၊ မင်း ဒါကိုမယုံဘူးဆိုရင်တောင် မိမိတို့ ကြည်း



www.burmeseclassic.com

www.burmeseclassic.com



ကြသလို သူတို့ဘက်ကနေ ငါ့ကို မတိုက်ခိုက်ပါနဲ့ ...

သက် မင်း ငါပြောနေတာကို နားလောင်နေကာယ်မဟုတ်လား၊ မင်း ထင်သလို မိမိကို ဆုံးရှုံးခဲ့ရလို့ ဖော့ကိုငါ တစ်ဖက်သတ်အငြိုးထားရန်လုပ် နေတယ်ဆိုတာလဲမဟုတ်ပါဘူး သက်ရယ်၊ သူငယ်ချင်းဆိုတဲ့ ရင်းနှီးမှုတွေ နဲ့ ငါ ပြောလိုက်တိုင်း သူ့ဘက်က အနိုင်ပြန်တိုက်တဲ့ တုံ့ပြန်သံထွက်လာ တတ်လို့ မပြီးမဆုံးနိုင်တဲ့ ပဋိပက္ခစကားတွေဖြစ်လာခဲ့တာ ...

မင်း နားလည်မှာပါ၊ တို့လေးယောက်စလုံးမှာ ဘယ်သူ့အပေါ်မှ မပိုသာနိုင်တဲ့ချစ်ခြင်းတွေရှိကြတယ်၊ အဲဒါကြောင့် မိမိကိုမှ ငါ စွဲလမ်းခဲ့တာ မဟုတ်ပါဘူး။ မင်းကို ငါ သိပ်ချစ်တယ်၊ အခု မင်းဆီက ငါ့ကိုမဟုတ်တဲ့ တခြားတစ်ယောက်အတွက်ထွက်လာတဲ့ ရင့်သီးတဲ့စကားတွေကိုတောင် ငါ ခံနိုင်ရည်မရှိဘူး။ မိမိဟာ ငါတို့ရဲ့ ထာဝရသူငယ်ချင်းဖြစ်သွားခဲ့တာ ကြာပါပြီ သက်ရယ်၊ ဖော့အတွက် မင်းကပါ ငါ့ကို မမုန်းလိုက်ပါနဲ့၊ ငါ သိပ်ချစ်ရတဲ့သူနှစ်ယောက်စလုံးကို တစ်ပြိုင်နက်ဆုံးရှုံးလိုက်ရပြီဆိုရင် ငါ ... ငါ့ကို ... မင်း ..."

ဦးပညာချွန် စကားသံ ပြတ်တောက် ပြတ်တောက်က ဒီမှာပဲ လုံးဝ ရပ်တန့်သွားခဲ့သည်။ သူ ဘယ်လိုမှ ဆက်ပြောနိုင်စွမ်းမရှိတော့ပေ။

နှလုံးသား၏အနက်ရှိုင်းဆုံးသော တကယ့်ရင်တွင်းစကားများမှာ တစ်ယောက်တစ်ခွန်း အားကျမခံပြောနေကျစကားများလို တက်တစ်ချက် ခေါက်လိုက်တာနှင့် တရစပ်ထွက်ကျလာတာမျိုးမဖြစ်။

တကယ်ပါ .. ဒါတွေဟာ သစ္စာစကားတွေမို့ .....





## အခန်း (၂၈)

"တာ"

ခေါ်သံကြားလိုက်သည်နှင့် တာ့ ကိုယ်လေး မတ်ခနဲဖြစ်သွားသည်။

"ဟိုမှာ .. ချုန် လိုက်လာတယ်"

အသစ်က တံခါးဝကိုလှည့်ကြည့်ပြီး အနားကပ်ပြော၏။ ဖေဖေ ဆုံးပြီ ဆိုကတည်းက အသစ်နဲ့အချစ်တို့ တာ့ဘေးမှာပဲ နေနေသည်ရှိနေခဲ့ကြသည်။

မေမေကတော့ အိပ်ခန်းအပြင်ကို ခဏတစ်ဖြုတ်မှလွှဲပြီး ဘယ်နေရာ မှာမှ ငါးမိနစ်ပြည့်အောင်ရပ်မနေ၊ ဧည့်ခန်းမှာလည်း ဖင်ပူအောင်မထိုင် တော့ပေ။ ဖေဖေ ဆုံးသည့်နေ့မှာ သားအမိ ဖက်ငိုခဲ့ကြပြီး နောက်နေ့မှာ တော့ မေမေ့ကိုလည်း တာ နှစ်သိမ့်ခွင့်မရတော့ဘဲ ဖေဖေ့အလောင်း ကိုတောင် ကြည့်ရုံသာကြည့်ခွင့်ရခဲ့သည်။

အားပါးတရ ဖွေ့ဖက်ငိုကြွေးခွင့်မရ နောက်ထပ်လည်း ဖေဖေ့နားကိုမကပ် ရသည့်ပြင် သူမဘေးမှာ အချစ်တို့နှစ်ယောက်သာ အမြဲတမ်းရှိနေခဲ့ကြ၏။

"သမီးမေမေ အရမ်းကိုထိခိုက်နေလို့ ဒီလိုလုပ်ရတာပါ၊ ပြီးတော့ သမီးကလဲ လူငယ်၊ တစ်ယောက်ကိုတစ်ယောက် ထိန်းမတ်ကြဖို့ သိပ် မလွယ်ဘူး။ သေတဲ့လူလဲသေပြီပဲကွယ် .. တရားနဲ့ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးတွေက ဒီတိုင်းပြောပြီး ဖေဖေ့အလောင်းကို နောက်ထပ် ကြည့်ခွင့်မပေးခဲ့တော့တာဖြစ်သည်။ မေမေကလည်း ဒီတိုင်း …၊

"ဟိုလင်မယားနဲ့ နောက်ထပ်မတွေ့ချင်ဘူး၊ ဘာစကားမှလဲ ထပ်မပြောချင်တော့ဘူး၊ အဲဒါကြောင့် ဘယ်သူမှမကြည့်ပါစေနဲ့လို့ အဲဒီတည်းက သေချာပြောခဲ့တာ၊ မေမေ မပါဘဲ သမီး သွားကြည့်လဲ ခံစားရလွန်းပြီး ရူးသွားနိုင်တယ်၊ မေမေ့ကို ခွင့်လွှတ်ပါ"

လို့ ဒါပဲပြောသည်။ မနေ့ကမနက် ဖေဖေ ဆုံးပြီဆိုကတည်းက တာ သတိလစ်မတတ်ဖြစ်နေလို့ နှစ်သိမ့်ဖျောင်းဖျခဲ့သူက မေမေရယ် …၊

ခုကျတော့ ဖေဖေ့မျက်နှာကို နောက်တစ်ခါ ထပ်ကြည့်ရလျှင် သွက်သွက်ခါရူးသွားနိုင်လောက်သည့် ဆို့နင့်ကြေကွဲမှုတွေက မေမေ့ရင်ဘတ်ထဲမှာဖြစ်နေခဲ့၏။

"ငါ ဒီနေ့တော့ ဖေဖေ့ကို ကြည့်ရမှဖြစ်မယ်"

ဆိုသည့်သန္နိဋ္ဌာန်ကိုချ၍ အပြင်ကနေ မေမေ့ကိုခွင့်တောင်းမည်၊ ခွင့်ပြုသည်ဖြစ်စေ၊ မပြုဘူးဖြစ်စေ သွားမလို့ အခုပဲ အချစ်တို့ကို ပြောပြနေတုန်း…

"လာလေ သျှန်"

"အို .. မလာနဲ့"

တာ့စိတ်တွေ ပစ္စုပ္ပန်ဆီမှာ မကပ်နိုင်ဘဲရှိစဉ် ခွင့်ပြုပေးလိုက်သည့် အချစ်အသံကြောင့် အသိတရားတွေ ကိုယ်မှာပြန်ရောက်လာ၏။

"မလာရဘူး၊ ထွက်သွား .. ခု …"

တာ ဖျတ်ခနဲထ,လိုက်ပြီး တံခါးဝဘက်ကို လှည့်ရပ်လိုက်သည်။ ထို အချိန်မှာ သျှန် က သူမနှင့် လက်တစ်ကမ်းသာသာအကွာမှာ ရောက်နေပြီဖြစ်လျက် …

"ငါ …"





"မပြောနဲ့လို့ ငါပြောနေတာ မကြားဘူးလား၊ နင်တို့ကို ငါ သိပ်မုန်းတယ်၊ အစတည်းက ကြည့်လို့မရခဲ့တာ .. အခု မုန်းတယ်၊ အေး .. နင်ပြောသလိုပဲ ထားလိုက်ပါ၊ ငါ့အဖေက မကယ်သင့်တဲ့လူကိုကယ်မိတာ၊ နင့်အဖေနဲ့ မဆိုင်ဘူး၊ နင့်အဖေမှာ အပြစ်မရှိဘူး၊ ဒါပေမယ့် ငါပြောလိုက်မယ် နားထောင်"

တာ က ဆက်တီခုံတွေကြားမှာရှိနေရာကနေ သျှန်နဲ့ မျက်နှာချင်း ဆိုင်နားထိ တစ်လှမ်းချင်းလျှောက်သွားပြီး …

"အခုအချိန်မှာ နင့်အဖေကိုယ်တိုင် ငါ့ရှေ့မှာ လာပြီး သူ့ကိုယ်သူ သတ်သေပြမယ်ဆိုရင်တောင် မကျေနပ်နိုင်ဘူး၊ နင့်အဖေနဲ့နင်နဲ့ နောက်ထပ်လာပြီး သေပြဦးမယ်ဆိုရင်လဲ ဆောရီး …"

"အဲဒီ သေတာ,ရှင်တာတွေနဲ့ မဆိုင်ဘူး တာ၊ လူကြီးတွေ မသင့်မြတ်ကြပေမယ့် နင်နဲ့ငါ ကျောင်းမှာ တစ်အုပ်စုတည်းအတူတူ …"

"အဲဒါ နင် မျက်နှာပြောင်တတ်လို့ပါ၊ နင့်ကို ငါ ဘယ်တုန်းကမှ ခင်မင်စိတ်မဖြစ်ခဲ့ဖူးဘူး"

"ဒါပေမယ့် ရန်သူလိုသတ်မှတ်ခဲ့ကြလို့လား၊ နောက်ထပ်ပြီး စေ့စပ်ထားခဲ့ကြသေးတယ်၊ ငါ အခု နင်နဲ့ငါ့ရဲ့ပတ်သက်ထားသမျှတွေကို ဆုံးရှုံးမခံနိုင်လို့ လာပြောတာ"

"ဆုံးရှုံးမခံနိုင်ရအောင် နင့်ကိုစေ့စပ်ဖို့ ငါ လက်ခံခဲ့တာ ကြည်ဖြူနှစ်သက်ခဲ့တယ်ထင်နေလို့လား"

"မသိဘူး၊ ဒါပေမယ့် ငါက ကျေကျေနပ်နပ်လက်ခံခဲ့တာ"

"သွားသေလိုက်၊ ငါပြောနိုင်တာ အဲဒါပဲ"

"ဟုတ်တော့ဟုတ်တယ် သျှန်"

သူတို့နှစ်ဦးကြားထဲ ဝင်မပါချင်ပေမယ့် အချစ် က ပြောစရာတွေ ရှိသည်မို့ ထိုင်နေရာကနေ ထ,လျှောက်လာပြီး …



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကမှ အန်ကယ်လ် ဆုံးသွားတာဟာ သားအမိနှစ်ယောက်တည်း အိပ်မက်ဆိုးမက်သလို ခံစားနေရတုန်းပါ"

"ဝါက မစာမနာလာပြောတာမဟုတ်ပါဘူး၊ ဒီပြဿနာ ဒီအမုန်းတွေကြောင့် ဝါတို့ကိစ္စ ရှေ့ပါသွားမှာစိုးတာ၊ အစကတည်းက မုန်းနေကြတာကို ဝါ မလိုချင်ခဲ့တာပါ"

"ဟုတ်တယ်လေ၊ ဒါက တာနဲ့နှင်းကိစ္စပါ၊ ဒါပေမယ့် ခုချိန်မှာ တာနဲ့အန်တီတို့ ဘာပြောပြော ဘယ်လောက်ရက်စက်ရင့်သီးပါစေ နှင်းတို့သည်းခံသင့်ပါတယ်"

"ဘာ .. မေမေနဲ့ ဝါက ..."

"နှင်းနဲ့အန်တီသက် မဟုတ်ဘူး၊ ဟိုကောင်တွေ ..."

"ဟင် ..."

"အောင်ချို တို့လေ ..."

အချစ် မျက်နှာလေးက ပြောနေရင်း တည်တင်းလာသည်။ အသံကလည်း ဘာမှမပြောသေးတာတဲ့ရှိသည်။ သျှန်နဲ့မျက်လုံးချင်းဆုံအောင်ကြည့်၍ ဆက်ခနဲပြန်လွှဲသွား၏။ သျှန့်မျက်နှာက ဘာမှနားမလည်နိုင်သေးသဖြင့် မှုန်ကုတ်ကုတ် အံ့သြပြာန်များနှင့် ...

"နှင့်ကို တာ က ပါးရိုက်လို့တဲ့၊ မျက်နှာတွေက ဂျစ်ကန်ကန် အပေအတေပုံတွေနဲ့ ..."

"တာ့ကို ဘာပြောသွားလို့လဲ"

သျှန် စုမှစိုးရိမ်စိတ်ဝင်ပြီး ပျာပျာသလဲမေး၏။

"မကျေနပ်တာကို တည့်တည့်မပြောပေမယ့် ဝါတို့က လူငယ်တွေပဲဟာ.. မသိတဲ့နေမလား"

ပြောနေရင်း ဒေါသဖြစ်နေသည့်ပုံနှင့် အချစ်က မဲ့လိုက်သေးသည်၊





ပြောသွားလိုက်တာ ..."

"ဝါပြောတာက ဘာဖြစ်ဖြစ် ယထာဘူတကျကျမြင်ပေးဖို့ပါ။ ခေတ်လူငယ်တစ်ယောက်ဖြစ်ရက်သားနဲ့မိဘနဲ့ပတ်သက်ပြီး သားသမီးကိုခွဲမုန်းရသလား၊ သျှန့်မှာ ဘာအပြစ်တွေရှိလို့ ပါးရိုက်ပစ်ရတာလဲ၊ ပြောရမယ်ဆိုရင် ဝါတို့လူငယ်ချင်းက သူ့ထက် အစစအရာရာသာတယ်၊ သာလို့ ငှဲညာသင့်တယ်မပြောဘူး ဖေ့စပ်ထားကြတဲ့မျက်နှာလေးပြန်ထောက်ပါလား၊ တောင်းဝန်နေတဲ့လူကို ဒီလို ရက်ရက်စက်စက်ဖိုလ်ကျသလို လုပ်ပစ်လိုက်တာ.."

'လုံးဝမတရားဘူး ဝါတို့ကတော့ မကျေနပ်ဘူး' ဆိုသည့်စကားကို ဆက်မပြောတော့ဘဲ မျက်ဝန်းတွေထဲမှာသိမ်းထားလိုက်တာ အသိသာကြီး..

အောင်ချိုနဲ့ကျော်စွာတို့နှစ်ယောက်၏ စူးရှဲ့ အေးစက်နေသည့်မျက်ဝန်းတွေမှာ ဝါတို့ပြောနေတာ ဝါတို့ချစ်သူတွေပါလားဆိုသည့် နူးညံ့ သက်ဝင်ခြင်းမပါ။ သူတို့ကို မုန်းတီးဖြတ်တောက်မလားဆိုသော စိုးရိမ်စိတ်ဖြစ်ပုံလည်း မရ၊ ရင်နာမိတာက ဒါကြောင့်ပဲဖြစ်၏။ အချစ်က အသင်ရှိတဲ့ဆီ တစ်ချက် ပြန်ကြည့်လိုက်၏။ ပြီးမှ သျှန့်ဘက်ကို ပြန်လှည့်၍ ...

"နှင်က တာ့ကို လူကြီးတွေပြဿနာနဲ့ သပ်သပ်စီတွေးဖို့ပြောပေမယ့် ဝါတို့ကတော့ နှင်နဲ့အန်ကယ့်လ်ကို တစ်ယောက်တည်းမြင်နေရသလိုပဲ"

"ဘာ ..."

"ဟုတ်တယ်၊ အန်ကယ်လ်နဲ့ နှင့်အဖေ ဘယ်လောက်ခင်မင်ခဲ့ကြသလဲဆိုတာတော့ မသိဘူး၊ ဒါပေမယ့် နှင့်သူငယ်ချင်းတွေကတော့ မျိုးချစ်ပုဂ္ဂိုလ်တွေပါ၊ တကယ်သေချာတယ်၊ နှင့်ကိုထိရမလားလို့ ရှည်းစားတွေကိုတောင် စိန်ခေါ်ခဲ့တယ်။ နောင်တစ်ချိန်မှာ ဘယ်လိုချစ်ကြ မုန်းကြမယ် မပြောနိုင်တာတဲ့ရှိတယ်၊ အခု သူတို့က နှင့်အတွက်ဆို တာမဆို ရှင်းပြတ် ရင်ဆိုင်ကြဖို့ အဆင်သင့် ..."



www.burmeseclassic.com

www.burmeseclassic.com



သျှန်က အချစ် စကားကို ဆုံးအောင်နားထောင်ပြီးမှ ခေါင်းခါပစ်လိုက်၏။ ပြီးတော့ တာ့ ကိုပဲ အဓိကရည်ရွယ်ကာ..

"အဲဒါတွေကလဲ ပိုပြီးမသက်ဆိုင်တဲ့ကိစ္စတွေပါ။ လောလောဆယ် အန်ကယ့်လ်ကိစ္စအတွက် ငါ ကူညီပါရစေ၊ ဖေဖေ့ကိုမဟုတ်ရင်တောင် ငါ့ကို ဒီမှာ ကူညီဝင်ထွက်ခွင့်ပြုပါ။ ဒါတွေအားလုံး အသားတကျငြိမ်သက်သွားပြီဆိုမှပဲ ..."

"ဆက်မပြောနဲ့တော့၊ နင်တို့တစ်မိသားစုလုံး သေပြတာတောင် မကျေဘူးလို့ပြောပြီးသား"

"တာ ..."

သျှန် က တာ့ရှေ့ကို ပိုနီးအောင်တိုးလိုက်သည်။

"အခုလောလောဆယ် ငါ့ကို နင့်သူငယ်ချင်းအဖြစ်နဲ့ပဲ ..."

"လုံးဝလက်မခံဘူး .. သွား"

တာ က သျှန့် ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ တအားဆောင့်တွန်းပစ်လိုက်၏။ သျှန် က တာ့ လက်ကို ပြန်ဆွဲထားကာ ...

"နင် ခွင့်မပြုလဲ ငါ ဒီမှာနေရမှာပဲ၊ နင်တို့မှာ မိန်းမသားနှစ်ယောက်တည်းရယ်၊ ဒီရက်ပိုင်းမှာလုပ်ဖို့အလုပ်တွေ အများကြီးရှိနေတာ၊ ဘယ်လိုဆက်လုပ်မလဲ"

"ဖယ် ..လွှတ်၊ အဲဒါ နင် ပူစရာမလိုဘူး၊ လွှတ်နော်၊ နင့်သူငယ်ချင်းဆိုတဲ့ သတ္တဝါတွေတင်မကဘူး၊ တစ်လောကလုံးက မတရားဘူးပြောလဲ နင့်ပါးကိုမွမွကြေသွားအောင် ငါ ရိုက်ရဲတယ်"

"လုပ်ပါ .. ရိုက်ပါ .. ကြိုက်သလိုရိုက်"

သျှန် က ဆုပ်ကိုင်ထားသည့် တာ့ လက်ကလေးတွေကို တကယ်လွှတ်ပေးလိုက်သည်။ တာ က နောက်ကို တစ်လှမ်းဆုတ်၍ အံကြိတ်၏။ ပြီးတော့—





"မလုပ်ပါနဲ့တော့ သမီးရယ်၊ အန်တီသက် တောင်းပန်ပါတယ်နော်"

"ဟင် ..."

"အန်တီ .."

တာ က အသံတိတ်ပျက်ဝန်းတွေ ဖောက်သွားတာမြင်မပမယ့် အချစ်နဲ့အသစ်တို့ သံပြိုင်ထွက်သွားကြသည်။ ဒေါ်သက်သက်တင်က ရှေ့ဖြစ်ကာ ဦးပညာချွန့်သည် နီမြန်းမိုအစ်နေသည့်မျက်နှာကြီးနှင့် နောက်မှာ လှုပ်တလှုပ်။

"သမီးလေးနဲ့ မိမိကို ဘယ်လိုပဲတောင်းပန်ရတောင်းပန်ရပါ၊ ဖော့အတွက် အစီစဉ်တွေကို အားလုံး ငြိမ်ငြိမ်သက်သက်ပူးပေါင်းဆောင်ရွက်ခွင့်ပါတယ်၊ နောက်ပြီးတော့လေ ချွန် ဘယ်လိုပြောင်းလဲနေပြီဆိုတာကို မိမိရှေ့မှာ သူကိုယ်တိုင် ပြောပြလိုက်ရင် ..."

"တင့်အင်း .. ဟင့်အင်း"

တာ ဘယ်လိုမှလက်မခံနိုင်၊ ခေါင်းခါရင်း မျက်ရည်တွေ မျက်ဝန်းထဲမှာ ပြည့်သိပ်လာကြ၏။ ဒီလူကြီးကိုမြင်လိုက်သည်နှင့် ဖေဖေ့ကို နှမြောဘမ်းတမိသည့်စိတ်ဟာ မီးရှူးမီးပန်းတွေထက် ပို၍လင်းလက်တိုးဆောင့်သွားတတ်သည်။ ဒီလိုဖြစ်နေခြင်းကို ဘယ်လိုဖြေဖျောက်ရမလဲ၊ ဘယ်တုန်းကမှ ချစ်ကြင်နာဖွယ်စကားကို မဆိုဖူးခဲ့တဲ့ .. ဇိုးသူကိုကယ်တင်ရင်း ဖေဖေက သေဆုံးသွားခဲ့သည်။ ပြီးတော့ သျှန် ...

သူ့မှာတော့ မိဘနှစ်ပါး ငုတ်တုတ်ကြီးနှင့် တခမ်းတနား ကိုယ့်မှာကျတော့ ဖခင်မဲ့ရပြီဖြစ်သည်။ ဒါတွေဖြစ်လာတာ ဘာကြောင့်လဲ ...၊

မျက်ရည်နှစ်စက် ဖွေးခနဲလိမ့်ဆင်းသွားတော့ ခုရှိန်ထိရှိုက်ကြီးတငင် မငိုနိုင်သေးသည့် ရင်ဘတ်ထဲက အောင့်တက်လာ၏။

"မေမေလဲ ခွင့်ပြုမှာမဟုတ်ဘူး၊ တာ ဒီထက်မရိုင်းစိုင်းမိခင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပါ”

“မသွားနိုင်ဘူး၊ သွားလို့မဖြစ်ဘူး”

ပြောလိုက်သူက ဦးပညာချွန် ဖြစ်သည်။ ပြီးတော့ ရှေ့ကိုလျှောက်လာရင်း တာ့ ကိုကျော်ဖြတ်၍ အတွင်းထဲကိုလှမ်းဝင်သွား၏။ခြေလှမ်းများသည် ဒေါ်မိမိတာ ရှိနေသည့်အိပ်ခန်းရှေ့ကျမှ ရပ်တန့်သွားခဲ့ပြီး ...

“မိမိ... မိမိ နင် အထဲမှာ ရှိနေတာမဟုတ်လား”

ဘာဖြစ်ဖြစ် ဦးပညာချွန်ကို မုန်းတီးစိတ်တွေပဲဖြစ်နေခဲ့သည့် တာကလည်း လှမ်းဆွဲတားဆီးခြင်းမပြုပေမယ့် သူ့နောက်ကနေ တောက်လျှောက်လိုက်လာတာပဲဖြစ်ကာ သူနှင့်မလှမ်းမကမ်းမှာပဲရပ်၏။

ထို့ပြင် အချစ်တို့နှင့် သျှန် လည်း သူမဘေးကိုရောက်လာကြသည်။ အားလုံး၏နောက်မှာမှ ဒေါ်သက်သက်တင်က လှုပ်လီလှုပ်လဲပါလာ၏။

ဦးပညာချွန် ကတော့ ဘယ်သူ့ကိုမှ ပြန်ငဲ့မကြည့်ဘဲ ပိတ်ထားသည့် တံခါးရှေ့မှာ ခဏကြာအောင် တိတ်ဆိတ်သွားခဲ့ပြီး ဒူးတစ်ဖက်ထောက်ကျသွားသည်။ ပြီးတော့ နောက်ထပ်တစ်ဖက်ထောက်ချလိုက်ကာ ပေါင်ပေါ်မှာ ဆုပ်ကျစ်ထားသည့်လက်နှစ်ဖက်ကိုတင်ထားရင်း အံတစ်ချက်ကြိတ်လျက်...

“မိမိ .. ငါ့ကိုခွင့်လွှတ်ပါ။ တစ်သက်လုံးခွင့်မလွှတ်နိုင်ရင်တောင် ဖော်ရဲ့နောက်ဆုံးခရီး ချောချောမောမောပြီးဆုံးသွားတဲ့အထိ ...”

သူ့အသံကြီး တိမ်ဝင်သွား၏။ ပြီးတော့ ခေါင်းငိုက်စိုက်ကျသွားခဲ့ပြီး အသံတိတ်ရှိုက်ငင်ခြင်းနှင့် ငိုကြွေး၏။ ဦးပညာချွန်ကို စူးစိုက်ငေးရင်း တာ့မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာသည်။ ချက်ချင်းပဲ တသောသောကြွေဆင်းသွားကြလေသည်။ ဦးပညာချွန်ကို တွန်းထိုးနှင်လွှတ်ဖို့ထက် ကိုယ့်ကိုယ်ကို ယိုင်နဲ့လဲပြိုမသွားအောင် အားတင်းရင်းအနိုင်နိုင်ရပ်နေရသည်။





“ဖေဖေ ... ဖေဖေ ခွင့်မလွှတ်နဲ့ ဒီလူကြီးကို လုံးဝမကြည့်ဖြူဘူး”

ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသည်။ ပညာသျှန် က သူမဘေးမှာမို့ ထိုယောကျ်ား၏အငွေ့အသက်များနှင့် ပိုဝေးသွားအောင်လည်း ဒီနေရာမှာ ရပ်မနေချင်။ ဒါပေမယ့် သူမ၏ခြေထောက်အစုံက ရပ်တည်ခြင်း သို့မဟုတ် ခွေလဲ ခြင်းနှစ်ရပ်မှာပဲ တည်ရှိနေနိုင်မှာဖြစ်ကြောင်း ရဲဝံ့စွာအကြောင်းပြန်နေ၏။

“ဖော့်ကို ငါ တောင်းပန်ချင်လို့ပါ၊ ဖော့်ကို ငါ စကားပြောပါရစေ၊ နောက်ဆုံးအနေနဲ့ ဒါလေးပဲ လိုက်လျောပါလို့ ငါ ဒူးထောက်တောင်းပန်ပါတယ်၊ မိမိ .. မိမိ ငါ့ကို ဖော့်ကို တွေ့ခွင့်ပြုပါ”

ရှိုက်သံလိုလို နှင်းသီးစွာရောထွေးလျက် ဦးပညာချွန် မရိုတရိုတောင်းဝန်နေဆဲ တံခါးချပ်က ဖြည်းလေးစွာပွင့်သွား၏။

“မိမိ ..”

ဦးပညာချွန် မျှော်လင့်တကြီးမော့လာသည့်မျက်နှာကြီးမှာ မျက်ရည်တွေရွှဲလျက် ...

“မိမိ .. ငါ့ကို .. ငါ့ကို ဖော်နဲ့တွေ့ခွင့်ပေးပါ”

“ဘာလိုသေးလို့လဲ ချွန်”

ချွန်လို့ခေါ်လိုက်သည့် နှုတ်ခမ်းလေးကို ဖမ်းဆုပ်လိုက်ကာ ဦးပညာချွန် မျှော်လင့်ချက်များနှင့် ဝမ်းမြောက်ခြင်းကြောင့် သတိလစ်မတတ်ဖြစ်သွား၏။ ထိုအခါ ထ,ရပ်လိုက်ဖို့ သတိမရတော့ဘဲ မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်လျက်နှင့် ...

“ငါ ဖော့်ကိုချစ်တယ်၊ ဖော့်ကို ငါ့ရင်ဘတ်ကြီးဖွင့်ပါရစေ၊ ဖော်နဲ့ တွေ့ခွင့် ...”

ဦးပညာချွန် စကားတစ်ပိုင်းတစ်စနှင့်ရပ်သွား၏။ ထို့အတူ ငိုရှိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟခြင်း စသည် အသံတွေအကုန်လုံး တိခနဲပိတ်ကျသွားလေသည်။

ဖော် ...။

ဦးပညာချွန် နှုတ်ခမ်းတွေလှုပ်သွားပေမယ့် အသံမထွက်နိုင်။

ဟုတ်ရဲ့လား ...၊ ဟုတ်တယ် .. ဒါ ဖော်ပဲ ...၊

ဒေါ်မိမိ ခြေတစ်လှမ်း နောက်ဆုတ်၍ ကိုယ်ထစ်ခြမ်း ဖောင်းပေး လိုက်ခြင်းမှာ အခန်းထဲကို အားလုံး လှမ်းမြင်လိုက်ကြသည်။

အပြာရောင်လွင်နေသော အိပ်ရာထက်မှာ ခေါင်းအုံးတွေ ဆင့်ခံ၍ ခပ်လျော့လျော့မှီလှဲနေသော လူတစ်ယောက် ...၊ ထိုသူသည် ဦးသက် တင်နုဖော် ဖြစ်နေပါလျက်နှင့် ဘယ်သူမှမယုံနိုင်။

အဆိုးဆုံးက ဦးပညာချွန် ဖြစ်၏။ နောက်ထပ်စကားသံတစ်လုံးမှ ထွက်ကျမလာတော့ဘဲ နှုတ်ခမ်းသားတို့ တလှုပ်လှုပ်နှင့် စူးစိုက်ကြောင် ငေးသွားခဲ့သည်။ တော်တော်ကြာမှ ...

"ဖော် .. ဖော် .. မင်း .. မင်း .. ဖော် ..."

ထစ်ထစ်ငေါ့ငေါ့ဆိုရင်း ပုံချထားသည့်အရုပ်တစ်ရုပ်လို ကြိုးတွေပြန် ဆွဲတင်လိုက်သလိုမျိုး တဖြည်းဖြည်းထ,ရပ်သည်။ ဦးသက်တင်ဖော်သည် ခုတင်ထက်မှာ ကြည်လင်စွာရှိနေလျက် ဦးပညာချွန်ကိုကြည့်၍ ဂျစ်ကန် ကန်နှင့် မယုံကြည်သောနှုတ်ခမ်းတွေမှာ မဲ့ပြုံး ...၊

"ဖော် .. မင်း မသေဘူး"

'ဟုတ်လား' ဆိုသည့်နောက်ဆက်တွဲစကားက လည်ချောင်းဝမှာ တိုးဝှေ့ပျောက်ကွယ်သွား၏။

"ဟုတ်တယ်၊ မင်းဘိုးအေ မင်းကို ငုတ်ဝုတ်ကြီးထိုင်ကြည့်နေတာ"

မဲ့ပြုံးတွေ၊ စကားသံတွေက အမြဲတမ်းမြင်နေ၊ ကြားနေကျ ဦးသက် တင်ဖော် ပဲဖြစ်လေသည်။





"မင်း .. မင်း.. ဟာ.. ဝမ်းသာလိုက်တာ ..."

ဒီတစ်ခါ မငိုဘဲ မျက်ရည်တွေသိုးသိုးပေါက်ပေါက်ကျလာသည်။ ဦးပညာ ချွန် ကတုန်ကယင်နှင့် ရှေ့တိုးကိုးနေရင်းမှ ခုတင်ဆီကို ငုန်းခနဲပြေးပင်၏။

"ဖိုးဖော် .. ခွေးသူခိုး .. ငါကွာ ..."

"အား .. သေပြီ .. ခွေးဝဲစား ..."

ဒက်ရာရှိနေသည့်လူကို ပြေးဖက်လိုက်သဖြင့် အော်သံကြီး လိုက် ထွက်လာ၏။

"ဖေ .. ဖေဖေ ..."

ဘယ်လိုမှမယောင်မှတ်နိုင်။ ဝမ်းသာလွန်းလို့ ယုံကြည်ရင်း မယုံနိုင်ရင်း နှင့် ကြောင်တောက်တောက်လေးဖြစ်နေသည့် ကာသည် ဖေဖေဟု မပီမသ ရေရွတ်ရင်း တအီအီခွေကျသွား၏။

"တာ ..."

အကုန်လုံး အခန်းထဲကို သတိလက်လွတ်ငေးနေပေမယ့် တစ် ယောက်သောသူကတော့ သူမကိုပဲ သတိထားနေသည်မို့ တာ့ကိုယ်လေး ကြမ်းပေါ် ကို ပုံကျမသွားခဲ့ပေ။

"တာ .."

"တာ .. ဘာဖြစ်သွားတာလဲ"

သျှန် က တာ့ကိုယ်ကို သိမ်းကျုံးပွေ့ထားလိုက်၍ ...

"ဝမ်းသာလွန်းလို့ ရှော့ခ် ရသွားတာ"

"သမီး ..."

ကျေနပ်ဝမ်းသာနေတုန်း သမီးအတွက် စိတ်ပူကာ ဒေါ်မိမိက သျှန့် ဆီကိုပြေးလာ၏။

"အန့်တီ .. အန်ကယ်လ်က .. အန်ကယ်လ်က ဘာမှမဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



အချစ်တို့ တာ့ဘေးမှာ ဝိုင်းအုံလာကြပေမယ့် ဘယ်လိုမှမယုံနိုင်တာ ကိုတော့ ဧမေးဖြစ်အောင်မေး၏။

"တာတောင်မှ မသိအောင်လျှို့ဝှက်ထားတာ အံ့သြစရာကောင်း လိုက်တာ၊ ဒါဆို အန်တီသက်လဲ သိနေတာပေါ့"

မရှင်းနိုးပေမယ့် အသစ် ကလည်း ဒေါ်သက်သက်တင်ကို မေးသည်။ ဒေါ်သက်သက်တင် က ပြုံးလိုက်ပြီး ...

"ဟုတ်တယ်၊ မိမိနဲ့ အန်တီပဲသိထားတာပါ၊ ကလေးတွေက ပြေ မသိမှ ဒီလိုတကယ့်စိတ်ရင်းမှန်တွေနဲ့ ခံစားကြည့်လာမှာလေ၊ မပြော ကောင်းတဲ့စကားပေမယ့် ဖော့ ကျန်းမာရေးအတွက် ယကြာလဲဒွေ သူတို့နှစ်ယောက်ရဲ့သံယောဇဉ်တွေလဲ အရင်လို ပြန်ပြီးအရောင်မှန်သေ အောင် စီစဉ်လိုက်တာ"

"ကောင်းတယ် .. ဟုတ်တယ်၊ အဲဒါ ဖော်တော်ကောင်းပါတယ်"

အသစ်တို့ တကယ်ဝမ်းသာကာ တာ့ကိုမေ့သွားကြ၏။

"သား .. သမီးလေးကိုနိုးပါဦး"

"တာ ..."

"တာ .. သူငယ်ချင်း"

ဒီတော့မှ တစ်ယောက်တစ်ခွန်းခေါ်သံတွေ စုံသွားသည်။ တာသည် မျက်တောင်ဖျားတို့မှာ မျက်ရည်စလေးတွေစိုလျက်နှင့်တုတ်တုတ်မျှမလှုပ်

"အိပ်ရာပေါ် သွားတင်ပေးလိုက် သား၊ မိမိ စိတ်မပူနဲ့၊ နိုးလိုက်ရင် နိုးသွားမှာပါ၊ လာ .. တို့ နှစ်ယောက်ကို ထပ်ကြပ်ပေးရဦးမှာ"

ဒေါ်သက်သက်တင်တို့ အခန်းထဲဝင်သွားကြကာ သျှန် က ဒေါ်မိမိ ပြောပြလိုက်သည့်အတိုင်း တာ့ အခန်းဆီကို တာ့ ကိုပွေ့ခေါ်သွား၏။

အချစ်နဲ့ အသစ်တို့ ထ,ရပ်လိုက်ကြပေမယ့် ဘယ်သူ့နောက်





လိုက်ရမှန်းမသိ။ ထို့နောက် အချစ် က မတိုင်ပင်ဘဲ အချစ်လက်ကိုဆွဲ ကာ သျှန့်နောက်ကိုလိုက်ဖို့ ခြေလှမ်းပြင်လျှင် ...

"မလိုက်နဲ့တော့"

"ဘာဖြစ်လို့လဲ"

အသစ် က အချစ် ကိုင်ထားသည့်လက်ကို ပြန်ရုန်း၍ ...

"သျှန်နဲ့တာလဲ ရှင်းရဦးမှာတွေရှိသေးတယ်၊ တာ သတိရလာရင် သူတို့နှစ်ယောက်တည်းရှိနေတာ ပိုကောင်းတယ်၊ ငါတို့ လုပ်စရာရှိတာ သွားလုပ်မယ်"

"ဟင်.. ဘာလုပ်မှာလဲ"

"ဟိုသတ္တဝါနှစ်ကောင် တာ့ကို ဘလိုင်းကြီးတင်နေတဲ့ကိစ္စ ..."

"ဟုတ်သား"

"သူတို့နှစ်ယောက်က ငါတို့မျက်နှာတွေကိုတောင်မထောက်ဘူး၊ တွေ့မယ် .. ဟွန်း .. ကြားသုံးကြားမပါနဲ့ဆိုတဲ့စကား မကြားဖူးသေးတဲ့ သတ္တဝါတွေ ပညာပေးမှုကိုဖြစ်မှာ"

"ဟဲ့ .. ကြားသုံးကြားထဲမှာ စေ့စပ်ထားတဲ့လူနှစ်ယောက်ကြား ပါလို့ လား"

"ဝေးပြန်ပြီ နင်ကလဲ၊ သမီးရည်းစားကြား ဆိုတာလေ ..."

"နိုးဂပ်ပေမယ့် ..."

"အတူတူပဲ"

မှတ်သားထိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"သရုပ်ဆောင်ကောင်းလိုက်ကြတာနော် ...၊ တကယ့်အံ့ရောဘွာ— မိမိဆိုရင် အသားချွေတုန် အံတွေကြိတ်နဲ့ လုံးဝကို မသင်ရဘူး"

"အဲဒါတော့ မှားပြီ မယုံရင် နင်လုပ်ကြည့်ပါလား၊ ဒါမျိုးတွေဖြစ်အောင် ပါနီဆောင်ထုတ်ညှစ်စားလို့ရသလားလို့ ...၊ ငါက ရုပ်ရှင်ဆော် သမီးမှမဟုတ်တာ"

ဒေါ်မိမိက ငယ်ရွယ်သွေးသွေးတွေပါဝေအောင် ရန်တွေ့သည် ပြီးတော့ မျက်စောင်းကလည်းထိုးလိုက်သေးသည်။

အကျိုလဲနေကုန်းမို့ မတ်ကီးအဖွေးသားနှင့် ဦးသက်တင်ဇော် ဗိုက်ကြီး မထိမိအောင် တယောတယကိုင်တွယ်နေပေမယ့် ဒေါ်သသံလေးက ဟိုတုန်း ကအတိုင်းပါပဲ။

"တကယ်သိလား ...၊ ငါ့ယောကျ်ား တကယ်သေသွားရင် နင့်ကို ပါးပုပ်အောင်ရိုက်ဖို့ ကျိန်းသေတယ်"

"ယုံပါတယ်။ သမီးကိုမြင်တာနဲ့ အမေက ဒိထက်လက်သံပြောင်မယ် ဆိုတာ ..."





"ဒါကတော့ ကလေးတွေက ဘာမှမသိကြတာ၊ လူငယ်စီပီ စိတ်ထဲ ရှိတဲ့အတိုင်း ပြောမှာပဲ၊ ပါးရိုက်ခံရုံပဲရိုက်တာပေါ့ ကံကောင်းသေး တယ် ခွန်သားက သူများခံစားနေရတာကို ပြေရာပြေကြောင်းသွားပြော တာမှမဟုတ်တာ"

ကိုယ့်မိန်းမကလည်း ဘယ်အချိန်ဖြစ်ဖြစ် သူတို့ဘက်ကပဲ အသံ ထွက်ပေးနေသဖြင့် ဦးပညာချွန် ပြုံးနေသည့်မျက်နှာကြီးက မဲ့သွားသည်။

ဦးသက်တင်ဇော်က အကျီကြယ်သီးတွေတပ်ပေးနေသည့် ဒေါ်မိမိတာ ၏လက်တွေကို ပြုံးမသည့်မျက်နှာကြီးနှင့် ငုံကြည့်ရင်း ပြုံးလို့မပြိုးနိုင်။

အားလုံး အပြုံးတွေဝေနေကြသလို နှုတ်ခမ်းမှာ အုတ်ခဲကျိုးနဲ့ပဲ လာ ပေါက်ပေါက်၊ ရင်ဝကို ဓားနဲ့ပဲထိုးကြပါစေ ဘယ်သဘောကိုသက်ရောက် စေသည့်စကားမျိုးဖြစ်ပါစေ ဒေါ်သမပါကြပေ။

"ဟုတ်တယ်၊ ငါတို့အမေတွေက ဘယ်သူ့ပါးစပ်က ဘယ်လိုပဲလိုက် တာနဲ့ ဘာသဘောဆိုတာ နားလည်ပါတယ်၊ နင်တို့နှစ်ယောက်ပဲ ရင် ဘတ်ချင်းမပေါင်းဘဲ ပါးစပ်သေနတ်ပစ်ရင်း ကျည်ဆန်ကုန်နေတာ ..."

ဒေါ်မိမိတာက ဦးပညာချွန်နဲ့ ယောကျ်ားဖြစ်သူကိုပဲ မကျေနပ်နိုင်။

"အဲဒီအချိန်မှာ ငါ တကယ့်ကိုအော်ငိုလိုက်ချင်တာ သိလား၊ ဖော် ဘာမှမဖြစ်ပေမယ့် တကယ်ကိုများ သေသွားခဲ့ရင်လို့တွေးမိလေ ငိုချင်လေ"

"ချစ်တာတွေ ... ချစ်တာ ... ချစ်တာ ..."

ဦးပညာချွန်က ပေါ်သည်။

"ဟုတ်တယ်၊ ဘိုးဘွားရိပ်သာရောက်ခါနီးမှပဲ ငါ့ယောကျ်ားကို ငါ ဘယ်လောက်ချစ်နေခဲ့မှန်းသိတာ၊ အဲဒါကြောင့် သူ့ လူနာစုကင်ပေါ်က မဆင်းမချင်း မသေနိုင်တော့ဘူးလို့ သိလိုက်ရပေမယ့် ငိုကိုငိုချင်နေတာ"

ဒေါ်မိမိတာ၏ဝန်ခံချက်များက ဦးသက်တင်ဇော်၏မျက်နှာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးပြုံးနေအောင် ကတိပေးနေသလိုပင်။ ဦးပညာချွန် က ထို မျက်နှာကိုကြည့်၍ ...

"တော်သင့်ပြီ ဟိတ်ကောင် ... ပါးစပ်ကြီးက နားမှာတက်ချိတ်နေပြီ"

"မနာလိုမဖြစ်နဲ့"

"မဖြစ်ပါဘူးဗျာ၊ ငါ့မိန်းမက ငါ့ကို အာဝါ၊ ဝိဝါမဟာခင်ကတည်းက သူ ဘယ်လောက်ချစ်တယ်ဆိုတာ ဝန်ခံပြီးသား၊ သူများလို ခွေးကြီးမှ လက်ပေးသင်နေရတာမဟုတ်ဘူး"

"ဟာ .. ဒီခွေးကောင် ..."

"သူများကိုဆဲမနေနဲ့ .. နင့်ကိုရော ဒီက ကျေနပ်တယ်မှတ်လို့လား"

"ဟင် ..."

ဒေါ်သက်သက်တင်၏မျက်စောင်းကြောင့် ဦးပညာချွန်မျက်နှာ အီ လည်လည်ကြီးဖြစ်သွား၏။ ဦးသက်တင်ဇော်က တဟားဟားထ,ရယ် သဖြင့် ဒီဘက်ကိုလည်း ပြန်ကြည့်မိပြန်ကာ ...

"လူမမာကလဲ ရယ်အားတော့ကောင်းသားပဲ၊ ဖြည်းဖြည်းရယ် .. ဗိုက်က ချုပ်ရိုးတွေပွင့်ထွက်ကုန်ဦးမယ်"

ဟု မဲ့ရွဲ့ပြောသည်။ 'မိန်းမက တစ်မျိုး၊ ဒီဝဲစားက တစ်မျိုး'ဟု အသံ မထွက်ဘဲ ပွစိပွစိပြောလျက် ဦးပညာချွန် အကုသိုလ်ပွားနေခဲ့၏။

"ဟုတ်တယ်၊ ခုမှ ပွစိပွစိလုပ်မနေနဲ့ ဒုက္ခရောက်တော့မယ်ဆိုမှ ကိုယ့် မိန်းမကိုချစ်ပါတယ် ကြိုက်ပါတယ်လို့ပြောဖော်ရတာ ..၊ လုံးဝကိုမကျေ နပ်ဘူး၊ ပြန်သွားရင်သိမယ်"

"ရတယ်၊ မပြန်တော့ဘူး"

"အံမာ .. ဘာကွ ..."

"မင်း မကြားဘူးလား ... ငါ့ကို ကြိမ်းမောင်းနေတာ"





"ခံလိုက်ပေါ့၊ မင်းချည်းပဲဆော်လာတာမို့လား၊ တစ်ခါတလေ ခံဖူး တယ်ရှိအောင် ..."

"ဇော် ဇော် ..."

ဒေါ်သက်သက်တင် လှည့်အော်မှ ဦးသက်တင်ဇော် က ...

"ဟုတ်တယ်လေ၊ နင့်ကို သူပဲ ပြောချင်သလိုပြော .. နိုင်ချင်တိုင်း နိုင်နေတာ"

"သိသားပဲ ဟွန်း ...၊ ချစ်လို့ခံနေလိုက်တာ"

"အဲဒါပြောတာ၊ ဒီတစ်ခါ သူ့အလှည့် ..."

"အမလေး လူမမာတဲ့ .. ကဲ ..."

"အား ..."

ယောက်ျားဖြစ်သူကို ဒေါ်မိမိတာ က ပေါင်ကိုဖိညှစ်ဆွဲလိမ်လိုက်၏။ ဦးသက်တင်ဇော် က ဒေါ်မိမိတာလက်ကို ထပ်အုပ်ကိုင်လိုက်ပြီး တအား အော်သည်။

"အသံကလဲ ပြဲမပြဲ၊ ဗိုက်မှာ ချုပ်ရိုးကြီး ဒီလောက်ကြီးတာတောင် အော်နိုင်သေးတယ်၊ ဒါနဲ့ အူတွေတောင်ထွက်လာတာဆို ..."

ဦးပညာချွန် က ရယ်စရာပြောနေရင်း ငိုရိပ်သည့်မျက်နှာဖြစ်သွားကာ..

"အဲဒါကြောင့် မင်း သေပြီလို့ပြောတာကို ငါ ယုံသွားတာ၊ မသေဘူး ဆိုတာသိလိုက်ရတော့ ခွဲစိတ်ကုသပေးတဲ့ဆရာဝန်တွေကို ပြေးတောင် ရှိခိုးချင်စိတ်ပေါက်သွားတယ်"

"ဟုတ်တယ်၊ ဒေါက်တာက ကြီးလွန်းတော့ သွေးတအားထွက်တာ။ အထဲမှာ သေလောက်အောင်မပျက်စီးခဲ့ပေမယ့် အကောင်းတိုင်းပြန်ဖြစ်ဖို့ တော့မလွယ်သေးဘူး"

ဒေါ်မိမိတာ က ဝင်ဖြေရင်း ဦးသက်တင်ဇော် ဗိုက်ကိုအကျီအပြင်



www.burmeseclassic.com

www.burmeseclassic.com



ကာနေ တသုကာယလေးထိကိုင်လိုက်ပြီး ...

"နှင့်လိုပဲ .. ငါလဲ ငယ်ယောက်ျားမရေးသေတော့ဘူးခါတာ သိတော့ ရှေ့ရှုံ သုံးဆယ်လောက်ခွဲ အပြီး မျက်ရည်တွေကျလာတာ တဘတမ်းကျိုးသလို"

ဇ,လိုက်တာနှင့် ဒေါ်မိမိတာ မျက်ရည်စေ့လေသည်။

"မျက်ရည်တွေတော့ပါတော့ မိန်းမရေး မင်း အဲဒီလိုဖြစ်ကျန်ခဲ့မှာစိုးလို့ ငါ သေရှာကပြန်ထလာတာ အားလုံးပြီးသွားပြီ့ဗျာ .. ပျော်စရာတွေပဲတွေး"

"ဟုတ်တယ် မိမိ"

ဦးပညာချွန် က ဦးသက်တင်ဖော်သေးမှာ ပြောင်းထိုင်လိုက်ပြီး ပခုံးကို ဆွဲဖက်ပင်လိုက်လာ ...

"ငါတို့ မမိုက်တော့ဘူး။ မိသားစုနှစ်စုလို့သဘောမထားဘဲ တို့အားလုံး မိသားစုတစ်စုတည်းပဲဖြစ်ကြမယ်၊ ဒီမှာ မိုးဇော် .. မင်းလိုပဲ ငါ့ရင်ထဲက သံယောဇဉ်ကလဲ အရောင်မမှိန်ဘူး။ အဲဒါကို ငါ သက်သေပြသွားမှာပဲ ငါတို့ရဲ့ အသည်းနှလုံးတွေပေါ် မှာ ခဏလေးနေကျတ်သွားတာ၊ အစိမ်းရောင်အရိပ်ကြီး ခဏလေးပဲဖြတ်သွားတာပေါ့၊ ဘယ်ပေါ် မှာမှ စွန်းထင်းမကျန်ခဲ့ဘူး၊ ကျန်ခဲ့ရင်ဖောင်မှကွာ .. အဲဒီအသည်းတစ်ခြမ်းကို ဖဲ့ထုတ်ပစ်လိုက်မယ်၊ ဘယ့်နှယ်လဲ ..."

"မင်းက ဇ,လိုပါ ပြောရင် ရန်ပဲဖြစ်ဦးမယ်၊ ငါ့ဘက်က လုံးဝအေးဆေး"

"အိုမေ"

ဝမ်းသာတော့လည်းငိုရ ဝမ်းနည်းတော့လည်းငို၊ ဒေါ်သက်သက်တင်နဲ့ ဒေါ်မိမိတာတို့ တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်ကြည့်ကြပြီး ဖြူးဖို့ သတိမရခင်ခင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြသည်။

"အခု ပထမဆုံးသက်သေပြချင်တာက မင်းသမီး ငါတို့ကိုပေး"

"ဘာ ..."





"စေ့စပ်ပြီးသားလေ၊ လက်ထပ်ပေးဖို့ပဲရှိတော့တာ"

ဦးသက်တင်ဖော် မျက်နှာကြီးတည်သွားတော့ ဦးပညာချွန်က လေပြည်ထိုး၏။

"ချွန်ရယ် .. မိသားစုတွေပဲ ဟိုပြောဒီပြောပြဲမှာလား၊ ဖောင်းမနေနဲ့ သမီးက တို့သမီး ..."

"အံမယ်"

လင်မယားနှစ်ယောက် အပိုင်ပြောနေတာကို ဦးသက်တင်ဖော် က တစ်လှည့်စီကြည့်၍ မဲ့ရွဲ့နေသည်။ ဒေါ်မိမိတာ က ဘာမှပင်မပြောဘဲ မျက်ရည်သုတ်ရင်းရယ်၏။

"စေ့စပ်တာက .. မင်းပဲ ပြောတုန်းကတော့ ..."

"အလကားဇ,တာ"

"ကိုယ့်ကိုယ်ကို သားရှင် ဆိုပြီးတော့ ..."

"အဲဒါက သူမျှားသမီးကြေအတွက်၊ မင်းသမီးအကြက်ဆိုရင် .. ဟို.. ဒီလိုကွာ ...၊ သူမျှားရွာမှာ ကြက်ဖ၊ အဲ.. မဟုတ်ဘူး .. သူမျှားရွာမှာကြက်မ၊ ကိုယ့်ရွာမှာ ကြက်ဖ .. မဟုတ်သေးပါဘူး .. သူမျှားရွာမှာ ကြက်ဖ ..."

"ကဲ .. ကြက်တွေချည်းပဲ ရှုပ်ကုန်ပြီ ဒီထဲကမထွက်တော့ဘူး"

ဒေါ်သက်သက်တင် က ယောက်ျားဖြစ်သူကို စိတ်မရှည်ဟန် ...

"အားလုံးပြီးပြီဆိုမှတော့ ပြောနေစရာတွေ ထားခဲ့လိုက်တော့ပေါ့၊ အခု ငါတို့ချင်း ပြေလည်သွားကြပေမဲ့အကိုမ်းမှုကလဲဖြစ်အောင် ကလေးတွေကို မြန်မြန်ဆန်ဆန်လက်ထပ်ပေးပြီး မင်္ဂလာယူကြရအောင်"

"ဒါက ပြောဖို့ပိုလို့လား သက်ရယ်၊ နှင်းသားကိုလဲမေးပါဦး သူတို့ရှင်းက တည့်ကြတာမဟုတ်ဘူး"

"မိမိ အဲဒီမေးခွန်းကို ငါက မေးရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချင်းပြောဖို့အလှည့်ရောက်တော့ ယောကျာ်းတွေ အသံတိတ်သွား၏။

"ဘာဖြစ်လို့လဲ၊ အိမ်ထောင်တစ်ခု သာယာဖို့က ယောကျာ်းတွေရဲ့ ကြည်ဖြူလိုက်လျောမှုက အဓိကပါ၊ ငါ့ကိုကြည့်ပါလား ..၊ ဖော် က ချစ်တတ်လွန်းလို့ ပြန်ချစ်လာတာ"

"အရေးထဲမှာ ကြွော်ကြွာဝင်သေးတယ် ဒေါ်မိမိရဲ့..၊ ငါတို့က အချစ်ထက်အရင် ရှိခဲ့ကြတဲ့သံယောဇဉ်တွေနဲ့ ချည်နှောင်ခဲ့ကြတာလေ၊ အခု ငါ့သားကချည်းပဲ ချည်နှောင်ဖို့ကြိုးစားနေရတာ"

"မဟုတ်တာ ..."

"အဲဒီကတည်းက နင် ငါ့လောက်မစေ့စပ်တာ သိသာတယ်"

ဒေါ်သက်သက်တင်က စိတ်ပျက်သံနှင့်ပြောရင်း ခုတင်ခြေရင်းမှာ ပြောင်းထိုင်လိုက်၏။ ပြီးမှ ...

"ကျောင်းမှာ သမီးတို့နဲ့ခင်ဖို့ ငါ့သားက အတင်းဝင်ကြိုးစားရတာ"

"ငါကြားရတာကတော့ ရန်ဖြစ်နေချင်လို့ဆိုတာပဲ"

"ရန်ဖြစ်နေချင်တဲ့လူ ရှိမလား မိမိရယ်၊ ငါတို့လေးယောက် ဘာဖြစ်လို့ ဒီလောက်ထိချစ်ကြတာလဲ ပြန်တွေး"

"ဒါဆို သမီးကလဲ ရန်တွေ့နေတာ တစ်ချိန်လုံး သူ့လိုပဲ သံယောဇဉ်ရှိလို့ပေါ့"

"အဲဒါက မသေချာခဲ့ဘူးလေ၊ အခု သေချာတာက ဖော့ ပြဿနာကြောင့် ရန်သူတွေကို သတ်မှတ်သွားတယ်၊ ခုထိ ..."

"ခုလောက်ဆို ပြေနေပါပြီ သက်ရယ်၊ ဟိုမှာ သူ့အစ်ကိုနဲ့ အစ်မတော့လဲ ဝိုင်းပြောပေးနေတာပဲ၊ သမီးက သူ့အဖေအတွက် အရမ်းစိတ်ထိခိုက်သွားလို့ပါ"





"အမလေး .. ဘယ်လောက်ပဲဒေါသတွေဖြစ်ဖြစ် ဆိုးချင်သလောက်ဆိုး ငါ့သားလေးကို နည်းနည်းပါးပါးပြန်ချစ်ရင် ကျေနပ်ပြီးသားပဲ"

"ဖြစ်ရလေ ...၊ ချစ်တာကိုတောင် နည်းနည်းပါးပါးချစ်တာပဲဖြစ်ရသေးတယ် ဖိုးချွန်၊ မင်းကို မင်းမိန်းမ များများစားစားချစ်တာလား၊ နည်းနည်းပါးပါးချစ်တာလား"

"မေးကြည့်လေ၊ သူ ချိန်ကြည့်ထားတာရှိမှာပေါ့"

"ချွန် နော် ..."

ဒေါ်သက်သက်တင် က ဦးပညာချွန် ကျောပြင်ကြီးကို ဖျန်းခနဲရိုက်ပစ်၏။ ပြီးတော့ မျက်စောင်းရွယ်ရင်း ဒီဘက်ပြန်လှည့်ကာ ...

"တကယ်ပြောတာ မိမိရဲ့၊ သားက သမီးကိုချစ်နေတာ၊ အစကတော့ သူတစ်ခွန်း ကိုယ်တစ်ခွန်းနဲ့ ရန်ဖြစ်ဘက်တွေပေါ့၊ ခုကျတော့ တစ်ဖက်သတ်နာကြည်းခံနေရတာလေ၊ အဲဒါကြောင့် မဖုံးနိုင်မဖိနိုင်တွေ ထ,ဖြစ်ကုန်တာ၊ ဒီကိစ္စ စ,ဖြစ်လာကတည်းက သမီးကို ရှင်းပြဖို့ပဲ သူ ကြိုးစားနေတာ၊ သမီးကို နင်တို့ ဝိုင်းပြောပေးမှဖြစ်မယ်"

"လုပ်ပြီ"

"လုပ်ရမှာပဲ၊ မင်္ဂလာကိစ္စကို ငါတို့က မြန်မြန်ဆန်ဆန်စီစဉ်လိုက်ရင် ဖြစ်တော့ဖြစ်သွားမှာပေမယ့် စိတ်မချမ်းသာစရာတွေဖြစ်နေဦးမှာ"

"ပူမနေနဲ့၊ အစိမ်းရောင်ဆို နတာ ဖျော့တာ ဘာအရောင်မှ တင်မကျန်စေရဘူး"

ဒေါ်မိမိတာ အာမခံလိုက်မှ ဒေါ်သက်သက်တင် ပြုံးနိုင်သွားသည်။ မြန်မြန်ဆန်ဆန်ကြီးကိုလုပ်ပစ်ရတော့မည်၊ ဒီမင်္ဂလာပွဲ .....၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

ပန်းတနော်မြို့မှာ ဒီမင်္ဂလာပွဲက အထူးခြားဆုံးဖြစ်သွားခဲ့သည်။ ရှေ့တွေ့တင်ကာထက် ပို၍စည်ကားသည်။ စီစဉ်ထားတာထက် ပို၍ပျော်စရာကောင်း၏။ နည်းနည်းလေး သည်းထိတ်ရင်ဖို ဖြစ်နေရတာက သျှန်နဲ့အား ခုချိန်ထိ မသင့်မြတ်ခဲ့ခြင်းကြောင့်ဖြစ်၏။

ဒီကြားထဲ အချစ်နဲ့အသစ်တို့ကလည်း ဘေဘင်ချိုတို့ကို အနေဝက်ဖြတ်လားကြသဖြင့် သတို့သားက တစ်အုပ်စု၊ သတို့သမီးက တစ်အုပ်စု။

ထွက်လာခါစက လက်ချင်းချိတ်တာတောင် တာ ကလည်း ငြိမ်ငြိမ်လေး သိုသိုသိပ်သိပ်နေလိုက်တယ်ဆိုတာ မရှိ။ ထို့အတူ သျှန် ကလည်း မထိတထိပြောတာတွေက လွန်လွန်ကျူးကျူးဖြစ်ဖြစ်သွားတတ်သည်မို့ ...

"နင့်လက်ကိုကိုင်ချင်လွန်းလို့မှတ်နေလား၊ မကျေနပ်ရင်လဲ လူရှေ့သူရှေ့မှာ နည်းနည်းဖြင့်ကောင်းအောင်နေဖို့သင့်တာကို သတိရ"

"မရဘူး၊ မနေနိုင်ဘူး၊ နင့်ကို အသားချင်းမပြောနဲ့ လေတင် လေအောက်တောင်မထိုင်ချင်တာ နားလည်လား၊ သနိုင်းနဲ့ချိပြီး ရန်ဖြစ်လာ





တဲ့ ငါတို့အကြောင်း လူတိုင်းသိပြီးသားဖြစ်တဲ့အတွက် ရန်ဖြစ်ဖို့ကလဲ ပါမစ်ရှိပြီးသား ... ဖယ် မကိုင်နဲ့"

"မကိုင်ဘူး"

သူငယ်ချင်းတွေက သျှန့်ကားကိုစိုးရိမ်တကြီးပြေးကပ်ကြကာ ...

"သျှန် .. မင်းပဲ သူ့ကိုမရရင် ရူးရတော့မလိုလို ..."

"ဟုတ်တယ်လေ၊ အခု ရပြီ .. ရူးစရာမှမလိုတော့တာ"

"ကောင်စုတ် .. မင်းကတော့ ရသွားပြီးကိုး ..၊ ငါတို့မှာ မင်းကြောင့် လာဘ်ပိတ်ခဲ့ရတာ၊ ခုထိ မီးဝါ မလာသေးဘူး၊ အဲဒါ နည်းနည်းပါးပါး မင်း စဉ်းစား"

"ဘာလို့စဉ်းစားရမှာလဲ၊ အဲဒီကိစ္စ ငါခိုင်းထားတာလား"

"အံမာ ငါတို့ကတော့ သူ့ပါးကိုရိုက်ပစ်လိုက်လို့ ဆတ်ဆတ်ခါ နာလိုက်ရတာ"

"ငါတောင်မှ မနာတာ ..."

"သိမှမသိတာ၊ မင်းကို အဲဒီလိုဘူးမှန်း ..."

အချင်းချင်း ကိုတ်ရန်ဖြစ်နေကြသည်။ ဟိုဘက်ဒီဘက် အကွာအဝေး ကြားမှာ စားပွဲတွေအများကြီးခြားနေပေမယ့် မျက်စောင်းတွေ အစင်း ပေါင်းတစ်ရာမကပစ်လွှတ်လည်း ကျကျနနရိုက်မိကြ၏။

ဦးပညာချွန်တို့က ပခုံးဖက်ရင်း သူတို့နှစ်ယောက်ရဲ့ငြိမ်းချမ်းရေးကို ပြရင်းနှင့် အားလုံး ဝါးဝါးဟားဟားဖြစ်နေသလောက် ဒေါ်မိမိတာနဲ့ ဒေါ်သက်သက်တင်တို့မှာ လူငယ်နှစ်ယောက်ကိုလှမ်းကြည့်မိတိုင်း စိတ် မချမ်းသာနိုင်။

"ဖြစ်နေကြပြီ သက်ရယ်၊ ဒါနဲ့ သက် ပြောတော့ သားက အလျှော့ ပေးမှာပါဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်နေပါဦး မိမိရယ်၊ နင်ကလဲ လှမ်းပြီးမဲ့ရွှေ မျက်စောင်းထိုးကြ မယ့် သားရဲ့မျက်လုံးတွေမှာ ဒေါသမရှိပါဘူး"

"ပြောပြန်ပြီ မိသက်ရယ်၊ ငါတော့ တကယ်စိတ်ညစ်တယ်၊ ငါ့သမီး နှုတ်ခမ်းအလယ်တစ်ရာလောက်စုထွက်နေတာကိုလဲ လူတွေက စ,ကုန်ပြီ"

"စ,ပေ့စေ .. အားလုံးကသိပြီးသား၊ မပူပါနဲ့ မိမိရာ .. မင်္ဂလာဆောင် ဖို့လက်ခံလိုက်တာကိုက နာကြည်းချက်တွေတော့မရှိတာသေချာပါတယ် ပြီးတော့ ကိုယ့်သားက မရအရလိုချင်လို့ လက်ထပ်ပေးပါလို့ပြောတာပဲ ယုံပါ .. သားက ချစ်လို့စ,နေတာဖြစ်မှာပါ"

"တကယ်ပဲ .. ယုံဖို့တောင်ခက်လာပြီ၊ သမီးက တအားငြင်းထားခဲ့ တာ၊ သူ့အဖေ ကျန်းမာရေးကိုငဲ့လို့သာ ..."

ဒေါ်မိမိတာ မျက်နှာပျက်ပျက်နှင့် ခြိမ့်ခြိမ့်သဲမင်္ဂလာပွဲကြီးထဲမှာ ရင်မောစွာနေခဲ့ရ၏။ ရန်ကုန်မှာ မင်္ဂလာဆောင်ဖို့က လိုချင်တဲ့ရက်၊ လိုချင် တဲ့နေရာ အဆင်ပြေဖို့ သိပ်မလွယ်။ ထို့ကြောင့် ပန်းတနော်မှာပဲ ဦးပညာ ချွန် က သူ့ဟိုတယ်လ် အောက်ထပ်နှင့် ရှေ့မျက်နှာစာတစ်ကွင်းလုံးကို မင်္ဂလာပွဲပြင်ဆင်ခဲ့၏။

ရန်ကုန်မှာထက်ခမ်းနားသည်။ ရောက်လာသူအားလုံးက နွေးထွေး ကြ၏။ ပြီးတော့ ဦးပညာချွန်ကပဲ အလုပ်ထဲမှာရှိသမျှကားတွေအကုန် သုံးထားသဖြင့် ချောင်းကလေးရွာက မိတ်ဆွေတွေ၊ ဆွေမျိုးစုအားလုံး တက်ရောက်စုံစုံညီညီရောက်လာကြတော့ ပို၍စိုပြည်သည်။

တစ်ခုပဲလိုနေတာက ...

"ဒီမှာ တစ်သက်တာ ..."

"အံမာ.. ငါ့နာမည်ကိုခေါ် လိုက်တာ တစ်စတစ်ဆုံး၊ ဘာလဲ..ဘာကိစ္စလဲ"

"နာမည်အဖျားဆွတ်ပြီးချစ်စနိုးခေါ် ခိုင်းတာလား၊ စိတ်ပါရင်ခေါ် မှာပေါ့"





"သေလိုက်"

"ဟာ .. ဖြည်းဖြည်းလျှောက်လေ၊ ပြုတ်ကျန်တော့မှာပဲ"

"အေးလေ .. တော်ကြာ မင်း ဒုက္ခများရမှာ .. ပြောထား"

"ဘာ ..."

လှည့်ထွက်သွားပြီးမှ ပြန်လှည့်လာတော့ ကျော်စွာ ဇက်ပုသွားကာ သျှန့် နောက်မှာ ကွယ်ပစ်သည်။

"ဆံထုံးက ကျောက်ခက်တွေကိုပြောတာ၊ ဒီတိုင်းတောင်လှုပ်ခါနေ တာကို ပြုတ်ကျကုန်ရင် ဟိုလူဒီလူ သတိထားမိတာပေါ့"

"ဟွန်း ..."

တာ က ကျော်စွာ့ကိုပါအောင်စောင်းကြည့်ကာ ချာခနဲလှည့်ထွက် သွား၏။ သျှန် က နှာခေါင်းပွတ်လိုက်၊ တိုက်ပုံနှစ်ဖက်စကို ဟိုဘက်ဒီစ ဆွဲလိုက်၊ ဒီဘက်စဆွဲလိုက်နှင့် ပြုံးစိစိ ...၊

"သျှန်"

"ဘာတုံး"

"တာ က တော်တော်လှတယ်နော်"

"မလှပါဘူး"

"ဟုတ်လား .. မလှဘူးလား၊ ဒါဆိုလဲ မင်းမျက်လုံးကြီးကို ပြန်သိမ်း"

"ဘာဆိုင်လို့လဲ"

သျှန် က သူများမခံချင်အောင်ပြုံးလျက် ဟိုဘက်လှည့်သွား၏။ မျက် လုံးထဲမှာတော့ ဒေါသဖြစ်နေလည်းလှနေသည်။ ပန်းနုရောင်သမ်းနေ သော တာ့ မျက်နှာလေးက မပျောက်ပျက်။

ဖြူဖွေးစွတ်လျက် ပြောင်းလဲပြောင်းနေသော သတို့သမီးဝတ်စုံက တာ့ ကိုယ်ပေါ်မှာတော့ အကြည့်ရမဆိုးဘဲရှိနေ၏။ ဆံထုံးပုံတကာ



www.burmeseclassic.com

www.burmeseclassic.com



လည်း နှားသယ်စပ်ဆံပင်တွေကို သိမ်းတင်ကာ ခေါင်းပေါ်မှာ ပုံ့ပုံ့ပြေပြေ လေးမို့နေတာပဲရှိပြီး တာ့ မျက်နှာလေးနဲ့လိုက်သည်။

မင်္ဂလာပွဲမတိုင်မချင်း ကြေးများခြင်းဖြင့် အပြတ်အသတ်တိုက်ပွဲဝင် သဖြင့် မင်္ဂလာဝတ်စုံကလဲ ဒီဇိုင်းဘာညာ ဆန်းဆန်းပြားပြားမပါ။ဘယ်သူ မှအားမပေးသည့် ဒီဖြူဖြူပြောင်ပြောင်ကြီးကိုမှ ဝယ်သည်။ စိတ်ကြိုက် ပုံစံအပ်ခဲ့ပါသည်ဆိုကတည်းက သူ ရင်ထိတ်ခဲ့ရတာ၊ ရွေးလာတော့ လည် ကတုံးရင်ဇေ့နှင့် ရှည်ထားလိုက်တဲ့လက်က လက်ခုံနှစ်ဖက်ထိ ဖုံး၏

ခါးက အရှည်မဟုတ်၊ အတိုမဟုတ်၊ ထိုပြင် လက်ပွပွ၊ ကိုယ်ကပွ ဝ,သည့်ကိုယ်ကို ပိုချုံ့ဆိုးသွားစေ၏။

နေပါစေ .. သူထင်ရာလုပ်ပါစေလို့ လူကြီးတွေက ခွင့်ပြုသည့်အတိုင်း သူလည်း ပါးစပ်ပိတ်ထားခဲ့၏။ ဒါကို အချစ်လား၊ အသစ်လား .. ဘယ်သူ ပြုပြင်ပြင်ဆင်ပေးလိုက် သည်မသိ ..၊

ဒီညမှာတော့ ကိုယ်မှာ ချပ်ချပ်ကပ်ကပ်လေးနှင့် အနေတော်လေး ဖြစ်နေသည်။ တကယ်တော့ မော်ဒယ်ပုံတွေမှ လှသည့်ခေတ်ကြီးမှာ လိုက်တာဟု အပြောခံလှရသည့် တာ က ဝတုတ်တုတ်ကြီးမဟုတ်

ဧည့်ခံပွဲထဲမှာ ဘယ်စားပွဲဝိုင်းမှာ ဘယ်သဘောကြောင့်ပဲပြုံးနေ ထိုမျက်နှာ သျှန့်ဆီရောက်လာပြီဆို တည်ပြီးတင်းပြီးဖြစ်၏။

သျှန် ကလည်း ဘာမှန်းမသိ။ မျက်နှာမှာ ဒေါသတွေထန်နေ လည်းမဟုတ်၊ ပြေလည်အောင်ကြိုးစားပါလားဆိုတော့ ... ဟင့်အင်း —

သူ့ကို အားကိုးလို့ရမှန်းသိသည်နှင့် အောင်ချိုတို့ခမျာ လုံးဝ မျက်နှာ မပေးသည့် အချစ်တို့နောက်က မလှမ်းမကမ်းမှာ မျက်နှာငယ်လေးတွေ

"ညီမလေး"

"ဟင်"





ဖွဲတို့စုံတွဲ တာ့ နားကိုရောက်လာကြကာ ...

"ဟို .. လေးယောက် ဘယ်လိုတွေဖြစ်နေကြတာလဲ၊ ကိုကြီး မြင် လိုက်တိုင်း ရန်ဖြစ်ဖြစ်နေကြသလိုပဲ"

တာ က လည်ပင်းလေးမသိမသာပွတ်၍ နှင်းဆီနဲ့ဖွဲကို အားနာသလို ကြည့်ကာ ...

"သူတို့လဲ သိပ်မတည့်ကြဘူး၊ ဟိုနှစ်ယောက်က သိပ်အစသန်တာ ကိုကြီးရဲ့ ..."

"ဟုတ်တယ် ကိုကြီးရေ ..၊ ဟိုနှစ်ယောက်က သိပ်မတည့်ကြတာ၊ သူနဲ့သျှန် က အနည်းအကျဉ်း"

မွန်မွန်လတ် က တခြားစားပွဲက ထ,လာပြီး ကပ်ပြောသည်။ နှင်းဆီ က ဖွဲလက်ကိုကိုင်ရင်း ပြုံးနေသည်။ ဖွဲ ကတော့ မပြုံးနိုင်သေးပါ။

"ဟား ...မတည့်ကြတဲ့သမိုင်းက မကျန်ခဲ့သေးတဲ့အပြင် သူငယ်ချင်း တွေပါ ခတ်ကူးကူန်ပြီလား၊ ပြဿနာပဲကွာ .. သျှန် က ရယ်လာနေမှ တော့ ကိုကြီးက အားလုံး အေးချမ်းသွားပြီမှတ်နေတာ"

"သူက ရယ်နေတာပေ့ါ၊ အမြဲတမ်း ကျောက်ကျောကို ဆီလောင်း ထားတဲ့မျက်နှာနဲ့ကိုး ...၊ အယ်ိ .. မမနှင်း ကန်တော့နော်"

ပြောပစ်လိုက်ပြီးမှ တောင်းပန်တော့ နှင်းဆီက အသံထွက်အောင် ရယ်သည်။

"ကိုကြီးတို့က ပြန်တော့မှာလား၊ ဟိုဘက်မှာ ဖေဖေတို့ကို နှုတ်ဆက် တာတွေ့တယ်"

"အေးလေ .. ပြန်တော့မယ်၊ လူလဲရှင်းနေပြီဥစ္စာ ..၊ နင်တို့ မင်္ဂလာပွဲ ကိုမြင်ကာမှ ကိုကြီးတို့လဲ ပန်းတနော်မှာ ပြန်ဆောင်လိုက်ရင်ကောင်းမှာ လို့ တွေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ပျော်စရာကြီးလေ၊ ဒီမှာဆိုတော့ ဂိုယ့်မိတ်ဆွေတွေချည်းပဲ၊ ပကာသနလဲနည်းတယ်"

"တာ ဖြင့် မပျော်ပါဘူး"

"နင်က ဘယ်ပျော်မလဲ၊ သျှန်နဲ့ ရန်ဖြစ်နေရတာနဲ့ ပျော်စရာအချိန်မှ မရှိတော့တာ"

မွန်မွန်လတ် က ဟိုဘက်စားပွဲရောက်သွားပြီးမှ လှမ်းပြောပြန်သည်။ လူကြားမှာလည်းစိုးမနေတော့ပါ။ ဒီပွဲမှာ သတို့သားနဲ့သမီး ဗိုလ်လုပွဲ စင်ဆင်ရေးဆင်နွှဲနေကြမှန်း လူတော်တော်များများ သိနေကြပြီမို့ ...

"ဘယ်လိုလဲ .. ခုကျတော့ နင်လဲ သဘောတူသွားပြီလား"

ခွဲတစ်ယောက်က ညီမဖြစ်သူကို မကျေနပ်ခံလေးရှိထားသည့်အတိုင်း ခွင့်ကြုံတိုင်း ဤသို့ ခနဲ့သလိုလို စကားတွေနဲ့ ပစ်ပေါက်သွားတတ်သည်။

မွန်မွန်လတ်ကလည်း ဆိုးနေကျအတိုင်း နှင်းဆီကို အားနာသလို လေး တစ်ချက်တော့ကြည့်ဖော်ရလျက် ...

"သြော် .. ပြောပြန်ပြီ အစကတည်းက ဦးလေးကိုထိပါးတတ်လွန်းလို့ မကျေနပ်ဖြစ်ခဲ့တာဥစ္စာ၊ ဒီလောက်ထိ လူကြီးတွေ ငြိမ်းချမ်းပျော်ရွှင်နေကာမှ မွန်တို့က ဘာမကျေနပ်စရာရှိသေးလဲ"

"ဟုတ်ပါ့ဗျာ၊ အလွန်မတန် သမာသမတ်ကျတဲ့ ကိုယ့်ညီမလေးပါ"

"ကိုကြီးနော် .."

"ခုကလဲ ညီမလေး နေရခက်ပါတယ် .. သွားကြရအောင်၊ ဟိုဘက်မှာ သျှန်တို့ကို မြင်လိုက်တယ်၊ ဘယ်ရောက်သွားပါလိမ့်"

နှင်းဆီ က သူ့ယောက်ျားကို စကားပြောရင်း အမှားပါမှာစိုးသည့်နှင့် ပြန်ဖို့ပြင်သည်။





"သျှန် .. မောင်လေး ..."

သျှန် က ဟိုတယ်လ်၏ခေါင်းရင်း အပန်းဖြေဆောင်ဘက်ကနေ လျှောက်ထွက်လာရင်း လှမ်းကြည့်၏။ တာ က လှည့်ကြည့်တာနှင့် ဆုံသွားကာ ...

"နေပါဦး ညီမလေးရဲ့ ..."

နှင်းဆီ က တာ ခြေလှမ်းပြင်လိုက်တာနှင့် လက်ကိုဆွဲထားလိုက်သည်။ သျှန် ရောက်လာလို့ တစ်ဖက်ကဆွဲလိုက်တော့ သျှန်နဲ့တာ က နှင်းဆီရဲ့တစ်ဖက်စီမှာ ဖြစ်သွား၏။ ထိုအချိန်လေးအတွင်းမှာပဲ တာ့ဘက်မှာရော သျှန့် ဘက်မှာရော အချစ်တို့ နဲ့ အောင်ချိုတို့ မထင်မှတ်ဘဲ ဆုံးလိုက်မိသလိုဖြစ်သွားကာ မိန်းမလှလေးတွေ၏မျက်စောင်းအောက်မှာ အောင်ချိုတို့ လူးလဲရှုံ့မဲ့လျက်ရှိနေကြ၏။

"ညှော်ခဲ့ပြီတော့မယ်လေ၊ လင်မယား အမှတ်တရပုံတွေ မရိုက်တူးလား"

"မရိုက်ဘူး"

ကြည့် ..၊ ယောက်ျားဖြစ်ဖြီး သူက ဦးအောင်ပြောချလိုက်သည်။ ဒီကတော့ ရိုက်ချင်နေပြီး သူ မရိုက်ချင်လို့ပဲ မရိုက်ဖြစ်သလိုလို ...၊

"ဗီဒီယိုတွေရိုက်ထားတာဥစ္စာ .. ဓာတ်ပုံ ဘာလုပ်ဖို့လဲ"

တာ က သူ့ကို မျက်စောင်းထိုးပြီးထပ်ပြောတော့ နှင်းဆီ မျက်ဝန်းတွေက တာနဲ့ သျှန့်ဆီမှာ တစ်လှည့်စီပြေးလွှားသွား၏။ ပြီးတော့ မျက်စောင်းကို မသိယောင်ပြုကာ ပေါ့ပါးစွာပြုံးလိုက်ပြီး...

"မမတို့နဲ့ အမှတ်တရရိုက်လို့ရအောင် ..၊ တို့မင်္ဂလာပွဲတုန်းကလဲ ရိုက်ဖြစ်လိုက်ဘူးလေ"

တာနဲ့သျှန် မျက်လုံးချင်းဆုံသွားပြန်သည်။

"ကောင်းတယ် .. ကောင်းတယ်၊ မိသားစုပုံတွေရော .. စုံတွဲပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ရော ခုမှ အေးဆေးရိုက်လို့ကောင်းတာ”

အောင်ချိုတို့က အချစ်တို့ကို မျက်နှာချိုသွေးသလိုကြည့်၍ ထောက်ခံကြ၏။ လူကြီးတွေ ရောက်လာတော့ ပိုဆိုးသွားသည်။

“လာ .. သားနဲ့သမီးကို အရင်ရိုက်ရအောင်”

“ဟာ .. အန်တီသက် တာ မရိုက်ချင်ပါဘူး”

“အို .. ဘယ်ဖြစ်မလဲ သမီးရယ်၊ ဒါမျိုးက တစ်သက်မှာတစ်ခါ တစ်ပုံ ပဲရိုက်လို့ရတာ၊ နောက်ကျမှ မင်္ဂလာဝတ်စုံ ပြန်ဝတ်ရိုက်လို့ရတာမျိုး မဟုတ်ဘူး၊ လာပါ သမီးရဲ့”

မှန်ကုပ်တင်းမာနေသည့် တာ့ လက်ကလေးကို အတင်းဆွဲပြီး သူ့နံဘေးမှာ ရပ်ခိုင်းတဲ့အထိ အောင်မြင်ဖို့ကို ဒေါ်သက်သက်တင် တော်တော် ကြိုးစားလိုက်ရ၏။

“သမီးက လူကြီးတွေကို မလေးမစားမလုပ်ရဘူးလေ”

“ကျွန်တော်ကတော့ လေးစားပါတယ်”

သျှန် က ရွှဲ့သလိုလို၊ အတည်ပြောတာလိုလိုနှင့် ဒေါ်မိမိတာကို ပြောသည်။ ကင်မရာသမားက တစ်မျိုးတည်းနဲ့မပြီးဘဲ နှစ်ယောက်တည်း ပုံကို လှည့်ပတ်ရိုက်နေ၏။

“ညီလေးက ညီမလေးရဲ့ ပခုံးတစ်ခြမ်းနောက်မှာ ညီလေးရဲ့ ပခုံး ထိုး လိုက်၊ ဟုတ်ပြီ .. အဲဒီလက်နဲ့ ခါးလေးပေါ်မှာ ဖွဖွလေးဖက်”

“အို .. မဖက်နဲ့”

သျှန် က ဖက်လိုက်တော့ တာ က ပုတ်ချပစ်လိုက်သည်။ အားလုံး မျက်နှာတွေပျက်ကုန်ကြ၏။ ရန်ဖြစ်ကြပြီဆို ဘယ်သူရှိနေတာမှသတိမထား တော့သည့် သူတို့နှစ်ယောက်ကြောင့် ဦးပညာချွန် က ဦးသက်တင်အောင် ကို အသာလေးလက်ကုတ်ပြီး အနားကခွာ၏။





“လာ့ လာ .. သူတို့ဘာသာ တုတ်ဆွဲဓားဆွဲတဲ့အထိဖြစ်ကုန်လဲ ပြဿနာမရှိဘူး၊ ငါတို့ရှိနေမှ ပိုဆိုးမှာ”

ဟု ကပ်ပြောတော့ ဦးသက်တင်အောင် က ‘ဟုတ်တယ်’လို့ထောက်ခံ၏။ အမေနှစ်ယောက်ကတော့ ဒုက္ခများကျန်ရစ်လေသည်။

“ဘာဖြစ်တာလဲ အဲဒါ၊ မဖက်နဲ့ဆို မဖက်နဲ့ပေါ့၊ လုပ်ပုံက လူကို ရွံ့ သလို ရှာသလို ...”

“ရွံ့တယ် ရှာတယ် ဘာဖြစ်လဲ၊ အတူတွဲရပ်နေရတာတောင် စိတ်ပျက် လွန်းလို့ ...”

“သြော် .. ဟုတ်လား၊ ဟုတ်ရှာမှာပေါ့၊ ကျုပ်နဲ့တွဲရပ်ရတာ ဂုဏ်သရေ ပျက်လောက်အောင် ခင်ဗျားက လှရှာသကိုး .. ကိုယ့်ပုံကို သေချာလဲ ပြန်ကြည့်ဦး”

“ဘာလဲ .. ဘာဖြစ်ဖြစ် နင့်လိုလူကို စာမဖွဲ့ဘူး”

“ဟား ဟား ဟား”

ဒီလိုရယ်တာကို မုန်းပါသည်ဆိုမှ မပြန်ကြသေးသည့်ဧည့်သည်တွေ ဒီဘက်ကို အာရုံရောက်လာကြတဲ့အထိ ရယ်ချလိုက်တာ နည်းတဲ့အသံ ကြီးမဟုတ်။

“စာမဖွဲ့တာချင်းတူရင် ဘယ်သူကပိုမလဲစဉ်းစားကြည့်စမ်းပါဦး၊ ဟား ဟား.. ဒီနေရာမှာ လူလေးယောက်ပါအောင်ရိုက်မယ်ဆိုရင်တောင် ခင်ဗျား ကိုယ်လုံးကြီးနဲ့ လူမဆံ့လို့ ကင်မရာမင်း ဒုက္ခရောက်ဦးမှာ၊ ဒီကောင်က လူကြီးမိဘစကားအရ သားလိမ္မာမို့လို့ အင်မတန်သဘောထားကြီးရတာ”

“ရတယ်၊ လူမဆံ့မှဆို တခြားလူတွေက အားနာနေဦးမယ်၊ ခုပဲထွက် လိုက်မယ်၊ ငါ မရိုက်ဘူး”

“အို .. ဟဲ့ .. တာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

"မိတာ ဒီလိုမလုပ်ရဘူးလေ"

တာ က သျှုန်ရဲ့ ရင်ဘတ်ကြီးကို ဆောင့်တွန်းပစ်ခဲ့ပြီး ပခုံးကပဝါကိုလည်း ဒီတိုင်းဆွဲလွှဲယူ၍ တွေ့ရာကို ပစ်ပေါက်ထားခဲ့၏။

"တာ .. ဘယ်ကိုလဲ၊ ငါတို့ကိုစောင့်ဦး"

အချစ်တို့လက်ချင်းတွဲ၍ ကမန်းကတန်းလိုက်တော့ အောင်ချိုတို့ကလည်း လက်ချင်းချိတ်ပြီး ရှေ့ကနေ မသွားသာအောင် ကာထားလိုက်ကြရင်း...

"အဲဒါ ငါတို့ကိစ္စမှမဟုတ်တာ၊ ဟိတ်ကောင် လိုက်လေ"

"မောင်လေး ..."

လူကြီးတွေ ဘာမှမပြောနိုင်အောင်ဖြစ်နေဆဲမှာ ဧည့်ခံပွဲထဲကနေ ကားနှစ်စီးက အချိန်သိပ်မကွာဘဲ ရှေ့ဆင့်နောက်ဆင့်ထွက်၏။

"ဘကြီး ဘယ်ကိုမောင်းရမလဲ သမီး၊ ရန်ကုန်ကိုလား"

"ဟင့်အင်း"

လို့ပြောပြီး ဘယ်ကိုမောင်းပါလို့လဲမပြောတတ်၊ ခုပဲ ကိုးနာရီထိုးတော့မည်။ ပြီးတော့ မင်္ဂလာပွဲပြီးတာနှင့် ဦးပညာချွန် တို့လက်ဖွဲ့ထားသည့် 'သျှုန်ဂေဟာ'တိုက်ကြီးမှာ သွားနေရမှာဖြစ်သည်။

ဒီပွဲပြီးလျှင် မိသားစုတွေအားလုံး တာတို့ကို ထိုနေအိမ်သို့ လိုက်ပို့ကြမှာမို့ ဒီညအစီအစဉ်မှာ ဘယ်ကိုသွားမည်ဆိုတာမပါ။

"မောင်းတော့ ဘဘ၊ ရန်ကုန်ကိုပဲ ..."

ဖြစ်ချင်ရာဖြစ် အဖြေတစ်ခုထွက်သွားအောင်ပြောလိုက်တော့ ဦးဝတုတ်က ခေါင်းညိတ်၏။ တာ့ မျက်ဝန်းမှာ ရှက်မျက်ရည်တွေ ဝေ့သီလာသည်။

သျှုန် ရယ်တာ၊ ခနဲ့တာတွေ အမြဲတမ်းကြားခဲ့ ကြုံခဲ့ရပါလျက်နှင့် ကျမှ အသားတုန်အောင်နာတတ်နေသည်။ တစ်ခုခုနဲ့ ရင်ဝကိုဖိကြိတ်





နှိပ်စက်သလို စူးနင့်နေ၏။ သင်းက လူပါးဝလို့ လူကြားသူကြားမှာမှ တမင်ဖွဲ့ဖွဲ့ရွဲ့ရွဲ့ နှိပ်ကွပ်သည်။ သူငယ်ချင်းဆိုတဲ့ဘဝက စကြ၊ ပြိုင်ကြတာ ဘာတွေပြောနေနေ ...၊

အခု လက်ထပ်ကြတဲ့အထိ အနိုင်ယူချင်နေတုန်းလား ...၊ ဒါဆို 'နင့်ကို ဆုံးရှုံးမခံနိုင်ဘူး'ဆိုတာတွေက ဘာလဲ၊ 'စေ့စပ်ပွဲကိုတော့ ငါ လုံးဝအဖျက်မခံဘူး'လို့ ပြောခဲ့တာတွေက မာယာတွေလား ...၊

ဒါ အများကြီးဖြစ်နိုင်သည်ပဲ၊ သာယာတာမဟုတ်ပေမယ့် ခေါင်းထဲ အလေးအနက်မထည့်ခဲ့မိတာက ကိုယ့်အပြစ် ...။ မိန်းကလေးပီပီ သူ့ကို ချစ်ချစ်၊ မချစ်ချစ် အနိုင်ရနေသည့်ဘက်က နေရာရထားခဲ့တာကို ကျေနပ်လိုက်မိ၏။ လူကြီးတွေကိုလည်း ဒီထက် ပို၍မလွန်ဆန်ချင်တာပါသည်။ လက်စသတ်တော့ သူ့မှာ ဒီလိုအနေအထားကျမှ ပိုင်နိုင်စွာနှိပ်ကွပ်နိုင်မှာမို့ မာယာတွေသုံးခဲ့တာကိုး ...၊ ရှုံ့စရာကောင်းလိုက်တာ ...။

"တောက် .."

"သမီး နောက်ကားက ဦးချွန်တို့ကားထင်တယ်၊ မောင်သျှုန် လိုက်လာတာများလား"

ကားဆရာပီပီ ဦးဝတုတ်က ညအမှောင်လမ်းမပေါ်မှာတောင်မှ မျက်စိရှင်၏။ တာ လှည့်မကြည့်ပေမယ့် ဟုတ်နိုင်သည်ကို တွက်မိလိုက်သည်။

"ဘဘ ဘာလို့ အရှိန်မလျှော့တာလဲ"

"ဟင် .. မချရဘူးလား"

တာတို့ ရန်ဖြစ်လာကြတာကို သိသလို မသိသလိုပုံနှင့် ဦးဝတုတ် မေးနေ၊ ဖြေနေသည့် စက္ကန့်တွေအကူးမှာ နောက်ကားကို စောင့်သလိုဖြစ်သွားတာလား၊ တမင်တကာ လုပ်နေတာလား၊ တွေးမိတုန်း သျှုန့် ကားက ကျော်တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘ ကွေ့ရှောင်သွားပေး"

တာ ပြောလိုက်တာကို ဦးဝတုတ် က နာခံပါသည်။ ဒါပေမယ့် သျှန် က ကားကို ရှေ့ကနေသွားနေရင်းကနေ ကန့်လန့်ပိတ်ထားလိုက်ရာ ...

"တောက်"

တာ ဒေါသဖြစ်ဖြစ်နှင့် တက်ခေါက်၏။ သျှန် က ကားပေါ်ကမဆင်းဘဲ သူ့ကားထဲကနေ လက်တစ်ဖက် ခေါင်းတစ်လုံး ထွက်လာကာ ...

"ဟိတ် .. ဒီဘက်ကို ကူးလာခဲ့"

"မြင်လိုက်ရရင် မျက်နှာက စပ်ဖြဲဖြဲ"

"ဘာဘ ညာဘက်ကနေ ဘီးတစ်ဖက်ချပြီး ဆောင်းထွက်လို့မရဘူးလား"

"မရဘူး သမီး၊ အဲဒီဘက်ခြမ်းမှာ နေ့လယ်ဘက်က ကတ္တရာကြိတ်ထားတဲ့မီးဖိုကြီးရှိတယ်၊ ကျောက်စတွေရောပဲ"

ဘယ်ဘက်ကတော့ ကျောက်ပုံကြီးနဲ့မို့ ဘယ်လိုမှမရှောင်သာပါ။

"တာ အန်တီမိမိက ပြန်လိုက်ခဲ့ရမယ်လို့ သူမှာတဲ့အကြောင်း အမိန့်ပေးလိုက်တယ်"

"မေမေ့အမိန့်ကို နင်ကသယ်လာတဲ့အတွက် ဆောရီးပဲ၊ ရှေ့ကနေ ပြောင်မနေနဲ့၊ ဖယ်လိုက် နင့်ကားကို ..."

သျှန် က ပခုံးနှစ်ဖက်တွန့်လိုက်ပြီး ကားကိုမဖယ်ဘဲ သူပဲဆင်းလာ၏။ ပြီးတော့ တာ့ဘေးမှာရပ်ပြီး တံခါးကို သူ့ဘာသာဆွဲဖွင့်လိုက်ကာ—

"လာ .. ဆင်းခဲ့"

"အံမာ .. ဘာလို့ဆင်းရမှာလဲ၊ မေမေ့ကိုပြောလိုက်၊ ငါ ရန်ကုန်သွားပြီလို့ ..."

"မေမေနဲ့ မသက်ဆိုင်တာတွေ မှာမနေနဲ့၊ ဒီအပိုင်းက ငါ့အပိုင်း၊ အရင်လို သွားချင်တိုင်းသွားလို့မရတော့ဘူး၊ ငါက နင့်ယောကျ်ား"





"သျှန် .. နင် လူပါးဝမနေနဲ့နော်၊ ငါ နင့်ကို လုံးဝအမတ္တာမရှိဘူး၊ နင်က ငါ့ထက်ပိုတယ်မဟုတ်လား၊ အခု လူကြီးတွေရှေ့မှာ နင်ကိုယ်ဘိုင် ပြောင်မြောက်စွာဖွင့်ပြခဲ့ပြီးပြီ၊ အဲဒီတော့ မှတ်ထားလိုက်၊ စေ့စပ်လက်ထပ်ပြီးခဲ့ပေမယ့် နောက်တစ်ခု ...၊ စေ့စပ်လက်ထပ် ကွာရှင်းပြီးစီးပြီလို့ .."

"ဟား ဟား ဟား"

ခက်ပါလားဟုတွေးဖြစ်ရင်း ဦးဝတုတ်ကတော့ စိတ်ညစ်သွားသည့် မျက်နှာကြီးနှင့် ခေါင်းကုတ်၏။ ဒီကလေးတွေ မင်္ဂလာဆောင်တမ်း ကစားကြတာလား ...။

သျှန် က ဘယ်အချိန်ပဲရယ်ရယ် အခြောက်တိုက်ရယ်သံမျိုးကြီး ထွက်လာတယ်ဆိုတာ မရှိဖူးပေ။ တစ်ခုခုအပေါ်မှာ တကယ် ဟာသမြောက်သွားတာကို သဘောကျပြီး အူလှိုက်သည်းလှိုက်ရယ်တာနဲ့ပဲတူသည်။ ထို့ကြောင့်လဲ ကြာရှည်စွာ ရယ်တတ်ခြင်းက ပို၍မှန်းစရာကောင်းနေသည်ထင်၏။

"ဒီလောက်ရယ်လို့ကောင်းနေတာ သွားပေါက်ချင်လို့တော့မဖြစ်နိုင်ဘူး၊ အစွယ်ပေါက်လာဖို့ပဲဖြစ်မယ်၊ ကြာရင် နင့်ရုပ်ပါ ဘီလူးရုပ်ပေါက်လာလိမ့်မယ်၊ ဆက်ရယ် .."

"ရယ်စရာတွေပြောတာကိုး ...၊ ဒီလိုကွာချင်တိုင်းကွာလို့ရကြသလား၊ အခု နောက်မှာကျန်ခဲ့တဲ့ပွဲက နင်နဲ့ငါ နှစ်ယောက်တစ်ဘဝအတွက် ဘဝစာမျက်နှာပဲ၊ မုန်တောင်မှ ဖဲ့ယူလို့မရတာရှိတယ်၊ ရတာရှိတယ်၊ ဒါက ဘဝ၊ တစ်ဖက်ခြမ်းထဲ ဖဲ့ယူလို့မရဘူး"

ပြောပြီး တာ့ လက်ကလေးကို ဖျတ်ခနဲလှမ်းဆွဲသည်။

"ဖယ် .. ဘာလုပ်တာလဲ၊ လွှတ်နော်"

တာ သူ့ကို ထုရိုက်ဖို့လည်းအချိန်မရ၊ ပေကပ်ထိုင်နေလို့လည်းမရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ ဝတ်ထားတာက သုံးလွှာစကတ်ကျပ်ကျပ်လေးရယ်၊ လက်ကြောင့် လူက သူ့ဘက်ကို ယိုင်ကျသွားသည်နှင့် တစ်ကိုယ်လုံး ပြုတ်ကျတော့သည်။ သူ့ရင်ခွင်ထဲကို ပုံပျက်ပန်းပျက် လုံးထွေးကျသွားသဖြင့် ဒေါသတွေ မှုန်သွား၏။

"သျှန် .. နင် .. နင် ဖယ်စမ်း"

ပါးရိုက်ပစ်လိုက်ဖို့ လက်မြှောက်တော့ လက်ကို လိုရာအရောက်မခံ။ ရုန်းကန်ပစ်ဖို့ကျတော့လည်း သူက အတင်းသိမ်းချုပ်ဖ  ားသဖြင့် ဘယ်လိုမှမရ။

"ဘကြီး .. သွားတော့ .. ရပြီ"

"အို .. ဘဘ မသွားနဲ့၊ နင် ဘာလုပ်တာမှာတာလဲ"

နှစ်ယောက်သား တွန်းထိုးနေကြတုန်း ဦးဝတုတ်က ပြန်လှည့်မောင်းသွားတော့သည်။ လင်နဲ့မယား ဘာဖြစ်နေနေ ကြားမဝင်ချင်တဲ့ပုံမျိုး။

"လွှတ်လို့ ပြောနေတယ်နော်"

ရုန်းနေရင်း သူ့ကားနားထိ ပါသွားခဲ့၏။

"တက်"

"ဘယ်လိုတက်ရမှာလဲ"

"မရဘူး .. တက်ကွာ"

"နင့်ကိုပဲ ပါးရိုက်ချင်တယ်"

တာ က တကယ်ရိုက်ပစ်လိုက်သည်။ သျှန် က လက်ကိုရှောင်လိုက်ပြီး ထိုလက်ကိုပဲ ပြန်ဖမ်းထားလိုက်ကာ ...

"တာ ..."

"မခေါ်နဲ့ .. နင့်ကို လုံးဝမပေါင်းဘူး"

"ခဏလေးနားထောင်"





"မထောင်ဘူး"

"ခဏလေး ...၊ ပါးလဲမရိုက်နဲ့ဦး၊ ငါ့ကို ဆယ်မိနစ်လောက်ပြောခွင့်ပေး၊ ပြီးရင် ကြိုက်သလိုစီရင်သွား"

ပြောပြီး သျှန် က စူးစိုက်ကြည့်နေ၏။ ညက မှောင်ပေမယ့် လလည်းသာနေသည်။ မီးတိုင်တို့ရဲ့ မလှမ်းမကမ်းလင်းအားလည်းရှိနေ၏။

တစ်ယောက်မျက်နှာကို တစ်ယောက် ကောင်းစွာမြင်နေရလျက်..

"နင် ငါ့ကို တကယ်မုန်းနေတာလား"

"ပြောမပြတတ်အောင်ပဲ"

"ဘာဖြစ်လို့လဲ"

"မျက်နှာပြောင်လွန်းလို့၊ ယုတ်မာတတ်လို့ ..."

သျှန့် မျက်နှာ စပ်ဖြဲဖြဲအပြုံးတွေ၊ ရယ်မြူးခြင်းတွေ ဘာမှဖြစ်မသွားခဲ့ဘဲ တာ ပြောသမျှကို မျက်နှာ ခပ်ငုံ့ငုံ့နှင့်နားထောင်နေ၏။

ပြီးတော့ ခေါင်းညိတ်လိုက်ရင်း ပြန်မော့လာသည်။

"ငါကတော့ ဘယ်တုန်းကမှ မမုန်းခဲ့ဘူး"

"ဟွန့်"

"တကယ်ပြောတာပါ၊ ချစ်တာ၊ ခင်တာတွေ မသိဘူး၊ နင် ဘယ်ရောက်နေနေ နင်နဲ့ အတူတူရှိနေချင်တယ်၊ ဟိုတုန်းကတည်းက တစ်နယ်စီနေခဲ့ပေမယ့် ငါ ချောင်းလေးကိုအပြည့်လာတိုင်း နင်တို့ရဲ့ရွာသစ်ကုန်းကို လာတယ်၊ အဲဒီမှာလိုလိုချည်းနေလို့ လိုက်ခေါ် ရဝဲ့လူတွေနဲ့ နင့်အဖေရဲ့ လူစုတွေလဲ ခဏခဏစကားများကြတယ်လေ၊ နင် အဲဒါတွေမှတ်မိမှာပေါ့"

မှတ်မိနေတာက သူရောက်လာတိုင်း ရန်ဖြစ်ရတာကိုပဲ ဖြစ်သည်။ သူလည်းမပြောလို့လား၊ ရောက်လာပြီဆို 'နင်နဲ့ရန်ဖြစ်ဖို့လာတာ' ဟု အစချီစကားနှင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



"ရန်ဖြစ်ချင်နေတာက ဘာဖြစ်လို့မှန်းမသိပေမယ့် နှင့်အသံ နှင့်ပုံစံနဲ့ အကြာကြီးဝေးဝေးမနေခဲ့ဖူးဘူး၊ အဲဒါ ဟုတ်နဲ့မဟုတ်လဲ ပြန်တွေးကြည့်ပါဦး"

"နေပါဦး၊ အဲဒါတွေ အခု ဘာလုပ်ဖို့လဲ၊ နှင့်မိန်းမဆိုတဲ့ လက်ဝယ်ပိုင် ပိုင်ဘဝကို မရောက်သေးလို့ ဖြားယောင်းနေတာလား .. ဆောရီး ..."

"ဖြားယောင်းဖို့မလိုပါဘူး၊ နှင်နဲ့ပေါင်းသင်းကြသည်ဖြစ်စေ, မပေါင်း သင်းဘူးဖြစ်စေ မနက်ဖြန်ဆိုရင် နှင်ရဲ့အိမ်ထောင်သည်ဘဝ စပြီ"

တာ့ မျက်နှာလေး ချနဲ့ဖြစ်သွား၏။ မမြင်ရပေမယ့် မျက်နှာလွှဲပစ် လိုက်တာကို မြင်နေရသဖြင့် သျှန် က ပြုံးသည်။

"တက္ကသိုလ်မှာ နှင်တို့သူငယ်ချင်းတွေထဲကိုဝင်ရောဖို့ ငါ ဘယ် လောက်ကြိုးစားရသလဲ နှင်သိလား၊ အဲဒါ နှင်ပြောသလို မျက်နှာပြောင် တာမဟုတ်ဘူး၊ နှင်နဲ့ နီးနီးနေချင်တာ အဆောင်ချင်းနီးနီးလေးဖြစ်သွား တာလဲ အဲဒါ တမင်တာကာပဲ"

ပြောနေရင်း သျှန် က တာ့ လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင် လိုက်၏။ တာ ကလည်း မဆိုင်းမတွခါချပစ်သည်။

"နှင့်ကို ဝလို့ ဘာညာတွေ ဘယ်လိုပဲ ပါးစပ်က စ,နေနေ ငါ့မျက်လုံး ထဲမှာ နှင်က သိပ်လှတယ်၊ အမြဲတမ်း ဘယ်အချိန်ဖြစ်ဖြစ် လှနေတယ် ဟိုအရင်တည်းက ဝဝတုတ်တုတ်ကောင်မလေးဆိုတဲ့ မျက်လုံးနဲ့ ကြည့်ခဲ့ တာမပါဘူး တာ၊ ချစ်စရာကောင်းတဲ့ အသိနဲ့ပဲ ..."

မယုံဘူးလို့ ပါးစပ်က မပြောပေမယ့် တာ က နှုတ်ခမ်းမဲ့၍ မျက်နှာ လွှဲပစ်သည်။ ရှက်သလိုလို၊ ပူရှိန်ရှိန်ဖြစ်သွားသည့်ရင်ထဲကိုတော့ မကျေနပ် ပါ။ ဒီကောင် ညစ်ချင်လို့ လာပတ်နေတာကို ...၊

"တာ .."

သူ ရှေ့တိုးလိုက်တော့ တာ က နောက်ဆုတ်၏။





"အခု မင်္ဂလာပွဲထိ ငါ နှင် ဒေါသတွေဖြစ်အောင် တမင်လုပ်နေတာ အဲဒါကို မသိဘူးလား"

"မသိဘူး၊ ခဏခဏပါးရိုက်ချင်စိတ်တွေဖြစ်လို့ တက်ချည်းပဲခေါက် နေရတယ်"

"ခဏခဏပါးရိုက်ခံပြီး အနားကမခွာနိုင်သေးတဲ့ကောင်ကိုတော့ ဘာဖြစ်လို့နားမလည်တာလဲ တာ၊ နောက်ထပ် နားမလည်သေးရင်လဲ ထပ်ရိုက်လို့ရပါတယ်၊ ငါပြောပြခဲ့သမျှကို မယုံကြည်ဘူးဆိုရင်ပေါ့ ..."

ထိုစဉ် ကားမီးရောင်တစ်ချက်ဝှေ့လာသဖြင့် သျှန် က ကားပေါ် ပြန်တက် ပြီး လမ်းဘေးမှာ ချထားလိုက်၏။ တာ့ လက်ကလေးကိုဆွဲ၍ ကားဘေး မှာ သွားရပ်နေလိုက်စဉ် ကားကြီးတစ်စီး အနားကနေဖြတ်မောင်းသွား၏။

"ငါ့ကို ရန်ကုန်ပြန်ပို့ပေး၊ မပေးရင် ငါဟာဒါ ကားကြုံနဲ့လိုက်မယ်"

"ဘယ်ကိုဖြစ်ဖြစ် သွားချင်တဲ့နေရာပို့ပေးမယ်၊ ပြောပြီးအောင်စောင့်"

"ဘာမှမထူးဘူး သျှန်၊ နှင်ပြောမှာတွေကို မယုံကြည်ဖို့ ငါဆုံးဖြတ် ထားတယ်၊ လက်ထပ်ပြီးပေမယ့် ငါ နှင့်ကို မပေါင်းနိုင်ဘူး၊ ကွဲဖို့ကွာဖို့ကိစ္စ ဘာတော့ အခြေအနေအရပဲ"

"မချစ်ဘူးဆိုရင်နေပါ၊ မမုန်းဘူးဆိုရင် ရပြီ၊ ငါ နှင့်ကို ကွာရှင်းပေးဖို့ ဘယ်တော့မှ စိတ်မကူးဘူး၊ အဲဒါ သေချာတယ်"

"သျှန် နှင် စကားတစ်ခွန်းကို လျှာဖျားလေးနဲ့ပဲ ပြောလို့ရတယ်ဆိုပြီး အမျိုးမျိုးပြောနေတာလားဟင် ...၊ အမျိုးမျိုးပြောင်းနေတဲ့ နှင့်စကားတွေ အမှုအရာတွေကို ငါ ရှုံကယ်၊ ယုံကြည်မှု ခင်တွယ်မှုတွေလဲ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး"

"ငါ့အမူအရာတွေပြောင်းနေတာက နှင့်ဘက်က ပြင်းထန်မှုတွေကို ဘယ်လိုခံစားရမလဲဆိုတဲ့ ခင်းကျင်းပြင်ဆင်မှုတွေပဲဟာ ...၊ ငါပစ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



မြားတွေက ဘယ်လိုပစ်ပစ် ဒီဂရိုမျှားစွာတိမ်းစောင်းပြီး နင့်ဆီကို ဝင်နေတာ ငါသိတယ်၊ ဒီည မတည့်အောင်တမင်ပြောနေတာတွေက နင့်ခေါင်းတွေ စိတ်ရှိလက်ရှိပေါက်ကွဲသွားအောင်ပါ။ အနိုင်မခံ အရှုံးမပေးတဲ့ဘက်မှာ ငါ အမြဲနေခဲ့ပေမယ့် ဘယ်လောက်ထိ ညွတ်ယိမ်းခဲ့သလဲဆိုတာကို ဒီပွဲပြီးတာနဲ့ ငါ သက်သေပြနိုင်တယ်ဆိုတာကိုလဲ ယုံကြည်လို့ ...”

“သက်သေပြချက်တိုင်း အမှတ်ပြည့်ရတတ်လို့လား”

“ငါကတော့ ရအောင်ယူနိုင်တယ်”

သျှန် က တာ့ လက်ဖဝါးလေးကို လှမ်းဆွဲ၏။ ဖျတ်ခနဲခါချပြီး နောက်ဆုတ်လိုက်သဖြင့် ပခုံးတစ်ခြမ်းနဲ့ ကားနဲ့ထိမိသွားသည်။

တာ က တံခါးကိုဆွဲဖွင့်ကာ ရှေ့ခန်းဝင်ထိုင်လိုက်ပြီး ...

“နားမထောင်ချင်ဘူး။ ငါ့ကို ရန်ကုန်ပြန်ပို့”

တိုက်ပုံအင်္ကျီ တကားကားနှင့် သျှန့်မျက်နှာမှာ ဆွေးရိပ်သမ်းသွားသည်။ အကြာကြီးရပ်နေပြီးမှ ပဲ့ ဘက်ကနေ မောင်းသူနေရာမှာ ဝင်ထိုင်လိုက်ကာ ...

“တာ ...”

တာ က လှည့်မကြည့်ပေ။ ကားမီးရောင်တွေ ဝင်းခနဲဖြစ်သွားမှ မကျေမနပ်လှည့်ကြည့်၏။ သျှန့်လက်က မီးခလုတ်ပေါ်မှာ တင်လျက်သားနှင့်—

“ငါ နင့်ကို သိပ်ချစ်တယ်”

တာ မျက်နှာပြန်လွှဲပစ်သည်။ ထိုအခါ ပေါင်ပေါ်မှာတင်ထားသည့် ဘယ်လက်ကို သျှန် က ဆွဲယူလိုက်၏။

“ဘာလုပ်တာလဲ၊ ငါ့ကို ပိုကိုင်ဒီကိုင် မလုပ်နဲ့နော်၊ ငါ့စိတ်ထဲမှာ နင့်ကို ငါ လက်ထပ်ထားတဲ့ယောကျ်ားလို့ သိထားတာမဟုတ်ဘူး”

“သိထားအောင် ငါ့ဘက်က ကြိုးစားရမှာပဲ”





သျှန် က တိုက်ပုံအင်္ကျီရင်ဘတ်အိတ်ထဲကို ဘာနှိုက်ယူလိုက်မှန်းမသိ။ မကြည့်ဘဲနေဖို့ပေမယ့် မျက်လုံးက သူ့လက်ထဲကို စိတ်ဝင်တစားစွေစောင်းရောက်ရှိသွားသည်။ ဘူးတွေ ဘာတွေမပါဘဲ သူ့လက်ထဲမှာ ပါလာတာက လက်စွပ်လေး တစ်ကွင်း ...၊

“သိလား .. ဒါ နင့်လက်စွပ်”

တာ့ မျက်နှာ တစ်မျိုးတော့ပြောင်းသွားခဲ့၏။ ထိန့်ဝါနေသည့် ကားထဲကမီးရောင်အောက်မှာ နှာတံကော့ကော့၊ နှုတ်ခမ်းပြည့်ပြည့်လေးနှင့် သိုမျက်နှာလေးမှာ ပြောင်းလဲသွားသည့်ကောက်ကြောင်းတို့ကို သျှန် က အမိအရ အကဲခတ်၏။

“ဒါကတော့ ငါ့ဘက်ကပြနိုင်တဲ့ နောက်ဆုံးသက်သေပဲ၊ နင့်ဘက်က ငါ ယုံကြည်နိုင်လောက်စရာမဟုတ်သေးဘူးလို့ ကောက်ချက်ချချင်တယ်ဆိုရင်တော့ ငါတို့ရဲ့အိမ်ထောင်ရေးဟာ လိုက်လျောကြည်ဖြူခြင်းကင်းစွာနဲ့ ခြောက်သွေ့စွာဖြတ်သန်းရတော့မှာပေါ့။ ဒါပေမ. ငါ စိတ်ရှည်လက်ရှည်စောင့်မယ်၊ လမ်းခွဲဖို့စကားတော့ မပြောပါနဲ့”

သူ့စကားလုံးတွေက မလိုလားစွာ နားဆင်နေရင်းကပဲ လိုလားဖွယ်ခံမှတ်ထဲအရောက် ဘယ်လမ်းကြောင်းကနေ ဘယ်လိုမှောင်းနှင် ဝင်ရောက်ကုန်သည်မသိ။ တာ့ မျက်ခုံးလေးနှစ်ဖက် တွန့်ချိုးနေပေမယ့် မျက်တောင်ခတ်သည့်အကြိမ်ရေတွေများလာခဲ့သည်။ မျက်တောင်ခတ်ခြင်းဟာ လက်ခံစဉ်းစားခြင်းဆိုလျှင် သူပြတဲ့ သက်သေဆိုသည့် လက်စွပ်လေးကြောင့် သူမ တွေဝေသွားခဲ့ပြီဖြစ်၏။

“ဒီလက်စွပ်လေးကို ပြန်ရဖို့ ငါ ဘယ်လောက်ကြိုးစားရလဲ သိလား”

တာ့ မျက်ဝန်းတွေ သူ့ဆီရောက်သွားသည်။ သျှန် က မြူးပြုံးရင်းဘေးကို တိုးထိုင်လိုက်သည်။ မငြင်းဖြစ်လိုက်ပေမယ့် တာ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေး ရှုပ်ပုပ်ဖြစ်သွားကာ ဟိုဘက်ကို ပခုံးလေးကျုံ့ပြီး ကပ်၏။

သျှန် က တော့ လက်ခုံနုနုလေးတစ်ဖက်ကို ဆွဲယူလိုက်ပြီး ကျရှင်ပေါ် မှာ လက်တစ်ဖက်ဆန့်တင်၍ ...

"ခဏလေးပဲယူထားပေးပါလို့ပြောပြီး ငါ ပိုက်ဆံနည်းနည်းလေးဆဲ ယူခဲ့တာ၊ အဲဒါကို သွားပြန်ယူတော့ လုံးဝမသိပါဘူးလို့ ငြင်းတယ်"

"ဘယ်ဆိုင်လဲ"

"ရွှေဆိုင်ပဲလေ၊ ငါ အဲဒီလက်စွပ်ထားခဲ့တုန်းက ရွှေဆိုင်လို့တောင်မထင် ရဘူး၊ ရှိုးကေ့စ်သေးသေးလေးထဲမှာ ပစ္စည်းလေးနှစ်မျိုး သုံးမျိုးနဲ့ ဘာစာမှ လဲရေးမထားဘူး၊ အဲဒါကြောင့် ငါ ဝင်ထားခဲ့တာ၊ သွားပြန်ယူတော့ ပြင်ပ ရွှေမဝယ်ပါဆိုတဲ့ ဆိုင်းဘုတ်ကို ပြူးပြဲနေအောင်တင်ထားတယ်"

"ဟုတ်လား၊ လက်စွပ်က သိပ်တန်ဖိုးကြီးတာလဲမဟုတ်ဘဲနဲ့ ..."

"သူလဲ အဲဒီလိုပဲပြောတယ်"

သျှန် က တော့မျက်နှာလေးကြည့်သွားတာကို အကဲခတ်ရင်း ကျေနပ် သွားခြင်းဖြင့် သူ ရင်ဆိုင်ခဲ့ရတာကို သေချာပြောပြသည်။ ထိုအချိန်က လူ့သဘောသဘာဝတွေကို သူ့မှာ အံ့ဩခဲ့ရတာဖြစ်သည်။ ဒီလောက် ပစ္စည်းလေးကို သူတို့ ဘာဖြစ်လို့ ဒီလိုလုပ်ရဲတာလဲ မသိပေမယ့် ကိုယ့် အတွက်က ငွေနဲ့တန်ဖိုးဖြတ်၍မရနိုင်သော ပျောက်ပျက်လို့မဖြစ်သည့် ရတနာ ...၊

"ဟောဒီမှာ စာရေးထားတာမြင်လား၊ အန်တီတို့က ပြင်ပရွှေ ဝယ်လို့ မဝယ်ဘူး၊ မင်း ဆိုင်မှားတာဖြစ်မှာပါ"

"မမှားပါဘူး၊ ဒီနားမှာ သေးသေးနုပ်နုပ်ဆိုင်လေး ဒီတစ်ဆိုင်ပဲရှိတာ သိပ်တခမ်းတနားရှိနေတဲ့ဆိုင်မျိုးဆိုလဲ ကျွန်တော် ဒီပစ္စည်း မှန်မှန်မှ ... လေး ဘယ်ဝင်ရောင်းရဲမလဲ"





ဒေါသဖြစ်ဖြစ်နှင့် ရွှေဆိုင်ရဲ့ ထည်ပါခမ်းနားမှုကို ချိုးနှိမ်းခန်းဖွင့်ပေး လိုက်သည်။ အသက်ငါးဆယ်ခန့်ရှိလောက်သည့် အမျိုးသမီးကြီး က ဟန့် ပန့်တွေထိန်းရင်း ရှက်တာကိုဖုံးဖိရင်းနှင့် သူ့ဆိုင်မှာရှိသမျှ လူတွေကို အကုန်ခေါ် လိုက်၏။

"ဟုတ်ပြီ မင်း ရောင်းခဲ့တယ်ဆိုတဲ့လူကို လက်ညှိုးထိုးပြ၊ ဒီနေရာမှာ မင်းဘက်က မှားသွားရင်တော့ ငါတို့ဂုဏ်သိက္ခာအတွက် အလကား ဘာ မှဖြစ်မှာမဟုတ်ဘူးနော်၊ ဘယ်လိုလဲ .."

"အန်တီ ဝါသနာပါရင် ခေါ် လိုက်ပါ၊ ဒါပေမယ့် ကျွန်တော် ရောင်းသွား တော့ အန်တီ ဘေးမှာရှိတယ်၊ ဆိုင်ပိတ်ခါနီးပြီ မြန်မြန်လုပ်ဖို့တောင် လှည့် ပြောသေးတယ်၊ ပြင်ပရွှေမဝယ်ပါဆိုတဲ့ ဆိုင်းဘုတ်လဲမရှိဘူး၊ မဝယ်ဘူး ဆိုတဲ့ စကားလဲ ဘယ်သူကမှ မပြောဘူး၊ ကျွန်တော် ရောင်းမယ်ပြောပြီး ပစ္စည်းချပြလိုက်တာနဲ့ တန်းကောက်ချိန်တာ၊ မုံစံတူချင်းဆိုတော့ အဲဒီ အမျိုးသမီးကလဲ အန်တီ့သမီးပဲနေမှာပါ"

"အို... အမိပ္ပာယ်မရှိတာ၊ ငါ့သမီးက ဘယ်တော့မှဆိုင်သိမ်းတဲ့အထိ မနေဘူး၊ အဲဒီနေ့က သူ ခရီးသွားစရာရှိလို့ ပိုတောင်မနေသေးတယ်"ဟု ပြောလိုက်ပြီးမှ ...

စကားမှားသွားတာကို ဆုံးအောင်ပြောပြီးမှသိသည်။ တစ်ဖက်သား မခံချင်အောင် ရယ်တတ်သော သျှန့်ရယ်သံနှင့် မဲ့ပြုံးတွေကြောင့် အမျိုး သမီးကြီး ခြေလှမ်းတွေမှားကာ ပစ္စည်းတစ်ခုကိုကိုင်လိုက်၊ ချလိုက် အဝင် ဝင်တော့မလိုလို၊ ထွက်ပဲသွားတော့မလိုလို ...

"အဟွန့်..ဟွန်း . ကျွန်တော့်လက်စွပ်ဖိုးကို အိတ်ထဲပြန်မဖွင့်နဲ့ အံဆွဲ ထဲကယူလိုက်လို့ ပြောတာလဲ အန်တီပါပဲ၊ အဲဒီနားမှာ အန်တီ ... သေချာသားနဲ့ ...၊ ကျွန်တော့်ပစ္စည်း ပြန်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲကလူတွေကို တန်းစီထွက်ခိုင်းပြီးမှ စကားတွေမှားကုန်တာနဲ့ သျှန် အနိုင်နဲ့ပိုင်း၍ပြောလိုက်ချိန်မှာ သူ့ရှေ့မှာ ပန်းထိမ်သမားတွေကအစ လူလေးယောက် ဝိုင်းပတ်ထားသလို စုံစုံညီညီရှိနေကြ၏။

သျှန် က ဂရုမစိုက်ပါ။

"ဒီလက်စွပ်လေးက တစ်သိန်းစွန်းအောင်မတန်ပါဘူး အန်ကယ်၊ ခု လောက်ပြောနေကြရတာပဲ တစ်သိန်းမကတန်နေပြီ ဒါပေမယ့် ကျွန်တော် ကတော့ ဒီလက်စွပ်ကို မရရအောင်ပြန်ယူဖို့ ဘယ်နည်းနဲ့မဆို အရစ်ရှည် နေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အတွက် တန်ဖိုးရှိနေတာက ရွှေတန်ဖိုးမဟုတ်ဘူး၊ အဲဒီလက်စွပ်ပဲ"

ဆိုင်ရှေ့မှာရပ်ထားသည့် ပါဂျရိုးကားကိုလှမ်းကြည့်ပြီး သျှန့်ကိုယ် ပေါ်မှာ မျက်လုံးတွေနှစ်ဂတ်သုံးပတ်ထပ်ဝေ့သည်။

ထိုကိစ္စကို အချိန်ကြာကြာစဉ်းစားသလိုလုပ်ပြီးမှ ...

"ဒအေး .. ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မင်းလက်စွပ်မှာ လဲ အမှတ်အသားမပါဘူးဆိုတော့ မောင်းကွင်းတွေအားလုံးကို ချိန်ကြည့် ပေးမယ်၊ ရွှေချိန်ပြော .."

"ပြောဆိုရင်တော့ ပြောရမယ်၊ ဒါပေမယ့် အမှတ်အသားမပါတာပဲရှိ တယ်၊ မောင်းကွင်းက အပြားခံမဟုတ်ဘူး၊ ရော်ဘာကွင်းပုံလုံးလုံးလေး အချိုင့်ရာလေးတစ်ခုပါတယ်၊ ရွှေချိန်က သုံးပဲသုံးရွေး၊ ကျွန်တော့်ပစ္စည်း ကို ကျွန်တော်သိတယ်၊ မနေ့ညနဲ့ ဒီမနက် ရှစ်နာရီမထိုးသေးခင်မှာ ဒီလက် စွပ် အရည်ပျော်သွားပြီဆိုရင်တော့ အဲဒါ ရှေ့ရှိတယ်နော်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလက်စွပ်အစား ဝာစ်မတ်ကျော်တာ ငါးမူးသားရှိတာ ဘာငွေ ပေး ကျွန်တော် မှလိုချင်ဘူး"

ပြသနာက ကိုးနာရီခွဲကျော်မှ ပြီးသွားခဲ့သည်။ ဒါတောင် သူ အားလုံး





ကိုဝေ့ကြည့်ပြီး ဟန်းဖုန်းထုတ်၍ ထင်ရာတွေပြောခဲ့သေးသည်။

"ခုပဲ ကျွန်တော်က ဖုန်းဆက်တော့မလို ... ဆောရီးပဲ"

"ဘာ ..."

"ခုနကတင် ပညာရသွားတာပါ၊ ကျွန်တော်ကိုယ်တိုင် လာရောင်းတဲ့ အချက်ကို မျက်နှာပြောင်ပြောင်နဲ့ဖုံးကွယ်လိုက်ရင် ဒါက သူခိုးလက်ခံဖြစ် သွားမှာလေ၊ ပြောသားပဲ ရှေ့ရှိတယ်လို့ ..."

ပြောပြတာတွေကို နားထောင်နေရင်း ရင်ထဲမှာ ကြည်နူးမိသလိုလို ရယ်ချင်လာသလိုလို ...၊ ပြီးတော့ အမြဲတမ်း မှုန်းစရာကောင်းလာခဲ့သည့် မျက်နှာက ကြည့်နေရင်း ခင်မင်ဖွယ်မျက်နှာကဲ့သို့ ခံစားမိလာ၏။ သျှန် က လုံးစေ့ပတ်စေ့ပြောပြရင်း မဲ့သွားလိုက်၊ လက်ခါလိုက်ပုံစံမျိုးစုံ ဖြစ်နေ လျက် ဆိုင်ပိုင်ရှင်မိန်းမကြီးဖြစ်သွားတဲ့ပုံကို သဘာဝကျအောင် မဲ့ရွဲ့ပြ နေတော့ တာ ရယ်ချင်လာသဖြင့် တစ်ဖက်လှည့်ပြုံးမိ၏။

"မရဘူးလေ၊ အဲဒီမျက်နှာကို ကြည်ကြည်သာသာဖြစ်လာအောင် ဒီမှာ သရုပ်ဆောင်နေရတာ၊ အမောပြေအောင် ဒီဘက်လှည့် ..."

"ဘာဆိုင်လို့လဲ"

"ခိုးမပြုံးကြေးပေါ့"

"သွားစမ်းပါ"

"သွားမလို့ အသည်းအသန်ခေါ်နေရတာပေါ့၊ ဒီမှာ တာ .. ဒီဘက် လှည့်ကွာ"

ကူရှင်မှာတင်ထားသည့်လက်က ပခုံးကို တင်းခန့်ဆွဲဖက်ပစ်လိုက် ခြင်းဖြစ်လျက် ...

"နည်းနည်းလေးတောင် မကြည်ဖြူနိုင်ဘူးလားဟင် ..."

"သူ ညစ်ပတ်တဲတ်တာကို အံ့ဩလို့နားထောင်နေတာ၊ ရောင့်တက်



www.burmeseclassic.com

www.burmeseclassic.com



မလာနဲ့ .. ယွှတ်"

"နည်းနည်းတော့ တက်ခွင့်ပြုပါ"

"ဘာ ..."

"ရောင့်တက်ဖို့လေ၊ ကိုယ်လက်ထပ်ထားကဲ့မိန်းမကို ဘာညာကွိုရှူ လေးတော့ရှိသင့်တာပေါ့"

"နှင်နော် .. သွား ..."

ဒီလက်စွပ်ကလေးနဲ့ပတ်သက်သည့် အကြောင်းအရာလေး တစ်ချက်ကို ကြားလိုက်ရတာနှင့် သူ့အပေါ် မှတင်ရှိသမျှ မယုံကြည်နေတာတွေ၊ မကျေနပ်ခဲ့တာတွေအားလုံး ပြေပြေပျောက်ပျောက်ဖြစ်သွားသလို ကြီး ရင်ထဲမှာပေါ့ပါးသွားတာ ကိုယ့်ကိုယ်ကို အံ့ဩနေမိ၏။

အစကတော့ ဒီမကျေနပ်ချက်အမုန်းများဟာ ကမ္ဘာကျေတာတောင် ဥဒါန်းမကျေနိုင်သည့်အမုန်းတွေလိုလို ...၊

"တာ .."

"ကားပြန်မောင်း"

"ဘယ်ကိုလဲ"

တာ ခဏ အသံတိတ်သွားပြီးမှ ...

"နောက်ကိုပြန်လှည့်"

"ဟင် ... ဒါဆို ..."

"ဒါပေမယ့် နှင့်ကို ငါ ယောကျ်ားတစ်ယောက်လို သဘောထားနိုင် တော့..."

"ပြဿနာပဲကွာ၊ လက်ထပ်ပြီးပြီဥစ္စာ .. ယောကျ်ားပဲဖြစ်ရမှာပေါ့"

မျက်နှာမဲ့သွားရင်း သျှန် က တာ့ လက်ကလေးဆွဲယူပြီး လက်ချောင်းလေးတွေကို ဖြန့်၏။





"လှတယ်၊ ငါလေ နှင် နှုတ်ခမ်းစူနေသမျှ နှင့်ရဲ့မျက်နှာ ဖုံး လာတဲ့ မောင်း လက်ချောင်း ခြေချောင်းလေးတွေက အစ အမြဲတမ်း ထိုင်ငေးနေရတာ"

"အဲဒါကြောင့် ရောဂါအားဆေးတွေ တစ်ညသုံးဘူးနှုန်းနဲ့ မှီရနေတာတို့ ဒီကိုယ်လုံးကို စလင်းမ်အိတ်လဲမနိုင်ဘူး။ မင်းဘူးအိတ်လဲမရတော့ ဘူး။ ဘာညာတွေ အားရပါးရပြောတာပေါ့"

"အဲဒါ ချစ်လို့ရတာပါဆို .. တကယ်ပါ၊ ယုံပါတော့ တာရယ်၊ ရန်တွေ နေတဲ့ နှင့်မျက်လုံးလေးတွေ စူးရဲနေတာ၊ နှုတ်ခမ်းလေးပြောင်အိလုံးထွေး နေတာ၊ အဲဒါလေးတွေကို ငါ အရမ်းကိုသဘောကျတာ၊ ခုလဲ အကျီ့စား သန်မိလို့ တကောက်ကောက်လိုက်ချော့နေရတာပေါ့ .. နော်၊ တော်ပါ တော့၊ ခုကနေစပြီး အစိမ်းရောင်နယ်ပယ်ကို ထားခဲ့လိုက်ရအောင်"

"ငယ်ကျွန်ဆိုတာ မပျောက်ဘူးတဲ့၊ သူများမခံချင်အောင်ပြောပြီဆို နှင့်ကို ငါက အသေမုန်းတာ"

"မပြောတဲ့အချိန်ဆို မမုန်းဘူးပေါ့"

တာ က မဖြေဘဲ ဟိုဘက်လှည့်ပစ်၏။ ဒီလောက်ဆို မဆိုးတော့ သည့်အခြေအနေ။

သျှန့်မျက်နှာ ပြုံးသွား၏။ ပြီးတော့ အုပ်ကိုင်ထားသည့် တာ့ လက် ချောင်းကလေးတွေကို ပြန်ငုံ့ကြည့်ကာ လက်သူကြွယ်မှာ ရှိနေသည့် လက်စွပ်ကို ချွတ်ပစ်လိုက်သည်။ တာ လှည့်ကြည့်တော့ ထိုလက်မှာ သူမလက်စွပ်လေးကို သျှန် က ပြန်ဝတ်ပေးပြီးဖြစ်လျက် လက်ခုံနုနုကို ငုံနမ်းလိုက်၏။

"အို .. ဘာ .. ဘာလုပ်တာလဲ"

"ချစ်တယ် .. အရမ်းပဲ"

"မချစ်နဲ့ .. သွား ..၊ လုပ်လိုက်ရင် ဖွတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်မလုပ်ဘဲ နမ်းပါရစေလို့ ခွင့်တောင်းရင် ခွင့်ပြုမှာမို့လို့လား"

"မပြုဘူး၊ နင်နဲ့ငါ ဘာဆိုင်လို့လဲ"

"လက်ထပ်ပြီးပြီလေ၊ အခု လက်ထပ်လက်စွပ်လဲပေးပြီးပြီ"

"ဒါ ငါ့လက်စွပ်ပဲဟာ .."

ဒေါသမပါဘဲ နှုတ်ခမ်းလေးစူထားသည့် တာ့မျက်နှာ ပန်းရောင်လေးကို ကြည့်၍ သျှန် က သွားတွေပေါ် အောင်ရယ်သည်။

"မဆိုင်တော့တဲ့အကြောင်းတွေ ပြောပြီးပြီနော်၊ ဒီလက်စွပ်လေးကို နင်မေးတုန်းက ငါ့စိတ်ထဲမှာ ဘာတွေပြန်ပြောနေလဲဆိုတာရော သိချင်လား"

"ဟင့်အင်း"

တာ က ခေါင်းခါပစ်လိုက်ပေမယ့် သျှန် က သူမပခုံးငယ်လေးပေါ်မှာ မေးဖျားဖွဖွလာတင်ကာ ...

"ပြန်ပေးမှာ စိတ်ချ၊ ဒါပေမယ့် ခုမဟုတ်ဘူး .. လက်ထပ်ပြီးမှ .. လို့ ..."

"ဟွန့်"

"ဒီလက်စွပ်ဟာ နင့်ကို ငါ မရရအောင်ယူမယ့်သန္နိဋ္ဌာန် .. လို့လဲ ပြောမိသေးတယ်၊ စိတ်ထဲမှာပဲ .."

"ဖယ်စမ်းပါ မျက်နှာကြီးကို ..."

"တာ .."

"ဟင် .. အို .. လွှတ်လေ"

"ဒီလက်စွပ်လေးနဲ့ ငါ့ရဲ့အချစ်ကို မယုံနိုင်သေးဘူးလားဟင်"

သျှန် က တာ့ ကိုယ်လေးကို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်၏။ တွန့်လိမ်ရှောင်ဖယ်ရင်း ဘယ်လိုရုန်းရုန်း တာ မလွတ်မြောက်ဘဲ ဖြစ်နေ၏။ ပြီးတော့ သျှန့် နှာခေါင်းချွန်ချွန်က သူမပါးပြင်လေးနားမှာ တဝဲဝဲ ...





ရှက်စိတ်တွေ ကသောင်းကနင်းဖြစ်လာပြီး တာ ဟန်မဆောင်နိုင်တော့ဘဲ သူ့မျက်နှာကို လက်ဖဝါးလေးနှစ်ဖက်နှင့် တွန်းထားလိုက်မိ၏။

"ဘယ်လိုဖြစ်နေတာလဲ သျှန်၊ နင် .. ငါ့ကို အဲဒီလိုကြီးမလုပ်နဲ့ .. ကားပြန်မောင်း"

နောက်ထပ်ပြောတော့လည်း သျှန် က ဟိုဘက်တိုးသွားဖို့ စိတ်ကူးရှိပုံမပေါ်ဘဲ တားဆီးထားသည့်လက်ကလေးတွေကို ဖယ်ချပစ်လိုက်၍...

"ဒီရင်ဘတ်ကြီးထဲမှာ ပူပြင်းနေတယ်ကွာ၊ စိတ်ချမ်းသာစရာတစ်ခုခုပြော"

"ဘာပြောရမှာလဲ"

"အချိုးတူ မတုံ့ပြန်နိုင်ရင်တောင် တစိုးတစိသံယောဇဉ်လေး ဖြစ်ဖြစ် ..."

"ကား ပြန်မောင်းလို့ ပြောနေတာကို ..."

"အိမ်ရောက်ရင် လူကြီးတွေနား ပြေးကပ်ပုန်းမှာလား"

ဒါ မေးစရာလား ...၊ တာ သူနဲ့လက်ထပ်ပြီးကာမှ ...

"တာ ပြောလေ ..၊ ငါတို့ ရှေ့ဆက်ရန် လုံးဝမဖြစ်တော့ဘဲ ကြင်ကြင်နာနာပေါင်းကြမယ်၊ ဒီနေ့ကစပြီး ငါ နင့်ကို အလိုလိုက်မယ်၊ အလျှော့ပေးမယ်၊ ပြီးတော့ အရှုံးချစ်သွားမယ်"

တာ က မျက်နှာလေး နောက်လှန်တော့မလို့ဆုတ်ထားရင်း သူ့ကို ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။

"ချစ်ကြမယ်နော်"

သျှန် က တာ့ နှုတ်ခမ်းလေးကိုငေး၍ ရှေ့တိုးလာသည်။ တာ က ဆတ်ခနဲလှည့်ပစ်၏။

"တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒီတိုင်းဆို အိမ်ပြန်မစို့ရဲသေးဘူး"

"ဘာ .."

"လူကြီးတွေရှေ့ရောက်ရင် ချောင်ပိတ်ဖမ်းဖို့က ခက်မှာ၊ ဒီညက စပြီး သုံးရက်တိတိ ဟန်နီးမွန်းထွက်မယ်"

"အို .. ဘာတွေလျှောက်ပြောနေတာလဲ၊ နှင် ရူးနေလား သျှန် စုလောက်ဆို လူကြီးတွေက စိတ်ပူနေလောက်ပြီ"

"မပူပါဘူး၊ ငါ လိုက်လာတာကို အားလုံးသိတယ်၊ ပြီးတော့ ဒီမှာ နှင် ငါနဲ့ကျန်ခဲ့မှန်း ဦးဝတ္တတ်ကြီး သိသွားတယ်၊ ဘာဖြစ်လို့လဲ .. ဟန်းနီး မွန်း က ပျော်စရာပဲဟာ .."

"မရပါဘူး .. မသွားချင်ဘူး၊ အိမ်ပဲပြန်မယ်၊ နှင် ဘာစိတ်ကူးတွေ ပေါက်ပြီး ထ,ဖြစ်တာလဲ အဓိပ္ပာယ်မရှိ ..."

"မယုံရဲလို့ပေါ့၊ ပြီးတော့ ကြားဖူးနားဝအဖြစ်တွေလို ထီပေါက်ပြီး ထီလက်မှတ်ပျောက်တဲ့သူလို ငါဖြစ်ရင် ဆွေးပြီ"

"သေလိုက်"

"အဲဒါပြောတာ၊ သေခိုင်းခြင်းအားဖြင့် ခဏခဏကြင်နာလွန်းလို့ ..."

"မယုံရင်လဲ မယုံသလိုနေပေါ့၊ လူကို တအားဖက်ထားတာ ဖက်လုံး မှတ်နေသလား၊ ဖယ် .. လွှတ်"

"တစိုးတစိသော သံယောဇဉ်လေးဖြစ်ဖြစ် မရနိုင်ဘူးလား"

"သျှန် .."

"ငါ အရမ်းချစ်နေခဲ့တာ"

"ဘာလို့ ဖွတ်ဖြစ်နေတာလဲ၊ လက်တွေကိုအရင်လွှတ်လိုက်"

"လွှတ်ပေးရင် ချစ်တယ်လို့ဖြေမလား"





"မဖြေတော့ ဘာလုပ်ချင်လဲ"

"အတင်းအဓမ္မ ..."

"သျှန် .."

"ချစ်ခွင့်တောင်းမယ်လို့ပြောမလို့"

"ဟင် .. ဘာ .. ဘာလုပ်လိုက်တာလဲ"

"မီးမှိတ်ပစ်လိုက်တာ"

ကားထဲမှာ ဖျတ်ခနဲမှောင်ကျသွားသဖြင့် တာ အထိတ်တလန့် ဖြစ်သွားသည်။ အစကတည်းက ဂျစ်ကန်ကန်ပြော၊ ဖွတ်တရွတ်တွေလုပ် ...၊

သျှန့် အကျင့်ကို သိထားပေမယ့် ကြောက်လန့်ရမှုငုံး မေ့နေခဲ့၏။

"ကိုယ့်မိန်းမကို ရည်းစားစကားပြောနေရတာ ငါ နှင့်ရဲ့ကြည်ဖြူ လိုက်လျောမှုကိုပဲ လိုချင်လို့ပါ၊ ခုကစပြီး ငါ့ဘက်က အလိုလိုက်မယ်၊ ဂရု စိုက်မယ်၊ သူများတွေ အားကျလောက်အောင်ချစ်မယ်၊ ငါ့ကို လေစိမ်းတွေ မတိုက်နဲ့တော့နော်"

တာ ရှန်းနေတာတွေ နူးညံ့ငြိမ်သက်သွားခဲ့၏။ သျှန်သည် တာ့ ကိုယ် လေးကို တင်းခနဲဆွဲဖက်၍ ပါးချင်းကပ်လိုက်၏။

"သိပ်ချစ်တာပဲကွာ၊ ယုံယုံကြည်ကြည်နှစ်သက်မြတ်နိုးစွာအပ်နှင်း မယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကိုယ့်ကို အိပ်မက်လှလှမက်ခွင့်ပြုပါ"

သူသည် ခွင့်တောင်းခြင်းနှင့်အတူ နူးညံ့မွတ်သိပ်သောအနမ်းများ ကြွ ဖြန့်လေသည်။ အစကတော့ လိုက်လျောဖို့ စိတ်ကူးတွေ ဘာမှမရှိခဲ့ပါ။ ဒါပေမယ့် ...

သူ့အနမ်းများ၏ နူးညံ့စွာညို့ငင်ခြင်းက ငြင်းရက်ဖွယ်မရှိ။

မေ့မေ့မူးမူး လိုက်ခုန်လာသောရင်ခုန်သံများက စိမ်းသက်ပေပေမယ့် လည်း တာသည် ထိုရင်ခုန်သံများမှလွဲ၍ အားလုံးကို မေ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ .. မီးတောင်မိုတ်သွားပြီ"

အလွန်အလှမ်းကွာသောလမ်းမထက်မှာ မီးမိုတ်ထားသည့် …ကြီး တစ်စီးက စကားသံတွေထွက်လာခဲ့၏။

ကားထဲမှာ ဦးသက်တင်ဖော်နှင့် ဦးပညာချွန် …

"ကျွတ် .. လိုက်မလာခဲ့မိရင် အကောင်းသား .."

ဦးသက်တင်ဖော် က သူ့ချည်းပဲ ဆက်တိုက်ညည်း၏။ မိန်းမတွေ က တားပါလျက်နှင့် အဖေတွေဖြစ်တဲ့ သူတို့ကိုက …

"ငါကတွေးမိတယ်၊ မင်းကို လိုက်သွားမှဖြစ်မယ်ဆိုလို့ …"

"ဖိုးချွန်နော် .. မင်း ..၊ ငါက သမီးရှင်"

"ဩော် .. ကဲ .. အဲဒါကြောင့် နု မင်းပဲ ဖောင်းဖွနေရတာမဟုတ်လား အဟွန်း .. ဘာဖြစ်လဲကွ ..၊ မီးပဲမိုတ်မိုတ် .. ခြင်ထောင်ပဲချချ လင်မယား ချင်းပဲဟာ .."

မီးမှောင်မှောင်ထဲမှာ ဦးပညာချွန် မျက်နှာကြီးကို မှန်းဆ၍ ဦးသက် တင်ဖော် ဒေါပွလို့မပြီးနိုင်။

"အေးလေ .. ငါ့သမီး ဒေါသကြီးတတ်တော့ ဒီလို လွယ်လွယ်နဲ့ .. ကျွတ် …"

"ဩော် … လင်မယားချင်းပါဆိုမှ …"

"ဖိုးချွန် .."

"ဟေ …"

"မင်းကို ငါ ဆွဲထိုးမိတော့ …"

"လုပ်လေ .. ရှက်ရမ်းရမ်း… …ပဲ ငါ ပြေဖြုံ့မယ်"

"ခွေးကောင် .. မင်း ကျော…ဦး"

"ဩော် .. ကဲ.. သဘာဝတွေ ကို … ပဲတာက မင်း …"





ထားလိုက်တော့ .. ရှိပါစေတော့ ..၊ ဦးသက်တင်ဖော် အံကြိတ်နေ တုန်း ဦးပညာချွန် က လှမ်းဖက်လိုက်တော့ ပုတ်ချရခက် ..၊ ငြိမ်နေဘော့ လည်း မကျေနပ်ချင်။

ထိုစဉ် ဦးပညာချွန် က သူ့နားနားကပ်လာကာ …

"မင်းနဲ့ငါတုန်းက သဘာဝတွေပဲမဟုတ်ဘဲ မိန်းမကိုသိမ်းရခဲ့တာနော် ကိုယ်ချင်းစာ .. ကိုယ့်သားက အများကြီးယဉ်ကျေးသေးတယ်၊ မင်းသမီး က သူ့မိန်းမရယ် …"

"တော်ပြီ .. တော်ပြီ ဟိတ်ကောင် .. မင်းမျက်နှာကြီးကိုလဲ မမြင်ချင် ပါဘူး၊ မီးမဖွင့်နဲ့ …"

"မဖွင့်ပါဘူး၊ ငါက ကိုယ်ချင်းစာတတ်ကောင် …"

ပါးစပ်ပိတ်လိုက်တော့ သက်တင်ဖော် …၊

ကားက ဝေါခနဲဝိုက်ကွေ့သွားပြီးမှ ရှေ့မီးတွေ ဖွေးခနဲလင်းအေး ဦးသက်တင်ဖော် မျက်လုံးထဲမှာ ထိန်လင်းနေသည့် လမ်းမကြီးကို မမြင်ဘဲ ဖျတ်ခနဲမည်းကျသွားသည့် ကားလေးကိုပဲမြင်နေသည်။

ဒါနဲ့များ လူကြီးတွေစိတ်ပူအောင် ဒေါသလိုလို မောဟလိုလို ဖောင်းဖွ နေသေးတယ်။ ကြိုက်ရင်ကြိုက်တယ်ပေါ့ ..၊ ခုတော့ .. သင်းကြောင့် …

ဟွန်း .. ခွေးလိုမိုက်တဲ့သမီး ….၊

မနက်ကျမှ 'မှန်းသေးတယ်' ပြောကြည့် ….။

ပရိသတ်အတွက်

ထာဝရ



www.burmeseclassic.com